ဆဋ္ဌသံဂါယနာ တတိယသန္နိပါတ

သုတ္တန္တပိဋက

အင်္ဂုတ္တရနိကာယ်

# သံဂါယနာအမေးအဖြေ

## ဒုတိယအုပ်

အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်, ပဉ္စကနိပါတ်
အမေးအဖြေများ ပါဝင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ အောက်တိုဘာ ၁၉၇၇

စာကြည့်တိုက်
ပိဋကတ်ဘာသာပြန်စာပေ ၇၄၁
မြန်မာ့ရေးအဖွဲ့
၇၄၁
စာကြည့်တိုက်
ပိဋကတ်ဘာသာပြန်စာပေ

၂၀၀၂၃

# ဆဋ္ဌသံဂါယနာ တတိယသန္နိပါတ

## သုတ္တန္တပိဋက

## အင်္ဂုတ္တရနိကာယ်

# သံဂါယနာအမေးအဖြေ

## ဒုတိယအုပ်

အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ်, ပဉ္စကနိပါတ်
အမေးအဖြေများ ပါဝင်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့

သာသနာတော်နှစ် ၂၅၀၇ ၇၄၁ ကောဇာနှစ် ၁၃၂၅

## အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **ဘဏ္ဍဂါမဝဂ်** | |
| အနုဗုဒ္ဓသုတ် .... .... .... | ၁ |
| အပ္ပဿုတသုတ် .... .... .... | ၃ |
| **စရဝဂ်** | |
| စရသုတ် .... .... .... .... | ၆ |
| **ဥရုဝေလဝဂ်** | |
| လောကသုတ် .... .... .... | ၉ |
| ဗြဟ္မစရိယသုတ် .... .... .... | ၁၃ |
| အရိယဝံသသုတ် .... .... .... | ၁၅ |
| **စက္ကဝဂ်** | |
| စက္ကသုတ် .... .... .... .... | ၁၉ |
| သင်္ဂဟသုတ် .... .... .... | ၂၁ |
| သီဟသုတ် .... .... .... .... | ၂၃ |
| ဒေါဏသုတ်.... .... .... .... | ၂၅ |
| ဥဇ္ဇယသုတ်.... .... .... .... | ၃၀ |
| **ရောဟိတဿဝဂ်** | |
| သမာဓိဘာဝနာသုတ် .... .... .... | ၃၃ |
| ပဉ္ဟဗျာကရဏသုတ် .... .... .... | ၃၆ |
| **ပုညာဘိသန္ဒဝဂ်** | |
| ပဌမသံဝါသသုတ် .... .... .... | ၃၉ |
| ပဌမသမဇီဝိသုတ် .... .... .... | ၄၃ |


**အင်္ဂုတ္တိုရ် မေး ဖြေ ၉-က—ပ·မ·ဗ·သ·စ**

# စတုက္ကနိပါတ် အမေးအဖြေ


| အကြောင်းအရာ | | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|
| **ပတ္တကမ္မဝဂ်** | | | | |
| အာနဏျသုခသုတ် | .... | .... | .... | ၄၆ |
| **အပဏ္ဏကဝဂ်** | | | | |
| သပ္ပုရိသသုတ် | .... | .... | .... | ၅၀ |
| သူယုတ်မာအင်္ဂါ | .... | .... | .... | ၅၁ |
| သူတော်ကောင်းအင်္ဂါ | .... | .... | .... | ၅၃ |
| အစိန္တေယျသုတ် | .... | .... | .... | ၅၅ |
| **မစလဝဂ်** | | | | |
| တမောတမသုတ် | .... | .... | .... | ၅၇ |
| အမှောင်မှ အမှောင်သို့သွားသောပုဂ္ဂိုလ် | .... | | .... | ၅၈ |
| အမှောင်မှအလင်းရောက်ပုဂ္ဂိုလ် | .... | | .... | ၅၉ |
| အလင်းမှ အမှောင်ဆင်းသည့်ပုဂ္ဂိုလ် | .... | | .... | ၅၉ |
| အလင်းမှ အလင်းသို့သွားသောပုဂ္ဂိုလ် | .... | | .... | ၆၀ |
| **အသုရဝဂ်** | | | | |
| အသုရသုတ် | .... | .... | .... | ၆၁ |
| သမာဓိသုတ် | .... | .... | .... | ၆၄ |
| ရာဂဝိနယသုတ် | .... | .... | .... | ၆၈ |
| **ဝလာဟကဝဂ်** | | | | |
| ပဌမဝလာဟကသုတ် | .... | .... | .... | ၇၁ |
| ဥဒကရဟဒသုတ် | .... | .... | .... | ၇၃ |
| မူသိကသုတ် | .... | .... | .... | ၇၆ |
| ဗလီဗဒ္ဒသုတ် | .... | .... | .... | ၇၉ |
| **ကေသိဝဂ်** | | | | |
| ကေသိသုတ် | .... | .... | .... | ၈၁ |

| အကြောင်းအရာ | | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|

**ဘယဝဂ်**

အတ္တာနုဝါဒသုတ် .... .... .... ဂ၉

**ပုဂ္ဂလဝဂ်**

ဓမ္မကထိကသုတ် .... .... .... ၉၂

**ဣန္ဒြိယဝဂ်**

ရောဂသုတ် .... .... .... .... ၉၅

**ပဋိပဒါဝဂ်**

ယုဂနဒ္ဓသုတ် .... .... .... ၉ဂ

**ဗြာဟ္မဏဝဂ်**

ပါဋိဘောဂသုတ် .... .... .... ၁၀၁
သုတသုတ် .... .... .... .... ၁၀၃
အဘယသုတ် .... ... .... ၁၀၆

**မဟာဝဂ်**

သောတာနုဂတသုတ် .... .... .... ၁၁၃
ဘဒ္ဒိယသုတ်.... .... .... .... ၁၁ဂ
မလ္လိကာဒေဝီသုတ် .... .... .... ၁၂၉

**သပ္ပုရိသဝဂ်**

ဒသကမ္မသုတ် .... .... .... ၁၃၄

**ပရိသာဝဂ်**

ပရိသာသုတ် .... .... .... ၁၃၇

စတုက္ကနိပါတ် အမေးအဖြေ မာတိကာ ပြီးပြီ။

အင်္ဂုတ္တရနိကာယ် ပဥ္စကနိပါတ် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|
| **သေခဗလဝဂ်** | | | | |
| သံခိတ္တသုတ်.... | .... | .... | .... | ၁၃၉ |
| ဒုက္ခသုတ် .... | .... | .... | .... | ၁၄၀ |
| သမာပတ္တိသုတ် | .... | .... | .... | ၁၄၂ |
| ကာမသုတ် .... | .... | .... | .... | ၁၄၃ |
| **ပဉ္စင်္ဂိကဝဂ်** | | | | |
| ဝိမုတ္တာယတနသုတ် | .... | .... | .... | ၁၄၆ |
| စင်္ကမသုတ် .... | .... | .... | .... | ၁၅၀ |
| **သုမနဝဂ်** | | | | |
| **သုမနသုတ်** .... | .... | .... | .... | ၁၅၂ |
| ဥဂ္ဂဟသုတ် .... | .... | .... | .... | ၁၅၆ |
| သီဟသေနာပတိသုတ် | .... | .... | .... | ၁၆၀ |
| ဒါနအကျိုးငါးမျိုး | .... | .... | .... | ၁၆၁ |
| လက်တွေ့လေးပါး | .... | .... | .... | ၁၆၃ |
| **ကာလဒါနသုတ်** | .... | .... | .... | ၁၆၄ |
| ဘောဇနသုတ် | .... | .... | .... | ၁၆၆ |
| ပုတ္တသုတ် .... | .... | .... | .... | ၁၆၇ |
| **မုဏ္ဍရာဇဝဂ်** | | | | |
| နာရဒသုတ်.... | .... | .... | .... | ၁၆၉ |
| **နီဝရဏဝဂ်** | | | | |
| သမယသုတ်.... | .... | .... | .... | ၁၇၆ |

အကြောင်းအရာ — စာမျက်နှာနံပါတ်


သင့်လျော်သော အခါငါးမျိုး .... .... ၁၇၈
ဌာနသုတ် .... .... .... .... ၁၈၀

**ယောဓာဇီဝဝဂ်**

ဓမ္မဝိဟာရီသုတ် .... .... .... ၁၈၅
ဒုတိယ အနာဂတဘယသုတ် .... .... ၁၈၈
တတိယ အနာဂတဘယသုတ် .... .... ၁၉၃
စတုတ္ထ အနာဂတဘယသုတ် .... .... ၁၉၉

**ကကုဓဝဂ်**

သီဟသုတ် .... .... .... .... ၂၀၂

**အန္ဓကဝိန္ဒဝဂ်**

ကုလူပကသုတ် .... .... .... ၂၀၄
အန္ဓကဝိန္ဒသုတ် .... .... .... ၂၀၆

**ဂိလာနဝဂ်**

သတိသူပဋ္ဌိတသုတ် .... .... .... ၂၀၈
ဥပဋ္ဌာကသုတ် .... .... .... ၂၀၉
အနာယုဿာသုတ် .... .... .... ၂၁၂
သမဏသုခသုတ် .... .... .... ၂၁၃
ဗျသနသုတ် .... .... .... .... ၂၁၅

**ရာဇဝဂ်**

ပတ္ထနာသုတ် .... .... .... ၂၁၇

**တိကဏ္ဍကီဝဂ်**

သပ္ပုရိသဒါနသုတ် .... .... .... ၂၂၁
အကျိုးထူးများ .... .... .... ၂၂၂

**သဒ္ဓမ္မဝဂ်**

ပဌမ သမ္မတ္တနိယာမသုတ် .... .... .... ၂၂၄

အကြောင်းအရာ စာမျက်နှာနံပါတ်

ပဌမ သဒ္ဓမ္မသမ္မောသသုတ် .... .... .... ၂၂၆
ဒုတိယ သဒ္ဓမ္မသမ္မောသသုတ် .... .... ၂၂၇
တတိယ သဒ္ဓမ္မသမ္မောသသုတ် .... .... ၂၃၁
ဒုက္ကတာသုတ် .... .... .... ၂၃၈
ဥဒါယိသုတ်.... .... .... .... ၂၄၀

**အာဃာတဝဂ်**

ပဌမ အာဃာတပဋိဝိနယသုတ် .... .... ၂၄၃

**ဥပါသကဝဂ်**

စဏ္ဍာလသုတ် .... .... .... ၂၄၅
ပီတိသုတ် .... .... .... .... ၂၄၈
ဝဏိဇ္ဇာသုတ် .... .... .... ၂၅၁
ဂဝေသီသုတ် .... .... .... ၂၅၂

**ဗြာဟ္မဏဝဂ်**

ဝါစာသုတ် .... .... .... .... ၂၆၀
ကုလသုတ် .... .... .... .... ၂၆၁

**ကိမိလဝဂ်**

ဓမ္မဿဝနသုတ် .... .... .... ၂၆၃

**အက္ကောသကဝဂ်**

အက္ခန္တိသုတ်.... .... .... .... ၂၆၄
အပါသာဒိကသုတ် .... .... .... ၂၆၆

**အာဝါသိကဝဂ်**

အာဝါသိကသုတ် .... .... .... ၂၆၇
အဝဏ္ဏာရဟသုတ် .... .... .... ၂၈၀

**ဒုစ္စရိတဝဂ်**

ပဌမ ဒုစ္စရိတသုတ် .... .... .... ၂၈၃
သိဝထိကသုတ် .... .... .... ၂၈၄

ပဋ္ဌာန်းပါဠိ အမေးအဖြေ မာတိကာ ပြီးပြီ။

## သုတ္တန္တပိဋက

## အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်ပါဠိတော်

# သံဂါယနာအမေးအဖြေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဘဏ္ဍဂါမဝဂ်

### အနုဗုဒ္ဓသုတ်

ပုစ္ဆာ။ ။စတုက္ကနိပါတေ ပန အာဝုသော ဘဏ္ဍဂါမဝဂ္ဂေ ပဌမံ အနုဗုဒ္ဓသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝဇ္ဇီသု ဘန္တေ ဘဏ္ဍဂါမေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ကတမေသံ စတုန္နံ၊ အရိယဿ ဘိက္ခဝေ သီလဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ အရိယဿ ဘိက္ခဝေ သမာဓိဿ....။ အရိယာယ ဘိက္ခဝေ ပညာယ....။ အရိယာယ ဘိက္ခဝေ ဝိမုတ္တိယာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။စတုက္ကနိပါတ် ဘဏ္ဍဂါမဝဂ်၌ ရှေးဦးစွာသော အနုဗုဒ္ဓသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ

သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝဇ္ဇီတိုင်း အဝင်အပါ ဘဏ္ဍဂါမည်သော ရွာ၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "စတုန္နံ ဘိက္ခဝေ ဓမ္မာနံ အနနုဗောဓာ အပ္ပဋိဝေဓာ" အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့.... တရားလေးမျိုးကို အနုဗောဓသိ-မသိခဲ့ခြင်းကြောင့်၎င်း, ပဋိဝေဓသိ-ထိုးသိုးထွင်း မသိခဲ့ခြင်းကြောင့်၎င်း ငါဘုရားသည်၎င်း, သင်တို့သည်၎င်း ဤသို့သျှင် ရှည်လျားစွာသော သံသရာ အဓွန့်ကာလပတ်လုံး ထိုဘဝမှ ဤဘဝသို့ ကျင်လည် ကျက်စား ပြေးသွားခဲ့ရလေပြီ။ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွားခဲ့ရလေပြီ။

ချစ်သားတို့....အဘယ် တရား လေးပါးတို့နည်းဟူမူကား (၁)အရိယာမဂ်ဖိုလ်၌ ပါရှိသော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်တည်းဟူသော အရိယသီလကို၎င်း၊ (၂) သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင်တည်းဟူသော အရိယသမာဓိကို၎င်း၊ (၃) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်တည်းဟူသော အရိယပညာကို၎င်း၊ (၄) လေးတန်သော ဖလသမာပတ် တည်းဟူသော အရိယဝိမုတ္တိကို၎င်း ဤတရားလေးမျိုးကို သင်ချစ်သားတို့နှင့် ငါဘုရားတို့သည် အနုဗောဓသိ-မသိခဲ့ရခြင်း၊ပဋိဝေဓသိ-ထိုးသိုးထွင်း မသိခဲ့ရခြင်းဟူသော အကြောင်းကြောင့် ငါဘုရားသည်၎င်း, သင် ချစ်သားတို့သည်၎င်း ရှည်လျားစွာသော သံသရာ အဓွန့်ပတ်လုံး တပြောင်းပြန်ပြန် ကျင်လည် ကျက်စား ပြေးသွားခဲ့ရလေပြီ။

ချစ်သား ရဟန်းတို့.... ယခုသော်မူ ငါဘုရားသည် အရိယသီလကို၎င်း၊ အရိယသမာဓိကို၎င်း၊ အရိယပညာကို၎င်း၊ အရိယဝိမုတ္တိကို၎င်း အနုဗောဓသိဖြင့်လည်း သိအပ်ပြီ၊ ပဋိဝေဓသိ ဖြင့်လည်း ထိုးထွင်း၍ သိအပ်ပြီ၊ ဘဝ တဏှာကိုလည်း အကြွင်းမဲ့ ပယ်ဖြတ်အပ်ပြီ၊ တဘဝမှ တဘဝသို့ နှောင်ဖွဲ့တတ်သည့် ဘဝနှောင်ကြိုးအမည်ရသော တဏှာဘရားကိုလည်း ပယ်ဖြတ်အပ်ပြီးပြီ၊ ဘဝ ပဋိသန္ဓေ ငါဘုရားအား ကုန်ခဲ့လေပြီ။

ဤသို့ မိန့်ကြားတော်မူပြီးလျှင် ထိုသုတ္တန်ဒေသနာတော်မြတ်ကို အထွဋ်တပ်သော အနေဖြင့် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ တရားလေးပါးကို ထင်ရှားပြတော်မူလျက်—

သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။
ဣတိ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မမက္ခာသိ ဘိက္ခုနံ။
ဒုက္ခဿန္တကရော သတ္ထာ၊ စက္ခုမာ ပရိနိဗ္ဗုတော—

ဟူ၍ ဤအနုဗုဒ္ဓ အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အနုဗုဒ္ဓသုတ် ပြီး၏။**

---

## အပ္ပဿုတသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဆဋ္ဌံ အပ္ပဿုတသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထ ဘန္တေ ဆဋ္ဌံ အပ္ပဿုတသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ အပ္ပဿုတော သုတေန အနုပပန္နော၊ အပ္ပဿုတော သုတေန ဥပပန္နော၊ ဗဟုဿုတော သုတေန အနုပပန္နော၊ ဗဟုဿုတော သုတေန ဥပပန္နော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဘဏ္ဍဂါမဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော အပ္ပဿုတ သုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ခြောက်ခုမြောက်ဖြစ်သော အပ္ပဿုတအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော

သံဝိဇ္ဇမာနာ လောကသ္မိံ” အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဤလောက၌ ပုဂ္ဂိုလ်အမျိုးအစား လေးမျိုးပင် ရှိတော့သည်။

လေးမျိုးတို့ ဟူသည်မှာ—

(၁) အကြားအမြင်နည်းပါး၍ မိမိကြားသိသလောက် မကျင့်ကြံသော ပုဂ္ဂိုလ်။

(၂) အကြားအမြင်နည်းပါးပြီး ကြားသိသလောက် ကျင့်ကြံသော ပုဂ္ဂိုလ်။

(၃) အကြားအမြင်များသော်လည်း ကြားသိသလောက် မကျင့်ကြံသော ပုဂ္ဂိုလ်။

(၄) အကြားအမြင်များ၍ ကြားသိသလောက် ကျင့်ကြံသော ပုဂ္ဂိုလ်။

တို့ဟူ၍ ပုဂ္ဂိုလ်လေးမျိုးတို့ ရှိကုန်သည်။

ချစ်သားရဟန်းတို့....အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အကြားအမြင် နည်းပါး၍ ကြားဘူးသလောက် မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သနည်းဟူမူကား—

ဤလောက၌ အချို့သော ပုဂ္ဂိုလ်အား သုတ္တ,ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လတည်း ဟူသော မြတ်စွာဘုရား၏ တရားတော် အင်္ဂါ ၉-ပါးတို့မှ အနည်းအကျဉ်းကိုသာလျှင် ကြားဘူး နာဘူး မှတ်သားဘူးပါ၏။ထိုသို့ မိမိကြားဘူး နာဘူး မှတ်သားဘူးသော အနည်းအကျဉ်းသော အကြားအမြင်၏ အနက်ကိုရင်း, သဒ္ဒါကိုရင်း ကောင်းစွာ သိအောင် ပြုလုပ်ပြီးသျှင် လောကုတ္တရာတရားကိုးပါးအားလျော်သော အကျင့်ပဋိပတ် ကို မကျင့်သောပုဂ္ဂိုလ်ကို ဗဟုဿုတနည်းပါး၍ အကြားအမြင်နည်းပါး၍ ကြားဘူးသလောက် မကျင့်ကြံသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်သတည်း။

ချစ်သား ရဟန်းတို့.... အကြားအမြင်နည်းပါး၍ ကြားဘူးသလောက် ကျင့်ကြံသော ပုဂ္ဂိုလ်ဟူသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ အင်္ဂါကိုးတန်တရားဓမ္မက္ခန်မှ အနည်းအကျဉ်းမျှကိုသာလျှင် ကြားဘူး နာဘူး မှတ်သား

ဘူးလေ၏၊ ထိုပုဂ္ဂိုလ်သည် မိမိ ကြားဘူး နာဘူး မှတ်သားဘူးသော အနည်းအကျဉ်းမျှသော သုတ၏ အနက်အဓိပ္ပါယ်ကိုရင်း သဒ္ဒါကိုရင်း ကောင်းစွာ သိအောင် ကြိုးကုတ် အားထုတ်ပြီးလျှင် လောကုတ္တရာတရားကိုးပါးအား လျော်လျောက်ပတ်သော မဂ်၏ ရှေ့အဘို့၌ ဖြစ်သော သမထဝိပဿနာ ဘာဝနာ အကျင့်တရားတို့ကို ပွါးများအားထုတ် ကျင့်ကြံကြိုးကုတ် အားထုတ်၏၊ ထိုပုဂ္ဂိုလ်သည် ဗဟုဿုတနည်းပါး၍ ဒေ ကြားဒေ မြင်နည်းပါး၍ မိမိသိသမျှ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်ပင်ဖြစ်တော့သည်။

ချစ်သားတို့....အကြားအမြင်များ၍ ကြားဘူးသလောက် မကျင့်ကြံသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားဓမ္မက္ခန် အင်္ဂါကိုးတန်မှ များစွာသော တရားဓမ္မက္ခန်တို့ကို ကြားဘူး နာဘူး မှတ်သားဘူး၏။ ထိုပုဂ္ဂိုလ်သည် မိမိကြားဘူး နာဘူး မှတ်သားဘူးသော များစွာသော တရားဓမ္မက္ခန်၏ အနက်အဓိပ္ပါယ်ကိုရင်း သဒ္ဒါကိုရင်း သိအောင်ကြိုးကုတ်အားထုတ်ပြီးလျှင် လောကုတ္တရာတရားကိုးပါးအား လျော်လျောက်ပတ်သော မဂ်၏ ရှေ့အဘို့ ပုဗ္ဗဘာဂပဋိပဒါ တည်းဟူသော သမထဝိပဿနာ ဘာဝနာအကျင့်တရားကို ပွါးများ အားမထုတ်ခဲ့ပေ။

ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးကို အကြားအမြင်များ၍ ကြားဘူး သလောက်ပင် မကျင့်ကြံသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်သည်။

ချစ်သားရဟန်းတို့....အကြားအမြင်များ၍ ကြားဘူးသလောက် ကျင့်ကြံကြိုးကုတ်အားထုတ်သော ပုဂ္ဂိုလ်ဟူသည် အဘယ်ပုဂ္ဂိုလ်မျိုးနည်း ဟူမူကား။

ချစ်သားတို့....ဤလောက၌အချို့သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားဓမ္မက္ခန် အင်္ဂါကိုးတန်မှ များစွာသော တရားတို့ကို ကြားဘူး နာဘူး မှတ်သားဘူး၏။ ထိုပုဂ္ဂိုလ်သည် မိမိကြားဘူး နာဘူး မှတ်သားဘူးသော အကြားအမြင် ဗဟုဿုတ ဓမ္မဒေသနာ၏ အနက်ကိုရင်း, သဒ္ဒါကိုရင်း စိစစ်ဖြာခွဲခြမ်း သိအောင်ကြိုးပမ်းပြီးလျှင် လောကုတ္တရာတရား ကိုးပါးအားလျော်လျောက်ပတ်သော ပုဗ္ဗဘာဂပဋိပဒါ သမထဝိပဿနာ ဘာဝနာတရားကို ပွါးများကြိုးကုတ် အားထုတ်ကျင့်ကြံပါ၏။

ချစ်သားတို့.... ဤသို့လျှင် ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အကြားအမြင်များ၍ ကြားဘူးသလောက် ကျင့်ကြံသောပုဂ္ဂိုလ်သည် ဖြစ်ပေတော့သည်။

ချစ်သားတို့.... ဤပုဂ္ဂိုလ် လေးမျိုးတို့အနက် အကြားအမြင်လည်း နည်းပါး၍ လုံးလုံးလျားလျား မကျင့်သော ပုဂ္ဂိုလ်သည် နှစ်ပါးစုံသော အခြင်းအရာဖြင့်ပင် ကဲ့ရဲ့အပ်သော ပုဂ္ဂိုလ် ဖြစ်တော့သည်။

အကြားအမြင် နည်းသော်လည်း ကြားဘူးသလောက် ကျင့်ကြံသော ပုဂ္ဂိုလ်ကို ကျင့်ကြံသော တပက္ခဖြင့် ချီးမွမ်းအပ်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်တော့သည်။

အကြား အမြင်များ၍ မကျင့်ကြံသော ပုဂ္ဂိုလ်မှာ မကျင့်ကြံခြင်းဟူသော တဖက်ကြောင့် အကဲ့ရဲ့ခံရသည်။

အကြားအမြင်လည်းများ၍ ကြားဘူးသလောက် ကျင့်ကြံသောပုဂ္ဂိုလ်ကို နှစ်ပါးစုံဖြင့်ပင် ချီးမွမ်းအပ်တော့သည်ဟု—

အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
ဥဘယေန နံ ဂရဟန္တိ၊ သီလတော စ သုတေန စ။
အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊ နဿ သမ္ပဇ္ဇတေ သုတံ။
ဗဟုဿုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
သီလတော နံ ဂရဟန္တိ၊ တဿ သမ္ပဇ္ဇတေ သုတံ။
ဗဟုဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
ဥဘယေန နံ ပသံသန္တိ၊ သီလတော စ သုတေန စ၊
ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော—

ဟူ၍ အပ္ပဿုတ အမည်ရသော ဤသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အပ္ပဿုတသုတ် ပြီး၏။**

## စရဝဂ်

### စရသုတ်

ပု။ ။စရဝဂ္ဂေ ပန အာဝုသော ပဌမံ စရသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။စရဝဂ္ဂေ ဘန္တေ ပဌမံ စရသုတ္တံ "စရတော စေပိ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာဝိတက္ကော ဝါ၊ တံ စေ ဘိက္ခု အဓိဝါသေတိ နပ္ပဇဟတိ န ဝိနောဒေတိ န ဗျန္တီကရောတိ န အနဘာဝံ ဂမေတိ"ပိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။စရဝဂ်၌ ရှေးဦးစွာသော စရသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။စရဝဂ်၌ ရှေးဦးစွာသော စရမည်သော သုတ္တန် ဒေသနာတော်မြတ်ကို "စရတော စေပိ ဘိက္ခဝေ ဘိက္ခုနော ဥပ္ပဇ္ဇတိ ကာမဝိတက္ကော ဝါ ဗျာပါဒဝိတက္ကော ဝါ ဝိဟိံသာဝိတက္ကော ဝါ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... ရဟန်းတော် အရှင်သူမြတ်အား လူးလာတုံခါက် စင်္ကြံလျှောက်စဉ်မှာလည်း ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်ဟူ၍ အကုသိုလ်ဝိတက် သုံးပါးတို့ အကယ်၍ ဖြစ်ပွါးလာခဲ့သည် ရှိသော် ထိုရဟန်းသည် ထိုကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် တည်းဟူသော အကုသိုလ်ဝိတက် သုံးပါးကို မိမိစိတ်သန္တာန်ဝယ် လက်ခံ၍ ထားပါမူ၊ အကယ်၍ မပယ်စွန့်ပါမူ၊ မဖျောက်ဖျက်ပါမူ၊ ကင်းအောင် မပြုပါမူ၊ နောက်ထပ် တဖန်မဖြစ်ခြင်း သဘောရှိသော အခြေသို့ ရောက်အောင် မပြုပါမူ၊ ချစ်သားရဟန်းတို့ ဤသို့ဖြစ်သော ရဟန်းကို လူးလာတုံခါက် စင်္ကြံလျှောက်စဉ်ပင်လျှင် **အနာတာပီ** လုံ့လမရှိသော ပုဂ္ဂိုလ်။ **အနောတ္တပ္ပီ** ဩတ္တပ္ပမရှိသော ပုဂ္ဂိုလ်၊ အမြဲမပြတ် အခါချင်းစပ်အောင် ပျင်းရိသော ပုဂ္ဂိုလ်၊ လျော့ပါးသော ဝီရိယရှိသော ပုဂ္ဂိုလ်ဟူ၍သာလျှင် ခေါ်ဆိုအပ်တော့သည်။

ချစ်သားရဟန်းတို့....ရဟန်းတော် အရှင်သူမြတ်အား ရပ်နေစဉ်ရှင်း....။ ထိုင်နေစဉ်ရှင်း....။လျောင်းစက်စဉ် နိုးကြားစဉ်ရှင်း ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်တည်းဟူသော အကုသိုလ်ဝိတက် တရားတို့ အကယ်၍ ဖြစ်ပွါးလာသည် ရှိသော် ထိုဖြစ်ပွါး၍ လာသော အကုသိုလ်ဝိတက်တို့ကို ထိုရဟန်းသည် အကယ်၍ စိတ်ပေါ်၌ တက်ရောက်နေခွင့်ပြုပါမူကား၊ မပယ် စွန့်ပါမူကား၊မဖျောက်ဖျက်ပါမူကား၊ကင်းအောင် မပြုပါမူကား၊နောက်ထပ် တဖန် မဖြစ်ခြင်းသဘောရှိသော အခြေသို့ မရောက်စေပါမူကား ထိုသို့ သဘောရှိသော ရဟန်းကို **အနာတာပီ** လုံ့လမရှိသော ပုဂ္ဂိုလ်၊ **အနောတ္တပ္ပီ** ဩတ္တပ္ပ အရှက်အကြောက် မရှိသော ပုဂ္ဂိုလ်၊ **သတတံ သမိတံ** အမြဲမပြတ် အချိန်ချင်းစပ်အောင် ပျင်းရိသော ပုဂ္ဂိုလ်၊ လုံ့လဝီရိယလျော့ပါးသော ပုဂ္ဂိုလ် ဟူ၍သာလျှင် ခေါ်ဆိုအပ်တော့သည်။

ချစ်သား ရဟန်းတို့.... ရဟန်းတော် အရှင်သူမြတ်အား လူးလာတုံ့ ခေါက် စင်္ကြံလျှောက်စဉ် သွားစဉ်ရှင်း၊ရပ်စဉ်ရှင်း၊ ထိုင်နေစဉ်ရှင်း၊လျောင်း နေစဉ် နိုးကြားစဉ်ရှင်း ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသာဝိတက်တည်း ဟူသော အကုသိုလ်ဝိတက်တရား သုံးပါးတို့ အကယ်၍ ဖြစ်ပွါးလာသည် ရှိသော် ထိုအကုသိုလ်ဝိတက်တရား သုံးပါးတို့ကို ထိုရဟန်းသည် မိမိ၏ စိတ်သန္တာန်၌ တက်ရောက်၍ နေခွင့်မပေး၊ ပယ်စွန့်ပစ်၏။ ဖျောက်ဖျက် ပစ်၏။ ကင်းကွာအောင် ပြုလုပ်ပစ်၏။ နောက်ထပ် တဖန်မဖြစ်ခြင်း သဘော အခြေသို့ ရောက်စေ၏။

ချစ်သားတို့.... ဤသို့သဘောရှိသော ထိုရဟန်းကို လူးလာတုံ့ခေါက် စင်္ကြံ လျှောက်နေစဉ်ရှင်း၊ ရပ်နေစဉ်ရှင်း၊ ထိုင်နေစဉ်ရှင်း၊ လျောင်းနေစဉ် ရှင်း အမြဲမပြတ်အချိန်ချင်းစပ်အောင် လုံ့လဝီရိယနှင့် ပြည့်စုံ၍ ဩတ္တပ္ပ တရားနှင့် ပြည့်စုံပြီးလျှင် ပဟိတတ္တ-နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည် ဖြစ်၍ အာရဒ္ဓဝီရိယ-အားထုတ်အပ်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသော ရဟန်းဟူ၍ ခေါ်ဆိုအပ်ပေသည်ဟု ဤစရမည်သော သုတ္တန်ဒေသနာတော် မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

**စရသုတ် ပြီး၏။**

## ဥရုဝေလဝဂ်

### လောကသုတ်

ပု။ ။တေနာဝုသော ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ စတုက္က-နိပါတေ ဥရုဝေလဝဂ္ဂေ တတိယံ လောကသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။ဥရုဝေလဝဂ္ဂေ ဘန္တေ တတိယံ လောကသုတ္တံ"လောကော ဘိက္ခဝေ တထာဂတေန အဘိသမ္ဗုဒ္ဓေါ၊ လောကသ္မာ တထာဂတော ဝိသံ-ယုတ္တော၊ လောကသမုဒယော ဘိက္ခဝေ တထာဂတေန အဘိ-သမ္ဗုဒ္ဓေါ၊ လောကသမုဒယော တထာဂတဿ ပဟီနော၊ လောက-နိရောဓော ဘိက္ခဝေ တထာဂတေန အဘိသမ္ဗုဒ္ဓေါ၊ လောကနိရော-ဓော တထာဂတဿ သစ္ဆိကတော၊ လောကနိရောဓဂါမိနီ ပဋိပဒါ ဘိက္ခဝေ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ လောကနိရောဓဂါမိနီ ပဋိပဒါ တထာဂတဿ ဘာဝိတာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ပ။ ထိုမြတ်စွာဘုရား သခင်သည် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဥရုဝေလဝဂ်၌ သုံးခုမြောက် ဖြစ်သော လောကသုတ် မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဥရုဝေလဝဂ်၌ သုံးခုမြောက်ဖြစ်သော လောကသုတ် အမည် ရသော တရားဒေသနာတော်ကို"လောကော ဘိက္ခဝေ တထာဂတေန အဘိ-သမ္ဗုဒ္ဓေါ၊ လောကသ္မာ တထာဂတေန ဝိသံယုတ္တော" အစရှိသဖြင့်—

ချစ်သား ရဟန်းတို့....ဖြစ်ပြီးလျှင် ခဏအတွင်း ချုပ်ပျောက်တတ်သည့် ဥပါဒါနက္ခန္ဓာဘည်း ဟူသော ဒုက္ခသစ္စာ လောကကို ငါဘုရားသည် ထိုးထွင်း ဆန်းခြင် သိမြင်အပ်ခဲ့လေပြီ။ ထိုဒုက္ခသစ္စာလောကနှင့် ငါဘုရားသည် တဏှာ ဒိဋ္ဌိတို့နှင့် တွဲစပ်သော အားဖြင့် လုံးဝသျှဉ်စပ်ခြင်း မရှိခဲ့ချေ။

ချစ်သား ရဟန်းတို့....ဒုက္ခသစ္စာလောကကို ဖြစ်စေကြောင်း မကောင်း သော သမုဒယသစ္စာ တဏှာလောဘကို ငါဘုရားသည် ထိုးထွင်းသိမြင်အပ်ခဲ့ လေပြီ။ ထိုလောက၏ အကြောင်း မကောင်းသော သမုဒယသစ္စာ တဏှာ

လောကကို ငါဘုရားသည် အမြစ်ပါမကျန် သမုစ္ဆေဒပ္ပဟာန်ဖြင့် ပယ်လှန်ဖြတ်တောက်အပ်ခဲ့လေပြီ။

ချစ်သား ရဟန်းတို့....ငါဘုရားသည် လောက၏ ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်အပ်ခဲ့လေပြီ။ လောက၏ ချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်ကို ငါဘုရားသည် မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုအပ်ခဲ့လေပြီ။

ချစ်သား ရဟန်းတို့.... လောက၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော အဋ္ဌင်္ဂိကမဂ္ဂင် တည်းဟူသော မဂ္ဂသစ္စာကို ငါဘုရားသည် ပိုင်းခြားသင်ထင် သိမြင်အပ်ခဲ့လေပြီ။ ထိုလောက၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော အဋ္ဌင်္ဂိကမဂ္ဂင် တည်းဟူသော မဂ္ဂသစ္စာကို ငါဘုရားသည် အပြည့်အစုံ ပွါးများအပ်ခဲ့လေပြီ။

ချစ်သားတို့.... ကာမာဝစရနတ်ပြည်ငါးထပ်နှင့် တကွသော ဝသဝတ္တီ မာရ်နတ်ပြည်နှင့်တကွသော ဗြဟ္မာ့ပြည် နှစ်ဆယ်နှင့် တကွသော သတ္တလောက ရဟန်းပုဏ္ဏားနှင့်တကွသော သမ္မုတိနတ်တည်းဟူသော မင်းကြွင်းသော လူနှင့်တကွသော သတ္တဝါအပေါင်းသို့ မြင်အပ်သမျှသော ရူပါရုံ၊ ကြားအပ်သမျှသော သဒ္ဒါရုံ၊ ရောက်အပ်သမျှသော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် သိအပ်သမျှသော ဓမ္မာရုံ၊ ရှာမှီး၍ ဖြစ်စေ မရှာမှီး၍ ဖြစ်စေ ရအပ် ရောက်အပ်သော အာရုံခြောက်ပါး၊ ရောက်သည် ဖြစ်စေ မရောက်သည်ဖြစ်စေ ရှာမှီးအပ်သော အာရုံခြောက်ပါး၊ ဤအလုံးစုံသော အာရုံခြောက်ပါး သိသင့်သိထိုက်သမျှသော တရားအလုံးစုံကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့် ငါဘုရားကို **တထာဂတ** ဟူ၍ ခေါ်ဆိုအပ်ပါတော့သည်။

ချစ်သားရဟန်းတို့.... အကြင်နေ့၌ ငါဘုရားသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူ၏၊ အကြင်နေ့၌ အနုပါဒိသေသ ပရိနိဗ္ဗာန် စံတော်မူ၏။ ဘုရားဖြစ်သည်မှ အနုပါဒိသေသ ပရိနိဗ္ဗာန်စံတော်မူသည့် ကာလတိုင်အောင် ဤအတွင်းဝယ် ငါဘုရားဟောကြားသမျှ စကားအစုသည် ထပ်မျှညီတူ တူညီလှပေတော့သည်သာလျှင်တည်း။ ထို့ကြောင့်ပင် ငါဘုရားကို **တထာဂတ** ဟူ၍ ခေါ်ဆိုအပ်ပါ၏။

ချစ်သားရဟန်းတို့.... ငါဘုရားသည် အကြင်အခြင်းအရာဖြင့် ပြောဆို၏၊ ပြောဆိုသောအတိုင်းပင် ပြုလုပ်၏။ အကြင်အခြင်းအရာဖြင့် ပြုလုပ်၏၊ ထိုပြုလုပ်သော အခြင်းအရာအတိုင်းပင် ပြောဆို၏။ ဤသို့လျှင် ပြောသည့်အတိုင်း ပြုလုပ်၍ ပြုလုပ်သည့်အတိုင်း ပြောဆိုတတ်သောကြောင့် ငါဘုရားကို **တထာဂတ** ဟူ၍ ခေါ်ဆိုအပ်ပါ၏။

ချစ်သား ရဟန်းတို့.... ကာမာဝစရနတ်ပြည် ငါးထပ်, ဝသဝတ္တီမာရ်နတ်ပြည်, ဗြဟ္မာ့ပြည် နှစ်ဆယ်နှင့် တကွသော လောကဥ္စရင်း၊ ရဟန်း ပုဏ္ဏားနှင့်တကွသော သမ္မုတိနတ်ဘည်းဟူသောမင်း ကြွင်းသော လူနှင့် တကွသော သတ္တဝါ အပေါင်း၌ရင်း ငါဘုရားသည် လွှမ်းမိုး၍ နေနိုင်သော ပုဂ္ဂိုလ်ဖြစ်ပေ၏၊ ငါဘုရား အပေါ် တစုံတယောက်သော နတ် လူ ဗြဟ္မာ သတ္တဝါကမှ လွှမ်းမိုး၍ မနေနိုင်ပေ။ စင်စစ်သော်မူ သိသင့် သိထိုက် မြင်သင့် မြင်ထိုက်သော ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ပြီး ဖြစ်ပေ၏၊ အလိုသို့ သတ္တလောကကြီးဘခုသုံးကို လိုက်စေနိုင်ပေ၏၊ထို့ကြောင့်ပင်လျှင် ငါဘုရားကို **တထာဂတ**ဟူ၍ ခေါ်ဆိုအပ်ပါတော့သည်ဟု သုတ္တန်ဒေသနာရင်းကို ဟောကြားတော်မူပြီးသော ကာလဝယ်——

ချစ်သား ရဟန်းတို့....သရဏဂုံတည်ကြသော လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည်ကား အလုံးစုံသောသတ္တလောကရှိသမျှတရားကိုပိုင်းခြားထင်ထင် သိမြင်တော်မူတတ်ပါပေ၏ ဟူ၍ရင်း၊ ထိုဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အလုံးစုံသော တေဘူမက တရားတို့ကိုလွှမ်းမိုး၍ တည်နေနိုင်ပါပေ၏ ဟူ၍ရင်း၊ အလုံးစုံသော ဂန္ထတရားတို့မှ လွှတ်မြောက်တော်မူနိုင်ပါပေ၏၊ ထို ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် လွန်စွာငြိမ်းချမ်းသည့် **သန္တိသုခ**နိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ပင် တွေ့ရောက် မျက်မှောက်ပြု၍လည်း နေတော်မူနိုင်ပါပေ၏၊ ထိုမြတ်စွာဘုရား သခင်သည် ကုန်ခန်းပြီးသော ကိလေသာ အာသဝေါရှိသည့် ပုဂ္ဂိုလ် စင်စစ် ဖြစ်တော်မူတတ်ပါပေ၏၊ ဆင်းရဲ ခပ်သိမ်း ငြိမ်းတော်မူပါပေ၏၊ ဖြတ်တောက်အပ်ပြီးသော ယုံမှား သံသယ ရှိတော်မူပါပေ၏၊ ယုံမှား သံသယ အလုံးစုံ ကို ဖြတ်တောက်တော်မူပြီး ဖြစ်တော်မူပါပေ၏၊ အလုံးစုံသော တေဘူမက ကံ၏ ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်တော်မူပြီး ဖြစ်ပါပေ၏၊

ဥပဓိ လေးတန် ကုန်ရာ မှန်သည့် နိဗ္ဗာန်၌ အမြဲ တစေ ညွတ်ကိုင်းတော်မူလေ့ ရှိတော်မူပါပေ၏။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည် သူတပါးတို့ သည်းခံနိုင်ခဲသော အရာ.ကို အတုမရှိ သည်းခံတော်မူနိုင်ပါပေ၏၊ နက်နှင့်ဘ.က္ခသော သတ္တလောက အပေါင်းအား ဓမ္မစကြာဒေသနာတရား တော်ကြီး.ကို ဟောကြားတော်မူတတ်ပါပေ၏။

ဤသို့ နှုသုံးပို.က်ပြီးလျှင် နတ် လူ ဗြ ဟ္မာ သတ္တဝါတို့သည် ငါဘုရားကို ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ကြကုန်၏၊ ထိုသို့ ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ကြသော နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် အညီအညွတ် ပေါင်းစုပြီးလျှင်—

ဒန္တော ဒမယတံ သေဋ္ဌော၊
သန္တော သမယတံ ဣသိ။
မုတ္တော မောစယတံ အဂ္ဂေါ၊
တိဏ္ဏော တာရယတံ ဝရော—

ဟု ဂုဏ်တော်.့ကိုချီးကျူးကာ ရှိခိုးလေ့ရှိကြကုန်၏ဟူသော အင်္ဂပွါယ်တို့ဖြင့် ဤသုတ္တန် ဒေသနာတော်မြတ်ကို အထွဋ်ရှတပ်သော အားဖြင့်—

သဗ္ဗံ လောကံ အဘိညာယ၊
သဗ္ဗံ လောကေ ယထာတထံ။
သဗ္ဗံ လောကံ ဝိသံယုတ္တော၊
သဗ္ဗလောကေ အနူပယော။
သ ဝေ သဗ္ဗာဘိဘူ ဓီရော၊
သဗ္ဗဂန္ထပ္ပမောစနော။
ဖုဋ္ဌ'ဿ ပရမာ သန္တိ၊
နိဗ္ဗာနံ အကုတော ဘယံ။
သေ ခီဏာသဝေါ ဗုဒ္ဓေါ၊
အနီဃော ဆိန္နသံသယော။

သဗ္ဗကမ္မက္ခယံ ပတ္တော၊
ဝိမုတ္တော ဥပဓိသင်္ခယေ။
သော သော ဘဂဝါ ဗုဒ္ဓေါ၊
ဧသ သီဟော အနုတ္တရော။

သဒေဝကဿ လောကဿ၊
ဗြဟ္မစက္ကံ ပဝတ္တယီ။
ဣတိ ဒေဝါ မနုဿာ စ၊
ယေ ဗုဒ္ဓံ သရဏံ ဂတာ။

သင်္ဂမ္မ တံ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။

ဒန္တော ဒမယတံ သေဋ္ဌော၊
သန္တော သမယတံ ဣသိ။

မုတ္တော မောစယတံ အဂ္ဂေါ၊
တိဏ္ဏော တာရယတံ ဝရော။

ဣတိ ဟေတံ နမဿန္တိ၊
မဟန္တံ ဝီတသာရဒံ။

သဒေဝကသ္မိံ လောကသ္မိံ၊
နတ္ထိ မေ ပဋိပုဂ္ဂလော—

ဟု ဤသော်ာ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆို အပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**လောကသုတ် ပြီး၏။**

---

## ဗြဟ္မစရိယသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပဌမံ ဗြဟ္မစရိယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဌမံ ဘန္တေ ဗြဟ္မစရိယသုတ္တံ "နယိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ ဇနကုဟနတ္ထံ၊ န ဇနလပနတ္ထံ၊ န လာဘသက္ကာရသိလောကာနိသံ-

သတ္တံ၊ န ဉာတိဝါဒပ္ပမောက္ခာနိသံသတ္တံ၊ န ‘ ဉာတိ မံ ဇနော ဇာနာ-တူ’တိ။ အထ ခေါ ဉာဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ သံဝရတ္ထံ ပဟာ-နတ္ထံ ဝိရာဂတ္ထံ နိရောဓတ္ထ”န္တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဥရုဝေလဝက်၌ပင်လျှင် ငါးခုမြောက်ဖြစ်သော ဗြဟ္မစရိယ မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်း အရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဥရုဝေလဝက်၌ ငါးခုမြောက် ဖြစ်သော ဗြဟ္မစရိယ အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို “နယိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ ဇနကုဟနတ္ထံ၊ န ဇနလပနတ္ထံ” အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... ဤသာသနာဘည်းဟူသော မြတ်သော အကျင့် ကို လူအပေါင်းတို့ အံ့အဲဘို့ရန် အလို့ငှါ ကျင့်သုံးအပ် ကျင့်သုံးကောင်းသည် မဟုတ်၊ လူ အပေါင်းတို့ကို ဖြားယောင်းဘို့ရန် အလို့ငှါ ကျင့်သုံးအပ်သည် မဟုတ်၊ လာဘ် ပူဇော်သက္ကာရ အရှိန် အဝါ အကျော် အစောဘည်းဟူသော အကျိုးအာနိသင် အလို့ငှါ ကျင့်သုံးအပ်သည် မဟုတ်၊ ဤသို့သောအကြောင်း ဖြင့် သူတပါးတို့အား ဝါဒဘင်လိုက်မည်၊ ဤသို့သော အကြောင်းဖြင့် သူ တပါးတို့ တင်လာသောဝါဒမှ လွတ်မိမ့်မည်ဟူသော အကျိုး အာနိသင် အလို့ ငှါသည်း ဤမြတ်သော အကျင့်ကို ကျင့်သုံးအပ်သည် မဟုတ်၊ ဤမြတ်သော အကျင့်ကို “ဤသို့ ကျင့်ကြံလျှင် ငါ့ကို လူအပေါင်းသည် သိစေသောဝ”ဟူ၍ လည်း ကျင့်ကြံအပ်သည် မဟုတ်။

ချစ်သား ရဟန်းဘို့....စင်စစ်သော်မူ ဤသာသနာတော်ဘည်းဟူသော မြတ်သော အကျင့်ကို **သံဝရငါးပါးအလို့ငှါရင်း, ပဟာန်ငါးပါးအလို့ငှါရင်း, ကိလေသာခပ်သိမ်းကင်းရန် အလို့ငှါရင်း, ကိလေသာခပ်သိမ်း ချုပ်ငြိမ်းရန် အလို့ငှါရင်း** ကျင့်သုံးအပ်သည် အစရှိသည်ဖြင့် ဤဗြဟ္မစရိယ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဗြဟ္မစရိယသုတ် ပြီး၏။**

## အရိယဝံသသုတ်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမံ အရိယဝံသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ အဋ္ဌမံ အရိယဝံသသုတ္တံ “စတ္တာရောမေ ဘိက္ခဝေ အရိယဝံသာ အဂ္ဂညာ ရတ္တညာ ဝံသညာ ပေါရာဏာ၊ အသံကိဏ္ဏာ အသံကိဏ္ဏပုဗ္ဗာ န သံကီယန္တိ န သံကီယိဿန္တိ၊ အပ္ပဋိကုဋ္ဌာ သမဏေဟိ ဗြာဟ္မဏေဟိ ဝိညူဟိ။ ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရေန စီဝရေန၊ ဣတရီတရစီဝရသန္တုဋ္ဌိ-ယာ စ ဝဏ္ဏဝါဒီ၊ န စ စီဝရဟေတု အနေသနံ အပ္ပတိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါ စ စီဝရံ န ပရိတဿတိ၊ လဒ္ဓါ စ စီဝရံ အဂဓိတော အမုစ္ဆိတော အနဇ္ဈောပန္နော အာဒီနဝဒဿာဝီ နိဿရဏပညော ပရိဘုဉ္ဇတိ၊ တာယ စ ပန ဣတရီတရစီဝရသန္တုဋ္ဌိယာ နေဝတ္တာနုက္ကံသေတိ န ပရံ ဝမ္ဘေတိ။ ယော ဟိ တတ္ထ ဒက္ခော အနလသော သမ္ပဇာနော ပဋိဿတော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု ပေါရာဏေ အဂ္ဂညေ အရိယဝံသေ ဌိတော”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဥရုဝေလဝဂ်၌ပင်လျှင် ရှစ်ခုမြောက်ဖြစ်သော အရိယဝံသ သုတ္တန်မည်သော တရား ဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်း အရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဥရုဝေလဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော အရိယဝံသအမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို “စတ္တာရောမေ ဘိက္ခဝေ အရိယဝံသာ အဂ္ဂညာ ရတ္တညာ ဝံသညာ ပေါရာဏာ” အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့....မြတ်၏ဟူ၍ အသိအမှတ် ပြုအပ်ကုန်သော ရှည် လျားစွာသော ကာလပတ်လုံး အရိယာ သူတော်ကောင်းတို့သည် ကျင့်သုံး အပ်၏ဟူ၍ အသိ အမှတ်ပြုအပ်ကုန်သော အရိယာတို့၏ အစဉ် အဆက် အနွယ် အဝင်ဟူ၍ အသိအမှတ်ပြုအပ်ကုန်သော ရှေးလည်း အလွန် အမင်း ကျလှကုန်သော အရိယဝံသ အမည်ရှိသော တရားလေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။

ထို အရိယဝံသ တရားလေးမျိုးတို့ကို မည်သူ တဦး တယောက်မျှ တား မြစ်သည်း မတားမြစ်အပ်၊ ရှေးကာလက တားမြစ်လည်း မတားမြစ် စဘူး၊ ယခု ကာလ၌သည်း တားမြစ်ဆဲမဟုတ်၊ နောက် အနာဂတ် ကာလ၌လည်း မည်သူ တဦး တယောက်မျှ တားမြစ်လိမ့်မည် မဟုတ်၊ ပညာရှိသော သမဏ ဗြာဟ္မဏအမည်ရသော သူတော်ကောင်းတို့သည် အခါခပ်သိမ်း မကဲ့ရဲ့အပ်၊ ချီးမွမ်းအပ်သော အရိယဝံသတရား လေးပါးတို့ ဖြစ်သည်။

ထို လေးပါးသော အရိယဝံသတရားတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား—

ချစ်သား ရဟန်းတို့....ဤသာသနာတော်၌ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ စင် စစ်ဖြစ်သော ရဟန်းတော် သူမြတ်သည် ကြမ်းသည်ဖြစ်စေ နုသည်ဖြစ်စေ ရ-ရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲလေ့ရှိပေ၏။ ရ-ရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း တည်းဟူသော ဓုတင်္ဂဘာဝစရစီဝရသန္တုဋ္ဌိ တရား၏ ကျေးဇူး စကား ကိုသည်း ပြောကြားလေ့ရှိပေ၏။ သင်္ကန်းဟူသော အကြောင်းကြောင့် မိမိနှင့် မအပ်မသျော်သော မြဘ်စွာဘုရား ခွင့်မပြုသော ရှာမှီးခြင်းမျိုးဖြင့် လည်း ရှာမှီးခြင်း သို့ မရောက်ခဲ့ချေ။ သင်္ကန်းကို မရခြင်းဟူသော အကြောင်း ကြောင့်လည်း တောင့်တခြင်း အလျှင်းမရှိချေ။ ရပြီးသော သင်္ကန်းကိုလည်း တဏှာဖြင့် မဖွဲ့သျက်ဘဲ တဏှာဖြင့် မမိန်းမောဘဲ တဏှာဖြင့် လွှမ်းအုပ်စိုးမိုး ခြင်း မခံရဘဲ မအပ်သောနည်းဖြင့် သင်္ကန်းကို ရှာမှီးခြင်း၌ အပြစ်ကို မြင်ပြီး လျှင် စီဝရပစ္စဝေက္ခဏာ တင်၍ နိဿရဏ ပညာဖြင့် သင်္ကန်းကို သုံးဆောင် ပေ၏။ မိမိကိုယ်တိုင် စီဝရသန္တောသတရားကို ကျင့်သုံးရခြင်းတည်း ဟူသော အကြောင်းကို အကြောင်းပြု၍ မိမိကိုယ်ကိုလည်း မမြှောက်ပင့်၊ သူတပါး တို့ကိုသည်း မနှိမ့်ချ။

ချစ်သား ရဟန်းတို့.... အကြင်ရဟန်းသည် ဆိုအပ်ပြီးသော စီဝရ- သန္တောသ-သင်္ကန်းကို ရောင့်ရဲခြင်း၌ ကျေးဇူးစကား ပြောဆိုခြင်း အစရှိ သည်၌ လိမ္မာ၏။ ပျင်းရိခြင်းမရှိ။ ထိုးထွင်း သိမြင်သော သမ္ပဇဉ်ဉာဏ်နှင့်ငင်း, အောက်မေ့ဘက်သော သတိနှင့်ငင်း ပြည့်စုံ၏။ ချစ်သားရဟန်းတို့....ဤသို့ သဘောရှိသော ရဟန်းကို ရှေးအလွန်ကျသော မြတ်၏ဟူ၍ သမုတ်အပ်သော အရိယဝံသ တရား၌ တည်သော ပုဂ္ဂိုလ်ဟူ၍ပင် ခေါ်ဆိုအပ်တော့၏။

ချစ်သား ရဟန်းတို့....ထိုမှတပါး ဤငါဘုရား၏ သာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတ ဖြစ်သော ရဟန်းတော် အရှင်သူမြတ်သည် ဆွမ်း၌၎င်း ကျောင်း သင်္ခမ်း၌၎င်း ရ-ရသမျှသောဆွမ်း ရ-ရသမျှသော ကျောင်းသင်္ခမ်းတို့ဖြင့် ရောင့်ရဲဘင်းတိမ်လေ့ရှိပေ၏။ ထိုသို့ ရ-ရသမျှသောဆွမ်း ရ-ရသမျှသော ကျောင်းသင်္ခမ်းတို့၌ ရောင့်ရဲဘင်းတိမ်ခြင်း တည်းဟူသော ပိဏ္ဍပါတ-သန္တောသ, သေနာသနသန္တောသ တရားတို့၏ ကျေးဇူး စကားကိုလည်း ပြောဆိုလေ့ ရှိပေ၏။ မရသေးသော ဆွမ်း မရသေးသော ကျောင်းသင်္ခမ်း တို့အဘို့က် မအပ်သော ရှာမှီးခြင်းဖြင့်လည်း ရှာမှီးလေ့မရှိ။ ထိုကျောင်း ထိုဆွမ်းတို့ကို မရခြင်းဟူသော အကြောင်းကြောင့် တောင့်တခြင်းလည်း အလျှင်းမရှိ။ ရပြီးသောဆွမ်း ရပြီးသောကျောင်းသင်္ခမ်းတို့ကိုလည်း တဏှာ ဖြင့် မဖွဲ့သက်၊ တဏှာဖြင့် မမိန်းမော၊ တဏှာဖြင့် အုပ်စိုးခြင်း မခံရဘဲ မအပ်သော ရှာမှီးခြင်းဖြင့် ဆွမ်း,ကျောင်းတို့ကို ရှာမှီးခြင်း၌ အပြစ်ကို ရှုမြင်သေ့ရှိပြီးလျှင် ပစ္စဝေက္ခဏာတင်၍ ထိုဆွမ်း ထိုကျောင်းသင်္ခမ်းတို့ကို သုံးဆောင်လေ့ရှိပေ၏။ထိုသို့သဘောရှိသော ဆွမ်း၌ရောင့်ရဲခြင်း, ကျောင်း၌ ရောင့်ရဲခြင်း တည်းဟူသော ရောင့်ရဲခြင်းနှစ်ပါးဟူသော အကြောင်းကြောင့် မိမိကိုယ်ကိုသည်း မြှောက်ပင့်ခြင်း အလျှင်းမရှိ၊ သူတပါးတို့ကိုလည်း နှိမ့်ချ ခြင်း အလျှင်းမရှိ။

ချစ်သား ရဟန်းတို့....အကြင်ရဟန်းသည် ဆိုအပ်ပြီးသော ပိဏ္ဍပါတ-သန္တောသ, သေနာသနသန္တောသ နှစ်ပါး၏ ကျေးဇူးစကားကို ပြောကြား ခြင်း အစရှိသည်၌ လိမ္မာကျွမ်းကျင်ပေ၏။ လုံ့လကြိုးကုတ် အားထုတ်အပ် သော ဝီရိယသည်း ရှိပေ၏။ သတိသမ္ပဇဉ် အမြဲယှဉ်လေ့ရှိပေ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော ပိဏ္ဍပါတသန္တောသ, သေနာ-သနသန္တောသ နှစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ရှေးအလွန်ကျသော မြတ်၏ ဟူ၍ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ အသိအမှတ်ပြုအပ် သော ပိဏ္ဍပါတသန္တောသ အရိယဝံသတရား, သေနာသနသန္တောသ အရိယ-ဝံသ တရားနှစ်ပါး၌ တည်သော ရဟန်းကောင်းဟူ၍ ဆိုအပ်ပေ၏။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တဖြစ်သော ရဟန်းတော် အရှင်သူမြတ်သည် သမထဘာဝနာ, ဝိပဿနာဘာဝနာတို့၌ မွေ့လျော်ပျော်ပိုက်၍ နေပါပေ၏။ အကုသိုလ်

တရားတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်, ပဋိပ္ပဿဒ္ဓိပ-ဟာန်, နိဿရဏပဟာန်တည်းဟူသော စွန့်ခြင်းငါးမျိုးဖြင့် ပယ်စွန့်ခြင်း၌ပင်လျှင် အမြဲတစေ မွေ့လျော်၍နေပေ၏။ ထိုသို့ ဘာဝနာ၌ မွေ့လျော်ခြင်း, အကုသိုလ်တရားတို့ကို ပယ်စွန့်ခြင်း၌ မွေ့လျော်ခြင်းဟူသော အကြောင်းကြောင့် မိမိကိုယ်ကိုလည်း အထင်ကြီး မမြှောက်ပင့်၊ သူတပါးတို့ကိုလည်း မနှိမ့်ချ။

ချစ်သား ရဟန်းတို့...အကြင်ရဟန်းသည် ထိုဆိုအပ်ပြီးသော ဘာဝနာ-ရာမ အရိယဝံသတရား၌ လိမ်မာကျွမ်းကျင်သည့် အားထုတ်အပ်သော လုံ့လလည်း ရှိပါပေ၏။ သတိသမ္ပဇဉ် အမြဲယှဉ်သည့် ဤရဟန်းကို ရှေးအလွန်ကျ၍ မြတ်၏ဟူ၍ အရိယာသခင် သူတော်စဉ်တို့ သမုတ်အပ်သော အရိယဝံသတရား၌ တည်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ပါပေသည်။

ချစ်သား ရဟန်းတို့ .... ဤဆိုအပ်ပြီးသော (၁) စီဝရသန္တောသ-သင်္ကန်း၌ ရောင့်ရဲလွယ်ခြင်း။ (၂) ပိဏ္ဍပါတသန္တောသ-ဆွမ်း၌ရောင့်ရဲလွယ်ခြင်း။ (၃) သေနာသနသန္တောသ- ကျောင်း၌ ပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း။ (၄) ဘာဝနာရာမ- ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်ခြင်း တည်းဟူသော ဤတရားလေးပါးသည်ပင်လျှင် ရှေးအလွန်ကျ၍ မြတ်၏ ဟူ၍လည်း သမုတ်အပ်,ရှည်သျှားစွာသော နေ့သဉ်ပတ်သုံး အရိယာသူတော်ကောင်းတို့ကျင့်သုံးအပ်သော တရားဟူ၍လည်း အသိအမှတ်ပြုအပ်, အရိယာသူတော်ကောင်းတို့၏ အနွယ်အဆက် ဟူ၍ အသိအမှတ်ပြုအပ်သော **အရိယဝံသ** တရားလေးပါးတို့ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့...ဤဆိုအပ်ပြီးသော စီဝရသန္တောသ, ပိဏ္ဍပါတ-သန္တောသ, သေနာသနသန္တောသ, ဘာဝနာရာမ တည်းဟူသော အရိယဝံသတရားလေးပါးနှင့် ပြည့်စုံသော ရဟန်းတော်အရှင်သူမြတ်သည် အရှေ့အရပ်၌ပင် နေနေ အနောက်အရပ်၌ပင် နေနေ မြောက်အရပ်၌ပင် နေနေ တောင်အရပ်၌ပင် နေနေ ထိုမိမိနေရာအရပ်၌ အဓိကုသလအမည်ရသော အထက်တန်းကျသော သမထဝိပဿနာ-ဘာဝနာကောင်းမှု ကုသိုလ်တို့၌ မမွေ့လျော်ခြင်းတည်းဟူသော အရတိတရားကို ထိုရဟန်းကပင်လျှင် လွှမ်းမိုးနိုင်နင်း၍ နေပေတော့၏။ ထိုရဟန်းကို အရတိတရားက မလွှမ်းမိုး မနိုင်နင်းနိုင်ပေ။

ချစ်သားရဟန်းတို့...အကြောင်းသော်ကား ထိုအရိယဝံသ တရားလေးပါး၌ တည်သော ပညာရှိ သူတော်သူမြတ်သည် အရတိခေါ်သော ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊ ရတိခေါ်သော အာရုံငါးပါး ကာမတရားတို့၌ မွေ့လျော်ခြင်း၊ ဤအရတိ,ရတိဘည်းဟူသော တရားနှစ်ပါးကို မိမိကိုယ်တိုင်က နိုင်ပြီးလွှမ်းမိုးပြီးဖြစ်တော့သည်ဟု မိန့်ကြားတော်မူပြီးလျှင် ထိုအရိယဝံသ ဒေသနာတော်မြတ်ကို ဂါထာပဒတို့ဖြင့် နိဂုံးအထွဋ်တပ်တော်မူလိုသဖြင့်—

နာရတိ သဟတိ ဓီရံ၊ နာရတိ ဓီရံ သဟာဘိ။
ဓီရော စ အရတိံ သဟတိ၊ ဓီရော ဟိ အရတိဿဟော။
သဗ္ဗကမ္မဝိဟာယီနံ၊ ပနုဏ္ဏံ ကော နိဝါရယေ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော—

ဟု ဤအရိယဝံသ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**အရိယဝံသသုတ် ပြီး၏။**

---

## စက္ကဝဂ်

### စက္ကသုတ်

ပု။ ။စက္ကဝဂ္ဂေ ပန အာဝုသော ပဌမံ စက္ကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။စက္ကဝဂ္ဂေ ဘန္တေ ပဌမံ စက္ကသုတ္တံ "စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ၊ ယေဟိ သမန္နာဂတာ ဒေဝမနုဿာ နစိရဿေဝ မဟန္တတ္တံ ဝေပုလ္လတ္တံ ပါပုဏန္တိ ဘောဂေသု။ ကတမာနိ စတ္တာရိ၊ ပတိရူပဒေသဝါသော သပ္ပုရိသာဝဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေ စ ကတပုညတာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။စက္ကဝဂ်၌ ရှေးဦးစွာသော စက္ကသုတ္တန်မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။စက္ကဝဂ်၌ ရှေးဦးစွာသော စက္ကအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ဝတ္တတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ပြည့်စုံခြင်း သမ္ပတ္တိဘည်း ဟူသော စက်တရားတို့ကား လေးပါးဘို့ ရှိကြကုန်သည်။ ယင်းစက်လေးပါးနှင့် ပြည့်စုံကြကုန်သော နတ်သူပြဟ္မာသတ္တဝါဘို့အား လေးပါးသော သမ္ပတ္တိစက်တို့ ဆက်ကာဆက်ကာ လည်နိုင်ပါသည်။ ယင်းသမ္ပတ္တိ စက်လေးပါးနှင့် ပြည့်စုံသော နတ်လူပြဟ္မာ သတ္တဝါဘို့သည် ဤလောက၌ မကြာမြင့်မီပင်လျှင် စည်းစိမ်ဥစ္စာတို့၌ ကြီးပွါးခြင်း ပြန့်ပြောခြင်းသို့ ရောက်နိုင်ကြကုန်သည်။

ထိုသမ္ပတ္တိ စက်လေးပါးတို့ ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) ပဘိရူပဒေသဝါသ-တင့်အပ် လျောက်ပတ်သော အရပ်၌ (ဘိက္ခု, ဘိက္ခုနီ,ဉပါသကာ, ဉပါသိကာ တည်းဟူသော ပရိသတ်လေးပါး သူတော်ကောင်းဘို့ နေရာ တင့်အပ်လျောက်ပတ်သော အရပ်၌) နေရခြင်း **ပတိရူပဒေသဝါသ** စက်တပါး။

(၂) သူတော်ကောင်းဘို့ကို အမှီသဟဲ တံကဲပြုရခြင်းတည်းဟူသော **သပ္ပုရိသာဝဿယ** စက်တပါး။

(၃) မိမိကိုယ်ကို ကောင်းစွာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတည်းဟူသော တရားဘို့၌ ယောနိသောမနသိကာရ ရှေ့ဆောင်၍ ထားနိုင်ခြင်း **အတ္တသမ္မာပဏိဓိ** စက်တပါး။

(၄) ရှေးရှေးသော ဘဝဘို့က ပြုခဲ့ဘူး ဆည်းပူးခဲ့ဘူးသော ကောင်းမှုကုသိုလ် အထူးရှိခြင်း တည်းဟူသော **ပုဗ္ဗေစကတပုညတာ စက်တပါး**။

ချစ်သားဘို့....သမ္မတ္တိစက် လေးပါးတို့ ဟူသည် ဤဆိုအပ်ပြီးသော လေးပါးတို့ပင်တည်း။ ယင်းသမ္မတ္တိစက်လေးပါးတို့နှင့် ပြည့်စုံကြကုန်သော နတ်လူပြဗ္ဗာ သတ္တဝါတို့အား သမ္မတ္တိစက်လေးပါးသည်ပင်လျှင် ဆက်ကာ ဆက်ကာ လည်နိုင်ပါပေ၏။ ယင်းစက်လေးပါးနှင့် ပြည့်စုံကုန်သော နတ်လူ ဗြဟ္မာ သတ္တဝါတို့သည် မကြာမြင့်မီပင်လျှင် စည်းစိမ်ဥစ္စာ သုံးဆောင်ဘွယ်ရာ အဖြာဖြာတို့၌ များမြတ်ခြင်း ပြန့်ပြောခြင်းသို့ ရောက်နိုင်ပေသည် အစရှိသည်ဖြင့် ဤစက္ကအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**စက္ကသုတ် ပြီး၏။**

---

## သင်္ဂဟသုတ်

ပု။ ။တတ္ထ အာဝုသော ဒုတိယံ သင်္ဂဟသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထ ဘန္တေ ဒုတိယံ သင်္ဂဟသုတ္တံ "စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ။ ကတမာနိ စတ္တာရိ၊ ဒါနံ ပေယျဝဇ္ဇံ အတ္ထစရိယာ သမာနတ္တတာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုစက္ကဝဂ်၌ပင်လျှင် နှစ်ခုမြောက်ဖြစ်သော သင်္ဂဟသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုစက္ကဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သင်္ဂဟမည်သော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ပြီးမြောက် နိုင်ကြောင်း သင်္ဂဟဝတ္ထုတရားတို့သည် လေးပါးတို့ ရှိကြကုန်သည်။ ချစ်သား ရဟန်းတို့....သူတပါးတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်ကြောင်း သင်္ဂဟဝတ္ထုတရားတို့သည်ကား လေးပါးတို့ပင် ရှိကုန်သည်။ လေးပါးတို့ဟူသည်မှာ—

(၁) ပေးကမ်းစွန့်ကြဲခြင်း ဒါနလည်းတပါး။

(၂) ချစ်ဘွယ်သာယာဘွယ်စကား ပြောကြားခြင်း တည်းဟူသော ပေယျဝဇ္ဇလည်း တပါး။

(၃) သူတဖက်သား၏ အကျိုးစီးပွါးရှိရာရှိကြောင်းကို ပြောပြခြင်း, ကျင့်ကြံပြုလုပ်ပေးခြင်း တည်းဟူသော အတ္ထစရိယာလည်း တပါး။

(၄) ထိုသူတဖက်သားအား ကိုယ့်တူထား၍ ကျင့်ကြံခြင်း သမာ-နတ္တတာဘည်းဟူသော သင်္ဂဟတရားလည်း တပါး။

ချစ်သားတို့...ဤဆိုအပ်ခဲ့ပြီးသော လေးပါးသို့သည်ကား ပြီးမြောက်ကြောင်း သင်္ဂဟဝတ္ထုလေးပါး၊ သူတပါးတို့၏စိတ်ကို မိမိဘက်သို့ပါအောင် ဆွဲဆောင်သူငင်နိုင်ကြောင်း တရားလေးပါးတို့ပင် ဖြစ်တော့သည်ဟု မိန့်ကြားတော်မူပြီးလျှင်—

ထိုသင်္ဂဟတရား လေးပါးမရှိပါက အမိသည်ရင်း အဖသည်ရင်း သားထံမှ တဖန်ဘုံ့ပြန်ကျေးဇူးဆပ်ခြင်းကို မရနိုင်ချေ။

ထိုသင်္ဂဟတရား လေးပါးတို့ရှိခြင်းကြောင့်ပင်လျှင် မိခင်ဖခင် ကျေးဇူးရှင်တိသည်သည်း သားသမီးအထံမှ အဘုံ့အပြန်ကျေးဇူးဆပ်ခြင်းကို ရရှိခဲ့လေသည်။

ထိုသင်္ဂဟတရား လေးပါးရှိခြင်းကြောင့်ပင်လျှင် ထိုသင်္ဂဟတရား လေးပါးကို ပညာရှိသူတော်ကောင်းတို့သည် ကောင်းစွာ မြော်မြင်ဆင်ခြင်ကျင့်ကြံလိုက်နာကြသဖြင့် ခု ဝတ္တမာန် ပစ္စုပ္ပန်မှာလည်း ကြီးပွါး၍ ချီးမွမ်းအပ်သော ပုဂ္ဂိုလ်တို့ ဖြစ်ရပါသည်ဟု—

ဒါနဉ္စ ပေယျဝဇ္ဇဉ္စ၊ အတ္ထစရိယာ စ ယာ ဣဓ။
သမာနတ္တတာ စ ဓမ္မေသု၊ တတ္ထ တတ္ထ ယထာရဟံ။
ဧတေ ခေါ သင်္ဂဟာ လောကေ၊ ရထဿာဏီဝ ယာယတော။
ဧတေ စ သင်္ဂဟာ နာဿု၊ န မာတာ ပုတ္တကာရဏာ။
လဘေထ မာနံ ပူဇံ ဝါ၊ ပိတာ ဝါ ပုတ္တကာရဏာ။
ယသ္မာ စ သင်္ဂဟေ ဧတေ၊ သမဝေက္ခန္တိ ပဏ္ဍိတာ။
တသ္မာ မဟတ္တံ ပပ္ပေါန္တိ၊ ပါသံသာ စ ဘဝန္တိ တေ—

ဟု ဤသင်္ဂဟ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သုံးပါးသော ဂါထာပိုဒ်တို့ဖြင့် အထွဋ်တပ်၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအား ဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သင်္ဂဟသုတ် ပြီး၏။**

---

## သီဟသုတ်

ပု။ ။တတ္ထေဝ အာဝုသော တတိယံ သီဟသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ တတိယံ သီဟသုတ္တံ "သီဟော ဘိက္ခဝေ မိဂရာဇာ သာယန္ဟသမယံ အာသယာ နိက္ခမတိ၊ အာသယာ နိက္ခမိတွာ ဝိဇမ္ဘတိ၊ ဝိဇမ္ဘိတွာ သမန္တာ စတုဒ္ဒိသာ အနုဝိလောကေတိ၊ သမန္တာ စတုဒ္ဒိသာ အနုဝိလောကေတွာ တိက္ခတ္တုံ သီဟနာဒံ နဒတိ၊ တိက္ခတ္တုံ သီဟနာဒံ နဒိတွာ ဂေါစရာယ ပက္ကမတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုစက္ကဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော သီဟသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုစက္ကဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော သီဟ အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို "သီဟော ဘိက္ခဝေ မိဂရာဇာ သာယန္ဟ-သမယံ အာသယာ နိက္ခမတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....သားတို့သနင်း ကေသရခြင်္သေ့မင်းသည် ညနေ ချမ်း အခါဝယ် မိမိစံရာ ရွှေဂူ ငွေဂူ အစရှိသည်တို့မှ ထွက်ခဲ့ပါ၏၊ မိမိနေရာ ရွှေဂူ ငွေဂူ ဖလ်ဂူတို့မှ ထွက်ခဲ့ပြီးလျှင် မြီးဆံရှင်ပြယ် စံပယ်တင့်တယ်၍ နေပါ၏၊ မြီးဆံ ရှင်ပြယ် စံပယ်ပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာ တို့ကို လှည့်သည်၍ ကြည့်ရှုပါ၏၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို

ကြည့်ရှုပြီးလျှင် သုံးကြိမ်တိုင်တိုင် မကြောက်မရွံ့ ရဲတင်းသော ခြင်္သေ့၏ ဟောက်သံဖြင့် ကြုံးဟောက်ခဲ့ပါ၏၊ သုံးကြိမ်တိုင်တိုင် မကြောက် မရွံ့ ဟိန်းဟောက်ပြီးသောအခါဝယ် စားကျက်အလို့ငှါ လှည့်လည် ကျက်စား ပါတော့၏။

ချစ်သားရဟန်းတို့.... အကြင်သို့ သဘောရှိကုန်သော တိရစ္ဆာန် အမျိုး မျိုးတို့သည် ကေသရ ခြင်္သေ့မင်း ဟိန်းဟောက်သံကို ကြားရကုန်၏၊ များ သောအားဖြင့် ထိုတိရစ္ဆာန်အမျိုးမျိုးတို့သည် ကြောက်ရွံ့ခြင်း, ထိတ်လန့် ခြင်းသို့ ရောက်ကြရကုန်သည်။ တွင်းအောင်း သတ္တဝါတို့သည်လည်း တွင်းထဲသို့ပြန်၍ ဝင်ကြကုန်သည်။ ရေ၌ တည်နေသော သတ္တဝါတို့သည် လည်း ရေသို့ငုပ်လျှိုးကြကုန်သည်။ တော၌ တည်နေသော သတ္တဝါတို့သည် လည်း တောအတွင်းသို့ ပြေးဝင်ကြကုန်သည်။ ငှက်အပေါင်းတို့သည်လည်း ကောင်းကင်သို့ တဟုန်ထိုး ပျံတက်ကြကုန်သည်။

ချစ်သားရဟန်းတို့.... ဤဘုင်မျှမကသေး၊ ထိုထို မြို့ ရွာ နိဂုံးတို့၌ ခိုင်မြဲ လှစွာသော သားရေ လွန် စသည်တို့ဖြင့်ဖွဲ့နှောင်၍ ထားအပ်သော မင်းစီး ဆင်ကြီးများပင်သော်လည်း ကေသရ ခြင်္သေ့မင်း၏ အသံကို ကြားလျှင် ကြောက်ရွံ့ကြ၍ အညစ်အကြေးတို့ကို စွန့်ပစ်ပြီးလျှင် ရောက်တတ်ရာရာ ဟူးဟူးညားညား အရပ်သို့ ပြေးသွားကြရကုန်သည်။

ချစ်သားရဟန်းတို့....ကေသရ ခြင်္သေ့မင်းသည် ဤဆိုအပ်ပြီးသော အခြင်းအရာအတိုင်း တန်ခိုး အာနုဘော် ကြီးမြတ်လှပေ၏။

ချစ်သားရဟန်းတို့....ဤနည်း အတူပင်လျှင် အကြင်အခါ၌ ရှေးဘုရား တို့ အဘူ လာခြင်း ကောင်းတော်မူသော အရဟံ အစ ဘဂဝါအဆုံး ကိုးပါး သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤ လောက၌ ပွင့်ပေါ်တော်မူလာပေ၏။ ထိုသဗ္ဗညု မြတ်စွာဘုရားသည် ဤ တရား ဤတရားစုကား သက္ကာယ တရားအစုတည်း။ ဤတရား အစုကား သက္ကာယ၏ ဖြစ်ကြောင်း မကောင်းသော သမုဒယ တရားပေတည်း။ ဤ နိဗ္ဗာန်တရားသည်ကား သက္ကာယ၏ ချုပ်ရာ ကောင်းမြတ်သော တရားပါ ပေတည်း။ ဤအရိယအဋ္ဌင်္ဂိက မဂ္ဂင်တရားသည်ကား သက္ကာယ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သောအကျင့် ပဋိပတ်ပါပေတည်းဟု သစ္စာလေးပါး တရားဓမ္မစက်ကို ဟောမြွက်တော်မူပေ၏။

ချစ်သားရဟန်းတို့....ထိုသို့ သဗ္ဗညုမြတ်စွာဘုရား သစ္စာလေးပါးတရား ဓမ္မစက်ကို ဟောမြွက်တော်မူသော ကာလ၌ ရှည်လျားစွာ အသက်ရှည်ကြသော အိုမင်းလှစွာသော အထက်ဘုံတို့၌ တည်နေကြကုန်သော နတ် ဗြဟ္မာ အပေါင်းတို့သည်လည်း—

အနိစ္စာ ဝတ ကိရ ဘော မယံ သမာနာ 'နိစ္စမှာ'တိ အမညိမှ။

အို-အချင်းတို့....ငါတို့သည် မမြဲကြသူ စင်စစ် ကေန် မှန်ကြပါကုန်လျက် မြဲကုန်၏ဟူ၍ အထင်မှားခဲ့ကုန်ပြီ၊ ငါတို့သည် မခိုင်မာသူမှန်ကြပါကုန်လျက် ခိုင်မာကုန်၏ဟူ၍ အထင်မှားခဲ့ကြကုန်ပြီ။

အို-အချင်းတို့....ငါတို့သည် အခါခပ်သိမ်း မတည်နိုင်, မဖြစ်နိုင်မှန်ကြပါကုန်သျက် အခါခပ်သိမ်း တည်နိုင်,ဖြစ်နိုင်သည်ဟု အထင်မှတ်မှားခဲ့ကြကုန်ပြီ။

အို-အချင်းတို့....ငါတို့သည်ကား မြဲလည်း မမြဲ၊ ခိုင်လည်း မခိုင်မာ၊ အခါခပ်သိမ်းလည်း မတည်နိုင်၊ မဖြစ်နိုင်၊ သက္ကာယတည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးအဘွင်းမှာသာ တည်ရှိနေကြပါကုန်၏တကားဟူ၍ ကြောက်ခြင်း, လန့်ခြင်း, ထိတ်ခြင်း ပြင်းစွာဖြစ်ကြရကုန်သည်။

ချစ်သားရဟန်းတို့.... သဗ္ဗညုမြတ်စွာဘုရားသည် ဤဆိုအပ်ပြီးသော အတိုင်း အထက်ဖြစ်သော ထိုထိုဗြဟ္မာ့ဘုံ၌ရှိသော ဗြဟ္မာတို့ကိုပင်သော်လည်း ထိတ်လန့်စေနိုင်လောက်သော တန်ခိုး ဣဒ္ဓိပါဒ် အာနုဘော်နှင့် ပြည့်စုံတော်မူပေ၏ အစရှိသည်ဖြင့် ဤသီဟအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**သီဟသုတ် ပြီး၏။**

---

## ဒေါဏသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ စတုက္ကနိပါတေ စက္ကဝဂ္ဂေ ဆဋ္ဌံ ဒေါဏသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထေသိ ဘာသိတံ။

ဝိ။ ။အန္တရာ စ ဘဂ္ဂေ ဥက္ကဋ္ဌံ အန္တရာ စ သေတဗျံ ဒေါဏော ဗြာဟ္မဏော အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ။ အဒ္ဒသာ ခေါ ဒေါဏော ဗြာဟ္မဏော ဘဂဝန္တံ ... တေ ဒဝေါ၊ ''ဒေဝေါ နော ဘဝံ ဘဝိဿတီ''တိ။ တသ္မိံ ဘဂ္ဂေ ဝတ္ထုသ္မိံ ''န ခေါ အဟံ ဗြာဟ္မဏ ဒေဝေါ ဘဝိဿာမီ''တိ ဝေယျာကရဏာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထို သဗ္ဗညုမြတ်စွာဘုရား သခင်သည် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် စက္ကဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော ဒေါဏသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သောအကြောင်း ဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဥက္ကဋ္ဌပြည်နှင့် သေတဗျမြို့၏အကြား တခုသော သစ်ပင် ရင်းဝယ် ဒေါဏပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သည် အခါတပါးဝယ် ဥက္ကဋ္ဌပြည်နှင့် သေတဗျမြို့၏အကြား အစွန်ရှည်သော ခရီးသို့ ဒေသစာရီ ကြွချီတော်မူနေဆဲဖြစ်ပါသည်။

ဒေါဏပုဏ္ဏားသည်လည်း ဥက္ကဋ္ဌပြည်နှင့် သေတဗျမြို့၏အကြား အစွန် ရှည်သောခရီးသို့ သွားနေဆဲဖြစ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဒေါဏပုဏ္ဏား၏ အနာဂါမိဖိုလ် မြောက် ပေါက်ရောက်မည့် ဥပနိဿယပစ္စည်း အားကြီးသော အကြောင်းနှင့် တကွ ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူရာ ကာလဝယ် ခုနစ်ပြည်ထောင် မင်းတို့၏ ငြင်းခုံမှုကို ငြိမ်းသတ်အံ့သော အရေးကို မြင်တော်မူလတ်သဖြင့် အစိဋ္ဌာန်ထားတော်မူပြီးလျှင် ကိုယ်တော်မြတ်၏ ခြေတော်ရာပါဒစေတီတော် ကို ဒေါဏပုဏ္ဏားအား မြင်စေတော်မူခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ခရီးမ-မှ ဖဲတော်မူပြီး၍ တခုသော သစ်ပင် ရင်းဝယ် ကိုယ်တော်ကို ဖြောင့်မတ်စွာထား၍ ထက်ဝယ်ဖွဲ့ခွေ ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု သီတင်းသုံးနေတော်မူပါသည်။

ထိုအခါ ဒေါဏပုဏ္ဏားသည်လည်း ခရီးအစဉ်တလျှောက် ရောက်လတ်သောအခါ သဗ္ဗညုမြတ်စွာဘုရား၏ခြေတော်ရာ စက်တော်ရာ ပါဒစေတီတို့ကို မြင်ရ၍——

"အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော၊ န ဝတိမာနိ မနုဿဘူတဿ ပဒါနိ ဘဝိဿန္တိ"။

အိုအချင်းတို့....အံ့ချီးဘွယ်ကောင်းပါပေစွ။ မဖြစ်စဘူး အထူးဖြစ်ပါပေစွ။ ဤစက်လက္ခဏာအစုံပါသည့် ခြေတော်ရာတို့သည်ကား ပကတိလူသားစင်စစ်၏ ခြေရာတို့မဟုတ်နိုင်ပါကုန်ဟု အံ့ကြဲဖြစ်ပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်ရာတို့ကိုခံ၍ အစဉ်တစိုက်လိုက်ခဲ့သည်တွင် တခုသောသစ်ပင်ရင်း၌ သဗ္ဗညု မြတ်စွာဘုရား ပါသာဒိကဂုဏ်ဖြင့် သီတင်းသုံးထိုင်နေတော်မူသည်ကို မြင်လတ်၍ ဘုရားရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင်——

"ဒေဝေါ နော ဘဝံ ဘဝိဿတိ"။

"အရှင်သူမြတ်သည် တစုံတယောက်သော ဥပပတ်နတ်ပင် ဖြစ်တော်မူလိမ့်ဘကား"ဟု မေးမြန်းခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက——

"န ခေါ အဟံ ဗြာဟ္မဏ ဒေဝေါ ဘဝိဿာမိ"။

"ဒေါဏပုဏ္ဏား.... ငါသည်တမူကား တစုံတယောက်သော ဥပပတ်နတ်ဖြစ်လိမ့်မည်မဟုတ်"ဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။

တဖန် ဒေါဏပုဏ္ဏားက——

"ဂန္ဓဗ္ဗော နော ဘဝံ ဘဝိဿတိ"။

"တစုံတယောက်သော နတ်မဟုတ်ခဲ့လျှင် အရှင်သူမြတ်သည် ဂန္ဓဗ္ဗဂိုဏ်းဝင် တမျိုးသောနတ်ပင် ဖြစ်တော်မူလိမ့်တကား"ဟူ၍ မေးမြန်းလျှောက်ထားခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားက——

"န ခေါ အဟံ ဗြာဟ္မဏ ဂန္ဓဗ္ဗော ဘဝိဿာမိ"။ ၇၄၅

"ဒေါဏပုဏ္ဏား....ငါတမူကား ဂန္ဓဗ္ဗနတ်လည်းဖြစ်လိမ့်မည်မဟုတ်" ဟူ၍ မိန့်ကြားတော်မူလတ်သည်တွင်—

" ယက္ခော နေ၀ ဘဝံ ဘဝိဿတိ "။

"အရှင်ဘုရားသည် တန်ခိုးဣဒ္ဓိပါဒ်ကြီးသော ယက္ခနတ် ဖြစ်တော်မူလိမ့်မည်တကား"ဟူ၍ ပြန်ကြားမေးမြန်းလျှောက်ထားသည်တွင်—

" န ခေါ အဟံ ဗြာဟ္မဏ ယက္ခော ဘဝိဿာမိ "။

"ဒေါဏပုဏ္ဏား....ငါသည်တမူကား တန်ခိုးဣဒ္ဓိပါဒ်ကြီးသော ယက္ခနတ်လည်း ဖြစ်လိမ့်မည်မဟုတ်"ဟူ၍ ပြန်ကြားတော်မူခဲ့ပါသည်။

ထိုအခါ ဒေါဏပုဏ္ဏားက—

" မနုဿော နေ၀ ဘဝံ ဘဝိဿတိ "။

"အရှင်သူမြတ်သည် လူသားစင်စစ် ဖြစ်တော်မူလိမ့်တကား" ဟူ၍ မေးမြန်းလျှောက်ထားသည်တွင်—

" န ခေါ အဟံ ဗြာဟ္မဏ မနုဿော ဘဝိဿာမိ"။

"အို-ဒေါဏပုဏ္ဏား....ငါဘုရားသည် မနုဿဇာတ် လူသားလည်း ဖြစ်လိမ့်မည်မဟုတ်" ဟူ၍ မိန့်ကြားတော်မူလတ်ပါသည်။

ထိုအခါ ဒေါဏပုဏ္ဏားက "ဒေဝေါ နေ၀ ဘဝံ ဘဝိဿတိ"တိ ပုဋ္ဌော သမာနော "န ခေါ အဟံ ဗြာဟ္မဏ ဒေဝေါ ဘဝိဿာမိ"တိ ဝဒေသိ-အစရှိသည်ဖြင့်—

အို-အရှင်ဘုရား....အရှင်ဘုရားသည် တစုံတယောက်သောနတ် ဖြစ်လိမ့်တကားဟူ၍ မေးမြန်းသောအခါ၌လည်း"ဒေါဏပုဏ္ဏား....ငါသည်ကား တစုံတယောက်သော နတ်ဖြစ်လိမ့်မည်မဟုတ်"ဟူ၍ ပြန်ကြားဖြေဆိုတော်မူခဲ့ပါသည်။တစုံတယောက်သောဂန္ဓဗ္ဗနတ်....။တစုံတယောက်သောယက္ခနတ်....။ တစုံတယောက်သောတန်ခိုးဣဒ္ဓိပါဒ်ကြီးသောလူဖြစ်လေသလောဟု မေးမြန်းလျှောက်ထားသော အခါမှာလည်း "န ခေါ အဟံ ဗြာဟ္မဏ မနုဿော ဘဝိဿာမိ"၊ ဒေါဏပုဏ္ဏား....ငါသည်တမူကား လူလည်း ဖြစ်လတ္တံ့သည် မဟုတ်ပါ ဟူ၍ ဖြေကြားတော်မူခဲ့ပါသည်။

"အထ ကော စရဟိ ဘဝံ ဘဝိဿတိ"၊သို့ဖြစ်လျှင် အရှင်သူမြတ်သည် အဘယ်ပုဂ္ဂိုလ်မျိုး ယခုဖြစ်၍ အဘယ်ပုဂ္ဂိုလ်မျိုး နောက်အခါ၌ ဖြစ်တော်မူလိမ့်မည်နည်းဟု မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ယေသံ ခေါ အဟံ ဗြာဟ္မဏ အာသဝါနံ အပ္ပဟီနတ္တာ ဒေဝေါ ဘဝေယျံ၊ တေ မေ အာသဝါ ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ"ဟုစရှိသည်ဖြင့်—

ဒေါဏပုဏ္ဏား....ငါဘုရားသည် အကြင်သို့ သဘောရှိသော အာသဝေါတရားတို့ကို မပယ်ရသေးတဲ့အတွက် တစုံတယောက်သောနတ်ဖြစ်ရာ၏၊ တစုံတယောက်သော ဂန္ဓဗ္ဗနတ်ဖြစ်ရာ၏၊ တစုံတယောက်သောယက္ခနတ်ဖြစ်ရာ၏၊ တစုံတယောက်သောတန်ခိုးဣဒ္ဓိပါဒ်ကြီးမားသောလူဖြစ်ရာ၏။ထိုသို့သဘောရှိသော အာသဝတရားတို့ကို ငါဘုရားသည် အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်အပ်လေပြီ၊ သမုစ္ဆေဒပ္ပဟာန်ဖြင့် အမြစ်ပါမကျန် တွန်းလှန်ဖျက်ဆီးအပ်ခဲ့လေပြီ၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ခဲ့လေပြီ၊ နောက်တဖန် မဖြစ်အောင် ပြုအပ်ခဲ့လေပြီ။ လူဖြစ်စေတတ်သော အာသဝေါ၊ ယက္ခနတ် ဖြစ်စေတတ်သော အာသဝေါ၊ ဂန္ဓဗ္ဗနတ် ဖြစ်စေတတ်သော အာသဝေါ၊ ဥပပတ္တိနတ် ဖြစ်စေတတ်သော အာသဝေါတို့သည် ငါဘုရားသန္တာန်ဝယ် နောက်ထပ်တဖန် မဖြစ်ခြင်းသဘော အခြေအနေသို့ ရောက်ခဲ့ကြလေကုန်ပြီ။

အို-ဒေါဏပုဏ္ဏား.... လောကဥပမာအားဖြင့် ဥပ္ပလမည်သော ကြာညို၊ ပဒုမမည်သော ကြာနီ၊ ပုဏ္ဍရိက မည်သော ကြာဖြူတို့သည် ရေမှာပင် ပေါက်ဖွား ရေမှာပင် ကြီးပွါးခဲ့၍ ရေနှင့် မလူးလဲဘဲ ရေ၏ အထက်ဝယ် တဘောင်လောက် စွင့်စွင့်တက်၍ တည်နေကုန်သကဲ့သို့ ထိုအတူပင်လျှင် ငါဘုရားသည်လည်း ဤသတ္တလောကမှာပင်လျှင် ပေါက်ဖွား၍ ဤသတ္တလောကမှာပင်လျှင် ကြီးထွားပြီးလျှင် ဤသတ္တလောကကြီးနှင့် တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံဘဲ ဤသတ္တလောကကြီးကို လွှမ်းမိုး၍ တည်ရှိနေသည်ဟု မိန့်ကြားတော်မူပြီးလျှင်—

"ဗုဒ္ဓေါတိ မံ ဗြာဟ္မဏ ဓာရေဟိ"။

ဒေါဏပုဏ္ဏား.... ငါဘုရားကို တစုံတယောက်သော ဥပပတ်နတ်ဟူ၍လည်း မမှတ်အပ်၊ ဂန္ဓဗ္ဗနတ်၊ ယက္ခနတ်၊ လူဟူ၍လည်း မမှတ်အပ်။ စင်စစ်

သော်ကား သစ္စာဌေ ယျ ဓမ္မခပင်းကို ထိုးထွင်းကုန်စင် သိမြင်တော်မူသောကြောင့် ဗုဒ္ဓဟူ၍သာလျှင် ငါဘုရားကို မှတ်ယူရမည်ဟူ၍ မိန့်ကြားတော်မူပြီးလျှင် ထိုဒေသနာတော်မြတ်ကို ဂါထာပုဒ်တို့ဖြင့် နိဂုံးအထွဋ်တပ်တော်မူလိုရကား—

ယေန ဒေဝူပပတျဿ၊ ဂန္ဓဗ္ဗော ဝါ ဝိဟင်္ဂမော။
ယက္ခတ္တံ ယေန ဂစ္ဆေယျံ၊ မနုဿတ္တဉ္စ အဗ္ဗဇေ။
တေ မယှံ အာသဝါ ခီဏာ၊ ဝိဒ္ဓဿ္တာ ဝိနဠီကတာ။
ပုဏ္ဍရီကံ ယထာ ဝဂ္ဂု၊ တောယေန နုပလိပ္ပတိ။
နုပလိပ္ပါမိ လောကေန၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏ—

ဟူ၍ ဤဒေါဏ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် ဒေါဏပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒေါဏသုတ် ပြီး၏။

---

## ဥဇ္ဇယသုတ်

ပု။ ။တဒ္ဓဝ အာဝုသော နဝမံ ဥဇ္ဇယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။နဝမံ ဘန္တေ ဥဇ္ဇယသုတ္တံ “န ခေါ အဟံ ဗြာဟ္မဏ သဗ္ဗံ ယညံ ဝဏ္ဏေမိ၊ န ပနာဟံ ဗြာဟ္မဏ သဗ္ဗံ ယညံ န ဝဏ္ဏေမိ။ ယထာရူပေ ခေါ ဗြာဟ္မဏ ယညေ ဂါဝေါ ဟညန္တိ၊ အဇေဠကာ ဟညန္တိ၊ ကုက္ကုဋသူကရာ ဟညန္တိ၊ ဝိဝိဓာ ပါဏာ သံဃာတံ အာပဇ္ဇန္တိ” တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုစတုက္ကဝဂ်၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော ဥဇ္ဇယသုတ္တန်မည်သော တရားဒေသနာဘော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုစတုက္ကဝဂ်၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော ဥဇ္ဇယသုတ္တန်အမည်ရသော တရားဒေသနာတော်မြတ်ကို “န ခေါ အဟံ ဗြာဟ္မဏ သဗ္ဗံ

ယညံ ဝဏ္ဏေမိ၊ န ပနာဟံ ဗြာဟ္မဏ သဗ္ဗံ ယညံ န ဝဏ္ဏေမိ”အစရှိသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

အခါတပါး၌ ဥဇ္ဇယမည်သောပုဏ္ဏားသည် ဘုရားထံမှောက် သွားရောက်၍ ဝမ်းမြောက်ဝမ်းသာစကား ပြောကြားပြီးလျှင် သင့်တင့် လျောက်ပတ်သောအရပ်၌ ထိုင်နေ၍—

“ဘဝမ္ပိ နော ဂေါတမော ယညံ ဝဏ္ဏေတိ”။

အရှင်ကြီး ဂေါတမသည်လည်း ယဇ်ပူဇော်ခြင်းကို ချီးမွမ်းတော်မူပါသလောဟု မေးမြန်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက “န ခေါ အဟံ ဗြာဟ္မဏ သဗ္ဗံ ယညံ ဝဏ္ဏေမိ၊ န ပနာဟံ ဗြာဟ္မဏ သဗ္ဗံ ယညံ န ဝဏ္ဏေမိ” အစရှိသည်ဖြင့်—

အိုး-ဥဇ္ဇယပုဏ္ဏား....ငါဘုရားသည် မခွဲခြမ်း မဝေဘန် မစိစစ်ဘဲ ယဇ်မှန်မှန်သမျှကိုလည်း ချီးမွမ်းတော် မမူ၊ မစဉ်းစား မဝေဘန်ဘဲ ယဇ်မှန်မှန်သမျှကိုသည်း ကဲ့ရဲ့တော် မမူ။

အိုး-ဥဇ္ဇယပုဏ္ဏား....အကြင်သို့သဘောရှိသော ယဇ်ပူဇော်ခြင်း၌ ဒ ကြင်သို့ သဘောရှိသော အဿမေဓ, ပုရိသမေဓ, သမ္မာပါသ, ဝါဇပေယျ, နိရဂ္ဂဠ-တည်းဟူသော ဗြာဟ္မဏတို့၏ ကျမ်းဂန်၌ လာရှိသော ယဇ်ပူဇော်ခြင်းမျိုး၌ အထူးထူး အပြားပြား များပြားလှစွာသော နွားတို့ ကိုရင်း၊ သိုး-ဆိတ်ဝို့ကိုရင်း၊ ကြက် ဝက်တို့ကိုရင်း၊ အထူးထူး အပြားပြား များစွာသော သား-ငှက် အခြေလေးချောင်းရှိသော သတ္တဝါတို့ကိုရင်း သတ်ဖြတ်ရကုန်၏။

အိုး-ဥဇ္ဇယပုဏ္ဏား....ဤသို့သဘောရှိသော တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်ပြီးမှ ပူဇော်ရသော ပါဏာတိပါတ ဒုစရိုက်ဖြင့် လွှမ်းမိုးအုပ်စိုး၍နေသော ဤ သင်တို့ ပူဇော်ရိုးဖြစ်သော အဿမေဓအမည်ရှိသော ယဇ်ပူဇော်မျိုး, ပုရိသမေဓ အမည်ရှိသော ယဇ်ပူဇော်မျိုး, သမ္မာပါသအမည်ရှိသော ယဇ်ပူဇော်မျိုး, ဝါဇပေယျ အမည်ရှိသော ယဇ်ပူဇော်မျိုး, နိရဂ္ဂဠ အမည်ရှိသော ယဇ်ပူဇော်မျိုးကို ငါဘုရားသည် ချီးမွမ်းတော်မမူ။

အကြောင်းသော်ကား.... အိုး-ဥဇ္ဇယပုဏ္ဏား.... ဤသို့သဘောရှိကုန်သော သတ်ဖြတ်ခြင်းနှင့် တကွဖြစ်သော အသင်တို့ ဗြာဟ္မဏကျမ်းလာ ယဇ်

ပူဇော်သော အခမ်းအနားၥ် ရဟန္တာ အရှင် သခင် သူမြတ်တို့သည်ရင်း၊ အရဟတ္တဖိုလ်ပေါက်ရောက်ဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနေကြသည့် သူတော်ကောင်းသို့သည်ရင်း ပါဏာတိပါတ ဒုစရိုက်ပွဲကြီးသဘင်ယင်ရာ ဖြစ်သဖြင့် တပါးမျှ ကြွရောက်ခြင်း, ချည်းကပ်ခြင်း မရှိကြကုန်။

ထို့ကြောင့်ပင်လျှင် ဤသင်ဝိုး၏ ဖြာပမ္ဘကကျမ်းလာ ပါဏာတိပါတအမှုဘို့ဖြင့် လွှမ်းမိုး အုပ်စိုး၍နေသော ယဇ်ပူဇော်ခြင်းမျိုးကို ငါဘုရားသည်ချီးမွမ်းတော် မမူ။

အို-ဥဇ္ဇယပုဏ္ဏား....အကြင်သို့သဘောရှိသော အမြဲတမ်း စာရေးတံဆွမ်းလှူခြင်း, ဘိုးစဉ် ဘောင်ဆက် ဆင်းသက်လာသော အလှူဒါနမျိုး ဤလောကၥ် ထင်ရှားရှိသည်။ ဤသို့ သဘောရှိသော နိစ္စဒါန, အနုကူလ အလှူမျိုးၥ် အထူးထူး အပြားပြား များလှစွာသော နွားတို့ကိုလည်း မသတ်အပ်ပါကုန်၊ သိုး-ဆိတ်တို့ကိုလည်း မသတ်အပ်ပါကုန်၊ ကြက် ဝက်တို့ကိုလည်း မသတ်အပ်ပါကုန်၊ ထို့မှ တပါး အထူးထူး အပြားပြားသော ဝိရစ္ဆာန်တို့ကိုလည်း သတ်ဖြတ်ခြင်းသို့ မရောက်ရကုန်။

အို-ဥဇ္ဇယပုဏ္ဏား----ဤသို့သဘောရှိသော နိစ္စဒါန အမည်ရသည့် စာရေးတံ ဆွမ်းမျိုး, အနုကူလဒါန အမည်ရသည့် ဘိုးစဉ်ဘောင်ဆက် ဆင်းသက်လာသော ဘုရားဆွမ်းချက် အစရှိသော အလှူဒါန, အနုကူလ ယဇ်မျိုးကိုကား ငါဘုရားသည် ချီးမွမ်းအပ်တော့သည်။

အကြောင်းသော်ကား.... ဤသို့ သဘောရှိသော အနုကူလဒါန, အနုကူလယဉ, နိစ္စဒါနအလှူမျိုးၥ် ဆိုအပ်ပြီးသော အရဟတ္တဖိုလ် ပေါက်ရောက်တော်မူကြပြီးသော ရဟန္တာ အရှင်သခင် သူမြတ်တို့သည်ရင်း, အရဟတ္တမဂ်သို့ ရောက်ဘော်မူအံ့ဆဲဆဲဖြစ်တော်မူကြသော အရိယာသခင်အရှင်သူမြတ်တို့သည်ရင်း အနုကူလဒါန, နိစ္စဒါနပွဲသဘင် ယင်ရာၥ် ချဉ်းကပ် ကြွရောက်တော်မူကြပါကုန်သည်။

ထို့ကြောင့်ပင် ထိုသို့ သဘောရှိသော နိစ္စဒါန, အနုကူလယဇ်မျိုးကို ငါဘုရားသည် ချီးမွမ်းတော်မူသည် အစရှိသည်ဖြင့် ဤဥဇ္ဇယ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

**ဥဇ္ဇယသုတ် ပြီး၏ ။**

## ရောဟိတဿဝဂ်

### သမာဓိဘာဝနာသုတ်

ပု॥ ॥ရောဟိတဿဝဂ္ဂေ ပန အာဝုသော ပဌမံ သမာဓိဘာဝနာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ॥

ဝိ॥ ॥ရောဟိတဿဝဂ္ဂေ ဘန္တေ ပဌမံ သမာဓိဘာဝနာသုတ္တံ "စတဿော ဣမာ ဘိက္ခဝေ သမာဓိဘာဝနာ॥ ကတမာ စတဿော၊ အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခ-ဝိဟာရာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ သတိသမ္ပဇညာယ သံဝတ္တတိ၊ အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံ ခယာယ သံဝတ္တတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ॥

မေး॥ ॥ရောဟိတဿဝဂ်၌ ရှေးဦးစွာသော သမာဓိဘာဝနာသုတ် မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....॥

ဖြေ॥ ॥ရောဟိတဿဝဂ်၌ ရှေးဦးစွာသော သမာဓိဘာဝနာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတဿော ဣမာ ဘိက္ခဝေ သမာဓိ-ဘာဝနာ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....သမာဓိကို ပွါးများခြင်းတို့သည် လေးမျိုးတို့ ရှိကြကုန်သည်॥ လေးမျိုးတို့ ဟူသည်မှာ အဘယ်သည်တို့နည်း ဟူမူကား——

ချစ်သားရဟန်းတို့....

(၁) ဤသာသနာတော်၌ မျက်မှောက်ဘဝ ပစ္စက္ခ၌ပင်လျှင် ချမ်းသာစွာ အကျိုးရစေနိုင်သည့် သမာဓိဘာဝနာ တမျိုး॥

(၂) ဤဘဝ၌ပင်လျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရစေနိုင်သည့် သမာ-ဓိဘာဝနာ တမျိုး॥

(၃) သတိသမ္ပဇဉ် တရားဘို့ကို ပွါးများစေနိုင်သည့် သမာဓိဘာဝနာ တမျိုး။

(၄) အရဟတ္တမဂ်ဉာဏ်,အရဟတ္တဖိုလ်ဉာဏ်ကို ရစေနိုင်,ရောက်စေနိုင် သည့် သမာဓိဘာဝနာ တမျိုး။

ဤသို့လျှင် သမာဓိဘာဝနာ လေးမျိုးတို့ ရှိကြကုန်သည်။

ချစ်သားဘို့-....အဘယ်သို့သော သဘောရှိသော သမာဓိဘာဝနာသည် ယခု ဘဝ ပစ္စက္ခ၌ ချမ်းသာစွာ နေရခြင်း အကျိုးကို ဖြစ်စေနိုင်သနည်း ဟူမူကား—

ချစ်သား ရဟန်းဘို့....ဤသာသနာတော်၌ အရဟတ္တဖိုလ်ပေါက်ရောက် တော်မူပြီးသော ရဟန္တာသခင် အရှင်သူမြတ်သည် မိမိ၏ အရဟတ္တဖိုလ် ဝယ် ပါရှိသော ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်ကို ဝင် စားတော်မူ၏။ သို့မဟုတ် အရဟတ္တဖိုလ် ပေါက်ရောက်တော်မူပြီးသော ရဟန္တာသခင် အရှင်သူမြတ်သည် ရူပါဝစရ ပဌမစျာန်,ဒုတိယစျာန်,တတိယ စျာန်,စတုတ္ထစျာန်ဘို့ကို ဝင်စားတော်မူ၏။

ချစ်သား ရဟန်းဘို့....ဤသို့ ရဟန္တာသခင် အရှင်သူမြတ် ဝင်စားအပ် သော အရဟတ္တဖိုလ် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန် သမာဓိဘာဝနာ၊ ထိုရဟန္တာသခင် အရှင်သူမြတ် ဝင်စားတော်မူအပ်သော သောကီ ရူပါဝစရကြိယာပဌမစျာန်,ဒုတိယစျာန်,တတိယစျာန်,စတုတ္ထစျာန် တည်းဟူသော သမာဓိဘာဝနာ၊ ဤသမာဓိဘာဝနာမျိုးသည် ထိုရဟန္တာ သခင် အရှင်သူမြတ်အား ဒိဋ္ဌဓမ္မ ပစ္စက္ခဘဝ၌ပင်လျှင် ချမ်းသာစွာ နေရခြင်း အကျိုးရှိသော သမာဓိဘာဝနာ ဖြစ်တော့သည်။

ချစ်သားရဟန်းဘို့....အဘယ်သို့ သဘောရှိသော သမာဓိဘာဝနာသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရစေနိုင်,ဖြစ်စေနိုင်သော သမာဓိဘာဝနာ ဖြစ်သနည်း ဟူမူကား—

ချစ်သားဘို့.... ဤသာသနာတော်၌ ရဟန်းတော်သူမြတ်သည် အာ- လောကသညာကို ပွါးများ အားထုတ်၏၊ နေ့နှင့်ည, ညနှင့်နေ့ ထပ်မျှ ညီတူ ဖြစ်အောင် အာလောကသညာ, အာလောက ကသိုဏ်းဝန်းလျှင် အာရုံရှိ သော သမာဓိဘာဝနာကို ပွါးများ ကြိုးကုတ် အားထုတ်၏။

ချစ်သားတို့....ဤသို့ နီဝရဏ ကင်းကွာဖြူစင်သော နီဝရဏ တည်းဟူသော အပိဘ် အဆိုမှ ကင်းကွာသော အာလောကသညာ သမာဓိဘာဝနာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်ကို ရောက်စေ,ရစေနိုင်သော သမာဓိဘာဝနာ ဟူ၍ ခေါ်ဆိုရသည်။

ချစ်သားတို့....အဘယ်သို့ သဘောရှိသော သမာဓိဘာဝနာသည် သတိသမ္ပဇညတရားကို ဖြစ်ပွါးစေနိုင်သော သမာဓိဘာဝနာ ဖြစ်သနည်း။

ချစ်သားတို့....ဤသာသနာတော်၌ ရဟန်းတော်၏ သန္တာန်ဝယ် ဝေဒနာ၏ ဝတ္ထု, ဝေဒနာ၏ အာရုံတို့ကို သိမ်းဆည်းပြီး, ဉာဏ်နှင့် ဆင်ခြင်ပြီး, ရှုမှတ်ပြီး, ပွါးများပြီး ဖြစ်သဖြင့် ဖြစ်ဖြစ်သမျှသော ဝေဒနာ, ဖြစ်ဖြစ်သမျှသော သညာ,ဖြစ်ဖြစ်သမျှသော ဝိတက်၊ထိုမှတပါး ထိုရဟန်း၏ သန္တာန်ဝယ် ဖြစ်ဖြစ်သမျှသော ဖဿ,စေတနာအစရှိသော နာမ်တရားတို့သည် ထင်လင်းစွာ ဖြစ်ပေါ်၍ နေကုန်၏။ ထိုရဟန်း၏ သန္တာန်ဝယ် ဖြစ်တိုင်းဖြစ်တိုင်းသော နာမ်တရားတို့သည် ထင်လင်း၍ နေကုန်၏။ တည်တိုင်း တည်တိုင်းသော နာမ်တရားတို့သည်လည်း ထင်လင်း၍ နေကုန်၏။ ချုပ်ပျောက် တိုင်းသော နာမ်တရားတို့သည်လည်း ထင်လင်း၍ နေကုန်၏။

ချစ်သားတို့....ဤသို့ **နာမ်တရားတို့ ဖြစ်တိုင်း, တည်တိုင်း, ချုပ်တိုင်း** မိမိဉာဏ်ဝယ် ထင်လင်းအောင် ပွါးများ အားထုတ်အပ်သော သမာဓိဘာဝနာသည် သတိသမ္ပဇညတရားကို ဖြစ်ပွါးစေတတ်သော သမာဓိဘာဝနာ မည်သည်။

ချစ်သားတို့....အဘယ်သို့ သဘောရှိသော သမာဓိဘာဝနာသည် အာသဝ၏ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်စေနိုင်,ရစေနိုင်သော သမာဓိဘာဝနာမည်သနည်း ဟူမူကား—

ချစ်သားတို့....ဤငါ့ဘုရား သာသနာတော်၌ ရဟန်းတော်သူမြတ်သည် ရုပ်တရား-ရူပက္ခန္ဓာကား ဤမျှသာတည်း၊ ဤထက် အပိုအလွန် မရှိ ဟူ၍ငင်း။ဤသို့ သဘောရှိသော အဝိဇ္ဇာ,တဏှာ,ကံ တည်းဟူသော အတိတ်အကြောင်းတရား၊ အာဟာရတည်းဟူသော ပစ္စုပ္ပန် အကြောင်းတရားတို့ ဖြစ်ပွါးခဲ့ခြင်းကြောင့် ဤရူပက္ခန္ဓာ ဖြစ်သည်။ရုပ္ပနသဘော-ဖောက်ပြန် ထွေပြား သဘော၏ ထင်ရှားစွာဖြစ်ခြင်းကိုပင်လျှင် ရုပ်၏ ဖြစ်ခြင်းဟူ၍ ခေါ်ဆို

(၁) ဧကံသဗျာကရဏီယပဥှာ- စက္ခုဒြဗ္ဗရသည် မြဲပါသလောဟု မေးမြန်းလတ်သည် ရှိသော် "မမြဲဘူး"ဟူ၍ တခွန်းတည်း တစုတည်း တပါးတည်း ဖြေဆိုရသည့် ဧကံသဗျာကရဏီယပဥှာလည်းတပါး။

(၂) ထိုမှ တပါး အနိစ္စဟူသည် စက္ခုဒြဗ္ဗရတွင်ပင်လောဟု အနိစ္စတရားဟူသည် စက္ခုဒြဗ္ဗရ, စက္ခုပသာဒ ရုပ်ပင်လောဟု မေးမြန်းလတ်သည်ရှိသော် အနိစ္စဟူသည် စက္ခုဒြဗ္ဗရ, စက္ခုပသာဒ ရုပ်တွင်သာမဟုတ်၊ ကြွင်းကျန်သော ဒြဗ္ဗရခြောက်ပါး ထိုမှတပါး အာရုံခြောက်ပါးတို့သည်လည်း အနိစ္စပင်တည်း ဟူ၍ ခွဲခြမ်းစိတ်ဖြာ ဖြေဆိုရသည့် ဝိဘဇ္ဇဗျာကရဏီယပဥှာလည်းတပါး။

(၃) ထိုမှတပါး စက္ခုနှင့် သောတ စက္ခုဒြဗ္ဗရနှင့် သောတဒြဗ္ဗရသည် အတူဘူပါလော၊ တမျိုးတည်းပါလောဟု ဤသို့ မေးမြန်းလတ်သည်ရှိသော် ပြန်၍ မေးရချိမ့်မည်၊ အဘယ်သို့ မေးရသနည်းဟူမူကား အနိစ္စ အနေဖြင့် တူသလားဟု မေးမြန်းပါသလော၊ သို့မဟုတ် ရူပါရုံကို ယူတတ်သော အနေဖြင့် တူသလားဟု မေးမြန်းပါသလောဟု တဖန် ပြန်၍ မေးမြန်းရချိမ့်မည်။

အကယ်၍ ရူပါရုံကို ယူတတ်သော အနေဖြင့် တူသလောဟု မေးမြန်းပါသည် ဆိုလျှင် စက္ခုနှင့်သောတသည် မတူ ဟူ၍သာလျှင် ဖြေဆိုရချိမ့်မည်။

အကယ်၍ အနိစ္စ အနေဖြင့် တူသလောဟု မေးမြန်းသည် ရှိသော် တူသည် ဟူ၍ပင် ဖြေဆိုရချိမ့်မည်။

ဤသို့ ပြန်၍ မေးပြီးမှ ဖြေဆိုရမည့် အမေးပုစ္ဆာပဥှာလည်း တမျိုး။

(၄) ချစ်သား ရဟန်းတို့....ထိုမှတပါး ပုဂ္ဂိုလ်, သတ္တဝါ, လိပ်ပြာဟူသည်နှင့် ဤကိုယ်ခန္ဓာ ဟူသည် တခုဘည်းလေလော၊ တခြားစီလေလောဟု အကယ်၍ မေးမြန်းလာသ်သည်ရှိသော် ပုဂ္ဂိုလ်, သတ္တဝါ, ဝိညာဉ်, လိပ်ပြာဟူသည်မှာ နဂိုရ်ကပင် ထင်ရှားမရှိသော တရားမျိုး ဖြစ်၍ ထိုတရားမျိုးဖြင့် ကိုင်ပြီးလျှင် ပုဂ္ဂိုလ်, သတ္တဝါ, လိပ်ပြာနှင့် ဤခန္ဓာကိုယ်သည် တခုတည်းလေလော တခြားစီလေလော ဟူသော ဤအမေးမျိုးကို မဖြေပဲပင် ထားအပ်သော ဌပနီယပဥှာမျိုး ဖြစ်တော့သည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုရခြင်း, ဖြေဆိုရမည့် အမေးပုစ္ဆာ ပြဿနာတို့သည် ဧကံသ-

ဗျာကရဏီယ, ဝိဘဇ္ဇဗျာကရဏီယ, ပဋိပုစ္ဆာဗျာကရဏီယ, ဌပနီယဗျာကရ-ဏီယ ဟူ၍ လေးပါးရှိသည်ဟု ဤပဥ္စဗျာကရဏ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ကိုယ်တော်၏ သာဝကတို့အား ဖြေဆိုသော အရာဝယ် ဤကား ဧကံသဗျာကရဏပုစ္ဆာ-တခွန်းတည်း တချက်တည်း ဖြေဆိုရမည့် ပုစ္ဆာမျိုး။ ဤကား ခွဲခြမ်း စိတ်ဖြာ၍ ဖြေဆိုရမည့် ဝိဘဇ္ဇဗျာကရဏပုစ္ဆာမျိုး။ ဤကား တဖန် မေးပြီးမှ ဖြေဆိုရမည့် ပဋိပုစ္ဆာဗျာကရဏပုစ္ဆာမျိုး။ ဤအမေးမျိုးကား မဖြေပဲပင် ထားရမည့် ဌပနီယဗျာကရဏပုစ္ဆာမျိုးဟူ၍ အမေးပုစ္ဆာပြဿနာပေါ်၌ရင်း, ဖြေဆိုပုံအခြင်းအရာ၌ရင်း လိမ်မာကြစိမ့်သောငှါ ဤပဥ္စဗျာကရဏ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသောအခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပဥ္စဗျာကရဏသုတ် ပြီး၏။**

---

## ပုညာဘိသန္ဒဝဂ်

### ပဌမသံဝါသသုတ်

ပု။ ။ပုညာဘိသန္ဒဝဂ္ဂေ ပန အာဝုသော တတိယံ သံဝါသသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတ္ထ ဘာသိတံ။

ဝိ။ ။ပုညာဘိသန္ဒဝဂ္ဂေ ဘန္တေ တတိယံ သံဝါသသုတ္တံ အန္တရာ စ မဓုရံ အန္တရာ စ ဝေရဉ္စံ သမ္ဗဟုလေ ဂဟပတယော စ ဂဟပတာနိယော စ အာရဗ္ဘ "စတ္တာရောမေ ဂဟပတယော သံဝါသာ။ ကတမေ စတ္တာရော၊ ဆဝေါ ဆဝါယ သဒ္ဓိံ သံဝသတိ၊ ဆဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတိ၊ ဒေဝေါ ဆဝါယ သဒ္ဓိံ သံဝသတိ၊ ဒေဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ပုညာဘိသန္ဒဝဂ်၌ သုံးခုမြောက်ဖြစ်သော သံဝါသသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဓုရာပြည်နှင့် ဝေရဉ္စာပြည်တို့၏အကြား တခုသော သစ်ပင်ရင်း၀ယ် ထိမ်းမြားမင်္ဂလာ ပြုလုပ်အံ့သောငှါ သွားရောက်ကြသော များစွာသော သူကြွယ်, သူကြွယ်မတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့ပါသည်။

အခါတပါး သဗ္ဗညုမြတ်စွာဘုရားသည် မဓုရာပြည်နှင့် ဝေရဉ္စာပြည်တို့၏ အကြား၀ယ် အစွန့်ရှည်သောခရီးကို ကြွသွားတော်မူဆဲအခိုက် များစွာသော သူကြွယ်, များစွာသော သူကြွယ်မတို့သည်လည်း ထိမ်းမြားမင်္ဂလာ ပြုလုပ်ရန်အလို့ငှါ ထိုခရီးမှာပင် မြတ်စွာဘုရားနောက်မှ ခရီးသွားကြဆဲဖြစ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ခရီးမ-မှ ဖဲတော်မူခဲ့၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူလတ်ပါသည်။ သဗ္ဗညုမြတ်စွာဘုရားကို ထို သူကြွယ်,သူကြွယ်မတို့ မြင်လတ်သောအခါ ရိုသေစွာ ရှိခိုးဦးညွတ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေကြပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "စတ္တာရောမေ ဂဟပတယော သံ၀ါသာ"အစရှိသည်ဖြင့်—

အိုဒါယကာ-ဒါယိကာမအပေါင်းတို့....ဤလောက၀ယ် အိမ်ထောင်ရေးတို့သည် လေးမျိုးဘို့ပင် ရှိကြသည်။ လေးမျိုးတို့ ဟူသည်မှာ—

(၁) ဂုဏ်သိက္ခာသေပြီးဖြစ်၍ ဆ၀ အမည်ရသော အိမ်ရှင်ယောကျ်ားနှင့် ထိုအတူ ဂုဏ်သိက္ခာသေပြီးဖြစ်၍ ဆ၀ါ အမည်ရသော အိမ်ရှင်မိန်းမတို့ အတူတကွ ပေါင်းသင်းနေထိုင်ခြင်းလည်း တပါး။

(၂) ရှေးနည်းအတူ ဂုဏ်သိက္ခာသေပြီးဖြစ်သဖြင့် ဆ၀ အမည်ရသော ယောကျ်ား၏ ဂုဏ်သိက္ခာ ပွါးစည်သဖြင့် ဒေ၀ီအမည်ရသော အိမ့်ရှင်မနှင့် အဘူတကွ ပေါင်းသင်းနေထိုင်ခြင်းလည်း တပါး။

(၃) ဂုဏ်ကျေးဇူးများလှသဖြင့် ဒေ၀ အမည်ရှိသော အိမ့်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပြတ်ကြွေ သေလွန်သဖြင့် ဆ၀ါ အမည်ရသော အိမ်ရှင်မနှင့် အဘူတကွ ပေါင်းသင်းနေထိုင်ခြင်းလည်း တပါး။

(၄) ဂုဏ်ကျေးဇူးများလှသဖြင့် ဒေဝအမည်ရှိသော အိမ့်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူးပွါးစည် ဒေဝီအမည်ရှိသော အိမ့်ရှင်မနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်းလည်း တပါး။

ဤသို့ လေးမျိုးဘို့ပင် ရှိသည်။

အို-ဒါယကာတို့....ထိုလေးမျိုးတို့တွင် ဂုဏ်သိက္ခာ ပြတ်ကြွေ သေပြီးဖြစ်သော အိမ့်ရှင်ယောကျ်ား၏ ထို့အတူ ဂုဏ်သိက္ခာ ပြတ်ကြွေ သေပြီးဖြစ်သော အိမ့်ရှင်မနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်း ဟူသည်မှာ အဘယ်ကို ခေါ်ပါသနည်း ဟူမူကား—

ဤလောက၌ အိမ်ရှင်ယောကျ်ားသည်ငင်း, အိမ့်ရှင်မ ဇနီးသည်သည်ငင်း နှစ်ဦးလုံးတို့သည်ပင်လျှင် ငါးပါးသော သီလတို့ကိုလည်း မဆောက်တည်ကြကုန်။ အလှူအတန်းလည်း မလှူမတန်းကြကုန်။ သူတော်ကောင်းဟူ၍ သမုတ်အပ်သော သမဏ,ဗြာဟ္မဏ အရှင်သူမြတ်တို့အား ဆဲရေးခြင်း ရေရွတ်ခြင်း အမှုကို ပြုကြကုန်၏။

အို-ဒါယကာတို့....ဤသို့ သဘောရှိသော ပုဂ္ဂိုလ်တို့၏ အိမ်ထောင်ရေးကို ဂုဏ်ကျေးဇူးပြတ်ကြွေ သေပြီးဖြစ်သော အိမ်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပြတ်ကြွေ သေပြီးဖြစ်သော အိမ်ရှင်မနှင့် အတူတကွ နေခြင်း ဟူ၍ ခေါ်ဆိုရသည်။

အို-ဒါယကာဘို့....အဘယ်သို့ သဘောရှိသော အိမ်ထောင်ရေးသည် ဂုဏ်ကျေးဇူးပြတ်ကြွေ သေလွန်ပြီးသော အိမ်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူးပွါးစည် ဒေဝီအမည်ရှိသော အိမ့်ရှင်မနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်း ဖြစ်ပါသနည်း ဟူမူကား—

ဤလောက၌ အိမ်ရှင်ယောကျ်ားသည် ငါးပါးသီလလည်း မမြဲ၊ အလှူအတန်းလည်း မရဲ၊ သမဏ,ဗြာဟ္မဏအမည်ရသော အရိယာသူတော်ကောင်းတို့ကိုသည်း ဆဲရေး ရေရွတ်၍ နေပေ၏။ အမျိုးသမီးအိမ်ရှင်မသည်ကား ပဥ္စသီလ အမြဲတစေ ဆောက်တည်သူ ဖြစ်ပါပေ၏၊ မစ္ဆေရအညစ်အကြေးတို့မှ ကင်းဝေးသောစိတ်ဖြင့် အမြဲတစေ လှူဒါန်း၍ စိုစွတ်သောလက်ရှိ၍ နေပါ

ပေ၏၊ ရဟန်းပုဏ္ဏား သူတော်ကောင်းတို့အားလည်း ဆဲရေးခြင်း, ရေရွတ်ခြင်း အမှုကို မပြု။

အို-ဒါယကာတို့....ဤသို့ သဘောရှိသော ဇနီးမောင်နှံတို့၏ အိမ်ထောင်ရေးကို ဂုဏ်ကျေးဇူး ပြတ်ကြွေ စုတေပြီးသော အိမ်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပွါးစည် ဒေဝီအမည်ရှိသော အမျိုးသမီးနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်း ဟူ၍ ခေါ်ဆိုရသည်။

အို-ဒါယကာတို့....ဂုဏ်ကျေးဇူး များလှသဖြင့် ဒေဝအမည်ရှိသော အိမ်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပြတ်ကြွေ သေလွန်ပြီးသော အိမ်ရှင်မိန်းမနှင့် အတူတကွ ပေါင်းသင်းနေထိုင်ခြင်း ဟူသည် အဘယ်အရာမျိုးနည်း ဟူမူကား—

ဤလောက၌ အိမ်ရှင်ယောကျ်ားကိုယ်တိုင်ကမူကား ပဥ္စသီလမြဲမြံ၍ အလှူအတန်း ပေးကမ်း စွန့်ကြဲခြင်း၌လည်း မွေ့လျော်ပေ၏၊ ရဟန်း,ပုဏ္ဏား, သမဏ,ဗြာဟ္မဏအမည်ရသော အရိယာသူတော်ကောင်းတို့အားလည်း ဆဲရေး တိုင်းထွာခြင်း, ရေရွတ်ခြင်းအမှုကို မပြု။ အိမ်ရှင်မသည်တမူကား ပါဏာတိပါတ-အစရှိသော ဒုစရိုက်ငါးမျိုးသို့ကို ပြုမှား၍ နေ၏၊ မစ္ဆေရအညစ်အကြေးဖြင့် လွှမ်းအုပ်သော စိတ်နှလုံးဖြင့် အိမ်ကို စိုးအုပ်၍ တည်နေပေ၏၊ သမဏ,ဗြာဟ္မဏအမည်ရသော အရိယာသူတော်ကောင်းတို့ကိုလည်း ဆဲရေး ရေရွတ်၍ နေပေ၏။

အို-ဒါယကာတို့....ဤသို့ သဘောရှိသော အိမ်ရှင်ယောကျ်ား၏ အိမ်ရှင်မနှင့် အတူတကွ နေထိုင်ခြင်း အိမ်ထောင်ရေးကို ဒေဝအမည်ရှိသော အိမ်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပြတ်ကြွေ ဆဝ အမည်ရသော သေပြီးသည် မည်သော အိမ်ရှင်မနှင့် အတူတကွ ပေါင်းသင်း နေထိုင်ခြင်း ဟူ၍ ခေါ်ဆိုရ၏။

အို-ဒါယကာတို့....အဘယ်သို့ သဘောရှိသော အိမ်ထောင်ရေး, နေထိုင်ရေးကို ဂုဏ်ကျေးဇူးများလှသဖြင့် ဒေဝအမည်ရှိသော အိမ့်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပြောစည် ဒေဝီအမည်ရှိသော အိမ့်ရှင်မနှင့် အတူတကွ နေထိုင်ခြင်း, ပေါင်းသင်းခြင်း ဟူ၍ ခေါ်ဆိုရသနည်း ဟူမူကား—

ဤလောက၌ အိမ့်ရှင်ယောကျ်ားသည်၎င်း, အိမ့်ရှင်အမျိုးသမီးသည် ၎င်း ပဥ္စသီလ မြဲမြံကြသူ ဖြစ်ကုန်၏။ အလှူအတန်း ပေးကမ်း စွန့်ကြဲ ရဲရင့် သသူဘို့ ဖြစ်ကြပေကုန်၏။ သမဏ,ဗြာဟ္မဏ အမည်ရသော အရိယာသူတော် ကောင်းတို့အားလည်း ဆဲရေးခြင်း, လှမ်းမိုးခြင်း, ရေရွတ်ခြင်း အမှုကို မပြု ကြကုန်။

အို-ဒါယကာတို့....ဤဆိုအပ်ပြီးသော ဇနီးမောင်နှံတို့၏ အိမ်ထောင် ရေး, အတူတကွ နေထိုင်ရေးကို ဂုဏ်ကျေးဇူး များလှသဖြင့် ဒေဝအမည် ရှိသော အိမ့်ရှင်ယောကျ်ား၏ ဂုဏ်ကျေးဇူး ပွါးစည် ဒေဝီအမည်ရှိသော အိမ့်ရှင်မနှင့် အတူတကွ ပေါင်းသင်း နေထိုင်ခြင်းဟူ၍ ခေါ်ဆိုအပ်သည်ဟု အိမ်ရာ တည်ထောင်၍ နေထိုင်ရေး လေးမျိုးကို ဖော်ပြရာ ဖြစ်သော ဤ သံဝါသ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီး သော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

**ပဌမသံဝါသသုတ် ပြီး၏။**

---

## ပဌမသမဇီဝိသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ ပ ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ စတုက္ကနိပါတေ ပုညာဘိသန္ဒဝဂ္ဂေ ပဌမံ သမဇီဝိသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။ပဌမံ ဘန္တေ သမဇီဝိသုတ္တံ "အာကင်္ခေယျုံ စေ ဂဟပတယော ဥဘော ဇာနိပတယော ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿိတုံ၊ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတုံ၊ ဥဘောဝ အဿု သမသဒ္ဓါ သမသီလာ သမစာဂါ သမပညာ၊ တေ ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿန္တိ၊ အဘိသမ္ပရာယဉ္စ အညမညံ ပဿန္တိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍။ ပ ။ ထိုသဗ္ဗညုမြတ်စွာဘုရားသခင် သည် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ပုညာဘိသန္ဒဝဂ်၌ ငါးခုမြောက် ဖြစ် သော သမဇီဝိသုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်အရပ် ဒေသ ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့်

အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘဂ္ဂတိုင်း အဝင်အပါ သုသုမာရဂိရအမည်ရသော မြို့၌ နကုလပိတုအမည်ရှိသော ဒါယကာ, နကုလမာတာအမည်ရှိသော ဒါယိ-ကာမတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရားသည် ဘဂ္ဂတိုင်း အဝင်အပါ သုသုမာရဂိရအမည်ရှိသော မြို့၏အနီး ဘေသကဠာအမည်ရှိသော တောအုပ်၌ သီတင်းသုံးနေတော်မူဆဲ ဖြစ်ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် နံနက်အခါ၌ ရှေးလွန်လေပြီးသော ဘဝါးရာတို့-ထို့ထက် ရှေးဖြစ်သော ဘဝါးရာတို့က ဘခင်ဖြစ်ခဲ့ဘူးသည်မှာ ဘဝါးရာ၊ ဘထွေးဖြစ်ခဲ့ဘူးသည်မှာ ဘဝါးရာ ရှည်မြင့် ကြာခဲ့သော၊ မိခင်ဖြစ်ခဲ့ဘူးသည်မှာ ဘဝါးရာ, မိထွေးဖြစ်ခဲ့ဘူးသည်မှာ ဘဝါးရာ ရှည်မြင့် ကြာသော ထိုဘာ ထိုကာလဝယ် နကုလပိတာ, နကုလမာတာ အမည်ရသော ဥပါသကာ, ဥပါသိကာ ဒါယကာ-ဒါယိကာမတို့ နေအိမ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူလေပါသည်။

ထိုအခါ နကုလမာတာ,နကုလပိတာအမည်ရသော ဇနီးမောင်နှံ နှစ်ဦးသားတို့သည် ဘုရားထံမှောက် လာရောက်၍ ရှိသေစွာ ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကြပါသည်။

သို့ထိုင်နေပြီးသောအခါ နကုလပိတာအမည်ရှိသော ဒါယကာက "ယတော မေ ဘန္တေ နကုလမာတာ ဂဟပတာနီ ဒဟရဿေဝ ဒဟာရာ အာနီတာ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်သည် သက်ဘူရွယ်မျှ ငယ်ရွယ်စဉ် အခါကာလကပင်လျှင် နကုလမာတာ အမည်ရှိသော အိမ်ရှင်မကို တပည့်တော်အိမ်သို့ ဆောင်အပ်ခဲ့ပါပြီ၊ ထိုသို့ ဆောင်ယူအပ်သော အချိန်က အစပြု၍ ယခုကာလ ယခုအချိန်တိုင်အောင် နကုလမာတာ အိမ်ရှင်မကို စိတ်ဖြင့်သော်လည်း မလွန်ခဲ့ပါ၊ ကိုယ်ဖြင့် မူကား အဘယ်ဆိုဘွယ်ရာ ရှိပါအံ့နည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား-....ဘုရား တပည့်တော်တို့သည် ယခုဘဝ၌ရင်း နောင်တမလွန် ဘဝ၌ရင်း အချင်းချင်း တွေ့မြင်၍ ကြည်လင် ရွှင်ပျ ဝမ်းမြောက် ဝမ်းသာ နေထိုင်လိုကြပါသည် ဘုရားဟု လျှောက်ထားခဲ့ပါသည်။

နကုလမာတာ ဒါယိကာမကလည်း "ယတောဟံ ဘန္တေ နကုလပိတု-နော ဂဟပတိဿ ဒဟာရဿေဝ ဒဟာရာ အာနီတာ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်မကို ငယ်ရွယ်စဉ်ကပင် သက်တူရွယ်မျှ နကုလပိတာ ဒါယကာက ဆောင်ယူအပ်ခဲ့ပါသည်၊ ထိုသို့ ဆောင်ယူသော အချိန်မှစ၍ ယခုအချိန်တိုင်အောင် တပည့်တော်သည် နကုလပိတာ အိမ့်ရှင်ကို စိတ်ဖြင့်သော်မျှလည်း မလွန်ခဲ့ပါ၊ ကိုယ်ဖြင့်မူကား အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်တို့သည် ယခုဘဝ၌ရင်း, နောင်တမလွန်ဘဝ၌ရင်း အချင်းချင်း တွေ့မြင်၍ ကြည်လင်ရွှင်ပျ ဝမ်းမြောက်စွာ နေလိုကြပါသည်ဘုရားဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အာကင်္ခေယျုံ စေ ဂဟပတယော ဥဘော ဇာနိပတယော ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿိတုံ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတုံ" အစရှိသည်ဖြင့်—

နကုလပိတာ, နကုလမာတာ အို-ဒါယကာ ဒါယိကာမတို့....အကြင်သို့ သဘောရှိသော ဇနီးမောင်နှံနှစ်ဦးသားတို့သည် ဒိဋ္ဌဓမ္မ ဤဘဝ၌ရင်း,တမလွန်လောက ဟိုဘဝ၌ရင်း အချင်းချင်းတွေ့မြင်၍ ကြည်လင်ရွှင်ပျ ဝမ်းမြောက်စွာ နေလိုကြသည်ဖြစ်ပါကုန်မူကား ဇနီးမောင်နှံနှစ်ဦးသားလုံးပင်လျှင် တူမျှသော သဒ္ဓါရှိကြရမည်၊ တူမျှသောသီလရှိကြရမည်၊ တူမျှသော စွန့်ကြဲခြင်း စာဂရှိကြရမည်၊ တူမျှသော အသိအလိမ်မာဉာဏ်ပညာရှိကြရမည်။

နကုလပိတာ, နကုလမာတာ ဒါယကာ ဒါယိကာမတို့....ထိုသို့ သဒ္ဓါ, သီလ, စာဂ, ပညာ ဤလေးဖြာသော တရားချင်း တူမျှသော ဇနီးမောင်နှံတို့သည် ခုဝတ္တမာန် ပစ္စုပ္ပန် ဤဘဝ၌ရင်း, တမလွန်လောက ဟိုဘဝ၌ရင်း အချင်းချင်း တွေ့မြင်၍ ကြည်လင်ရွှင်ပျ ဝမ်းမြောက်စွာ နေထိုင်နိုင်ကြသည်ဟု မိန့်ကြားတော်မူပြီးလျှင်—

ယင်းသို့ သဒ္ဓါ, သီလ, စာဂ, ပညာ တည်းဟူသော တရားလေးပါးနှင့် ပြည့်စုံ၍နေကြသော နှစ်ဦးသားဖြစ်သော ဇနီးမောင်နှံတို့သည် ဤပစ္စုပ္ပန် ဘဝ၌လည်း များစွာသော အကျိုးတို့ကို ရရှိနိုင်ကြောင်း၊ အိမ်နီးနားချင်း ရန်သူတဖက်သားတို့ကပင်လျှင် မနာလို၍ ယူရလောက်အောင် ချမ်းသာစွာ နေထိုင်ရကြောင်း။

ထိုသို့သဘောရှိသော ဇနီးမောင်နှံ နှစ်ဦးသားတို့သည် ဤဘဝ၌ သဒ္ဓါ, သီလ, စာဂ, ပညာ တည်းဟူသော တရားတို့ကို ကျင့်ကြံ၍ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် နတ်ပြည်လောက၌ နတ်၌ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမတရားတို့နှင့် ပြည့်စုံကြ၍ ဝမ်းမြောက် ရွှင်ပျစွာ နေထိုင်ကြကြောင်းကို—

ဉဘော သဒ္ဓါ ဝဒညူ စ၊ သညတာ ဓမ္မဇီဝိနော။
တေ ဟောန္တိ ဇာနိပတယော၊ အညမညံ ပိယံဝဒါ။
အတ္ထာ’သံ ပစုရာ ဟောန္တိ၊ ဖာသုကံ ဥပဇာယတိ။
အမိတ္တာ ဒုမ္မနာ ဟောန္တိ၊ ဥဘိန္နံ သမသီလိနံ။
ဣဓ ဓမ္မံ စရိတွာန၊ သမသီလဗ္ဗတာ ဉဘော။
နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနော—

ဟူ၍ ဤသမဇီဝိအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက် ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် နကုလပိတာ နကုလမာတာ အမည် ရသည့် ဘဝငါးရာ ငါးရာ ဆက်၍ မိကြီး မိထွေး ဘကြီး ဘထွေး ဖြစ်ခဲ့ကြ ဘူးသော ဥပါသကာ ဥပါသိကာတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပဉ္စမသမဇီဝိသုတ် ပြီး၏။**

---

## ပတ္တကမ္မဝဂ်

### အာနဏျသုခသုတ်

ပု။ ။ပတ္တကမ္မဝဂ္ဂေ ပန အာဝုသော ဒုတိယံ အာနဏျသုခသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထိတ ဘာသိတံ။

ဝိ။ ။ပတ္တကမ္မဝဂ္ဂေ ဘန္တေ ဒုတိယံ အာနဏျသုခသုတ္တံ သာဝတ္ထိယံ အနာထ-
ပိဏ္ဍိကံ ဂဟပတိံ အာရဗ္ဘ “စတ္တာရိမာနိ ဂဟပတိ သုခါနိ အဓိ-
ဂမနီယာနိ ဂိဟိနာ ကာမဘောဂိနာ ကာလေန ကာလံ သမယေန
သမယံ ဥပါဒါယ။ ကတမာနိ စတ္တာရိ၊ အတ္ထိသုခံ ဘောဂသုခံ
အနဏျသုခံ အနဝဇ္ဇသုခ”န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ပတ္တကမ္မဝဂ်၌ နှစ်ခုမြောက် ဖြစ်သော အာနဏျသုခသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပတ္တကမ္မဝဂ်၌ နှစ်ခုမြောက် ဖြစ်သော အာနဏျသုခ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရပ်ဝယ် ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ် သူဌေးကို အကြောင်းပြု၍ “စတ္တာရိမာနိ ဂဟပတိ သုခါနိ အဓိဂမနီယာနိ ဂိဟိနာ ကာမဘောဂိနာ ကာလေန ကာလံ သမယေန သမယံ ဥပါဒါယ” အစရှိသည်ဖြင့်──

အိုဒါယကာ အနာထပိဏ်သူဌေး.... ကာမစည်းစိမ်ကို ခံစားသော လူဖြစ်သော ပုဂ္ဂိုလ်သည် အခါအခွင့် သင့်သည်အားလျော်စွာ လေးပါးသော ချမ်းသာတို့ကို ရအပ်,သိအပ်,ခံစားအပ်တော့သည်။ လေးပါးသော ချမ်းသာတို့ ဟူသည် အဘယ်သည်တို့နည်း။

(၁) **အတ္ထိသုခ** ခေါ်သော စည်းစိမ်ချမ်းသာတို့ အထင်အရှားရှိသည်ကို အကြောင်းပြု၍ ဖြစ်သော ချမ်းသာခြင်းသုခလည်း တပါး။

(၂) **ဘောဂသုခ** ခေါ်သော ထင်ရှားရှိသည့် စည်းစိမ်ချမ်းသာတို့ကို သုံးဆောင်ခြင်းကြောင့် ဖြစ်သော ချမ်းသာခြင်း သုခလည်း တပါး။

(၃) **အာနဏျသုခ** အမည်ရသော ကြွေးမတင် မြီမတင်ခြင်းကို အကြောင်းပြု၍ ဖြစ်သော ချမ်းသာခြင်းသုခလည်း တပါး။

(၄) **အနဝဇ္ဇသုခ** အမည်ရသော အပြစ်မရှိသော ကာယကံ, ဝစီကံ, မနောကံ ကုသိုလ်ကို အာရုံပြု၍ ဖြစ်သော ချမ်းသာခြင်းသုခ လည်း တပါး။

ဤလေးပါးတို့ပင် ဖြစ်သည်။

အနာထပိဏ်သူဌေး....အဘယ်သို့သော သုခကို အတ္ထိသုခ ဟူ၍ ခေါ်ဆို အပ်ပါသနည်း။

အိုအနာထပိဏ်သူဌေး.... ဤလောက၌ အမျိုးကောင်းသားအား ဥဋ္ဌာနဝီရိယခေါ်သော ထကြွလုံ့လ ဝီရိယတို့ဖြင့် ရအပ်ကုန်သော လက်ရုံး အားဖြင့် ဆည်းပူးအပ်ကုန်သော ကိုယ်ကို ရင်းနှီး၍ ကိုယ်၏ ချွေးဖြင့် ရင်းနှီး၍ ရအပ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်ဥစ္စာတို့ သည် ထင်ရှားရှိကုန်၏။

ထိုအမျိုးကောင်းသား မင်းယောကျ်ားသည် "ငါ့အား တရားသဖြင့် ရအပ်သော ဥဋ္ဌာနဝီရိယ ဥဋ္ဌာနသမ္ပဒါဂုဏ်ကြောင့် ရအပ်သော လက်ရုံး အားဖြင့် ဆည်းပူးအပ်သော, ငါ၏ ချွေးကို ရင်းနှီး၍ ရအပ်သော ဓမ္မိက စည်းစိမ်ဥစ္စာတို့သည် များစွာ ရှိကုန်၏"ဟု အောက်မေ့ပြီးလျှင် ထိုသို့ အောက်မေ့သောအခါ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်းကို ရရှိ နိုင်သည်။

ဤသို့ မိမိရရှိပြီးသော ဓမ္မိက စည်းစိမ်ချမ်းသာတို့ကို အာရုံပြု၍ ဖြစ် သော ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်းကို အတ္ထိသုခ ဟူ၍ ခေါ်ဆိုရသည်။

အိုအနာထပိဏ် ဒါယကာ....အဘယ်သို့သော ချမ်းသာမျိုးကို ဘောဂ-သုခ ဟူ၍ ခေါ်ဆိုအပ်သနည်း။

အနာထပိဏ် ဒါယကာ....ဤလောက၌ ဆိုအပ်ပြီးသော အမျိုးကောင်း သားသည် ဥဋ္ဌာနသမ္ပဒါဂုဏ်ကြောင့် ရအပ်ကုန်သော မိမိလက်ရုံးအားဖြင့် ဆည်းပူးအပ်ကုန်သော မိမိချွေးဖြင့် ရင်းနှီး၍ ရအပ်ကုန်သော ဓမ္မိက,ဓမ္မလဒ္ဓ ဖြစ်သော စည်းစိမ်ဥစ္စာတို့ကို ကိုယ်တိုင်လည်း သုံးစား၏၊ သမဏ, ဗြာဟ္မဏ အမည်ရသော အရိယာသူတော်ကောင်းတို့အားလည်း လှူဒါန်းပါ၏။ ထို အမျိုးကောင်းသားသည် "ငါတမူကား ဥဋ္ဌာနသမ္ပဒါ ဂုဏ်ဖြင့် ရအပ်သော

မိမိလက်ရုံးအားဖြင့် ဆည်းပူးအပ်သော မိမိချွေးကို အရင်းတည်၍ ရရှိအပ်သော ဓမ္မိက ပစ္စည်းတို့ကို ကိုယ်တိုင်လည်း စားသုံးရပြီ၊ ရသေ့ရဟန်း သူတော်ကောင်း သူမြတ်လောင်းဘို့အားလည်း လှူဒါန်းရပြီ"ဟူ၍ ကိုယ်၏ ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း ဖြစ်ရပါသည်။

ဤသို့ ဖြစ်သော ချမ်းသာသုခကို ဘောဂသုခဟူ၍ ခေါ်ဆိုအပ်သည်။

အနာထပိဏ် ဒါယကာ....အဘယ်သို့သော ချမ်းသာမျိုးသည် အာနဏျသုခမည်သနည်း။

အနာထပိဏ် ဒါယကာ....ဤလောက၌ ဆိုခဲ့ပြီးသော ဥဋ္ဌာနသမ္ပဒါဂုဏ်နှင့် ပြည့်စုံ၍ ဗာဟာဗလပရိစိတ-မိမိလက်ရုံးဖြင့် စည်းစိမ်ဥစ္စာတို့ကို ဆည်းပူးပွါးများ အားထုတ်မိသော အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့ ပြည့်စုံသည့်အား လျော်စွာ တစုံတယောက်သောသူ၏ အထံမှပင် အနည်းပင်ဖြစ်စေ, အများပင် ဖြစ်စေ တစုံတခုသော ကြွေးမြီကိုမျှ မယူဆောင်ခဲ့ချေ။ ထို အမျိုးကောင်းသားသည် နောက်ကာလ၌ "ငါသည် တမူကား တစုံတယောက်သော သူ၏ အထံမှပင် အနည်းအများ တစုံတခုသော ကြွေးမြီကိုမျှ ငါမဆောင်အပ်ချေ"ဟု အောက်မေ့ဆင်ခြင်လတ်သောအခါ ထိုအမျိုးကောင်းသား၏ သန္တာန်၌ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်း ဖြစ်သည်။

ဤသို့ ဖြစ်သော ချမ်းသာသုခကို အာနဏျသုခ-ကြွေးမတင် မြီမတင်ခြင်းကြောင့် ရရှိသော ချမ်းသာဟူ၍ ခေါ်ဆိုအပ်သည်။

အနာထပိဏ် ဒါယကာ....အဘယ်သို့သော ချမ်းသာမျိုးကို အနဝဇ္ဇ-သုခ-အပြစ်မရှိသော ချမ်းသာမျိုး ဟူ၍ ခေါ်ဆိုအပ်သနည်း။

အို-အနာထပိဏ် ဒါယကာ.... ဤလောက၌ ငါဘုရား၏ တပည့်သားသာဝကဖြစ်သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံမှု, အပြစ်မရှိသော ဝစီကံမှု, အပြစ်မရှိသော မနောကံမှုနှင့် ပြည့်စုံသည်ဖြစ်၏။ ထိုအရိယာသာဝကသည် နောက်အခါဝယ် "ငါသည်တမူကား အပြစ်မရှိသော ကာယကံ, အပြစ်မရှိသော ဝစီကံ, အပြစ်မရှိသော မနောကံအမှုနှင့် ပြည့်စုံသောသူ ဖြစ်ပေသည်"ဟု ဆင်ခြင် စဉ်းစားအောက်မေ့သည်။ သို့အောက်မေ့သောအခါ ထိုအရိယာသာဝက၏ သန္တာန်၌ ကိုယ်၏ ချမ်းသာခြင်း,စိတ်၏ ချမ်းသာခြင်းတို့ ဖြစ်ကြသည်။

ထိုသို့ဖြစ်သော ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်း အမျိုးမျိုးကို အနဝဇ္ဇသုခ- အပြစ် မရှိသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ချမ်းသာဟူ၍ ခေါ်ဆိုရသည်။

အနာထပိဏ်ဍိကာ.... ကာမဘောဂီ အမည်ရှိသော လူဖြစ်သော ပုဂ္ဂိုလ်သည် ဤသခု ပြောဆိုအပ်ပြီးသောအတိုင်း, ဤယခု ဟောပြအပ်သည့် အတိုင်း အတ္ထိသုခခေါ်သော ထင်ရှားရှိသော စီးပွါး ဥစ္စာကို အကြောင်းပြု၍ ဖြစ်သော ချမ်းသာမျိုး၊ ဘောဂသုခ အမည်ရသည့် ထိုစည်းစိမ် ဥစ္စာတို့ကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော ချမ်းသာမျိုး၊ အာနဏျသုခ အမည်ရသည့် ကြွေးမတင် မြီမတင်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သည့် ချမ်းသာ သုခမျိုး၊ အနဝဇ္ဇသုခ အမည်ရသည့် အပြစ် မရှိသော ကာယကံမှု,အပြစ်မရှိသော ဝစီကံမှု, အပြစ်မရှိသော မနောကံမှုတို့ကို အကြောင်းပြု၍ဖြစ်သော ချမ်းသာ သုခမျိုး၊ ဤချမ်းသာသုခ လေးမျိုးတို့ကို အခါအခွင့် သင့်သည့် အားသျှော်စွာ ရအောင် ပြုလုပ်အပ်၏၊ရအပ်၏၊ခံစား သုံးဆောင် ထိုက်၏ဟု မိန့်ကြားဘော်ပြီးသျှင် ထိုသုခလေးပါးနှင့်စပ်ရာဂါထာပိုဒ်တို့ဖြင့် ဤသုတ္တန် ဒေသနာတော်မြတ်ကို နိဂုံးအထွဋ်တပ်တော်မူလိုရကား—

> အာနဏျသုခံ ဉတွာန၊ အထော အတ္ထိသုခံ ပရံ။
> ဘုဉ္ဇံ ဘောဂသုခံ မစ္စော၊ တတော ပညာ ဝိပဿတိ။
> ဝိပဿမာနော ဇာနာတိ၊ ဉဘော ဘာဂေ သုမေဓသော။
> အနဝဇ္ဇသုခဿေတံ၊ ကလံ နာဂ္ဃတိ သောဠသိံ—

ဟု ဤအာနဏျသုခအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အာနဏျသုခသုတ် ပြီး၏။**

---

**အပဏ္ဏကဝဂ်**

**သပ္ပုရိသသုတ်**

ပု။ ။အပဏ္ဏကဝဂ္ဂေ ပန အာဝုသော တတိယံ သပ္ပုရိသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။အပဏ္ဏကဝဂ္ဂေ ဘန္တေ တတိယံ သပ္ပုရိသသုတ္တံ "စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အသပ္ပုရိသော ဝေဒိတဗ္ဗော။ ကတမေဟိ စတူဟိ၊ ဣဓ ဘိက္ခဝေ အသပ္ပုရိသော ယော ဟောတိ ပရဿ အဝဏ္ဏော တံ အပုဋ္ဌောပိ ပါတု ကရောတိ ကော ပန ဝါဒေါ ပုဋ္ဌဿာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အပဏ္ဏကဝဂ်၌ သုံးခုမြောက် ဖြစ်သော သပ္ပုရိသသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အပဏ္ဏကဝဂ်၌ သုံးခုမြောက်ဖြစ်သော သပ္ပုရိသအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အသပ္ပုရိသော ဝေဒိတဗ္ဗော" အစရှိသဖြင့်——

ချစ်သား ရဟန်းတို့....လေးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သူတော်မဟုတ် ယုတ်သောသူ ဟု သိအပ်၏။ အဘယ်လေးပါးတို့နည်းဟူမူကား——

## သူယုတ်မာအင်္ဂါ

(၁) ချစ်သားတို့....ဤလောက၌ သူတော်မဟုတ် သူယုတ်မာ ဖြစ်သော ပုဂ္ဂိုလ်သည် သူတပါး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို သူတပါးက မမေးအပ်သော်လည်း ထင်စွာပြုတတ်၏၊မေးပါသော်ကား ဆိုဘွယ်ရာမရှိပြီ။ ထိုသူယုတ်မာသည် ပရိသတ်ပွဲအလယ်တွင် မေးမြန်းအပ်သည် ရှိသော် မယုတ်လျော့စေပဲ အချိန်ဖင့်နွဲ့ဆွဲ၍မထားပဲ အပြည့်အစုံအကျယ်တဝင့် သူတပါး၏ ကျေးဇူးမဲ့စကားကို ပြောကြားတတ်ပေ၏။

ချစ်သားတို့.... ထိုသို့ပြောသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ်၊ သူယုတ်မာပင်တည်း ဟု သိရပါတော့သည်။

(၂) ချစ်သား ရဟန်းတို့....ထိုမှ တပါးလည်း သူတော်မဟုတ် ယုတ်မာသော ပုဂ္ဂိုလ်သည် သူတပါး၏ ဂုဏ်ကျေးဇူးစကားကို မေးမြန်းအပ်ပါသော်လည်း ထင်စွာမပြုလို၊ မမေးမြန်းပါမူ အဘယ်မှာ ဆိုဘွယ်ရာရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် မေးမြန်းအပ်စေကာမူ ယုတ်လျော့သည်ကိုပြု၍ အချိန်

ဖင့်နွှဲဆွဲသည်ကို ပြုပြီးလျှင် မပြည့်မစုံ အကျယ်တဝင့် မဖွင့်ပြပဲ သူတပါး၏ ကျေးဇူးစကားကို မပြောချင့်ပြောချင် ပြောဆိုတတ်၏။

ချစ်သားတို့...ဤသို့ဖြစ်ရသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော် မဟုတ် သူယုတ်မာတည်း ဟု သိသာလှပါတော့၏။

(၃) ချစ်သားတို့.... ထိုမှတပါးလည်း ဤလောက၌ သူတော်မဟုတ် ယုတ်မာသောသူသည် မိမိ၏ ကျေးဇူးမဲ့ကဲ့ရဲ့သောစကားကို ပရိသတ်အလယ်၌ မေးအပ်သော်သည်း ထင်စွာမပြုနိုင်ချေ၊ မမေးပါမူ အဘယ်မှာဆိုဘွယ်ရာ ရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် မေးမြန်းအပ်စေကာမူ မိမိ၏ကျေးဇူးမဲ့ ကဲ့ရဲ့စကား ကို လျှော့သည် ကို ပြု၍ အချိန်ဖင့်နွှဲဆွဲသည်ကိုပြုပြီးလျှင် မပြည့် မစုံ အကျယ်တဝင့် မဖွင့်ပြပဲ မိမိ၏ ကျေးဇူးမဲ့စကားကို မပြောချင့်ပြောချင် ပြောဆိုတတ်၏။

ဤသို့ ပြောဆိုသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ် ယုတ်သောသူတည်း ဟု သိအပ်ပါတော့၏။

(၄) ချစ်သားတို့....ထိုမှ တပါးလည်း သူတော်မဟုတ် ယုတ်မာသော သူသည် မိမိ၏ ဂုဏ်ကျေးဇူးစကားကို သူတပါးတို့ မမေးအပ်သော်လည်း တဖွဖွ ထင်စွာပြုတတ်ပါပေ၏၊ ပရိသတ်အလယ် မေးမြန်းအပ်ပါမူ အဘယ် လျှင် ဆိုဘွယ်ရာ ရှိပါအံ့နည်း။ အကယ်၍ ပရိသတ်အလယ် မေးမြန်းအပ်သည် ရှိသော် မယုတ်လျှော့စေပဲ အချိန်ဖင့်နွှဲဆွဲသည်ကိုလည်း မပြုပဲ အပြည့်အစုံ ပင် အကျယ်တဝင့် ဖွင့်ကာဖွင့်ကာဖြင့် မိမိ၏ကျေးဇူးစကားကို တဖွဖွပြော ကြားတတ်၏။

ချစ်သားတို့.... ဤသို့ ပြောဆိုသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူ တော်မဟုတ် ယုတ်သောသူတည်းဟူ၍ သိသာလှပါပေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသောအတိုင်း သူတပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့ သောစကားကို မမေးပဲလည်း ပြောဆိုလိုခြင်း, သူတပါး၏ ကျေးဇူးစကားကို မေးမြန်းသော်သည်း ထင်စွာမပြုလိုခြင်း, မိမိ၏ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို မေး သော်သည်း ထင်စွာမပြုလိုခြင်း, မိမိ၏ကျေးဇူးစကားကို သူတပါးတို့က မမေး သော်လည်း တဖွဖွထင်စွာပြုခြင်းတည်းဟူသော ဤအကြောင်းတရား လေး ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အသပ္ပုရိသ-သူတော်မဟုတ် ယုတ်သောသူ ဟူ၍ သိအပ်ပါတော့သည်။

## သူတော်ကောင်းအင်္ဂါ

ချစ်သားရဟန်းတို့....လေးပါးသော ကောင်းသော အကြောင်းတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သပ္ပုရိသ-စင်စစ်သူတော်ကောင်းဟူ၍ သိအပ်ပါသော့သည်။ လေးပါးတို့ ဟူသည်မှာ—

(၁) ဤလောက၌ သပ္ပုရိသ ဖြစ်သော သူတော်ကောင်း သူမြတ်လောင်းသည် သူတပါး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို မေးပင် မေးစေကာမူ ထင်စွာမပြုသို့၊ မနေသာအောင် သူတပါးသို့က မေးတောင်မှ လျှော့ကာ လျှော့ကာ အကျယ်တဝင့် မဖွင့်ပြပဲ မပြည့်မစုံသာလျှင် သူတပါးတို့၏ ကျေးဇူးမဲ့စကားကို ပြောကြားတတ်ပါပေ၏။

ချစ်သားတို့....ဤသို့ပြောဆိုလျှင် ဤသူသည်ကား သူတော်ကောင်း ပေတည်းဟု သိအပ်ပါပေ၏။

(၂) ချစ်သားဘို့... ထိုမှ တပါးလည်း ဤလောက၌ သပ္ပုရိသ စင်စစ်ဖြစ်သော သူတော်ကောင်းသည် သူတပါး၏ ဂုဏ်ကျေးဇူးစကားကို ပရိသတ်ပွဲအလယ်ဝယ် သူတပါးဘို့က မမေးသော်လည်း ထင်စွာပြုတတ်ပေ၏။ ပရိသတ်အလယ်ဝယ် အကယ်၍ မေးမြန်းအပ်သည် ဖြစ်ပါမူကား မြန်ရေရှက်ရေ ဂုဏ်ကျေးဇူး ရှိရှိသမျှ တစုံတခုကိုမျှ မချန်ပဲ မခြွင်းပဲ အချိန်ဖင့်နွဲ့ဆွဲ၍သည်း မထားပဲ အပြည့်အစုံ အကျယ်တဝင့် ဖွင့်ပြပြောဆိုတတ်ပါပေ၏။

ချစ်သားဘို့....ဤသို့ပြောဆိုလျှင် ဤပုဂ္ဂိုလ်သည်ကား သပ္ပုရိသ-စင်စစ်သူဘော်ကောင်း ဖြစ်သည်ဟူ၍ သိအပ်ပါတော့၏။

(၃) ချစ်သားဘို့....ထိုမှ တပါးလည်း ဤလောက၌ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်သည် မိမိ၏အပြစ် ကျေးဇူးမဲ့စကားကို သူတပါးတို့က မမေးမြန်းအပ်စေကာမူ ထင်စွာပြဘတ် ထင်စွာပြောတတ်ပါ၏၊ မေးမြန်းပါမူကားအဘယ်မှာသျှင် ဆိုဘွယ်ရာရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် သူတပါးတို့က မိမိ၏ ကျေးဇူးမဲ့အပြစ်စကားကို မေးမြန်းအပ်သည်ရှိသော် မထိန်မချန်ပဲ အချိန်ဖင့်နွဲ့ ဆွဲ၍လည်း မနေပဲ အပြည့်အစုံ အကျယ်တဝင့် မိမိ၏ အပြစ်များကို ထင်ရှားစွာ ဖွင့်ပြပြောဆိုတတ်ပေ၏။

ချစ်သားတို့....ဤသို့ပြောဆိုသော ပုဂ္ဂိုလ်ကို ဤသူသည်ကား သူမြတ်လောင်း သူတော်ကောင်း စင်စစ်ပေတည်း ဟု သိအပ်ပါပေ၏။

(၄) ချစ်သားတို့....ထိုမှ တပါးလည်း ဤလောက၌ သပ္ပုရိသ-စင်စစ်ဖြစ်သော သူတော်ကောင်း သူမြတ်လောင်းသည် မိမိ၏ဂုဏ်ကျေးဇူးစကားကို သူတပါးတို့ကပင် မေးသော်လည်း ထင်စွာမပြုလို၊ အကယ်၍ မနေသာအောင် အတင်းအကြပ် ပရိသတ်အလယ်ဝယ် မေးမြန်းအပ်သည် ရှိပါမူကား ထိမ်ချန်၍ လျှော့ပေါ့၍ ဖြစ်စေ, အချိန်ဖင့်နွဲ့ဆွဲ၍ဖြစ်စေ မပြည့်မစုံ ပြောတယ်ဆိုရုံမျှ အကျဉ်းမျှသာလျှင် မိမိ၏ ကျေးဇူးစကားကို ပြောကြားတတ်ပေ၏။

ချစ်သားတို့....ဤသို့ပြောဆိုသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သပ္ပုရိသ စင်စစ် သူတော်ကောင်းဖြစ်ပေသည်ဟု သိအပ်ပါပေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသောအတိုင်း သူတပါး၏ကျေးဇူးမဲ့ ဂုဏ်မဲ့သောစကားကို ထင်ရှားမပြုလိုခြင်း, သူတပါးတို့၏ ဂုဏ်ကျေးဇူးစကားကို မမေးသော်လည်း ပြောကြားလိုခြင်း,မိမိ၏ ကျေးဇူးမဲ့ကဲ့ရဲ့ဘွယ်ရာ စကားကို မမေးသော်လည်း ထင်စွာပြုလိုခြင်း,မိမိ၏ ဂုဏ်ကျေးဇူးစကားကို သူတပါးတို့ မေးမြန်းအပ်သော်လည်း ထင်စွာမပြုလိုခြင်း ဤလေးပါးသောအကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သပ္ပုရိသ-သူတော်ကောင်း စင်စစ် ဖြစ်၏ဟူ၍ သိအပ်ပါတော့သည်။

ချစ်သား ရဟန်းတို့.... လောကဉပမာအားဖြင့် အမျိုးသမီးကောင်း ချွေးမသည် အကြင်နေ့ အကြင်ညပင်လျှင် ယောက္ခမ မိဘတို့၏ အိမ်သို့ ရောက်၏၊ ထိုသို့ ရောက်သောနေ့ ရောက်သောညမှာပင်လျှင် ယောက္ခမယောကျ်ားသူ, ယောက္ခမ မိန်းမသူ, အိမ်ရှင်ယောကျ်ား, အယုတ်အားဖြင့် ကျွန်အမှုလုပ် ယောကျ်ားတို့၌ ထက်သန်ပြင်းထန်သော ရှက်ကြောက်ခြင်း ဟိရိ,ဩတ္တပ္ပတရားကို ထားခဲ့ပေသည်။ နောက်အခါ အချိန်ကြာမြင့်၍ အနေကြာသောအခါကာလ၌ အကျွမ်းဝင်ခြင်းကို အစွဲပြု၍ ယောက္ခမ မိဘကိုသော်၎င်း, အိမ်ရှင်ကိုသော်၎င်း "အပေထ၊ ဖဲကြကုန် ရှားကြကုန်။ ကိံ ပန တုမှေ ဇာနာထ၊ သင်တို့ ဘာကို သိကြကုန်သနည်း" ဟု မောင်းမဲစကား ပြောကြားတတ်ပေသည်။

ချစ်သား ရဟန်းတို့.... ထိုအတူပင်လျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် ရဟန်း ဖြစ်သစ်စ, ရဟန်း ဖြစ်သော နေ့ညမှာသာလျှင်

ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ တည်းဟူသော ပရိသတ်လေးပါး၊ အယုတ်အားဖြင့် အရာမ်စောင့် သာမဏေများ အပေါင်းပင်သော်လည်း ထက်သန် ပြင်းထန်သော ဟိရီ,ဩတ္တပ္ပ-အရှက်အကြောက်တရား ထားတတ်သည်။ ထိုရဟန်းသည် နောက်အခါ အချိန် ကြာမြင့်လတ်သည်ဆိုသော် အနေကြာခြင်းကို အစွဲပြု၍ရင်း, အကျွမ်းဝင်ခြင်း ဝိဿာသကို အစွဲပြု၍ ရင်း မိမိ ဥပဇ္ဈာယ် ဆရာကိုပင်သော်လည်း "အပေထ-ဖဲကြကုန်၊ ကိံ ပန တုမှေ ဇာနာထ- အရှင်ဘုရားတို့ ဘာကို သိကြကုန်သနည်း" ဟု မောင်းမဲ စကား ပြောကြားတတ်သည်။

ချစ်သား ရဟန်းတို့....သို့ရကား သင်ချစ်သားတို့သည်လည်း—
"အဓုနာဂတဝေကာသမေန စေတသာ ဝိဟရိဿာမ"

ငါတို့သည်ကား ရောက်သစ်စ ဖြစ်သော ချေးမနှင့် တူသော ဟိရီ, ဩတ္တပ္ပ တရားတို့နှင့် အချိန်ရှိသမျှ ပြည့်စုံသော စိတ်ရှိကြပြီးလျှင် ဤဘုရားသာသနာတော်ဝယ် ဣရိယာပထ မျှတ၍ နေကြကုန်အံ့ ဟူ၍ သင်ချစ်သားတို့သည် ကျင့်ကြံ ကြိုးကုဘ် အားထုတ်ကြရမည်ဟု ဤသပ္ပုရိသ အမည်ရသော သုတ္တန်ဒေသနာဘော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သပ္ပုရိသသုတ် ပြီး၏။**

---

## အစိန္တေယျသုတ်

ပု။ ။တတ္ထ အာဝုသော သတ္တမံ အစိန္တေယျသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ အစိန္တေယျသုတ္တံ "စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ၊ ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။ ကတမာနိ စတ္တာရိ၊ ဗုဒ္ဓါနံ ဘိက္ခဝေ ဗုဒ္ဓဝိသယော အစိန္တေယျော န စိန္တေတဗ္ဗော၊ ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿာ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအပဏ္ဏာကဝဂ်ဥပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော အစိန္တေယျသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါး

နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ခုနစ်ခုမြောက် ဖြစ်သော အစိန္တေယျ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရိမာနိ ဘိက္ခဝေ အစိန္တေယျာနိ န စိန္တေ-**တဗ္ဗာနိ" အစရှိသည်ဖြင့်—**

ချစ်သားတို့.... မကြံအပ် မကြံစည်ကောင်းသော အကြောင်းအရာတို့သည် လေးမျိုးတို့ပင် ရှိသည်။ယင်း မကြံစည် မကြံကောင်းသော အကြောင်းအရာတို့ကို အကယ်၍ ကြံစည်သည်ရှိသော် ရူးသွပ်ခြင်း, သို့မဟုတ် ပင်ပန်းခြင်း အတို့အစုသာလျှင် ရှိသည်။ လေးပါးသို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား—

(၁) ချစ်သား ရဟန်းတို့.... သဗ္ဗညုဗုဒ္ဓ အမည်ရသော လောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသို့၏ ဗုဒ္ဓဝိသယ-ဘုရားအရာ ဟူသမျှကို မကြံအပ် မကြံစည်ကောင်း။ သို့ မကြံစည်ကောင်းသော အရာကို အကြင်ပုဂ္ဂိုလ်သည် ကြံစည်ခဲ့ငြားအံ့၊ ထိုပုဂ္ဂိုလ်သည် ရူးသွပ်သော်မူလည်း ရူးသွပ်လေရာ၏။ သို့မဟုတ် ပင်ပန်းခြင်း တည်းဟူသော အတို့အစုကိုသော်လည်း ရလေရာ၏။

(၂) ချစ်သားတို့.... ဈာန်ရပုဂ္ဂိုလ်, အဘိညာဉ်ရ ပုဂ္ဂိုလ်၏ ဈာန်, အဘိညာဉ်တန်ခိုးအရာကို မကြံအပ် မကြံစည်ကောင်း။ မကြံအပ် မကြံစည်ကောင်းသော ယင်းအရာကို ကြံစည်သည်ရှိသော် ရူးသွပ်ခြင်း, ပင်ပန်းခြင်း အတို့အစုကိုသာလျှင် ရလေရာ၏။

(၃) ချစ်သား ရဟန်းတို့....ထူးထွေဆန်းပြားလှသော ကံ၏ အရာကို မကြံကောင်း မစည်ကောင်း။မကြံကောင်း မစည်ကောင်းသည့် ကံ၏ အရာကို ဖွေဖွေရှာရှာ ကြံစည်၍ နေပါမူကား ထိုပုဂ္ဂိုလ်သည် ရူးသွပ်ခြင်း, သို့မဟုတ် ပင်ပန်းနွမ်းနယ်ခြင်း တည်းဟူသော အတို့အစုသာလျှင် ရှိလေရာ၏။ အတို့အစု ရသူ ဖြစ်ပေရာ၏။

(၄) ချစ်သား ရဟန်းတို့.... ထိုမှတပါး လောကသဘောကို ကြံစည်ခြင်း, သမုဒ္ဒရာကို မည်သူတူးသနည်း၊ (ဧရာဝတီ)မြစ်ကို မည်သူတူးသနည်း၊ လ-နေကို မည်သူပြုသနည်း အစရှိသည်ဖြင့် လောကသဘောကိုလည်း မကြံ

**အပ် မကြံ့စည်ထိုက်ပေ၊ သို့မကြံ့အပ် မကြံ့စည်ထိုက်သော** လောကသဘော ကို လိုက်လျော ကြံ့စည်၍ နေသော ပုဂ္ဂိုလ်သည် ရူးသွပ်ခြင်း, သို့မဟုတ် ပင်ပန်းခြင်းတည်းဟူသော အဘို့အစုရှိသည် ဖြစ်ရာ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသော ဗုဒ္ဓဝိသယ-ဘုရားအရာ၊ ဈာနဝိသယ-ဈာန်အဘိညာဉ်၏အရာ၊ ကမ္မဝိသယ-ကံ၏အရာ၊ လောကစိန္တာ-လောက သဘောကို ကြံ့စည်ခြင်း တည်းဟူသော ဤလေးပါးသော ဌာနတို့ကား မကြံ့ အပ် မကြံ့စည်ကောင်းသော အရာဌာနတို့ ဖြစ်သည်။ ယင်းကြံ့အပ် မကြံ့ ကောင်းသော အရာတို့ကို အကယ်၍ ကြံ့စည်သည်ရှိသော် ရူးသွပ်ခြင်း,ပင်ပန်း ခြင်းတည်းဟူသော အဘို့အစုရှိသူသာလျှင် ဖြစ်ရာ၏ ဟု ဤအစိန္တေယျ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အစိန္တေယျသုတ် ပြီး၏။**

---

## မစလဝဂ်

## တမောတမသုတ်

ပု။ ။မစလဝဂ္ဂေ ပန အာဝုသော ပဌမံ တမောတမသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။မစလဝဂ္ဂေ ဘန္တေ ပဌမံ တမောတမသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ ။ ကတမေ စတ္တာရော၊ တမောတမပရာယဏော၊ တမောဇောတိပရာယဏော၊ ဇောတိတမ-ပရာယဏော၊ ဇောတိဇောတိပရာယဏော"တိ ဧဝမာဒိနာ ဘဂဝ-တာ ဘာသိတံ။

မေး။ ။မစလဝဂ်၌ ငါးခုမြောက် ဖြစ်သော တမောတမ မည်သော သုတ္တန်တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မစလဝဂ်၌ ငါးခုမြောက် ဖြစ်သော တမောတမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ" အစရှိသည်ဖြင့်—

ချစ်သားတို့.... ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးလေးစားတို့ ရှိပါသည်။ လေးမျိုး လေးစားတို့ ဟူသည် အဘယ်သည်တို့နည်း။

(၁) အမိုက်မှောင်၌ တည်၍ အမိုက်မှောင် အတွင်းသို့ သက်ဆင်းတဘ်သော ပုဂ္ဂိုလ်သည်း တပါး။

(၂) အမိုက်မှောင်၌တည်၍ အလင်းသို့ ရောက်တတ်သော ပုဂ္ဂိုလ်လည်း တပါး။

(၃) အသင်း၌ တည်၍ အမိုက်မှောင်သို့ သက်ဆင်းတတ်သောပုဂ္ဂိုလ်လည်း တပါး။

(၄) အလင်း၌ တည်၍ အလင်းသို့ သွားရောတ်တတ်သော ပုဂ္ဂိုလ်လည်း တပါး။

ဟူ၍ လေးမျိုးတို့ ရှိကြသည်။

## အမှောင်မှ အမှောင်သို့သွားသောပုဂ္ဂိုလ်

ချစ်သားတို့.... အဘယ်သို့လျှင် အမိုက်မှောင်၌တည်၍ အမိုက်မှောင် အတွင်းသို့ သက်ဆင်းတတ်သော ပုဂ္ဂိုလ်ဖြစ်သနည်း ဟူမူကား—

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ဆင်းရဲပင်ပန်းနွမ်းနယ်လှသော ပင်ပင်ပန်းပန်း အသက်မွေးရသော လောကအလို ယုတ်ညံ့သော ဒွန်းစဏ္ဍား အစရှိသော အမျိုး၌ ဘဝပဋိသန္ဓေ တည်နေ၍ လာခဲ့ပေ၏။

ထိုသို့ ဘဝဇာတ် ယုဘ်ညံ့ရုံဘွင်သာမဟုတ်သေး၊ထိုပုဂ္ဂိုလ်သည် အဆင်းအင်္ဂါအားဖြင့်လည်း လွန်စွာ လွန်စွာ အရုပ်ဆိုးသော သူ, ပုကွသောသူ, မိခင်ဘခင်ဘိုပင်သော်လည်း မကြည့်ချင်လောက်အောင် အင်္ဂါလက္ခဏာ ချို့ယွင်းသောသူ ဖြစ်ခဲ့ပေ၏။ အဝဘ်အစား အစရှိသော အသုံးအဆောင်တို့ကိုလည်း မရလွယ်သောသူ ဖြစ်ပေ၏။

ထိုပုဂ္ဂိုလ်သည် ယင်းသို့ ဆိုအပ်ပြီးသော အတိုင်း အမိုက်မှောင်အတွင်း၌ တည်သူဖြစ်ပါသျက်၊ မိမိ၏ အနာဂတ် အရေးတို့ကို မတွေးတောတော့ပဲ

ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တည်းဟူသော ဒုစရိုက်တရားတို့ကို ပြုမှားတတ်ပေ၏။ ထိုသို့ ကာယ, ဝစီ, မနော တည်းဟူသော ဒုစရိုက် တရားတို့ကို ပြုမှားပြီးသည်ရှိသော် ထိုပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် မကောင်းသော သူတို့၏ လားရာ အပါယ်ဒုဂ္ဂတိ ဝိနိပါတ နိရယဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရသည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာအတိုင်း အမှောင်၌ တည်၍ အမှောင်၌ သက်ဆင်းသော ပုဂ္ဂိုလ် ဖြစ်တော့သည်။

## အမှောင်မှ အလင်းရောက်ပုဂ္ဂိုလ်

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် အမှောင်၌ တည်၍ အလင်းသို့ ရောက်သော ပုဂ္ဂိုလ် ဖြစ်ပါသနည်း။

ချစ်သားတို့....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော အတိုင်း ယုတ်ညံ့သော ဒွန်းစဏ္ဍား အစရှိသော အမျိုးတို့၌ ဘဝပဋိသန္ဓေ တည်နေရသူပင် ဖြစ်သော်လည်း မိမိ၏ အတိတ်က အကုသိုလ်တရားတို့ကို သံဝေဂ အရယူ၍ နောင်သံသရာရေး ကောင်းမြတ်ရန် တွေးပြီးလျှင် ကာယ-သုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက် တည်းဟူသော သုစရိုက် တရားတို့ကို ပွါးများကြိုးကုတ် အားထုတ်ပါ၏။

ထိုပုဂ္ဂိုလ်သည် ကာယ, ဝစီ, မနောသုစရိုက် တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်၍ ကိုယ်ခန္ဓာ ပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသော အာရုံငါးပါး အဘို့အစုရှိသော နတ်ပြည်လောကသို့ ဘဝပဋိသန္ဓေ တည်နေရပေ၏။

ချစ်သားတို့....ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာအတိုင်း အမိုက်မှောင်၌ တည်သော ပုဂ္ဂိုလ်က အလင်းရောင်သို့ တက်ရောက်ခြင်း ဖြစ်ပေသည်။

## အလင်းမှ အမှောင်ဆင်းသည့် ပုဂ္ဂိုလ်

ချစ်သား ရဟန်းတို့....အဘယ်သို့သော အခြင်းအရာဖြင့် အလင်းရောင်၌ တည်တံ့သော ပုဂ္ဂိုလ်သည် အမိုက်မှောင်အတွင်း သက်ဆင်းပြန်ပါသနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် များသောဥစ္စာ, များသော အခြွေအရံ, များသောစည်းစိမ်ရှိသော ခတ္တိယ မဟာသာလမျိုး, ဗြာဟ္မဏ

မဟာသာလမျိုး, ဂဟပတိ မဟာသာလမျိုး တည်းဟူသော မြင့်မြတ်သော အမျိုး၌ ဘဝပဋိသန္ဓေ တည်နေရ၏၊ ရုပ်ဆင်း အင်္ဂါ ကြန်အင် လက္ခဏာ အားဖြင့်လည်း လွန်စွာ သပ္ပါယ် တင့်တယ်သော ပုဂ္ဂိုလ်ပင် ဖြစ်ပေ၏။

ထိုပုဂ္ဂိုလ်သည် မိမိ၏ အတိတ် အကြောင်း ကောင်းခဲ့သည်ကိုမျှ မထောက်ထား ဤယခုဘဝဝယ် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက် တည်းဟူသော ဒုစရိုက်တရားသို့ကို ပြုမှား ပြောမှား ကြံမှားခဲ့ပေ၏။

ထိုပုဂ္ဂိုလ်သည် ကာယ, ဝစီ, မနော တည်းဟူသော ဒုစရိုက် တရားတို့ကို လိုက်စားပြုမှားမိခြင်း ဟူသော အကြောင်းကြောင့် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ဒုဂ္ဂတိ ဝိနိပါတ နိရယဘုံသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရပေ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် အလင်းရောင်၌ တည်နေသော ပုဂ္ဂိုလ်ဖြစ်ပါလျက် အမိုက်မှောင် အတွင်းသို့ သက်ဆင်းခြင်း ဖြစ်ပေသည်။

## အလင်းမှ အလင်းသို့သွားသောပုဂ္ဂိုလ်

ချစ်သား ရဟန်းတို့....အဘယ်သို့သော အခြင်းအရာဖြင့် အလင်းရောင်၌ တည်နေသော ပုဂ္ဂိုလ်သည် အလင်းရောင်သို့ပင် တဖန်ဆက်၍ တက်ပါသနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ရှေးကုသိုလ်ကံ ထောက်ပံ့သဖြင့် ခတ္တိယ မဟာသာလ, ဗြာဟ္မဏ မဟာသာလ, ဂဟပတိ မဟာသာလ တည်းဟူသော မြင့်သောအမျိုး မြတ်သောအမျိုးသို့၌ ဘဝပဋိသန္ဓေ တည်နေပြီးလျှင် ရုပ်ဆင်းအင်္ဂါ လက္ခဏာဖြင့်လည်း လွန်စွာ သပ္ပါယ် တင့်တယ်သူပင် ဖြစ်ပေ၏။

ထိုပုဂ္ဂိုလ်သည် မိမိအတိတ်အကြောင်း ကောင်းခဲ့သည်ကို အာရုံပြု၍ နောက်အနာဂတ် အရေးတို့ ထို့အတူပင် ကောင်းမြတ်ရန် ဉာဏ်ရည်သွေး၍ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တည်းဟူသော သုစရိုက်တရားတို့ကို နေ့ရှည်ရက်သျှား ပွါးများ အားထုတ်ပါတော့သည်။

ထိုသို့ ကာယ, ဝစီ, မနောတည်းဟူသော သုစရိုက်တရားတို့ကို ကျင့်ကြံပွါးများခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်သည် စုတိပြတ်ကြွေ

သေလွန်သည်မှ နောက်ကာလဝယ် ကောင်းသော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတည်းဟူသော အာရုံ အစုတို့၏ တည်ရာ နတ်ရွာ လောကသို့ ဘဝ ပဋိသန္ဓေ ကပ်ရောက်၍ နေရပေသည်။

ချစ်သားတို့.... ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် အလင်းရောင်၌ တည်သော ပုဂ္ဂိုလ်သည် တဖန် အလင်းရောင်သို့ ဆက်၍ တက်ရောက် ပါသည်။

ချစ်သားတို့....ဤလောက၌ ဤဆိုအပ်ပြီးသော အတိုင်း ပုဂ္ဂိုလ်တို့သည် အမှောင်မှ အမှောင်သို့ သွားသော ပုဂ္ဂိုလ်, အမှောင်မှ အလင်းသို့ တက်ရောက်သော ပုဂ္ဂိုလ်,အလင်းမှ အမှောင်သို့ သွားသောပုဂ္ဂိုလ်,အလင်းမှ အလင်းသို့ ဆက်၍ တက်ရောက်သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်လေးမျိုး လေးစား ရှိပုံကို ဖော်ပြရာ ဖြစ်သော ဤတမောတမ အမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**တမောတမသုတ် ပြီး၏။**

---

## အသုရဝဂ်

### အသုရသုတ်

ပု။ ။တေနာဝုသော ဘဂဝတာ။ပ။ သမ္မာသမ္ဗုဒ္ဓေန အင်္ဂုတ္တရနိကာယေ စတုက္ကနိပါတေ အသုရဝဂ္ဂေ ပဌမံ အသုရသုတ္တံ ကထံ ဘာသိတံ။

ဝိ။ ။အသုရဝဂ္ဂေ ဘန္တေ ပဌမံ အသုရသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ အသုရော အသုရပရိဝါရော၊ အသုရော ဒေဝပရိဝါရော၊ ဒေဝေါ အသုရပရိဝါရော၊ ဒေဝေါ ဒေဝပရိဝါရော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ ထိုမြတ်စွာဘုရားသခင်သည် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အသုရဝဂ်၌ ရှေးဦးစွာသော အသုရသုတ္တန် မည်သော တရားဒေသနာတော်ကို အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အသုရဝဂ်၌ ရှေးဦးစွာသော အသုရအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇ-မာနာ လောကသ္မိံ"အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးတို့ ရှိကြသည်။ လေးမျိုးဘို့ ဟူသည်မှာ—

(၁) မိမိကိုယ်တိုင်က ကျေးဇူးဂုဏ်ဖြင့် မတောက်ပပဲ မတောက်ပသော ကျေးဇူးဂုဏ်ရှိသည့် ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်လည်း တမျိုး။

(၂) မိမိကိုယ်ဘိုင်က ကျေးဇူးဂုဏ်ဖြင့် မတောက်ပပဲ ကျေးဇူးဂုဏ်ဖြင့် တောက်ပသော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်လည်း တမျိုး။

(၃) မိမိကိုယ်တိုင်က ကျေးဇူးဂုဏ်ဖြင့် တောက်ပ၍ ကျေးဇူးဂုဏ်ဖြင့် မတောက်ပသော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်လည်း တမျိုး။

(၄) မိမိကိုယ်တိုင်ကလည်း ဂုဏ်ကျေးဇူးဖြင့် တောက်ပ၍ ဂုဏ်ကျေးဇူးဖြင့် တောက်ပသော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်လည်း တမျိုး၊ ဤသို့ လေးမျိုးရှိကုန်သည်။

ချစ်သား ရဟန်းတို့.... အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က ကျေးဇူးဂုဏ်ဖြင့် မတောက်ပမူ၍ ကျေးဇူးဂုဏ်ဖြင့် မတောက်ပသည့် ပရိသတ် အခြံအရံ ရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်းဟူမူကား—

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က သီလလည်းမရှိ၊ ကိုယ်ကျင့်ဘရားလည်းမကောင်း။ ထိုပုဂ္ဂိုလ်၏ အခြံအရံ ပရိသတ်ကလည်း သီလမရှိ၊ ကိုယ်ကျင့်မကောင်းသော အခြံအရံ ပရိသတ်သာလျှင် ဖြစ်ချေ၏။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိမိကိုယ်တိုင်က ကျေးဇူးဂုဏ်ဖြင့် မတောက်ပပဲ ကျေးဇူးဂုဏ်ဖြင့် မတောက်ပသော ပရိသတ် အခြံအရံ ရှိသော ပုဂ္ဂိုလ်ဖြစ်တော့သည်။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် မိမိကိုယ်တိုင်ကမူ ဂုဏ်ကျေးဇူးဖြင့် မတောက်ပပဲ ဂုဏ်ကျေးဇူးဖြင့် တောက်ပသည့် ပရိသတ် အခြံအရံ ရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်းဟူမူကား—

ချစ်သား ရဟန်းတို့.... ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က သီလမရှိ၊ ကိုယ်ကျင့်တရားမကောင်း။ ထိုပုဂ္ဂိုလ်၏ အခြံအရံ သော်မူကား သီလနှင့် ပြည့်စုံသည့် ကိုယ်ကျင့်တရား ကောင်းသော ပရိသတ် အခြံအရံသာ ဖြစ်ချေ၏။

ချစ်သားတို့....ဤသို့လျှင် မိမိကိုယ်တိုင်က ဂုဏ်ကျေးဇူးဖြင့် မတောက်ပမူ၍ ဂုဏ်ကျေးဇူးဖြင့် တောက်ပသော ပရိသတ် အခြံအရံ ရှိသော ပုဂ္ဂိုလ် ဖြစ်နိုင်သည်။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် မိမိကိုယ်တိုင်ကမူ ကျေးဇူးဂုဏ်ဖြင့် တောက်ပ၍ ကျေးဇူးဂုဏ်ဖြင့် မတောက်ပသည့် ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က သီလရှိ၍ ကိုယ်ကျင့်တရား ကောင်းခဲ့ပါ၏။ ထိုပုဂ္ဂိုလ်၏ နောက်လိုက် ပရိသတ် အခြံ အရံမှာမူကား သီလ မရှိ၊ ကိုယ်ကျင့် တရား မကောင်းချေ။

ချစ်သားတို့....ဤသို့လျှင် မိမိကိုယ်တိုင်က ကျေးဇူး ဂုဏ်ဖြင့် တောက်ပသည်ဖြစ်၍ ကျေးဇူးဂုဏ်ဖြင့် မတောက်ပသော ပရိသတ် အခြံ အရံရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်တော့သည်။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် ကိုယ်တိုင်ကလည်း ဂုဏ်ကျေးဇူးဖြင့် တောက်ပ၍ ဂုဏ်ကျေးဇူးဖြင့် တောက်ပသည့် ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ကလည်း သီလနှင့် ပြည့်စုံ၍ ကိုယ်ကျင့်တရား ကောင်းသူ ဖြစ်ပေ၏။ ထိုသူ၏ ပရိသတ် အခြံအရံကလည်း ထိုသူ၏ နည်းတူပင်လျှင် သီလရှိ၍ ကိုယ်ကျင့် တရား ကောင်းသော ပရိသတ် အခြံအရံ ဖြစ်ပါ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကိုယ်တိုင်က ကျေးဇူးဂုဏ်ဖြင့် တောက်ပ၍ ကျေးဇူးဂုဏ်ဖြင့် တင့်တယ် တောက်ပသော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ် ဖြစ်နိုင်သည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်က မတင့်တယ်၍ မတင့်တယ်သော အခြံအရံရှိသော ပုဂ္ဂိုလ်တမျိုး၊ ကိုယ်တိုင်က မတင့်တယ်၍ တင့်တယ်သော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ် တမျိုး၊ ကိုယ်တိုင်က တင့်တယ်ပါလျက် မတင့်တယ်သော ပရိသတ် အခြံအရံရှိသော ပုဂ္ဂိုလ် တမျိုး၊ ကိုယ်တိုင်ကလည်း တင့်တယ်၍ တင့်တယ်သော ပရိသတ်အခြံအရံလည်းရှိသော ပုဂ္ဂိုလ် တမျိုး။

ဤသို့လျှင် ဤလောက၌ ပုဂ္ဂိုလ်လေးမျိုး ရှိပေသည်ဟု ဤအသုရ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

**အသုရသုတ် ပြီး၏။**

---

## သမာဓိသုတ်

ပု။ ။တဒုတ္ထ၀ အာဝုသော စတုတ္ထံ သမာဓိသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။စတုတ္ထံ ဘန္တေ သမာဓိသုတ္တံ “စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော လာဘီ ဟောတိ အဇ္ဈတ္တံ စေတောသမထဿ၊ န လာဘီ အဓိပညာဓမ္မဝိပဿနာယ။ ဣဓ ပန ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော လာဘီ ဟောတိ အဓိပညာဓမ္မဝိပဿနာယ၊ န လာဘီ အဇ္ဈတ္တံ စေတော-သမထဿ။ ဣဓ ပန ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော န စေဝ လာဘီ ဟောတိ အဇ္ဈတ္တံ စေတောသမထဿ၊ န စ လာဘီ အဓိပညာဓမ္မဝိပဿနာယ။ ဣဓ ပန ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော လာဘီ စေဝ ဟောတိ အဇ္ဈတ္တံ စေတောသမထဿ၊ လာဘီ စ အဓိပညာဓမ္မဝိပဿနာယာ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအသုရဝဂ်၌ပင်လျှင် လေးခုမြောက်ဖြစ်သော သမာဓိ သုတ္တန်မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော် ခြောက်ပါးနှင့်

ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအသုရဝဂ်၌ လေးခုမြောက်ဖြစ်သော သမာဓိသုတ္တန်အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ဤလောက၌ ပုဂ္ဂိုလ်တို့သည် လေးမျိုးပင် ရှိကုန်သည်၊ လေးမျိုးတို့ဟူသည်မှာ——

(၁) အဇ္ဈတ္တသန္တာန်၌ တည်ကြည်ခြင်းတည်းဟူသော ဥပစာရ,အပ္ပနာသမာဓိကိုသာရ၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းတို့ကို ရှုမြင်တတ်သော အဓိပညာဓမ္မဝိပဿနာကို မရသောပုဂ္ဂိုလ်လည်းတမျိုး။

(၂) ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်ကို ယထာဘူတ နေရာကျ သိမြင်သော အဓိပညာဓမ္မဝိပဿနာကိုသာ ရရှိ၍ အဇ္ဈတ္တသန္တာန်၌ စိတ်၏ ငြိမ်သက်ခြင်း တည်းဟူသော ဥပစာရသမာဓိ, အပ္ပနာသမာဓိကို မရသော ပုဂ္ဂိုလ်လည်းတမျိုး။

(၃) အဇ္ဈတ္တသန္တာန်၌ ဥပစာရသမာဓိ, အပ္ပနာသမာဓိ နှစ်ပါးစုံကိုလည်း မရ၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ယထာဘူတ နေရာကျ ရှုမြင်တတ်သည့် အဓိပညာဓမ္မဝိပဿနာတရားကို မရသော ပုဂ္ဂိုလ်လည်းတမျိုး။

(၄) အဇ္ဈတ္တသန္တာန်၌ စိတ်၏ ငြိမ်သက်ခြင်း တည်ကြည်ခြင်း တည်းဟူသော ဥပစာရသမာဓိ, အပ္ပနာသမာဓိကိုလည်း ရ၍ ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကို ယထာဘူတ ရှုမြင်တတ်သော အဓိပညာဓမ္မဝိပဿနာကို ရသော ပုဂ္ဂိုလ်လည်းတမျိုး။

ဤသို့လျှင် ပုဂ္ဂိုလ်လေးမျိုးတို့ ရှိသည်။

ချစ်သားရဟန်းတို့ .... ထိုပုဂ္ဂိုလ်လေးမျိုးတို့တွင် အကြင်ပုဂ္ဂိုလ်သည်ကား ဥပစာရသမာဓိ, အပ္ပနာသမာဓိကိုသာရ၍ အဓိပညာဓမ္မဝိပဿနာကို မရ၊ ထိုပုဂ္ဂိုလ်သည် အဓိပညာဓမ္မဝိပဿနာကိုရသော ပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့ရှင် ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် ရုပ်နာမ်ဓမ္မသင်္ခါရတို့

ကို ရှုမြင်အပ်ပါကုန်သနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရဘို့ကို သုံးသပ်အပ်ပါကုန်သနည်း၊ အဘယ်သို့ ဝိပဿနာ ရှုအပ်ပါကုန် သနည်း”ဟု မေးမြန်းလျှောက်ထားရမည်။

ထိုသို့ မေးမြန်းလျှောက်ထားသောအခါ ထိုပုဂ္ဂိုလ်အား အဓိပညာဓမ္မ-ဝိပဿနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်က မိမိကိုယ်တိုင် သိရှိ ထင်လင်းသော အတိုင်း “ငါ့ရှင်....ဤပုံ ဤပန်း အခြင်းအရာဖြင့် ရုပ်နာမ်ဓမ္မတို့ကို ရှုအပ်ပါ ကုန်၏၊ ဤပုံ ဤပန်း အခြင်းအရာဖြင့် သုံးသပ်အပ်,ဝိပဿနာတင်၍ ရှုအပ်ပါ ကုန်၏”ဟု ဖြေကြားလိမ့်မည်။

ချစ်သား ရဟန်းတို့.... ထိုသို့ ဆည်းကပ်မေးမြန်းသော ပုဂ္ဂိုလ်သည် နောက်အခါဝယ် သုတေ်ကောင်းနှင့် ပေါင်းသင်းမိခြင်းကို အကြောင်းပြု၍ မိမိ.ကိုယ်တိုင်ပင်လျှင် ဥပစာရသမာဓိ,အပ္ပနာသမာဓိ နှစ်ပါးနှင့်လည်း ပြည့်စုံ, အဓိပညာဓမ္မဝိပဿနာတရားနှင့်လည်း ပြည့်စုံသော ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပေ သည်။

ချစ်သား ရဟန်းတို့.... ထိုပုဂ္ဂိုလ် လေးမျိုးတို့အနက် အကြင်ပုဂ္ဂိုလ် သည် အဓိပညာဓမ္မဝိပဿနာဉာဏ် အမြင်သာရှိ၍ အဇ္ဈတ္တစေတောသမထ အမည်ရသော သမာဓိ.ကိုကား မရရှိသူ ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် သမာဓိရသော ပုဂ္ဂိုလ်အထံသို့ ချဉ်းကပ်ပြီးလျှင် “ငါ့ရှင်....ဘယ်ပုံ ဘယ်ပန်း အခြင်း အရာဖြင့် စိတ်.ကို အာရုံ၌ ထားအပ်ပါသနည်း၊ ဘယ်ပုံ ဘယ်ပန်း အခြင်း အရာဖြင့် စိတ်.ကို ကိလေသာ အနယ်ထိုင်အောင် ပြုလုပ်ရပါသနည်း၊ ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် စိတ်ကို အာရုံတခုတည်း၌ တည်နေအောင် ပြုလုပ် ရပါသနည်း၊ ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် စိတ်ကို အာရုံ၌ တည်ကြည် အောင် ပြုလုပ်ရပါသနည်း”ဟု မေးမြန်းရမည်။

သို့မေးမြန်းသောအခါ ထိုသမာဓိရပြီးသော ပုဂ္ဂိုလ်က ထိုပုဂ္ဂိုလ်အား “ငါ့ရှင်....ဤမည် ဤမည်သော အခြင်းအရာဖြင့် စိတ်ကို အာရုံ၌ ထားရပါ သည်၊ ဤမည် ဤမည်သော အခြင်းအရာဖြင့် စိတ်ကို ကိလေသာအနယ် ထိုင်အောင် ပြုပြင်၍ ပေးရပါသည်၊ ဤမည် ဤမည်သော အခြင်းအရာ ဖြင့် စိတ်.ကို အာရုံ တခုတည်း၌ ဖြစ်၍ နေအောင်,ပေါ်ထွန်း၍ နေအောင်, ထွန်းထွက်၍ နေအောင် ပြုလုပ်ရပါသည်၊ ဤမည် ဤမည်သော အခြင်း အရာဖြင့် စိတ်ကို အာရုံတခုတည်း၌ တည်ကြည်အောင် ပြုလုပ်ရပါသည်”ဟု

သမာဓိလုပ်ငန်းတို့ကို မိမိ သိမြင်သောအတိုင်း, ထင်လင်းသောအတိုင်း ဖြေကြားလိမ့်မည်။

ထိုပုဂ္ဂိုလ်သည် နောက်အခါ ကာလ၌ အဇ္ဈတ္တစေတောသမထ အမည်ရသော ဥပစာရသမာဓိ, အပ္ပနာသမာဓိကိုလည်း ရ၍ အဓိပညာဓမ္မဝိပဿနာ အမည်ရသော ဝိပဿနာဉာဏ်ပညာကိုလည်း ရသော ပုဂ္ဂိုလ်ဖြစ်နိုင်ပေသည်။

ချစ်သားရဟန်းတို့....ထိုပုဂ္ဂိုလ်လေးမျိုးအနက် အကြင်ပုဂ္ဂိုလ်သည်ကား သမာဓိကိုလည်း မရ၊ ဝိပဿနာဉာဏ်ပညာကိုလည်း မရချေ။ ထိုသမာဓိရော ဝိပဿနာဉာဏ်ပညာကိုပါ မရသောပုဂ္ဂိုလ်သည် သမာဓိဝိပဿနာဉာဏ်ပညာ နှစ်ပါးလုံးကို ရသော ပုဂ္ဂိုလ်ထံသို့ ချဉ်းကပ်ပြီးလျှင် "အို-ငါ့ရှင်....ဘယ်ပုံ ဘယ်ပန်း အခြင်းအရာဖြင့် စိတ်ကို အာရုံ၌ ထားရပါသနည်း၊ အဘယ် သို့သော အခြင်းအရာဖြင့် စိတ်ကို ကိလေသာအနယ်ထိုင်အောင် ပြုလုပ်၍ ပေးရပါသနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် စိတ်ကို အာရုံ တခုတည်း ၌ ဖြစ်ထွန်းအောင် ပြုလုပ်ရပါသနည်း၊ အဘယ်သို့သော အခြင်းအရာဖြင့် စိတ်ကို တည်ကြည်အောင် ပြုလုပ်ရပါသနည်း၊ အဘယ်သို့သော အခြင်း အရာဖြင့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ရှုရပါသနည်း၊ အဘယ်သို့သော အခြင်း အရာဖြင့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို သုံးသပ် ဝိပဿနာ တင်ရပါသနည်း" ဟု မေးမြန်း လျှောက်ထားရမည်။

သို့ မေးမြန်းလျှောက်ထားသောအခါ ထိုပုဂ္ဂိုလ်အား သမထဝိပဿနာ နှစ်ဖြာနှင့် ပြည့်စုံသောပုဂ္ဂိုလ်က "ငါ့ရှင်....စိတ်ကို ဤသို့သော အခြင်းအရာ ဖြင့် အာရုံ၌ ထားရသည်၊ ဤသို့သော အခြင်းအရာဖြင့် ကိလေသာ အနယ် ထိုင်အောင် ပြုလုပ်ရသည်၊ ဤပုံ ဤပန်း အခြင်းအရာဖြင့် စိတ်ကို အာရုံတခု တည်း၌ ဖြစ်၍ နေအောင် ပြုလုပ်ရသည်၊ ဤပုံ ဤပန်း အခြင်း အရာဖြင့် စိတ်ကို တည်ကြည်အောင် ထားရသည်၊ ဤပုံ ဤပန်း အခြင်းအရာဖြင့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ရှုကြည့်ရသည်၊ ဤပုံ ဤပန်း အခြင်းအရာဖြင့် ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို လက္ခဏာယာဉ်တင်၍ သုံးသပ် ဝိပဿနာရှုရပါသည်" ဟု မိမိ သိမြင် ထင်လင်းသော အတိုင်း ဖြေကြားလိမ့်မည်။

ထိုပုဂ္ဂိုလ်သည် နောက်အခါဝယ် ကလျာဏမိတ်ဆွေကောင်း ပေါင်း သင်းမှုကို အကြောင်းပြု၍ သမာဓိနှင့်လည်း ပြည့်စုံ၊ သမာဓိကိုလည်း ရရှိ၊

ပညာနှင့်လည်း ပြည့်စုံ၊ ပညာကိုလည်း ရရှိသည့် သမာဓိ,ပညာ နှစ်ဖြာ စွယ်စုံ ပုဂ္ဂိုလ်သူမြတ် ဖြစ်နိုင်ပေသည်။

ချစ်သား ရဟန်းတို့.... ထို ပုဂ္ဂိုလ် လေးယောက်တို့အနက် အကြင် ပုဂ္ဂိုလ်သည်ကား အဇ္ဈတ္တစေတောသမထ အမည်ရသော သမာဓိကိုလည်း ရရှိသူ, အဓိပညာဓမ္မဝိပဿနာ အမည်ရသော ဝိပဿနာဉာဏ် ပညာကိုလည်း ရရှိသူဖြစ်ပေ၏၊ ချစ်သား ရဟန်းတို့....ထိုပုဂ္ဂိုလ်သည်ကား ထို မိမိ သိပြီး မြင်ပြီးဖြစ်သော သမာဓိတရား, ဝိပဿနာတရား တည်းဟူသော အပြစ် မရှိသော တရားတို့၌ပင် တည်၍ အထက်ဖြစ်သော အာသဝက္ခယဉာဏ်,အရဟတ္တမဂ်, အရဟတ္တဖိုလ်ဉာဏ် အလို့ငှါ အဆင့်ဆင့် ကြိုးကုတ် အားထုတ်မှုကို ပြုရမည်ဟု ဤ သမာဓိ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို ပုဂ္ဂိုလ် လေးစုထား၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သမာဓိသုတ် ပြီး၏။**

---

## ရာဂဝိနယသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဆဋ္ဌံ ရာဂဝိနယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဆဋ္ဌံ ဘန္တေ ရာဂဝိနယသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ အတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ ပရဟိတာယ ပဋိပန္နော နော အတ္တဟိတာယ၊ နေဝတ္တဟိတာယ ပဋိပန္နော နော ပရဟိတာယ၊ အတ္တဟိတာယ စေဝ ပဋိပန္နော ပရဟိတာယ စာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို အသုရဝင်္ဂ၌ပင်လျှင် ခြောက်ခုမြောက် ဖြစ်သော ရာဂ-ဝိနယသုတ္တန် မည်သော တရား ဒေသနာတော်မြတ်ကို ဘုန်းတော် ခြောက်ပါး နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုအသုရဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော ရာဂ-ဝိနယ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ"အစရှိသည်ဖြင့်——

ချစ်သားရဟန်းတို့....ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးတို့ရှိသည်၊ လေးမျိုးတို့ဟူသည်——

(၁) ကိုယ်ကျိုးသာ ကျင့်ကြံ၍ သူတပါးအကျိုးမကျင့်ကြံသောပုဂ္ဂိုလ်တမျိုး။

(၂) သူတပါး အကျိုးသာ ကျင့်ကြံ၍ မိမိအကျိုး မကျင့်ကြံသော ပုဂ္ဂိုလ်တမျိုး။

(၃) မိမိသူတပါး နှစ်ဦးသား၏ အကျိုးကို မကျင့်ကြံသော ပုဂ္ဂိုလ်တမျိုး။

(၄) မိမိသူတပါး နှစ်ဦးသား၏ အကျိုးကို ကျင့်ကြံသော ပုဂ္ဂိုလ်တမျိုး ဟူ၍ ပုဂ္ဂိုလ်လေးမျိုးတို့ ရှိသည်။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် မိမိအကျိုးကိုသာ ကျင့်ကြံ၍ သူတပါးအကျိုးကို မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ချစ်သားတို့....ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က ရာဂငြိမ်းဘို့ရန်, ရာဂကိုပယ်ဖျောက်ရန်, ဒေါသကိုပယ်ဖျောက်ရန်, မောဟကို ပယ်ဖျောက်ရန် ကျင့်ကြံ၍ သူတပါးကိုမူ ရာဂပယ်ဖျောက်ရန်, ဒေါသပယ်ဖျောက်ရန်, မောဟပယ်ဖျောက်ရန် မဆောက်တည်စေ။

ချစ်သားတို့....ဤသို့သော အခြင်းအရာဖြင့် ပုဂ္ဂိုလ်သည် မိမိ အကျိုးကိုသာ ကျင့်ကြံ၍ သူတပါးအစီးအပွါးအလို့ငှါ မကျင့်ကြံသောပုဂ္ဂိုလ်ဖြစ်သည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် ပုဂ္ဂိုလ်သည် သူတပါး အစီးအပွါးအလို့ငှါသာ ကျင့်ကြံ၍ မိမိအစီးအပွါးအလို့ငှါ မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ချစ်သားတို့....ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က ရာဂကိုပယ်ဘို့ရန်, ဒေါသကိုပယ်ဘို့ရန်, မောဟကို ပယ်ဘို့ရန် မကျင့်ကြံဘဲ

သူတပါးအားမူ ရာဂကိုပယ်ဘို့ရန်, ဒေါသကိုပယ်ဘို့ရန်, မောဟကိုပယ်ဘို့ရန် ဆောက်တည်စေသည်၊ ကျင့်ကြံစေသည်။

ချစ်သားတို့...ဤသို့သော အခြင်းအရာဖြင့် သူတပါးအကျိုးငှါသာ ကျင့်ကြံ၍ မိမိအကျိုးငှါ မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ချစ်သားတို့...အဘယ်သို့သော အခြင်းအရာဖြင့် မိမိသူတပါး နှစ်ဦးသား၏ အကျိုးကို မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကိုယ်တိုင်လည်း ရာဂကိုပယ်ဘို့ ရန်,ဒေါသကို ပယ်ဘို့ရန်, မောဟကို ပယ်ဘို့ရန် မကျင့်ကြံ၊ သူတပါးအား လည်း ရာဂ, ဒေါသ, မောဟ ပယ်ဘို့ရန် မဆောက်တည်စေ၊ နည်းလမ်း မညွှန်ပြ။

ချစ်သားတို့...ဤသို့သော အခြင်းအရာဖြင့် မိမိသူတပါး နှစ်ဦးသား၏ အစီးအပွါးကို မကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သည်။

ချစ်သားတို့...အဘယ်သို့သော အခြင်းအရာဖြင့် မိမိသူတပါး နှစ်ဦး သားတို့ အစီးအပွါးကို ကျင့်ကြံသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က ရာဂကိုပယ် ဖျောက်ဘို့ရန် ကျင့်ကြံ၍ သူတပါးအားလည်း ရာဂကိုပယ်ဖျောက်ရန် ဆောက်တည်စေသည်၊ မိမိကိုယ်တိုင်က ဒေါသကို ပယ်ဖျောက်ရန် ကျင့်ကြံ ၍ သူတပါးအားလည်း ဒေါသကို ပယ်ဖျောက်ရန် ဆောက်တည်စေသည်၊ မိမိကိုယ်တိုင်က မောဟကို ပယ်ဖျောက်ရန် ကျင့်ကြံ၍ သူတပါးအားလည်း မောဟကို ပယ်ဖျောက်ရန် ဆောက်တည်စေသည်။

ချစ်သားတို့...ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိမိသူတပါးအကျိုး စီးပွါးနှစ်ပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

ချစ်သားတို့...ဤလောက၌ ဆိုအပ်ပြီးသော အတိုင်း ပုဂ္ဂိုလ်လေးမျိုး ရှိသည်ဟု ဤရာဂဝိနယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက် ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

**ရာဂဝိနယသုတ် ပြီး၏။**

## ဝလာဟကဝဂ်

### ပဌမဝလာဟကသုတ်

ပု॥ ॥ဝလာဟကဝဂ္ဂေ ပန အာဝုသော ပဌမံ ဝလာဟကသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထေ ဘာသိတံ॥

ဝိ॥ ॥သာဝတ္ထိယံ ဘန္တေ သမ္ဗုလေ ဘိက္ခူ အာရဗ္ဘ "စတ္တာရောမေ ဘိက္ခဝေ ဝလာဟကာ॥ ကတမေ စတ္တာရော၊ ဂဇ္ဇိတာ နော ဝဿိတာ၊ ဝဿိတာ နော ဂဇ္ဇိတာ၊ နေဝ ဂဇ္ဇိတာ နော ဝဿိတာ၊ ဂဇ္ဇိတာ စ ဝဿိတာ စ॥ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဝလာဟကာ॥ ဧဝမေဝ ခေါ ဘိက္ခဝေ စတ္တာရော ဝလာဟကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇာမာနာ လောကသ္မိံ॥ ကတမေ စတ္တာရော၊ ဂဇ္ဇိတာ နော ဝဿိတာ၊ ဝဿိတာ နော ဂဇ္ဇိဘာ၊ နေဝ ဂဇ္ဇိတာ နော ဝဿိတာ၊ ဂဇ္ဇိတာ စ ဝဿိတာ စာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ॥

မေး॥ ॥ဝလာဟကဝဂ်၌ ရှေးဦးစွာသော ဝလာဟကသုတ္တန်မည်သော တရားဒေသနာဘော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟော ကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....॥

ဖြေ॥ ॥ဝလာဟကဝဂ်၌ ရှေးဦးစွာ ဝလာဟကသုတ္တန် အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် မှန် ဇေတဝန်ကျောင်းအရပ်၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "စတ္တာရောမေ ဘိက္ခဝေ ဝလာဟကာ॥ ကတမေ စတ္တာရော၊ ဂဇ္ဇိတာ နော ဝဿိတာ" အစရှိသည် ဖြင့်——

ချစ်သား ရဟန်းဘို....ဤလောက၌ မိုဃ်းလေးမျိုး ရှိသည်၊ လေးမျိုး တို့ဟူသည်မှာ ထစ်ချုန်းရုံသာ ထစ်ချုန်း၍ မရွာသောမိုဃ်းလည်း တမျိုး၊ ရွာရုံသာရွာ၍ မထစ်ချုန်းသော မိုဃ်းလည်းတမျိုး၊ ထစ်ချုန်းလည်း မထစ် ချုန်း, ရွာလည်း မရွာသွန်းသော မိုဃ်းလည်း တမျိုး၊ ထစ်ချုန်းလည်းထစ်

ချုန်း, ရွာလည်း ရွာသွန်းသော မိုဃ်းလည်းတမျိုး၊ ဤသို့ လောက၌ မိုဃ်း လေးမျိုးရှိသည်။

ချစ်သား ရဟန်းတို့...ဤနည်းအတူပင်လျှင် ဤလောက၌ မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်တို့သည် လေးမျိုးတို့ရှိသည်။ လေးမျိုးတို့ဟူသည်မှာ ထစ်ချုန်း ရုံသာ ထစ်ချုန်း၍ မရွာသောမိုဃ်းနှင့်တူသော ပုဂ္ဂိုလ်တမျိုး၊ ရွာရုံသာရွာ၍ မထစ်ချုန်းသော မိုဃ်းနှင့်တူသော ပုဂ္ဂိုလ်လည်းတမျိုး၊ ထစ်လည်းမထစ် ချုန်း ရွာလည်း မရွာသွန်းသော မိုဃ်းနှင့်တူသော ပုဂ္ဂိုလ်လည်း တမျိုး၊ ထစ်လည်းထစ်ချုန်း ရွာလည်း ရွာသွန်းသော မိုဃ်းနှင့်တူသောပုဂ္ဂိုလ်လည်း တမျိုး။ ဤသို့ ပုဂ္ဂိုလ်လေးမျိုးတို့ ရှိသည်။

ချစ်သား ရဟန်းတို့.... အဘယ်သို့သော အခြင်းအရာဖြင့် ထစ်ချုန်းရုံ သာ ထစ်ချုန်း၍ မရွာသွန်းသော မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးတို့အား တရားကျင့်ကြံ ဘို့ရန် ဟောကြားပြီး မိမိကိုယ်တိုင်ကမူ တရားအလုပ်ကို အားမထုတ်။

ချစ်သား ရဟန်းတို့.... ဤသို့သော အခြင်းအရာဖြင့် ထစ်ချုန်းရုံသာ ထစ်ချုန်း၍ မရွာသွန်းသော မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်ဖြစ်သည်။

ချစ်သား ရဟန်းတို့....အဘယ်သို့သော အခြင်းအရာဖြင့် ရွာရုံသာရွာ၍ မထစ်ချုန်းသော မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်က တရားအလုပ် အားထုတ်ရုံသာ အားထုတ်၍ သူတပါးအားမူ ဟောကြားခြင်းအမှု မပြု ခဲ့ချေ။

ချစ်သားတို့.... ဤသို့သော အခြင်းအရာဖြင့် ရွာရုံသာရွာ၍ မထစ်ချုန်း သော မိုဃ်းနှင့်တူသော ပုဂ္ဂိုလ်ဖြစ်သည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် ထစ်လည်း မထစ် ချုန်း ရွာလည်း မရွာသွန်းသော မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါးအားလည်း တရား မဟော၊ မိမိကိုယ်ဘိုင်ကလည်း တရားအားမထုတ်။ ဤသို့သော အခြင်း အရာဖြင့် ထစ်လည်း မထစ်ချုန်း ရွာလည်းမရွာသွန်းသော မိုဃ်းနှင့်တူသော ပုဂ္ဂိုလ်ဖြစ်သည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် ထစ်လည်း ထစ်ချုန်း၍ ရွာလည်း ရွာသွန်းသော မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ချစ်သား ရဟန်းတို့....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါး တို့အားလည်း တရားကို ဟောပြ၍ မိမိကိုယ်တိုင်ကလည်း တရားအလုပ်ကို အားထုတ်ပေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ထစ်လည်းထစ်ချုန်း၍ ရွာလည်း ရွာသွန်းသော မိုဃ်းနှင့်တူသောပုဂ္ဂိုလ် ဖြစ်ပေသည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိုဃ်းနှင့် တူသော ပုဂ္ဂိုလ်လေးမျိုးတို့ ဤလောက၌ ထင်ရှားရှိကုန်သည်ဟု ဝလာဟက အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်း အရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**ပဌမဝလာဟကသုတ် ပြီး၏။**

---

## ဥဒကရဟဒသုတ်

ပု။ ။တတ္ထ ဝ အာဝုသော စတုတ္ထံ ဥဒကရဟဒသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။စတုတ္ထံ ဘန္တေ ဥဒကရဟဒသုတ္တံ “စတ္တာရောမေ ဘိက္ခဝေ ဥဒက-ရဟဒါ။ ကတမေ စတ္တာရော၊ ဥတ္တာနော ဂမ္ဘီရောဘာသော၊ ဂမ္ဘီရော ဥတ္တာနောဘာသော၊ ဥတ္တာနော ဥတ္တာနောဘာသော၊ ဂမ္ဘီရော ဂမ္ဘီရောဘာသော၊ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဥဒကရဟဒါ။ ဝေမေဝ ခေါ ဘိက္ခဝေ စတ္တာရော ဥဒကရဟဒူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ ဥတ္တာနော ဂမ္ဘီရောဘာသော၊ ဂမ္ဘီရော ဥတ္တာနောဘာသော၊ ဥတ္တာနော ဥတ္တာနောဘာသော၊ ဂမ္ဘီရော ဂမ္ဘီရောဘာသော”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဝလာဟကဝဂ်၌ပင်လျှင် လေးခုမြောက် ဖြစ်သော ဥဒကရဟဒသုတ္တန် မည်သော တရား ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝလာဟကဝဂ်၌ လေးခုမြောက်ဖြစ်သော ဥဒကရဟဒအမည်ရသော ရေအိုင်ကို ဥပမာပြ၍ ဟောကြားရာ ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ဥဒကရဟဒါ" အစရှိသဖြင့်—

ချစ်သား ရဟန်းတို့....လောက၌ ပကတိရေအိုင်တို့သည် လေးမျိုးလေးစားဘို့ရှိကုန်သည်။ လေးမျိုးတို့ဟူသည်မှာ (၁) နက်ယောင်နှင့် တိမ်သောရေအိုင်သည်းဘမျိုး။ (၂) တိမ်ယောင်နှင့် နက်သောရေအိုင်လည်း တမျိုး။ (၃) တိမ်ယောင်နှင့် တိမ်သော ရေအိုင်လည်း တမျိုး။ (၄) နက်ယောင်နှင့် နက်သော ရေအိုင်လည်းတမျိုး။ ဤသို့ လောက၌ ရေအိုင်လေးမျိုးရှိသည်။

ချစ်သား ရဟန်းဘို့....ဤနည်းအတူပင်လျှင် ဤလောက၌ ရေအိုင်နှင့်တူသော ပုဂ္ဂိုလ်ဘို့သည်လည်း လေးမျိုးပင် ရှိကုန်တော့သည်။ လေးမျိုးတို့ဟူသည်မှာ (၁) နက်ယောင်နှင့် တိမ်သော ပုဂ္ဂိုလ်တမျိုး။ (၂) တိမ်ယောင်နှင့် နဲနက်သော ပုဂ္ဂိုလ်ဘမျိုး။ (၃)တိမ်ယောင်နှင့် တိမ်သော ပုဂ္ဂိုလ်လည်းတမျိုး။ (၄) နဲနက်ယောင်နှင့် နဲနက်သော ပုဂ္ဂိုလ်လည်း တမျိုး။ ဤသိ လေးမျိုး ရှိပါသည်။

ချစ်သားဘို....အဘယ်သို့သော အခြင်းအရာဖြင့် နက်ယောင်နှင့် တိမ်သော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်ဘို့သည် ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း,တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, သပိတ်သင်္ကန်းကို ဝတ်ရုံခြင်း,ဆောင်ယူခြင်းအမှုသည် ရဟန္တာဟုပင် ထင်မြင်ယူဆလောက်အောင် ကြည်ညိုဘွယ်ကောင်းလှ၏။ သို့စေကာမူ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ,သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာကို ယထာဘူတ နေရာကျသိလည်း မသိမြင်။ သိအောင်လည်း အားမထုတ်။ ချစ်သား ရဟန်းတို့....ဤဆိုအပ်ခဲ့ပြီးသောအခြင်းအရာဖြင့် နက်ယောင်နှင့် တိမ်သော ပုဂ္ဂိုလ်သည်ဖြစ်ပေ၏။

ချစ်သားရဟန်းတို့....အဘယ်သို့သော အခြင်းအရာဖြင့် တိမ်ယောင်နှင့် နဲနက်သော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း,နောက်သို့ ဆုတ်ခြင်း,တူရူကြည့်ခြင်း,တစောင်းကြည့်ခြင်း,ကွေးခြင်း, ဆန့်ခြင်း,သပိတ်သင်္ကန်းကို ဆောင်ယူခြင်းအပေါင်းသည် ကြည်ညိုဘွယ် ပါသာဒိကကား မရှိပေ။ သို့စေကာမူ ထိုပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုရင်း၊ သမုဒယ,နိရောဓ,မဂ္ဂသစ္စာကို ရင်း ပိုင်းခြားထင်ထင်သိမြင်သော အရိယာသူတော်စင် သူတော်မြတ်ဖြစ်ပေ၏။ ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် တိမ်ယောင်နှင့် နက်သော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်သည် ဖြစ်ပေ၏။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် တိမ်ယောင်နှင့် တိမ်သော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း,နောက်သို့ ဆုတ်ခြင်း,တူရူကြည့်ခြင်း,တစောင်းကြည့်ခြင်း,ကွေးခြင်း,ဆန့်ခြင်း,သပိတ်သင်္ကန်းကို ဆောင်ယူခြင်းအမူသည် ကြည်ညိုဘွယ်လည်း မရှိ၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟည်းဟူသော သစ္စာလေးပါးကိုလည်း လားလားမျှမသိ။ ချစ်သားတို့....ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် တိမ်ယောင်နှင့် တိမ်သော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်သည် ဖြစ်ပေ၏။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် နက်ယောင်နှင့် နက်သော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်သည် ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့တက်ခြင်း,နောက်သို့ ဆုတ်ခြင်း,တူရူကြည့်ခြင်း,တစောင်းကြည့်ခြင်း,ကွေးခြင်း,ဆန့်ခြင်း,သပိတ်သင်္ကန်းကို ဆောင်ယူခြင်း အလုံးစုံအမူအရာသည် ပါသာဒိက ဂုဏ်မြောက် ကြည်ညိုလောက်သော အခြင်းအရာတို့လည်း ဖြစ်ပေ၏။ ကိုယ်တိုင်ကလည်း ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတည်း ဟူသော သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်သူလည်း ဖြစ်ပေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် နက်သယောင်နှင့် တကယ်စင်စစ် နက်သော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်သည် ဖြစ်တော့၏ဟု ဤဥဒကရဟဒ အမည်ရသော ရေအိုင်လေးမျိုးနှင့် ဥပမာထား၍ ပုဂ္ဂိုလ်လေးစား ဟောကြားရာဖြစ်သော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆို

အပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဥဒကရဟဒသုတ် ပြီး၏။

## မူသိကသုတ်

ပု။ ။တတ္ထေဝ အာဝုသော သတ္တမံ မူသိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ မူသိကသုတ္တံ "စတဿော ဣမာ ဘိက္ခဝေ မူသိကာ။ ကတမာ စတဿော၊ ဂါဓံ ကတ္တာ နော ဝသိတာ၊ ဝသိတာ နော ဂါဓံ ကတ္တာ၊ နေဝ ဂါဓံ ကတ္တာ နော ဝသိတာ၊ ဂါဓံ ကတ္တာ စ ဝသိတာ စ။ ဣမာ ခေါ ဘိက္ခဝေ စတဿော မူသိကာ။ ဧဝမေဝ ခေါ ဘိက္ခဝေ စတ္တာရော မူသိကူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ကတမေ စတ္တာရော၊ ဂါဓံ ကတ္တာ နော ဝသိတာ၊ ဝသိတာ နော ဂါဓံ ကတ္တာ၊ နေဝ ဂါဓံ ကတ္တာ နော ဝသိတာ၊ ဂါဓံ ကတ္တာ စ ဝသိတာ စာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဝလာဟကဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော မူသိကသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဝလာဟကဝဂ်၌ ခုနစ်ခုမြောက် မူသိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတဿော ဣမာ ဘိက္ခဝေ မူသိကာ"အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ဤလောက၌ ကြွက်လေးမျိုးတို့ရှိသည်။ ကြွက်လေးမျိုးတို့ ဟူသည်မှာ (၁)တွင်းကို တူး၍ နေကားမနေသောကြွက်တမျိုး။ (၂) နေရုံသာနေ၍ တွင်းကိုကား မတူးသော ကြွက်လည်း တမျိုး။ (၃) တွင်းသည်းမတူး နေလည်းမနေသော ကြွက်လည်းတမျိုး။ (၄) တွင်းလည်း တူး၍ နေလည်းနေသော ကြွက်လည်းတမျိုး။ ဤသို့ ကြွက်လေးမျိုးရှိကြသည်။

ချစ်သား ရဟန်းတို့....ဤနည်းအတူပင်လျှင် ဤလောက၌ ကြွက်နှင့်တူသော ပုဂ္ဂိုလ်တို့သည်လည်း လေးမျိုးလေးစားတို့ပင် ရှိကုန်သည်။ လေးမျိုးတို့ဟူသည်မှာ (၁) တွင်းကိုသာ တူး၍ မနေသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်တမျိုး။ (၂) နေရုံသာ နေ၍ တွင်းကိုကား မတူးသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်လည်းတမျိုး။ (၃) တွင်းကိုလည်းမတူး နေလည်းမနေသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်လည်း တမျိုး။ (၄) တွင်းကိုလည်းတူး နေလည်းနေသောကြွက်နှင့် တူသော ပုဂ္ဂိုလ်လည်းတမျိုး။ ဤသို့ လေးမျိုးလေးစား ရှိကြသည်။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် တွင်းကိုသာတူး၍ မနေသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန်း, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ တည်းဟူသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို အပြန်ပြန် အခေါက်ခေါက် သင်ယူကား သင်ယူ၏၊ သို့ ပိဋကတ်ဓမ္မက္ခန်ကို အပြန်ပြန် အခေါက်ခေါက် သင်ယူစေကာမူ ဤကား ဒုက္ခ, ဤကား သမုဒယ, ဤကား နိရောဓ, ဤကား မဂ္ဂသစ္စာ ဟူ၍ ယထာဘူတ နေရာကျ သိလည်းမသိ၊ သိအောင်လည်း လှုံ့လ ကြိုးကုတ် အားမထုတ်။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် ပိဋကတ်ပရိယတ်တည်းဟူသော တွင်းကိုသာ တူး၍ သူတော်ကောင်းတရား၌ နေခြင်း, ကျင့်သုံးခြင်း တည်းဟူသော နေခြင်းကိုကား မပြုသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်မျိုးဖြစ်ပေသည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် နေရုံသာနေ၍ တွင်းကို မတူးသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ချစ်သား ရဟန်းတို့....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပိဋကတ်ဓမ္မက္ခန် အင်္ဂါကိုးတန်ကိုကား မသင်ယူ၊ သို့စေကာမူ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဘည်းဟူသော သစ္စာလေးပါးတရားကို သိအောင်ကြိုးကုတ်အားထုတ်၏၊ သိလည်း သိပေ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် သစ္စာလေးပါးတရားကို သိအောင် ကြိုးစားအားထုတ်ခြင်းတည်းဟူသော နေရုံသာ နေ၍ ပရိယတ်ဓမ္မက္ခန်ကို မသင်ကြားခြင်းတည်းဟူသော တွင်းကို မတူးသော ပုဂ္ဂိုလ် ဖြစ်ပေ၏။

ချစ်သား ရဟန်းတို့....အဘယ်သို့သော အခြင်းအရာဖြင့် တွင်းကိုလည်း မတူး နေလည်းမနေထိုင်သော ကြွက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်နိုင်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပရိယတ်ဓမ္မက္ခန် အင်္ဂါကိုးတန်ကိုလည်း အနည်းငယ်မျှ မသင်ယူ။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတည်းဟူသော သစ္စာလေးပါး တရားကိုလည်း လားလားမျှ မသိ။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် တွင်းကိုလည်းမတူး၊ နေလည်း မနေထိုင်သော ကြွက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် တွင်းကိုလည်းတူး၍ နေလည်းနေထိုင်သော ကြွက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အင်္ဂါကိုးတန် ပရိယတ်ဓမ္မက္ခန်ကို သင်အံကြိုးကုတ် အားထုတ်၏။ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတည်းဟူသော သစ္စာလေးပါး တရားအနက်ကိုလည်း ဤကား ဒုက္ခ,ဤကား သမုဒယ,ဤကား နိရောဓ,ဤကားမဂ္ဂဟူ၍ ပိုင်းခြားထင်ထင် သိမြင်ပါပေ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကိုယ်တိုင် တွင်းကိုလည်းတူး၍ ကိုယ်တိုင်တူးသောတွင်း၌ကိုယ်တိုင် ချမ်းသာစွာနေသော ကြွက်နှင့်တူသော ပုဂ္ဂိုလ်ဖြစ်နိုင်သည်။

ချစ်သား ရဟန်းတို့.... ဤလောက၌ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ကြွက်နှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့ ရှိကုန်သည်ဟု ဤမူသိကအမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**မူသိကသုတ် ပြီး၏။**

## ဗလိဗဒ္ဒသုတ်

ပု။ ။သံဂီတာပိ အာဝုသော အင်္ဂုတ္တရနိကာယတော ကာနိစိ သုတ္တာနိ ဥဒ္ဓရိတွာ ပဋိပုစ္ဆိဿာမိ ဗဟုဇနဿ သုတဝုဍ္ဍိယာ။ သံဂီတေ အာဝုသော အင်္ဂုတ္တရနိကာယေ စတုက္ကနိပါတေ ဝလာဟကဝဂ္ဂေ အဋ္ဌမံ ဗလိဗဒ္ဒသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဝလာဟကဝဂ္ဂေ ဘန္တေ အဋ္ဌမံ ဗလိဗဒ္ဒသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ဗလိဗဒ္ဒါ။ ကတမေ စတ္တာရော၊ သဂဝစဏ္ဍော နော ပရဂဝစဏ္ဍော၊ ပရဂဝစဏ္ဍော နော သဂဝစဏ္ဍော၊ သဂဝစဏ္ဍော စ ပရဂဝစဏ္ဍော စ၊ နေဝ သဂဝစဏ္ဍော နော ပရဂဝစဏ္ဍော။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဗလိဗဒ္ဒါ။ ဧဝမေဝ ခေါ ဘိက္ခဝေ စတ္တာရော ဗလိဗဒ္ဒူပမာ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ယခု ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ သံဂါယနာတင်ပြီးသော အင်္ဂုတ္တရနိကာယ်မှလည်း အချို့သော သုတ်တို့ကို ထုတ်ဆောင်၍ လူများအပေါင်းအား အကြားအမြင် ဗဟုဿုတတိုးပွါးစေရန် အလို့ငှါ တဖန် ပြန်၍ မေးမြန်းဦးအံ့။ ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်၌ သံဂါယနာတင်ပြီးသော အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဝလာဟကဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ဗလိဗဒ္ဒသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝလာဟကဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ဗလိဗဒ္ဒ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ဗလိဗဒ္ဒါ၊ ကတမေ စတ္တာရော" အစရှိသည့်ဖြင့် ချစ်သား ရဟန်းတို့....ဤလောက၌ ဝန်ဆောင် နွားပိုက်တို့သည် လေးမျိုးတို့ပင် ရှိကုန်သည်။ လေးမျိုးတို့ ဟူသည်မှာ—

(၁) မိမိ၏ နွားအုပ်၌ ကြမ်းတမ်းစွာ ကျင့်ကြံ၍ တပါးသော နွားအုပ်၌ ကြမ်းတမ်းစွာ မကျင့်ကြံသော ဝန်ဆောင် နွားပိုက်လည်း တမျိုး။

(၂) တပါးသော နွားအုပ်၌ ကြမ်းတမ်းစွာ ကျင့်ကြံ၍ မိမိ၏ နွားအုပ်၌ ကြမ်းတမ်းစွာ မကျင့်ကြံသော ဝန်ဆောင်နွားပိုက်လည်း တမျိုး။

(၃) မိမိ၏ နွားအုပ်ရော တပါးသော နွားအုပ်ပါ ကြမ်းတမ်းစွာ ကျင့်ကြံသော နွားပိုက်လည်း တမျိုး။

(၄) မိမိ၏ နွားအုပ်ရော တပါးသော နွားအုပ်ပါ မကြမ်းမတမ်း ကျင့်ကြံသော ဝန်ဆောင်နွားပိုက်လည်း တမျိုး။

ချစ်သား ရဟန်းတို့.... ဤသို့လျှင် လောက၌ ဝန်ဆောင် နွားလား နွားပိုက်တို့ လေးမျိုး လေးစားရှိကြသည်။

ချစ်သားတို့.... ဤအတူပင်လျှင် ဤလောက၌ ဝန်ဆောင်နွားလား နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်တို့သည် လေးမျိုး လေးစားတို့ပင် ရှိကုန်သည်။ လေးမျိုးတို့ ဟူသည်မှာ—

(၁) မိမိနွားအုပ်၌ ကြမ်းတမ်း၍ တပါးသော နွားအုပ်၌ မကြမ်းတမ်းသော ဝန်ဆောင်နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်လည်း တမျိုး။

(၂) တပါးသော နွားအုပ်၌ ကြမ်းတမ်း၍ မိမိ၏ နွားအုပ်၌ မကြမ်းတမ်းသော ဝန်ဆောင် နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်လည်း တမျိုး။

(၃) မိမိ သူတပါး နှစ်ပါးသော နွားအုပ်၌ပင် ကြမ်းတမ်းသော ဝန်ဆောင် နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်လည်း တမျိုး။

(၄) မိမိ သူတပါး နှစ်ပါးသော နွားအုပ် နွားအပေါင်း၌ မကြမ်းတမ်းသည့် ဝန်ဆောင် နွားလား နွားပိုက်နှင့်တူသော ပုဂ္ဂိုလ်လည်း တမျိုး။ ဤသို့ လေးမျိုး ရှိကုန်သည်။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် မိမိ၏ နွားအုပ်၌သာ ကြမ်းတမ်း၍ တပါးသော နွားအုပ်၌ မကြမ်းတမ်းသော ဝန်ဆောင်နွားပိုက်နှင့် တူသော ပုဂ္ဂိုလ် ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ၏ ပရိသတ်ကို ထိတ်လန့်စေ တုန်လှုပ်စေသော ကာယကံမှု, ဝစီကံမှု ပြုလုပ်ပြောဆိုလေ့ရှိ၍ တပါးသော

ပရိသတ်ကိုကား သာယာနူးညွှတ်သော ကာယကံမှု, ဝစီကံမှုတို့ဖြင့် ပြုလုပ်ပြောဆိုလေ့ရှိပေ၏။

ချစ်သားတို့....ဤသို့လျှင် မိမိ၏ နွားအုပ်၌ ကြမ်းတမ်း၍ တပါးသော နွားအုပ်၌ မကြမ်းတမ်းသည့် ဝန်ဆောင် နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်မျိုးသည် ဖြစ်၏။

ချစ်သားတို့....အဘယ်သို့သော အခြင်းအရာဖြင့် တပါးသော နွားအုပ်၌ ကြမ်းတမ်း၍ မိမိ၏ နွားအုပ်၌ မကြမ်းတမ်းသော ဝန်ဆောင် နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတပါး၏ ပရိသတ် အပေါ်ဝယ် ရုန့်ရင်း ကြမ်းတမ်းသော ကာယကံမှု, ဝစီကံမှုတို့ဖြင့် ထိတ်လန့်မှုတို့ကို ဖြစ်စေ၏။မိမိ၏ ပရိသတ်ကိုကား ထိုသို့ ရုန့်ရင်း ကြမ်းတမ်းသော ကာယကံမှု, ဝစီကံမှုတို့ဖြင့် ထိတ်လန့်မှုကို မဖြစ်စေ။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် သူတပါး၏ နွားအုပ်၌ ကြမ်းတမ်း၍ မိမိ၏ နွားအုပ်အပေါ်၌ မကြမ်းတမ်းသော ဝန်ဆောင် နွားပိုက်နှင့်တူသော ပုဂ္ဂိုလ်သည် ဖြစ်၏။

ချစ်သားတို့.... အဘယ်သို့သော အခြင်းအရာဖြင့် မိမိသူတပါး နှစ်ဦးသားသော နွားအုပ်၏ အပေါ်၌ ကြမ်းတမ်းသော ဝန်ဆောင်နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ၏ ပရိသတ်ကိုင်း,သူတပါး၏ ပရိသတ်ကိုင်း ကြမ်းတမ်းသော ကာယကံမှု, ကြမ်းတမ်းသော ဝစီကံမှုတို့ကို ပြုလုပ်ပြောဆိုခြင်းဖြင့် ထိတ်လန့်ခြင်းကို ဖြစ်စေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိမိသူတပါးနှစ်ဘက်သော နွားအုပ်တို့အပေါ်၌ ကြမ်းတမ်းသော ဝန်ဆောင်နွားပိုက်နှင့်တူသော ပုဂ္ဂိုလ်သည် ဖြစ်၏။

အဘယ်သို့သော အခြင်းအရာဖြင့် မိမိသူတပါး နှစ်ဘက်သောနွားအုပ်၌ မကြမ်းတမ်းသော နူးညံ့သော ဝန်ဆောင်နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်ဖြစ်သနည်း။

ချစ်သားတို့....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ၏ ပရိသတ်ကိုဖြင့်, သူတပါး၏ ပရိသတ်ကိုဖြင့် ရှုန့်ရင်းကြမ်းတမ်းသော ကာယကံမှု, ရှုန့်ရင်းကြမ်းတမ်းသော ဝစီကံမှုတို့ကို ပြုလုပ်ခြင်း ပြောဆိုခြင်းတို့ဖြင့် ထိတ်လန့်ခြင်း ကို မဖြစ်စေ၊ သိမ်မွေ့သော ကာယကံမှု, သိမ်မွေ့သော ဝစီကံမှုကို ပြုလုပ်ခြင်း, ပြောဆိုခြင်းအမှုကိုသာလျှင် သာယာနှစ်သက်ပြုလေ့ပြောလေ့ ရှိပေ၏။

ချစ်သားတို့....ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် မိမိ,သူတပါး နှစ်ပါးသော နွားအုပ်၌ မကြမ်းတမ်းသော ဝန်ဆောင် နွားပိုက်နှင့် တူသောပုဂ္ဂိုလ်သူမြတ် ဖြစ်ပေသည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဤလောကဝယ် ဝန်ဆောင် နွားပိုက်နှင့် တူသော ပုဂ္ဂိုလ်လေးမျိုးတို့ ရှိကုန်သည်ဟု ဤဗလီဗဒ္ဒ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဗလီဗဒ္ဒသုတ် ပြီး၏။**

---

## ကေသိသုတ်

ပု။ ။ကေသိဝဂ္ဂေ ပန အာဝုသော ပဌမံ ကေသိသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။ကေသိံ ဘန္တေ အဿဒမ္မသာရထိံ အာရဗ္ဘ ဘာသိတံ။ ကေသိ ဘန္တေ အဿဒမ္မသာရထိ ဘဂဝန္တံ ဧတဒဝေါစ “ဘဂဝါ ပန ဘန္တေ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ကထံ ပန ဘန္တေ ဘဂဝါ ပုရိသဒမ္မံ ဝိနေတီ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “အဟံ ခေါ ကေသိ. ပုရိသဒမ္မံ သဏှေနပိ ဝိနေမိ၊ ဖရုသေနပိ ဝိနေမိ၊ သဏှဖရုသေနပိ ဝိနေမိ။ တတြိဒံ ကေသိ သဏှသ္မိံ—ဣတိ ကာယသုစရိတံ ဣတိ ကာယသုစရိဘဿ ဝိပါကော၊ ဣတိ ဝစီသုစရိတံ ဣတိ ဝစီသုစရိ-

တဿ ဝိပါကော၊ ဣတိ မနောသုစရိတံ ဣတိ မနောသုစရိတဿ ဝိပါကော၊ ဣတိ ဒေဝါ ဣတိ မနုဿာ”တိ ဝေမာဒိနာ ဘာဂဝတာ ဘာသိတံ။

မေး။ ။ကေသိဝဂ်၌ ရှေးဦးစွာသော ကေသိသုတ္တန် မည်သော တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အကြောင်းဝတ္ထုကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကေသိမည်သော မြင်းထိန်းယောကျ်ားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အခါတပါး၌ ကေသိအမည်ရှိသော မြင်းထိန်း ယောကျ်ားသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်၍ ရှိသေဝပ်လျှိုးရှိခိုးပြီးလျှင် အ ပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုသို့ထိုင်နေသော ကေသိမည်သော မြင်းထိန်းယောကျ်ားကို သဗ္ဗညု မြတ်စွာဘုရားက—

“တွံ ခေါသိ ကေသိ ပညာတော အဿဒမ္မသာရထီတိ၊ ကထံ ပန တွံ ကေသိ အဿဒမ္မသာရထိ”ဟု—

ကေသိမည်သော ဒါယကာ....အသင်သည်ကား ထင်ရှားကျော်စော သော မြင်းထိန်းမြင်းဆရာတဦး ဖြစ်ပါပေသည်။

ကေသိဒါယကာ....အသင်သည် အဘယ်သို့သော အခြင်းအရာဖြင့် ဆုံးမ သင့်သော မြင်းအပေါင်းကို ဆုံးမသနည်းဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ကေသိမြင်းထိန်းယောကျ်ားက—

“အဟံ ခေါ ဘန္တေ အဿဒမ္မံ သဏှေနပိ ဝိနေမိ၊ ဖရုသေနပိ ဝိနေမိ၊ သဏှဖရုသေနပိ ဝိနေမိ”ဟု—

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား....တပည့်တော်သည် ဆုံးမသင့်သော မလိမ်မာသေးသော မြင်းကို နူးညံ့သိမ်မွေ့သော နည်းဖြင့် လည်း ဆုံးမပါသည်။ နူးညံ့သိမ်မွေ့သော နည်းဖြင့် ဆုံးမ၍ မရသောမြင်းကို

ကြမ်းတမ်းသော နည်းဖြင့်လည်း ဆုံးမပါသည်၊ အချို့သော မြင်းကိုကား ရံခါ နူးညံ့သိမ်မွေ့သောနည်း, ရံခါကြမ်းတမ်းသောနည်းဖြင့် ဆုံးမပါသည်ဟု ပြန်ကြားလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက—

"သစေ တေ ကေသိ အဿဒမ္မော သဏှေန ဝိနယံ န ဥပေတိ၊ ဖရုသေန ဝိနယံ န ဥပေတိ၊ သဏှဖရုသေန ဝိနယံ န ဥပေတိ၊ ကိန္တိ နံ ကရောသိ"ဟု—

ကေသိဒါယကာ....အကယ်၍ အသင်၏မြင်းသည် နူးညံ့သော နည်းဖြင့်လည်း ဆုံးမ၍မရဘူး၊ ကြမ်းတမ်းသော နည်းဖြင့်လည်း ဆုံးမ၍ မရဘူး၊ ရံခါ နူးညံ့သောနည်း ရံခါကြမ်းတမ်းသောနည်းဖြင့်လည်း ဆုံးမ၍မယဉ်ကျေးဘူး ဆိုပါစို့၊ ထိုသို့ ဘယ်နည်းနှင့်မျှ ဆုံးမ၍ မယဉ်ကျေးသော သင်၏ မြင်းကို အဘယ်သို့ သင်ပြုပါသနည်းဟု မေးမြန်းတော်မူလတ်ပါသည်။

ထိုအခါ ကေသိ မြင်းထိန်းက "သစေ မေ ဘန္တေ အဿဒမ္မော သဏှေန ဝိနယံ န ဥပေတိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အကယ်၍တပည့်တော်၏ ဆုံးမရမည့် မြင်းသည် နူးညံ့သော နည်းဖြင့် ဆုံးမ၍လည်း မယဉ်ကျေး၊ ကြမ်းတမ်းသော နည်းဖြင့်လည်း ဆုံးမ၍ မယဉ်ကျေး၊ နှစ်ပါးစုံ ရောယှက်၍ ဆုံးမ၍လည်း မယဉ်ကျေးသည် ဖြစ်ပါအံ့၊ ထိုသို့ သဘောရှိသော မြင်းမျိုးကို ဆရာ၏ အမျိုးဝယ် ဂုဏ်ကျေးဇူးသတင်း ပျက်ခြင်း မဖြစ်ပါစေသောဝ်ဟု နှလုံးပိုက်၍ ထိုသို့သဘောရှိသော မြင်းကို သတ်ဖြတ်၍ ပစ်ပါသည်ဘုရား ဟု လျှောက်ထားပြီးလျှင်—

"ဘဂဝါ ပန ဘန္တေ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ကထံ ပန ဘန္တေ ဘဂဝါ ပုရိသဒမ္မံ ဝိနေတိ"ဟု—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည် လောကသုံးပါးဝယ် အတုမရှိသော ဆုံးမသင့်သော သတ္တဝါ အစုအဝေးကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည့် နဘ်သူ ဖြဟ္မာ သတ္တဝါဟို၏ ဆရာတဆူ ဖြစ်ပါပေသည်။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ဆုံးမသင့်သော နတ်လူပြဟ္မာ သတ္တဝါတို့ကို အဘယ်သို့သော ဇခြင်းအရာဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူပါသနည်းဘုရားဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အဟံ ခေါ ကေသိ ပုရိသဒမ္မံ သဏှေ-နပိ ဝိနေမိ၊ ဖရုသေနပိ ဝိနေမိ၊ သဏှဖရုသေနပိ ဝိနေမိ" အစရှိသည်ဖြင့်—

ကေသိဒါယကာ....ငါဘုရားသည်ကား မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား ဗြဟ္မာယောကျ်ားတို့ကို သိမ်မွေ့သော နည်းလမ်းဖြင့်လည်း ဆုံးမသည်။ ကြမ်းတမ်းသော နည်းလမ်းဖြင့်လည်း ဆုံးမသည်။ အသိမ်မွေ့ရော အကြမ်းတမ်းပါ နှစ်ပါးစုံ ရောယှက်၍လည်း ဆုံးမသည်။

ကေသိ မည်သော ဒါယကာ....ဤဆိုလတ္တံ့သည်ကား သိမ်မွေ့စွာ ဆုံးမပုံ နည်းလမ်းပေတည်း။ ဤတရား ဤတရားအစုကား ကာယသုစရိုက်၊ ဤတရား အစုကား ကာယသုစရိုက်၏ အကျိုးတရား။ ဤသည်ကား ဝစီ-သုစရိုက်တရား၊ ဤသည်ကား ဝစီသုစရိုက်၏ အကျိုးတရား။ ဤကား မနောသုစရိုက်၊ ဤကား မနောသုစရိုက်၏ အကျိုးတရား။ ဤသို့ သဘောရှိသော ကာယသုစရိုက်,ဝစီသုစရိုက်,မနောသုစရိုက်တို့ကို ပွါးများ အားထုတ်လျှင် ဤသို့သဘောရှိသော ဒေဝဂတိ, မနုဿဂတိသို့ ရောက်ရလိမ့်မည်ဟု ညွှန်ပြ ဆုံးမခြင်းသည်ကား သိမ်မွေ့နူးညံ့သောနည်းဖြင့် ဆုံးမခြင်း ဖြစ်ပေသည်။

ကေသိမည်သော ဒါယကာ....ငါဘုရားသည် အချို့အချို့သော မယဉ်ကျေးသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ကြမ်းတမ်းသော နည်းလမ်းဖြင့် ဆုံးမ၏ ဟူသည်မှာ ဤတရား ဤတရားအစုသည်ကား ကာယဒုစရိုက်တရားတည်း၊ ဤသို့သော အကျိုးသည်ကား ကာယဒုစရိုက်၏ အကျိုးတည်း။ ဤကား ဝစီဒုစရိုက်၊ ဤကား ဝစီဒုစရိုက်၏အကျိုး။ ဤကား မနော-ဒုစရိုက်၊ ဤကား မနောဒုစရိုက်၏ အကျိုး။ ဤသို့သဘောရှိသော ကာယ, ဝစီ, မနောဒုစရိုက်ကို ပြုလုပ်သည်ရှိသော် ဤသို့သဘောရှိသော နိရယဂတိ, ဤသို့ သဘောရှိသော တိရစ္ဆာနဂတိ, ဤသို့သဘောရှိသော ပေတဂတိသို့

ရောက်ရချိမ့်မည်ဟု ယဉ်ကျေးအောင် ဆုံးမခြင်းသည်ကား ကြမ်းတမ်းသော အကျိုးကိုပြ၍ ဆုံးမခြင်း ဖြစ်ပေသည်။

ကေသိ မည်သော ဒါယကာ.... အချို့ အချို့သော လူ နတ် ဗြဟ္မာ သတ္တဝါတို့အားကား ဤတရားကား ကာယသုစရိုက်၊ ဤတရားကား ကာယ-သုစရိုက်၏ အကျိုး။ ဤကား ကာယဒုစရိုက်၊ ဤကား ကာယဒုစရိုက်၏ အကျိုး။ ဤကား ဝစီ, မနောသုစရိုက်၊ ဤကား ဝစီ, မနောသုစရိုက်၏ အကျိုး။ ဤကား ဝစီ, မနောဒုစရိုက်၊ ဤကား ဝစီ, မနောဒုစရိုက်၏ အကျိုး။ ဤသို့ သဘောရှိသော ကာယ, ဝစီ, မနောသုစရိုက်ကို ပွါးများ အားထုတ်သည်ရှိသော် ဤသို့ သဘောရှိသော ဒေဝဂတိ, မနုဿဂတိသို့ လားရချိမ့်မည်။ ဤသို့ သဘောရှိသော ကာယ, ဝစီ, မနောဒုစရိုက်ကို လေ့လာ ပွါးများသည်ရှိသော် ဤသို့ သဘောရှိသော နိရယဂတိ, တိရစ္ဆာန-ဂတိ, ပေတဂတိတို့သို့ ရောက်ရချိမ့်မည်ဟု ဤသို့ အကြမ်း အနု နှစ်ပါးစုံ ရော ယှက်၍ ဆုံးမခြင်းသည်ကား သဏှဖရုသနည်း နှစ်ပါးရော၍ ဆုံးမခြင်း ဖြစ်သည်ဟု မိန့်ကြားတော်မူလတ်ပါသည်။

ထိုအခါ ကေသိမြင်းထိန်းက "သစေ တေ ဘန္တေ ပုရိသဒမ္မော သဏှေန ဝိနယံ န ဥပေတိ၊ ဖရုသေန ဝိနယံ န ဥပေတိ၊ သဏှဖရု-သေန ဝိနယံ န ဥပေတိ"အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရား၏ ဆုံးမသင့်သော လူ နတ် ဗြဟ္မာ သတ္တဝါသည် အကယ်၍ နူးညံ့သိမ်မွေ့သော သုစရိုက်, သုစရိုက်၏ အကျိုးကို ပြ၍မျှလည်း မယဉ်ကျေး။ ကြမ်းတမ်းလှစွာသော ဒုစရိုက်, ဒုစရိုက်၏ အကျိုးကို ပြ၍မျှလည်း မယဉ်ကျေး။ နှစ်ပါးစုံပြ၍လည်း မယဉ်ကျေးခဲ့သည်ရှိသော် ထိုသို့ သဘောရှိသော ဆုံးမသင့်သော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အဘယ်သို့ ပြုတော်မူပါသနည်းဟု မေးမြန်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ကေသိမည်သော ဒါယကာ....အကြင်ပုဂ္ဂိုလ်သည် ဒုစရိုက်၏ အပြစ်ကိုပြ၍ ဆုံးမသော်လည်း မယဉ်ကျေး။ သုစရိုက်

၏ အကျိုးကို ပြ၍ ဆုံးမသော်လည်း မယဉ်ကျေး။ နှစ်ပါးစုံ၏ အကျိုးအပြစ်ကို ပြ၍ ဆုံးမသော်လည်း မယဉ်ကျေးအံ့၊ ထိုပုဂ္ဂိုလ်ကို ငါဘုရားသည်လည်း သင်ဘို့ကွဲသို့ပင် သတ်ဖြတ်၍ ပစ်ပါတော့သည်ဟု မိန့်ကြားတော်မူလတ်သည်တွင်—

န ခေါ ဘန္တေ ဘဂဝတော ပါဏာတိပါတော ကပ္ပတိ၊ အထ စ ပန ဘဂဝါ ဧဝမာဟ "ဟနာမိ နံ ကေသိ"တိ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်နားလည် သိရှိ၍ ထားသည်မှာ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ပါဏာတိပါတ-သူ့အသက်ကို သတ်ခြင်းအမှုသည် မအပ် ဟူ၍ တပည့်တော်သည် နားလည် သိရှိ၍ ထားပါသည်။ သိပါလျက် ရှင်တော်ဘုရားက ဆုံးမ၍ မရသော သတ္တဝါကို "ငါဘုရားသည် သတ်၍ ပစ်သည်"ဟု အထူးအဆန်း မိန့်ကြားတော်မူပါပေသည်ဘုရားဟု လျှောက်ထားသည်ဘွင် "သစ္စံ ကေသိ န တထာဂတဿ ပါဏာတိပါတော ကပ္ပတိ"အစရှိသည်ဖြင့်—

ကေသိမည်သော ဒါယကာ.... ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ပါဏာတိပါတ-သူ့အသက်ကို သတ်ခြင်းအမှု မအပ်ဟူသော စကားသည် မှန်လှပေ၏။ စင်စစ်သော်ကား အကြင်သို့ သဘောရှိသော လူ နတ် ဗြဟ္မာ သတ္တဝါသည် သိမ်မွေ့ နူးညံ့သော ကာယ, ဝစီ,မနောသုစရိုက်၊ ထိုသုစရိုက်၏ အကျိုးကိုပြ၍လည်း ဆုံးမ၍ မယဉ်ကျေး။ ကြမ်းတမ်းသော ကာယ, ဝစီ, မနော ဒုစရိုက်၊ ထိုဒုစရိုက်၏ အကျိုးကိုပြ၍ ဆုံးမသော်လည်း မယဉ်ကျေး။ နှစ်ပါးစုံကိုပြ၍ ဆုံးမသော်လည်း မယဉ်ကျေးငြားအံ့၊ ထိုသို့ သဘောရှိသော လူ နတ် ဗြဟ္မာ သတ္တဝါကို ငါဘုရားသည်လည်း နောက်ထပ် တဖန် ပြောကောင်းသည်, ဆုံးမကောင်းသည်ဟူ၍ အသိအမှတ် မပြုတော့ချေ။ ပညာရှိသော သီတင်းသုံးဖော် သံဃာတော်တို့ကလည်း ထိုသို့ သဘောရှိသော အဘဗ္ဗပုဂ္ဂိုလ်, ဒုဗ္ဗစပုဂ္ဂိုလ်, မကျွတ်ထိုက်သော ပုဂ္ဂိုလ်, အဆုံးမ ခက်သော ပုဂ္ဂိုလ်ကို ပြောကောင်းသည်, ဆုံးမကောင်းသည် ဟူ၍မျှ အသိအမှတ် မပြုကြတော့ချေ။

ဒါယကာ ကေသိ....အရိယဝိနယ အမည်ရှိသော ဤငါဘုရား သာသနာတော်ဝယ် ဘုရားရှင်ကသော်ငင်း, သီတင်းသုံးဖော် ပညာရှိ ရဟန်းတော်တို့

ကသော်ငြား ဆိုကောင်းသည်, ဆုံးမကောင်းသည် ဟူ၍မျှ အသိအမှတ်အပြု မခံရခြင်းသည် ဤသာသနာတော်ဝယ် အသတ်ခံရခြင်းပင် ဖြစ်တော့သည်ဟု မိန့်ကြားတော် မူလတ်ပါသည်။

ထိုအခါ ကေသိမည်သော မြင်းထိန်းဒါယကာက.... "သော ဟိ နူန ဘန္တေ သုဟတော ဟောတိ ယံ န တထာဂတော ဝတ္တဗ္ဗံ အနုသာသိတဗ္ဗံ မညတိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်သို့ သဘောရှိသော အပြစ်တင်ပြ၍လည်း ဆုံးမ၍မရ၊ အကျိုးကို ဖော်ပြ၍ လည်း ဆုံးမ၍မရသည့် အဆုံးမ ခက်သော ဒုဗ္ဗစ ပုဂ္ဂိုလ်မျိုးကို-သဗ္ဗညုမြတ်စွာ ဘုရားကငြား, ပညာရှိသော သီတင်းသုံးဖော် သူတော်ကောင်းတို့ကငြား ဆိုစကောင်းသည်, ဆုံးမကောင်းသည် ဟူ၍မျှ အသိအမှတ် အပြု မခံရခြင်း သည် ထိုသူအတွက်ဝယ် အကြွင်းမဲ့ အသေ အသတ်ခံရခြင်းပင် မည်ပါတော့ သည်ဘုရား။

"အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ"။ ဘုန်းတော်ကြီးမြတ်တော်မူ လှသော မြတ်စွာဘုရား....နှစ်သက်ဖွယ် ရှိပါပေစွ၊ ရှင်တော်ဘုရားသည် တပည့်တော်အား အထူးထူး အပြားပြားသော နည်းလမ်းတို့ဖြင့် တရား ဓမ္မကို ဟောပြတော်မူပါပေသည်။ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်သည် ဘုရားကိုငြား, တရားကိုငြား, သံဃာ တော်ကိုငြား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ယနေ့မှလျှင် အသက်ရှိသမျှ ကာလပတ်သုံး တပည့်တော်ကို သရဏဂုံတည် ဥပါသကာဟု မှတ်ယူတော် မူပါဘုရားဟု ဤကေသိ အမည်ရှိသော မြင်းထိန်းဒါယကာသည် ဒေသနာ အဆုံးဝယ် သရဏဂုံတည် ဥပါသကာဖြစ်ခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ကေသိ မည်သော မြင်းထိန်းကို အကြောင်းပြု၍ လျှောက်ဆိုအပ်ပြီးသော အဋ္ဌုပ္ပတ် ကြောင့် ဤကေသိအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ကေသိသုတ် ပြီး၏။**

## အတ္တာနုဝါဒသုတ်

ပု။ ။ဘယဝဂ္ဂေ ပန အာဝုသော ပဌမံ အတ္တာနုဝါဒသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဘယဝဂ္ဂေ ဘန္တေ ပဌမံ အတ္တာနုဝါဒသုတ္တံ "စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ။ ကတမာနိ စတ္တာရိ၊ အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဘယဝဂ်၌ ရှေးဦးစွာသော အတ္တာနုဝါဒ မည်သော သုတ္တန် ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဘယဝဂ်၌ ရှေးဦးစွာသော အတ္တာနုဝါဒ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရိမာနိ ဘိက္ခဝေ ဘယာနိ။ ကတမာနိ စတ္တာရိ၊ အတ္တာနုဝါဒဘယံ ပရာနုဝါဒဘယံ ဒဏ္ဍဘယံ ဒုဂ္ဂတိဘယံ" အစ ရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဘေးတို့သည်(ကြောက်လန့်ခြင်းတို့သည်) လေးမျိုးတို့ ရှိကုန်သည်။ လေးမျိုးတို့ ဟူသည်မှာ—

(၁) မိမိကိုယ်ကို မိမိ စွပ်စွဲအံ့သော ဘေးမှ ကြောက်လန့်ခြင်း တပါး။

(၂) သူတပါးတို့ အစွပ်အစွဲ ခံရမည်မှ ကြောက်လန့်ခြင်း တပါး။

(၃) လောကမျက်မြင်ဖြစ်သော သုံးဆဲ့နှစ်ပါးသော ကမ္မကရဏ ဒဏ်တို့ကို မြင်၍ ကြောက်လန့်ခြင်း တပါး။

(၄) အပါယ်ဒုဂ္ဂတိဘေးကို မြင်၍ ကြောက်လန့်ခြင်းတပါး။ ဤသို့ ကြောက်လန့်ခြင်း လေးမျိုးတို့ ရှိကုန်သည်။

ချစ်သားတို့....အဘယ်သည် အတ္တာနုဝါဒ-မိမိကိုယ်ကို မိမိ စွပ်စွဲအံ့သော ဘေးမှ ကြောက်လန့်ခြင်း ဖြစ်သနည်း။

ဤလောက၌ အချို့သော ယောနိသောမနသိကာရရှိသော ပုဂ္ဂိုလ် သည် ဤသို့ ဆင်ခြင်၏။ အကယ်၍ ငါသည် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်ကို ပြုလုပ်သည် ဖြစ်ပါအံ့၊ ငါသည် မိမိကိုယ်ကို သီလအားဖြင့်

မစွပ်စွဲဘိုရန် အဘယ်မှာလျှင် အကြောင်းရှိပါအံ့နည်း၊ ကေန်ပင် သူတပါးတို့ မစွပ်စွဲအပ်ဘဲ ငါ့ကိုယ်ကို ငါပြန်၍ မစင်ကြယ်သော သီလရှိသူဟူ၍ စွပ်စွဲရအံ့သည်သာတည်းဟု ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိပြန်၍ စွပ်စွဲမည့် အတ္တာနုဝါဒဘေးမှ ကြောက်လန့်သဖြင့် ကာယဒုစရိုက်ကို ဖယ်ရှား၍ ကာယသုစရိုက်ကို ပွါးများလေတော့သည်။ ဝစီဒုစရိုက်ကို ဖယ်ရှား၍ ဝစီသုစရိုက်ကို ပွါးများလေတော့သည်။ မနောဒုစရိုက်ကို ဖယ်ရှား၍ မနောသုစရိုက်ကို ပွါးများလေတော့သည်။ မိမိကိုယ်ကို ကာယ,ဝစီ,မနောဒုစရိုက်တို့မှ စင်ကြယ်အောင် စောင့်ဆောင်၍ နေလေသည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသည်ကား အတ္တာနုဝါဒဘေးမှ ကြောက်လန့်ခြင်း ဖြစ်ပေသည်။

ချစ်သားတို့.... အဘယ်သို့လျှင် ပရာနုဝါဒဘေး-သူတပါးတို့ စွပ်စွဲအံ့သောဘေးမှ ကြောက်လန့်ခြင်း ဖြစ်သနည်း။

ဤလောက၌ အချို့သော သူတော်စင်ပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်၏။ အကယ်၍ ငါသည် ကာယ, ဝစီ, မနောတည်းဟူသော ဒုစရိုက်တရားတို့ကို ပြုမှားသည် ဖြစ်ပါအံ့၊ ငါ့ကို တပါးသော သူတို့က သီလဖြင့် မစွပ်စွဲဘိုရန် တစုံတခု အကြောင်း မရှိနိုင်တော့ချေ၊ အကယ်၍ ငါသည် ကာယ, ဝစီ, မနော-ဒုစရိုက်ကို ပြုလုပ်သည်ရှိသော် သူတပါးတို့က ကေန်ပင်လျှင် ဤသူကား သီလမရှိသော သူတည်းဟု သီလဖြင့် အစွပ်စွဲ ခံရတော့မည်ဟု သူတပါးတို့ အစွပ်စွဲခံရအံ့သော ဘေးမှ ကြောက်လန့်ပြီး ကာယဒုစရိုက်ကို ဖယ်ရှား၍ ကာယ-သုစရိုက်ကို ပွါးများလေတော့သည်။ဝစီဒုစရိုက်, မနောဒုစရိုက်ကို ဖယ်ရှား၍ ဝစီသုစရိုက် မနောသုစရိုက်ကို ပွါးများလေတော့သည်။ မိမိကိုယ်ကို ကာယ, ဝစီ, မနောဒုစရိုက်တို့မှ စင်ကြယ်အောင် စောင့်ဆောင်လေ့ ရှိပေသည်။

ချစ်သားတို့....ဤဆိုအပ်ခဲ့ပြီးသည်ကား ပရာနုဝါဒဘေးမှ ကြောက်လန့်ပုံ ဖြစ်ပေသည်။

ချစ်သားတို့....အဘယ်သည် ဒဏ္ဍဘေးမှ ကြောက်လန့်ခြင်းဖြစ်သနည်း။

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်ရှိသော ရာဇဝတ်မှုကို ကျူးလွန်သော ခိုးသားကို မင်းတို့သည် ဖမ်းယူပြီးလျှင် ကြိမ်လုံးဖြင့် ရိုက်ခတ်

ခြင်း, လက်ကိုဖြတ်ခြင်း, ခြေကိုဖြတ်ခြင်း, လက်ခြေကိုဖြတ်ခြင်း, နားကို ဖြတ်ခြင်း, နှာခေါင်းကိုဖြတ်ခြင်း, နားနှာခေါင်း နှစ်ပါးစလုံးကို ဖြတ်ခြင်း အစရှိသော အမျိုးမျိုး အထွေထွေသော ကမ္မကရဏအမှု ပြုလုပ်သည်ကို မြင်လေရာသည်။

ထိုသို့မြင်သော ထိုသူတော်စင်ပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် ဤသို့အကြံ အစည်ဖြစ်လေသည်။ အကြင်သို့ သဘောရှိသော မကောင်းမှုဒုစရိုက်တို့ကို ပြုခြင်း ဟူသော အကြောင်းကြောင့် မကောင်းမှု ဒုစရိုက်ကို ပြုသော ခိုးသား ကို မင်းတို့သည် ဖမ်းယူ၍ ဤယခု ငါ့ မျက်မြင်ဖြစ်သော ကမ္မကရဏအမှု အကြမ်းမှုတို့ကို ပြုကြကုန်သည်။ အကယ်၍ ငါလည်း ထိုသူကဲ့သို့ပင် မကောင်းသောအမှုတို့ကို ပြုလုပ်သည်ဖြစ်အံ့၊ ပစ္စုပ္ပန္န ဤဘဝ၌ပင်လျှင် ငါ့ကိုလည်း မင်းတို့သည် ဖမ်းယူပြီးလျှင် ကြိမ်ဒဏ်ခတ်ခြင်း, လက်ခြေတို့ကို ဖြတ်ခြင်း, နားနှာခေါင်းတို့ကို ဖြတ်ခြင်း အစရှိသော ကြောက်လန့်ဘွယ်ရာ သော ကမ္မကရဏအမှုတို့ကို ပြုကြကုန်လိမ့်မည်ဟု မျက်မြင်ဖြစ်သော ကမ္မ-ကရဏဒဏ်ဘေးကိုမြင်၍ ထိုဒဏ်ဘေးမှ ကြောက်လန့်သဖြင့် ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ဖယ်ရှား၍ ကာယ, ဝစီ, မနောသုစရိုက်တို့ကို ပွါးများပြီးလျှင် မိမိကိုယ်ကို စင်ကြယ်အောင် စောင့်ရှောက်၍နေပေသည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသည်ကား ဒဏ္ဍဘေးမှ ကြောက်လန့်ပုံဖြစ် ပေသည်။

ချစ်သားတို့.... အဘယ်သို့လျှင် ဒုဂ္ဂတိဘေးမှ ကြောက်လန့်ခြင်း ဖြစ် သနည်း။

ဤလောက၌ အချို့သော အမြော်အမြင်ရှိသော သူတော်စင် ပုဂ္ဂိုလ်သည် ဤသို့ဆင်ခြင်လေသည်။ စင်စစ်လျှင် ကာယဒုစရိုက်အကျိုးကား တမလွန်ဘဝ၌ ယုတ်မာလှချေ၏။ ဝစီဒုစရိုက်, မနောဒုစရိုက်၏အကျိုးကား တမလွန်ဘဝ၌ ယုတ်မာလှ၊ ကြမ်းတမ်းလှ၊ ကြောက်မက်ဖွယ် ကောင်းလှ ချေ၏။ အကယ်၍ ငါသည် ကာယ,ဝစီ,မနော ဒုစရိုက်ကို ပြုမှား, ပြောမှား, ကြံမှားသည်ဖြစ်ပါအံ့၊ ငါသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ ဝယ် အပါယ် ဒုဂ္ဂတိ နိရယဘုံသို့ မကျရောက်ပါဘူးဟူ၍ ပြောနိုင်ဘို့ရန် တစုံ တရာနည်းလမ်း အကြောင်း မရှိတော့ချေဟု တမလွန်လောက ဟိုဘဝဝယ် ကျရောက်ရမည့် ဒုဂ္ဂတိဘေးကို တွေးကာ တွေးကာ ကြောက်ရွံ့သဖြင့်

ကာယဒုစရိုက်ကိုဖယ်ရှား၍ ကာယသုစရိုက်ကို ပွါးများလေသည်။ ဝစီဒုစရိုက်, မနောဒုစရိုက်ကို ဖယ်ရှား၍ ဝစီ, မနောသုစရိုက်ကို ပွါးများလေတော့သည်။ မိမိကိုယ်ကို ကာယ, ဝစီ, မနောဒုစရိုက်တို့မှ စင်ကြယ်သန့်ရှင်းအောင် စောင့်ဆောင်၍ နေလေသည်။

ချစ်သားတို့....ဤဆိုအပ်ပြီးသော နည်းအတိုင်း ဒုဂ္ဂတိဘေးမှ သူတော်ကောင်းတို့ ကြောက်လန့်ခြင်းသည် ဖြစ်ပေတော့သည်။

ချစ်သားဘို့....ဤဆိုအပ်ပြီးသောအတိုင်း အတ္တာနုဝါဒဘေးမှ ကြောက်လန့်ခြင်း, ပရာနုဝါဒဘေးမှ ကြောက်လန့်ခြင်း, ဒဏ်ဘေးမှကြောက်လန့်ခြင်း, အပါယ်ဒုဂ္ဂတိဘေးမှကြောက်လန့်ခြင်းဟူ၍ သူတော်စင်တို့ ကြောက်လန့်ခြင်းတည်းဟူသော ဘေးလေးမျိုးတို့ ရှိကုန်သည်ဟု ဤအတ္တာနုဝါဒ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အတ္တာနုဝါဒသုတ် ပြီး၏။**

---

## ဓမ္မကထိကသုတ်

ပု။ ။ဣဒါနိ အာဝုသော ဗဟုဇနဿ သုတဝုစ္စိယာ သံဂီတာ အင်္ဂုတ္တရနိကာယတောပိ ကာနိစိ သုတ္တာနိ ဥဒ္ဓရိတွာ ပဋိပုစ္ဆိဿာမိ၊ သံဂီတေ အာဝုသော အင်္ဂုတ္တရနိကာယေ စတုက္ကနိပါတေ ပုဂ္ဂလဝဂ္ဂေ နဝမံ ဓမ္မကထိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပုဂ္ဂလဝဂ္ဂေ ဘန္တေ နဝမံ ဓမ္မကထိကသုတ္တံ "စတ္တာရောမေ ဘိက္ခဝေ ဓမ္မကထိကာ။ ကတမေ စတ္တာရော၊ ဣဓ ဘိက္ခဝေ ဧကစ္စော ဓမ္မကထိကော အပ္ပဉ္စ ဘာသတိ အသဟိတဉ္စ၊ ပရိသာ စဿ န ကုသလာ ဟောတိ သဟိတာသဟိတဿ။ ဧဝရူပေါ ဘိက္ခဝေ ဓမ္မကထိကော ဧဝရူပါယ ပရိသာယ ဓမ္မကထိကောတွေဝ သင်္ခံ ဂစ္ဆတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ယခုအခါ၌များစွာသော လူအပေါင်းအား အကြားအမြင် ဗဟုသုတတိုးပွါးစေရန် အလို့ငှါ ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ သံဂါယနာ တင်ခဲ့ပြီးဖြစ်သော အင်္ဂုတ္တရနိကာယ်မှလည်း အချို့သော သုတ်များကို ထုတ်ဆောင်ကာ ပြန်လည်၍ မေးမြန်းဦးအံ့။ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ သံဂါယနာတင်ပြီး ဖြစ်သော အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ပုဂ္ဂလဝဂ်၌ ကိုးခုမြောက်ဖြစ်သော ဓမ္မကထိက သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပုဂ္ဂလဝဂ်၌ ကိုးခုမြောက် ဖြစ်သော ဓမ္မကထိက အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရောမေ ဘိက္ခဝေ ဓမ္မကထိကာ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ဤလောက၌ တရားကိုဟောပြသော ဓမ္မကထိကပုဂ္ဂိုလ်တို့သည် လေးမျိုးတို့ ရှိကုန်သည်၊ လေးမျိုးတို့ ဟူသည်မှာ—

(၁) ဤလောက၌ အချို့သော ဓမ္မကထိက ပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟောပြ၏။ ရှေ့နောက် အနုသန္ဓေ မဆက်မစပ်သော တရားစကားကိုလည်း ဟောပြ၏။ထိုဓမ္မကထိက ရဟန်း၏ တရားနာပရိသတ်သည်လည်း ရှေ့နောက်စကား အနုသန္ဓေ ဆက်စပ်သည် မဆက်စပ်သည်၌ မလိမ်မာသော ပရိသတ်သာလျှင် ဖြစ်ပေ၏။

ချစ်သားတို့....ဤသို့သဘောရှိသော ဓမ္မကထိက ပုဂ္ဂိုလ်မျိုးသည် ဤသို့ အနုသန္ဓေ အဆက်အစပ်၌ မလိမ်မာသော ပရိသတ် ပွဲအလယ်၌ ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ပင်လျှင် ခေါ်ဆိုခြင်းသို့ ရောက်တော့သည်။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤလောက၌ အချို့သော ဓမ္မကထိကပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟောပြ၏။ ရှေ့နောက်စကား အနုသန္ဓေ အဆက်အစပ်နှင့် ပြည့်စုံသော တရားစကားကိုလည်း ဟောကြား၏။ ထိုရဟန်း၏ ပရိသတ်သည်လည်း စကားရှေ့နောက် ဆက်စပ်သည် မဆက်စပ်သည်၌ လိမ်မာသော ပရိသတ်လည်း ဖြစ်ပေ၏။

ချစ်သားရဟန်းတို့.... ဤသို့သဘောရှိသော ဓမ္မကထိကပုဂ္ဂိုလ်မျိုးသည် ဤသို့သဘောရှိသော စကားအနုသန္ဓေ အဆက်အစပ်၌ လိမ်မာသော ပရိသတ်အလယ်တွင် ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းသို့ ရောက်တော့သည်။

(၃) ချစ်သားတို့.... ဤလောက၌ အချို့သော ဓမ္မကထိကပုဂ္ဂိုလ်သည် များစွာလည်း ဟောကြား၏။ ရှေ့နောက်စကား အနုသန္ဓေ အဆက်အစပ်မရှိသော ရောက်တတ်ရာရာ တရားစကားကိုလည်း ဟောကြားတတ်ပေ၏။ ထိုရဟန်း၏ တရားနာပရိသတ်သည်ကား ရှေ့နောက်စကား အနုသန္ဓေ အဆက်အစပ်၌ မလိမ်မာသော ပရိသတ်လည်း ဖြစ်ပေ၏။

ချစ်သားတို့....ဤသို့သဘောရှိသော ဓမ္မကထိက ပုဂ္ဂိုလ်မျိုးသည် ဤသို့သဘောရှိသော အနုသန္ဓေ အဆက်အစပ်ဝယ် မလိမ်မာသော ပရိသတ်၏ အလယ်၌ ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ပင်လျှင် ရေတွက်ခြင်းသို့ ရောက်ပေ၏။

(၄) ချစ်သားတို့.... ဤလောက၌ အချို့သော ဓမ္မကထိက ပုဂ္ဂိုလ်သည် များစွာသော တရားဓမ္မကိုလည်း ဟောပြ၏။ ရှေ့နောက် အနုသန္ဓေ စကားအဆက်အစပ်နှင့် ပြည့်စုံသော တရားဓမ္မကိုလည်း ဟောပြ၏၊ ထိုရဟန်း၏ တရားနာပရိသတ်သည်လည်း စကားအနုသန္ဓေ အဆက်အစပ်၌ လိမ်မာသော ပရိသတ်သည်း ဖြစ်ပေ၏။

ချစ်သားတို့.... ဤသို့သဘောရှိသော ဓမ္မကထိက ပုဂ္ဂိုလ်မျိုးသည် ဤသို့သဘောရှိသော စကားအနုသန္ဓေ အဆက်အစပ်ဝယ် လိမ်မာသော ပရိသတ်တို့အလယ်၌ ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍ပင် ခေါ်ဆိုခြင်းသို့ ရောက်လေသည်။

ချစ်သားတို့.... ဤလောက၌ ဓမ္မကထိက ပုဂ္ဂိုလ်တို့သည်ကား ဤဆိုအပ်ပြီးသောအတိုင်း လေးမျိုးလေးစား လေးပါးရှိကုန်၏ဟု ဤဓမ္မကထိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဓမ္မကထိကသုတ် ပြီး၏။**

## ရောဂသုတ်

ပု။ ။ဣန္ဒြိယဝဂ္ဂေ ပန အာဝုသော သတ္တမံ ရောဂသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ ရောဂသုတ္တံ "ဒွေမေ ဘိက္ခဝေ ရောဂါ။ ကတမေ ဒွေ၊ ကာယိကော စ ရောဂေါ၊ စေတသိကော စ ရောဂေါ။ ဒိဿန္တိ ဘိက္ခဝေ သတ္တာ ကာယိကေန ရောဂေန ဧကမ္ပိ ဝဿံ အာရောဂျံ ပဋိဇာနမာနာ ဒွေပိ ဝဿာနိ တီဏိပိ ဝဿာနိ စတ္တာရိပိ ဝဿာနိ ပဉ္စပိ ဝဿာနိ ဒသပိ ဝဿာနိ ဝီသမ္ပိ ဝဿာနိ တိံသမ္ပိ ဝဿာနိ စတ္တာရီသမ္ပိ ဝဿာနိ ပညာသမ္ပိ ဝဿာနိ အာရောဂျံ ပဋိဇာနမာနာ ဝဿသတမ္ပိ ဘိယျောပိ အာရောဂျံ ပဋိ-ဇာနမာနာ။ တေ ဘိက္ခဝေ သတ္တာ သုဒုလ္လဘာ လောကသ္မိံ၊ ယေ စေတသိကေန ရောဂေန မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနန္တိ အညတြ ခီဏာသဝေဟိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဣန္ဒြိယဝဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ရောဂသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဣန္ဒြိယဝဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ရောဂသုတ္တန် အမည်ရှိသော တရားဒေသနာတော်မြတ်ကို "ဒွေမေ ဘိက္ခဝေ ရောဂါ။ ကတမေ ဒွေ၊ ကာယိကော စ ရောဂေါ၊ စေတသိကော စ ရောဂေါ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... အနာရောဂါတို့သည် နှစ်မျိုးပင် ရှိကုန်တော့သည်။ နှစ်မျိုးဘို့ဟူသည်မှာ——

(၁) ကိုယ်ခန္ဓာပေါ်၌ ကျရောက်တတ်သော ၉၆-ပါးသောအနာရောဂါတည်းဟူသော ကာယိကရောဂါလည်း တမျိုး။

(၂) စိတ်အပေါ်၌ ကျရောက်တတ်သည့် တထောင့်ငါးရာ ကိလေသာတည်းဟူသော စေတသိကရောဂါလည်း တမျိုး။

ဤသို့လျှင် နှစ်မျိုးတို့ ရှိကုန်သည်။

ချစ်သားရဟန်းတို့....ဤလောကဝယ် တနှစ်ပတ်လုံးငင်း၊နှစ်နှစ်ပတ်လုံး ငင်း၊သုံးနှစ်, လေးနှစ်, ငါးနှစ်, ဆယ်နှစ်, အနှစ် နှစ်ဆယ်, အနှစ် သုံးဆယ်, အနှစ် လေးဆယ်, အနှစ် ငါးဆယ် ပတ်လုံးငင်း၊ အနှစ် တရာပတ်လုံးငင်း၊ ထိုအနှစ်တရာထက် အလွန်ငင်း ကိုယ်ဝယ် ကျရောက်တတ်သည့် ကိုးဆယ့်ခြောက်ဖြာ အနာရောဂါ တည်းဟူသော ကာယိကရောဂါမျိုးဖြင့် မနာဘူးဟူ၍ မိမိကိုယ်ကို မိမိ ဝန်ခံနိုင်သော သတ္တဝါတို့သည်ကား ဤလောကဝယ် ထင်ရှားရှိကြပေကုန်၏။

ရဟန္တာ အရှင်သခင် သူတော်မြတ်တို့ကို ထား၍ ဤလောကဝယ် စေတသိကအမည်ရသော တထောင့်ငါးရာ ကိလေသာတို့ဖြင့် မိမိတို့ ကိုယ်ခန္ဓာဝယ် မကျရောက်ဘူးပါဟူ၍ တထောင့်ငါးရာ ကိလေသာတည်းဟူသော စေတသိကအနာနှင့် စပ်၍ အနာရောဂါ ကင်းရှင်းပါသည်ဟု မိမိကိုယ်ကိုမိမိ ဝန်ခံနိုင်သည့် သတ္တဝါတို့သည်ကား ရဟန္တာပုဂ္ဂိုလ်တို့ကို ထား၍ လွန်စွာ့ လွန်စွာ ရှားပါးလှပါပေ၏။

စတ္တာရောမေ ဘိက္ခဝေ ပဗ္ဗဇိတဿ ရောဂါ။

ချစ်သား ရဟန်းတို့.... ရဟန်းအဖြစ်သို့ ကပ်ရောက်သော ပုဂ္ဂိုလ်၏ အနာရောဂါတို့သည်ကား လေးမျိုးတို့ ရှိကုန်သည်၊လေးမျိုးတို့ ဟူသည်မှာ—

(၁) ဤလောက၌ အချို့သောရဟန်းသည် ရ-ရသမျှသော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲခြင်းမရှိပဲ အလိုကြီး၍သာ နေလသည်။ သို့ အလိုကြီး၍ နေခြင်းအတွက် နေ့စဉ်နှင့်အမျှ ပင်ပန်းဆင်းရဲ၍သာ နေရ၏။

(၂) ချစ်သားတို့....ထိုရဟန်းသည် ဤသို့ အလိုကြီးရုံမျှ မကပဲ မိမိကိုယ်ကို သူတပါးတို့ အထင်ကြီးဘို့ရန် အလို့ငှါ ပစ္စည်းလေးပါး တည်းဟူသော လာဘ် လာဘ ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစောကို ရဘို့ရန်အဘွက် ယုတ်မာသော အလိုဆိုး ရမ္မက်ကို မိမိသန္တာန်၌ ဖြစ်စေတော့, ထားတော့သည်။

(၃) သို့ အလိုဆိုး ရမ္မက်ကို ဖြစ်စေသည့်အတိုင်း, ထားသည့်အတိုင်း မိမိကိုယ်ကို သူတပါးတို့ အထင်ကြီးဘို့ရန် အထူးသဖြင့် အမွန်အမြတ်ပြုလုပ်

အပ်သော ပစ္စည်းလေးပါး လာဘ်လာဘ အရှိန်အဝါ အကျော်အစော တို့ကို ရဘို့ရန်အတွက် လှံ့သ ကြိုးကုတ် အားထုတ်တော့သည်။

(၄) ထိုပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပြင်ဆင်ဟန်လုပ်၍ ဒကာ, ဒကာမ တို့ အိမ်သို့သည်း ချဉ်းကပ်လေသည်။ မိမိကိုယ်ကို ပြင်ဆင်ဟန်လုပ်၍ ဒကာ, ဒကာမတို့၏ အိမ်၌သည်း နေရ ထိုင်ရလေသည်။ ပြင်ဆင်ကာ ဟန်လုပ် ကာဖြင့် တရား ဓမ္မကိုသည်း ဟောပြရလေသည်။ မိမိကိုယ်ကို ဟန်လုပ် ပြင်ဆင်၍ ကျင်ကြီး ကျင်ငယ်သို့ကိုသော်လည်း အောင့်ချုပ်၍ ထားရ လေသည်။

ချစ်သားရဟန်းတို့... ဤဆိုအပ်ပြီးသော လေးပါးဝှိသည်ကား ရဟန်း တော်များဝယ် ကျရောက်တတ်သော အနာရောဂါ လေးမျိုးတို့တည်း။ သို့ ရကား သင်ချစ်သားဝှိသည် ဤဆိုလတ္တံ့သော နည်းအတိုင်း ကျင့်ကြံ ကြိုး ကုတ် အားထုတ်ရမည်။

ငါတို့သည်ကား ရ-ရသမျှသော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်း လေးပါးတို့ဖြင့် မရောင့်ရဲသူ, အလိုကြီးသူ,မရောက်ရဲ အလိုကြီးသဖြင့် ပင်ပန်း ဆင်းရဲသူ မဖြစ်ကြကုန်အံ့ဟူ၍ငင်း။ မိမိကိုယ်ကို လူတဖက်သား အထင်ကြီး ရန် ပစ္စည်းလေးဖြာ လာဘ်လာဘ ပူဇော် သက္ကာရ အရှိန်အဝါ အကျော် အစောတို့ကို ရဘို့ရန် ယုတ်မာသော အလိုဆိုး ရမ္မာဘ် မထားကြကုန်အံ့ဟူ၍ ငင်း။ ထိုသို့ သူတဖက်သားတို့ အထင်ကြီးဘို့ရန် ပစ္စည်းလေးဖြာ လာဘ် လာဘ ပူဇော် သက္ကာရ အရှိန် အဝါ အကျော်အစောကို ရဘို့ရန် တမင် သက်သက် ကြံဖန် ကြိုးကုတ် အားထုတ်မှုကို မပြုကြကုန်အံ့ဟူ၍ငင်း။အေးချမ်း အပူ အစရှိသော ထိုထိုဘေးရန်တို့ကို သည်းခံနိုင်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြ ကုန်အံ့ ဟူ၍ငင်း သင်ချစ်သားတို့သည် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြ ကုန်ရာသည်ဟူ၍ ဤ ရောဂအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ရောဂသုတ် ပြီး၏။**

**အင့်တွဲရိ မေး ဖြေ ၉-၇—ပ-မ-ဗ-သ-စ**

## ယုဂနဒ္ဓသုတ်

ပု။ ။ပဋိပဒါဝဂ္ဂေ အာဝုသော ဒသမံ ယုဂနဒ္ဓသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ကောသမ္ဗိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ၊ သဗ္ဗော သော စတူဟိ မဂ္ဂေဟိ ဧတေသံ ဝါ အညတရေနာ"တိ ဝေမာဒိနာ ဘန္တေ အာယသ္မတာ အာနန္ဒတ္ထေရေန ဓမ္မဘဏ္ဍာဂါရိကေန ဘာသိတံ။

မေး။ ။ပဋိပဒါဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော ယုဂနဒ္ဓသုတ္တန် မည်သော တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည်အရပ်ဝယ် များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ ဓမ္မဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်သျှမြတ် ဟောကြားတော်မူအပ်ပါသည်။

အခါတပါး အရှင်အာနန္ဒာ မထေရ်သျှမြတ်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သျှမြတ်သည် များစွာသော ရဟန်းတော်သျှမြတ်တို့ကို "အာဝုသော ဘိက္ခဝေ"ဟု အာလုပ်ဖွင့်ထုတ် ခေါ်တော်မူပါသည်။

ထိုရဟန်းတော် အရှင်သျှမြတ်တို့က "အာဝုသော"ငါ့ရှင်ဟူ၍ စကားတုံ့ပြန် တဖန် ပြောလာသည်ရှိသော် အရှင်အာနန္ဒာ မထေရ်သျှမြတ်က "ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ" အစရှိသည်ဖြင့်——

ငါ့ရှင်တို့.... အမှတ်မထင် အကြင် တစုံတယောက်သော ဘိက္ခုပင်ဖြစ်စေ, ဘိက္ခုနီပင်ဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ငါ၏ အထံ၌ အရဟတ္တဖိုလ်သို့

ရောက်ကြောင်း ဝန်ခံ စကားပြောကြားပါ၏။ ထိုသို့ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း ဝန်ခံ စကား ပြောကြားသော ပုဂ္ဂိုလ်အားလုံးသည်ပင် လေးပါးသော လမ်းစဉ်တို့ဖြင့်ရင်း၊ ထိုလေးပါးသော လမ်းစဉ်တို့တွင် တပါးပါးသော လမ်းစဉ်ဖြင့်ရင်း ဝန်ခံစကား ပြောကြားကြပါသည်။ လေးပါးတို့ဟူသည်မှာ အဘယ်သည်တို့နည်း—

(၁) ငါ့ရှင်တို့.... ဤသာသနာတော်၌ အချို့သော ရဟန်းသည် သမထပုဗ္ဗင်္ဂမ ဝိပဿနာကို ပွါးများပါ၏၊ ရှေးဦးစွာ သမာဓိလုပ်ငန်းကို ပွါးများအားထုတ်ပြီးမှ သမာဓိခိုင်ကြည်လတ်သည်ရှိသော် ဝိပဿနာ အလုပ်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ပါ၏၊ ထိုသို့ သမထရှေးရှိသော ဝိပဿနာကို ပွါးများသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဝိပဿနာဉာဏ်တည်းဟူသော မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်, မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော လမ်းစဉ်သည် ဖြစ်ပါ၏၊ ထိုပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဆယ်ပါးတို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပွါးများအပ်, လေ့လာအပ်သည်ရှိသော် မိမိ၏ သန္တာန်၌ ဖြစ်ပေါ်သော သံယောဇဉ်တို့ကိုလည်း ပယ်အပ်ပါကုန်၏၊ အနုသယဘရားတို့သည်လည်း ထိုပုဂ္ဂိုလ်၏ သန္တာန်မှ ကင်းကုန်, ပါးကုန်ပါတော့၏။

(၂) ငါ့ရှင်တို့.... ထိုမှတပါးလည်း ဤလောက၌ အချို့သော ရဟန်းတော်အရှင်သူမြတ်သည် ဝိပဿနာလျှင် ရှေ့သွားရှိသော သမထစျာန်ကို ပွါးများ ကြိုးကုတ် အားထုတ်ပါသည်၊ ရှေးဦးစွာ ဝိပဿနာအလုပ်ကို အားထုတ်ပြီးမှ နောက်အခါကာလ၌ သမထအလုပ်ကို အားထုတ်ပါသည်၊ ယင်းသို့ ဝိပဿနာပုဗ္ဗင်္ဂမ သမထအလုပ်ကို အားထုတ်သော ထိုရဟန်း၏ သန္တာန်၌ ဝိပဿနာဉာဏ်တည်းဟူသော ပုဗ္ဗဘာဂပဋိပဒါ တည်းဟူသော မဂ်သည် ပေါ်ထွန်း၍ လာပါသည်၊ ထိုရဟန်းသည် မိမိသန္တာန်၌ ဖြစ်ပေါ်၍ လာသော ဝိပဿနာပုဗ္ဗင်္ဂမ ပုဗ္ဗဘာဂ ပဋိပဒါတည်းဟူသော ဝိပဿနာမဂ်ကို မှီဝဲပါတော့သည်၊ ပွါးများပါတော့သည်၊ ကြိမ်ဖန် များစွာ လေ့လာအပ်ပါတော့သည်။ ယင်းသို့ မှီဝဲ ပွါးများ ကြိမ်ဖန် များစွာ လေ့လာခြင်းအမှု ပြုသော ရဟန်းအား သံယောဇဉ်တရားတို့ကို ပယ်ရှားအပ်ပါတော့သည်၊ အနုသယတရားတို့သည် မိမိကိုယ်မှ ကင်းကွာကြပါကုန်တော့သည်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ပေါက်ရောက်တော်မူပါတော့သည်။

(၃) ငါ့ရှင်တို့.... ထိုမှ တပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သမထနှင့် ဝိပဿနာကို အစုံဖွဲ့သည့် ယုဂနဒ္ဓဘာဝနာကို ပွါးများကြပါသည်၊ ရှေးဦးစွာ ပဌမစျာန်ကို ဝင်စားပါသည်၊ ထိုပဌမစျာန်မှ ထလျှင် ပဌမစျာန်အတွင်း ဖြစ်ပေါ်သမျှသော ရုပ်နာမ်တရားတို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာ သုံးသပ်ရှုဆင်ခြင်လတ်ပါသည်၊ ထို့နောင် ဒုတိယစျာန်ကိုဝင်စား၊ ဒုတိယစျာန်မှ ထသောအခါ ရှေးနည်းအတူပင်လျှင် ရုပ်နာမ်ဓမ္မကို လက္ခဏာယာဉ် တင်၍ သုံးသပ် ပွါးများအားထုတ်လတ်ပါသည်။ ဤနည်းအားဖြင့် လောကီသမာပတ် ရှစ်ပါးကုန်အောင် သမာပတ်ကို ဝင်စား၍ သမာပတ်မှ ထသောကာလသယ် ရုပ်နာမ်ဓမ္မကို လက္ခဏာယာဉ်တင်၍သုံးသပ် ဝိပဿနာရှုလတ်ပါသည်၊ ယင်းသို့ သမထဝိပဿနာကို အစုံဖွဲ့သော ယုဂနဒ္ဓဘာဝနာကို ပွါးများ အားထုတ်သော ရဟန်း၏ သန္တာန်ဝယ် ပုဗ္ဗဘာဂ ပဋိပဒါ မဂ်တည်းဟူသော ရှေးဦးစွာသော ဝိပဿနာဉာဏ်သည် ပေါ်ပေါက်၍ လာပါသည်၊ ထိုဝိပဿနာဉာဏ် တည်းဟူသော ပုဗ္ဗဘာဂပဋိပဒါ မဂ်ကို ဆယ်တန်သော ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် မှီဝဲပွါးများ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် ထိုရဟန်း၏ သန္တာန်၌ သံယောဇဉ်တို့ကိုလည်း ပယ်အပ်ပါကုန်၏၊ အနုသယတရားတို့သည်လည်း အစဉ်သဖြင့် ကင်းကုန်,ပါးကုန်တော့၏၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ပေါက်ရောက်ပါတော့၏။

(၄) ငါ့ရှင်တို့.... ထိုမှ တပါး ဤသာသနာတော်ဝယ် အချို့သော ရဟန်း၏ စိတ်သန္တာန် အစဉ်သည်ကား ဩဘာသ, ပီတိ, ပဿဒ္ဓိ အစရှိသော ဝိပဿနာ ညစ်ညူးကြောင်း ဆယ်ပါးသော တရားတို့၌ပင်လျှင် ပြန့်လွင့်၍ နေသော စိတ်သန္တာန် အစဉ်ရှိပါ၏၊ ယင်းသို့ ပြန့်လွင့်၍ နေခြင်းဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော စိတ်သန္တာန် အစဉ်ရှိ၍ နေသော ရဟန်းသည် ထိုသို့သော အခန့်မျိုးဖြင့် အမြဲတစေ နေသည်မဟုတ်ပါပဲ အကြင်အခါဝယ် ထိုရဟန်း၏ စိတ်သည် ဝိသယဇ္ဈတ္တအမည်ရသော ဝိပဿနာ၏ အာရုံဖြစ်သော ရုပ်နာမ်ဓမ္မတရား၌ ကောင်းစွာတည်သော စိတ်အစဉ် ဖြစ်ပေါ်လာသော အခါ ရှိပါ၏၊ ထိုသို့ ဖြစ်ပေါ်လာသောအခါ ထိုရဟန်း၏ သန္တာန်ဝယ် ပုဗ္ဗဘာဂပဋိပဒါ တည်းဟူသော မဂ်တရား ပေါ်၍လာပါသည်၊ ထိုပုဗ္ဗဘာဂ ပဋိပဒါ မဂ်တရားကို ဝိပဿနာဉာဏ်စဉ်ဘို့ဖြင့် မှီဝဲပွါးများ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် ထိုရဟန်း၏ သန္တာန်၌ သံယောဇဉ်တို့ကို ပယ်အပ်ပါကုန်သည်၊

အနုသယတရားတို့သည် အစဉ်သဖြင့် ကင်းကုန်, ပါးကုန်ပါတော့သည်၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ပေါက်ရောက်ပါတော့သည်။

ငါ့ရှင်တို့....အမှတ်မထင် အကြင်သို့သဘောရှိသော ဘိက္ခုပင် ဖြစ်စေ, ဘိက္ခုနီပင်ဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ငါ၏ အထံ၌ အရဟတ္တဖိုလ် ပေါက်ရောက်ကြောင်းကို ဝန်ခံစကား ပြောကြား၏၊ ထိုသို့ပြောကြားသမျှ ပုဂ္ဂိုလ်အလုံးစုံသည် ဤဆိုအပ်ပြီးသော သမထပုဗ္ဗင်္ဂမ ဝိပဿနာနည်း, ဝိပဿနာပုဗ္ဗင်္ဂမ သမထနည်း, သမထဝိပဿနာ အစုံဖွဲ့သော ယုဂနဒ္ဓနည်း, ဝိပဿနာ၏ ဘေးရန်ဖြစ်သော ဥပက္ကိလေသတရားဆယ်ပါး၌ စိတ်၏ ပြန့်လွင့်၍ နေခြင်းကို ပယ်ဖျောက်၍ ဝိပဿနာလမ်းစဉ်သို့ ရောက်သော ဓမ္မုဒ္ဓစ္စဘာဝနာနည်း၊ ဤလေးပါးသော မဂ်တို့ဖြင့်သော်ရင်း, ဤလေးပါးသော မဂ်တို့တွင် တပါးပါးဖြင့်သော်ရင်း အရဟတ္တဖိုလ်သို့ ပေါက်ရောက်သည်ကိုသာလျှင် ဝန်ခံစကား ပြောကြားကြပါ၏ဟု ဤယုဂနဒ္ဓအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဘာဝနာလေးမျိုးကို ဖော်ပြ၍ ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာ မထေရ် သူမြတ်သည် များစွာသော ရဟန်းတော်တို့အား စိတ်ဖြာ့ခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**ယုဂနဒ္ဓသုတ် ပြီး၏။**

---

## ပါဠိဗောဂသုတ်

ပု။ ။ဗြာဟ္မဏဝဂ္ဂေ ပန အာဝုသော ဒုတိယံ ပါဠိဗောဂသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဗြာဟ္မဏဝဂ္ဂေ ဘန္တေ ဒုတိယံ ပါဠိဗောဂသုတ္တံ "စတုန္နံ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဠိဗောဂေါ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဗြာဟ္မဏဝဂ်၌ နှစ်ခုမြောက် ဖြစ်သော ပါဠိဗောဂသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်

မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗြာဟ္မဏဝဂ်၌ နှစ်ခုမြောက်ဖြစ်သော ပါဠိတော်ဂ အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို "စတ္တာရိ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....တရားလေးပါး တို့ အပေါ်ဝယ် တစုံတယောက်သော ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ် ဖြစ်စေ, မာရ်ပင်ဖြစ်စေ, ဗြဟ္မာပင်ဖြစ်စေ တစုံတယောက်မျှ ဤတရား လေးမျိုးတို့ကို မဖြစ်စေရပါဘူး ဟူ၍ အာမခံနိုင်သော ပုဂ္ဂိုလ်သည် ဤ လောက၌ မရှိ။ တရားလေးမျိုးတို့ ဟူသည် အဘယ်သည်တို့နည်း။

(၁) အိုမင်း ရင့်ရော်ခြင်း သဘောရှိသော ဤခန္ဓာကိုယ် အတ္တဘော ကို မအိုစေရပါဘူးဟူ၍ တစုံတယောက်သော ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ အာမခံနိုင်သော ပုဂ္ဂိုလ်သည် ဤ လောက၌ တစိုးတစိမျှ မရှိချေ။

(၂) နာခြင်း သဘောရှိသော ဤခန္ဓာကိုယ်သည် မနာစေရပါဘူး ဟူ၍ငင်း....။

(၃) သေခြင်း သဘောရှိသော ဤခန္ဓာကိုယ်သည် မသေစေရပါဘူး ဟူ၍ငင်း....။

(၄) ရှေးကာလက မိမိကိုယ်တိုင် ပြုခဲ့သည့် အကုသိုလ်ကံ အမျိုးမျိုး တို့၏ အကျိုးဝိပါက်ကို မဖြစ်စေရပါဘူး ဟူ၍ငင်း တစုံတယောက်သော ရဟန်း ဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်မင်းပင် ဖြစ်စေ, ဗြဟ္မာပင် ဖြစ်စေ ပဋိညာဉ် အာမခံ ပေးနိုင်သော ပုဂ္ဂိုလ်သည် ဤလောက၌ တစုံ တယောက်မျှ မရှိ ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အတိုင်း အိုခြင်းသဘောကို မအိုရန်, နာခြင်းသဘောကို မနာရန်, သေခြင်းသဘောကို မသေရန်, အကု

သိုလ်ကံတို့၏ အကျိုးဝိပါက်တို့ကို မဖြစ်စေရန် ဤလေးတန်သော ဌာနတို့၌ မဖြစ်စေရပါဘူး ဟူ၍ တစုံတယောက်သော ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ,မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ ပဋိညာဉ် အာမခံပေးနိုင်သော ပုဂ္ဂိုလ်သည် တစိုးတစိမျှ ဤလောက၌ မရှိကြောင်း မှန်ပေသည်ဟု ဤပါဠိ-ဘောဂ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို အာမခံ မရှိသော တရားလေးပါးကို ထင်စွာဖော်ပြလျက် လျှောက်ဆိုအပ်ပြီးသော အခြင်း အရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပါဠိဘောဂသုတ် ပြီး၏။**

---

## သုတသုတ်

ပု။ ။တတ္ထေဝ အာဝုသော တတိယံ သုတသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိ။ ။ရာဇဂဟေ ဘန္တေ ဝဿကာရံ ဗြာဟ္မဏံ မဂဓမဟာမတ္တံ အာရဗ္ဘ ဘာသိတံ။ ဝဿကာရော ဘန္တေ ဗြာဟ္မဏော မဂဓမဟာမတ္တော ဘဂဝန္တံ ဧတဒဝေါစ "အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ ယော ကောစိ ဒိဋ္ဌံ ဘာသတိ 'ဧဝံ မေ ဒိဋ္ဌ'န္တိ၊ နတ္ထိ တတော ဒေါသော။ ယော ကောစိ သုတံ ဘာသတိ 'ဧဝံ မေ သုတ'န္တိ၊ နတ္ထိ တတော ဒေါသော"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "နာဟံ ဗြာဟ္မဏ သဗ္ဗံ ဒိဋ္ဌံ 'ဘာသိတဗ္ဗ'န္တိ ဝဒါမိ၊ န ပနာဟံ ဗြာဟ္မဏ သဗ္ဗံ ဒိဋ္ဌံ 'န ဘာသိတဗ္ဗ'န္တိ ဝဒါမိ၊ နာဟံ ဗြာဟ္မဏ သဗ္ဗံ သုတံ 'ဘာသိ-တဗ္ဗ'န္တိ ဝဒါမိ၊ န ပနာဟံ ဗြာဟ္မဏ သဗ္ဗံ သုတံ 'န ဘာသိတဗ္ဗ'န္တိ ဝဒါမီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဗြာဟ္မဏဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော သုတ-သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့်

အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းအရပ်ဝယ် မဂဓတိုင်း၏ အမတ်ကြီး ဖြစ်သော ဝဿကာရ ပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညု မြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ မဂဓတိုင်းသူပို့၏ အမတ်ကြီး ဖြစ်သော ဝဿကာရပုဏ္ဏားသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် ဝမ်းမြောက်စကား ပြောကြား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် "အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ" အစရှိသည်ဖြင့်—

အို-အရှင်ကြီး ဂေါတမ....အမှတ်မထင် အကြင် တစုံတယောက်သော သူသည် မိမိမြင်အပ်သော အရာကို ဤပုံ ဤပန်း အခြင်းအရာဖြင့် ငါမြင်အပ်၏ ဟူ၍ ပြောဆိုအပ်သည် ဖြစ်ပါမူကား ထိုသို့ ပြောဆိုခြင်း ဟူသော အကြောင်းကြောင့် အပြစ်ဒေါသ တစုံတရာမျှ မရှိ။ တစုံတယောက်သောသူသည် မိမိကြားသောအရာ....။ တွေ့ရှိသောအရာ....။ စိတ်ဖြင့် သိသော အရာကို ဤသို့ ငါသိ၏ဟု ပြောဆိုငြားသော်လည်း ထိုသို့ မိမိသိသည့်အတိုင်း ပြောကြားခြင်းဟူသော အကြောင်းကြောင့် တစုံတခု အပြစ်မရှိ ဟူ၍ငင်း အကျွန်ုပ်သည် ဤသို့ပြောကြားလေ့ရှိပါသည်၊ ဤသို့ ယူလေ့ရှိပါသည်ဟု မြတ်စွာဘုရားအား လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက "နာဟံ ဗြာဟ္မဏ သဗ္ဗံ ဒိဋ္ဌံ ဘာသိတဗ္ဗန္တိ ဝဒါမိ" အစရှိသည်ဖြင့်—

ဝဿကာရပုဏ္ဏား....ငါဘုရားသည် အလုံးစုံ မြင်မြင်သမျှကို ပြောကောင်းသည်ဟူ၍လည်း မဟောကြား၊ ငါဘုရားသည် အလုံးစုံ မြင်မြင်သမျှကို မပြောကောင်း ဟူ၍လည်း မဟောကြား။

ဝဿကာရပုဏ္ဏား....ငါဘုရားသည် အလုံးစုံ ကြားသမျှ၊ အလုံးစုံဃာန, ဇိဝှါ,ကာယတို့ဖြင့် ရောက်အပ်သမျှ၊ အလုံးစုံ စိတ်ဖြင့် သိအပ်သမျှကို သူတပါးတို့အား ပြောကြားအပ်၏ဟူ၍လည်း ငါဘုရား မဟောကြား၊ အလုံးစုံ စိတ်ဖြင့် သိအပ်သမျှ အရာခပ်သိမ်းကို သူတပါးတို့အား မပြောကြားအပ်ဟူ၍ လည်း ငါဘုရား မဟော။

ဝဿကာရပုဏ္ဏား.... အကြင်သို့ သဘောရှိသော မိမိ မြင်အပ်သော အရာကို ပြောဆိုမှုအတွက် အကုသိုလ်တရားတို့ ဝိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးပါမူကား ထိုသို့သဘောရှိသော မြင်အပ်သောအရာကို မပြော ကြားအပ်ဟူ၍သာလျှင် ငါဘုရား ဟောဆိုသည်၊ အကြင်သို့ သဘောရှိသော မြင်အပ်သော အရာကို မပြောဆိုသည့်အတွက် အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးသည်ဖြစ်ပါမူကား ထိုသို့ သဘောရှိသော မြင်အပ်သော အရာကို ပြောကြားအပ်၏ဟူ၍ပင် ငါဘုရား ဟောကြားသည်။

ဝဿကာရပုဏ္ဏား.... အကြင်သို့ သဘောရှိသော ကြားအပ်သော အရာကို ပြောဆိုခြင်းအတွက် အကုသိုလ်တရား ဝိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးသည် ဖြစ်ပါမူကား ထိုသို့သဘောရှိသော ကြားအပ်သော အရာကို မပြောကြားအပ်ဟူ၍သာလျှင် ငါဘုရား ဟောဆိုသည်၊ အကြင်သို့သဘော ရှိသော ကြားအပ်သောအရာကို မပြောဆိုသည့်အတွက် ကုသိုလ်တရားတို့ လျော့ပါး၍ အကုသိုလ်တရားတို့ ဝိုးပွါးသည် ဖြစ်ပါမူကား ထိုသို့သဘောရှိ သော ကြားအပ်သော အရာကို ပြောရမည်, ဆိုရမည်ဟူ၍သာလျှင် ငါဘုရား ဟောကြားသည်။

ဝဿကာရပုဏ္ဏား....အကြင်သို့ သဘောရှိသော ဃာန, ဇိဝှါ, ကာယ တို့ဖြင့် ရောက်အပ်, ထိအပ်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံကို ပြောဆိုခြင်း ဟူသော အကြောင်းကြောင့် အကုသိုလ်တရားဝိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးသည် ဖြစ်ပါမူကား ထိုသို့သဘောရှိသော ဃာန,ဇိဝှါ,ကာယတို့ဖြင့် တွေ့ထိအပ်, ရောက်အပ်သော ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗကို မပြောကြားအပ်, မပြောကြားစကောင်း ဟူ၍သာလျှင် ငါဘုရား ဟောဆိုသည်။

အကြင်သို့သဘောရှိသော ဃာန,ဇိဝှါ, ကာယတို့ဖြင့် ရောက်အပ်,တွေ့ ထိအပ်သော ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗာရုံကို မပြောဆိုသည့်အတွက် အကုသိုလ် တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးသည်ဖြစ်ပါမူကား ထိုသို့ သဘောရှိသော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကို မပြော မဆို မရှိရ၊ ဧကန်ပင် ပြောဆိုရမည်ဟု ငါဘုရား ဟောဆိုသည်။

ဝဿကာရပုဏ္ဏား.... အကြင်သို့ သဘောရှိသော စိတ်ဖြင့် ကြံဆ၍ သိအပ်သော ဓမ္မာရုံ အမျိုးမျိုးကို ပြောဆိုသည့်အတွက် အကုသိုလ်တရား

တိုးပွါး၍ ကုသိုလ်တရားတို့ လျော့ပါးသည်ဖြစ်ပါမူကား ထိုသို့ သဘောရှိသော စိတ်ဖြင့် သိအပ်သော ဓမ္မာရုံကို မပြောကြားရ, မပြောကြားအပ်ဟူ၍ ငါဘုရား ဟောဆို၏။

ဝဿကာရပုဏ္ဏား....အကြင်သို့သဘောရှိသော စိတ်ဖြင့် သိအပ်သော ဓမ္မာရုံကို မပြောမဆိုသည့်အတွက် ကုသိုလ်တရားတို့ လျော့ပါး၍ အကုသိုလ်တရားတို့ တိုးပွါးသည်ဖြစ်ပါမူကား ထိုသို့ သဘောရှိသော စိတ်ဖြင့် သိအပ်သော ဓမ္မာရုံ အမျိုးမျိုးကို ကေန်ပင် ပြောဆိုရမည်ဟူ၍ ငါဘုရား ဟောဆိုအပ်သည်ဟု ဤသုတ အမည်ရှိသော သုတ္တန် ဒေသနာတော်မြတ်ကို မပြောသင့်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ၊ ပြောသင့်သော ရူပ,သဒ္ဒ, ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗ, ဓမ္မာရုံတို့ကို စိတ်ဖြာ, ခွဲခြား၍ သျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဝဿကာရပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သုတသုတ် ပြီး၏။**

---

## အဘယသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဂုသော စတုက္ကနိပါတေ ဗြာဟ္မဏဝဂ္ဂေ စတုတ္ထံ အဘယသုတ္တံ ဘဂဝတာ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဗြာဟ္မဏဝဂ္ဂေ ဘန္တေ စတုတ္ထံ အဘယသုတ္တံ ဇာဏုဿောဏိံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။ ဇာဏုဿောဏိ ဘန္တေ ဗြာဟ္မ-ဏော ဘဂဝန္တံ ဧတဒဝေါစ "နတ္ထိ ယော မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏ-ဿာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "အတ္ထိ ဗြာဟ္မဏ မရဏဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ အတ္ထိ ပန ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿာ"တိ ဧဝမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဗြာဟ္မဏဝဂ်၌ လေးခုမြောက်ဖြစ်သော အဘယသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ကြီးခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဗြာဟ္မဏဝဂ်၌ လေးခုမြောက်ဖြစ်သော အဘယအမည် ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို ဇာဏုသောဏိ ပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဇာဏုသောဏိပုဏ္ဏားသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သွားရောက်ပြီးလျှင် ဝမ်းမြောက်စကား ပြောကြား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် "အဟံ ဟိ ဘော ဂေါတမ ဧဝံဝါဒီ ဧဝံဒိဋ္ဌိ" အစရှိသည်ဖြင့်——

အို-အရှင်ကြီးဂေါတမ.... အကျွန်ုပ်သည်ကား ဤသို့သော စကားကို ပြောကြားလေ့ ရှိပါသည်၊ ဤသို့ အယူ ရှိပါသည်၊ အကြင်သူသည် စုတိပြတ်ကြွေ သေလွန်ရခြင်း သဘောရှိသည်ဖြစ်ပါလျက် ထို သေရအံ့သော ဘေးမှ မကြောက်၊ ထို မကြောက်သော မလန့်သောသူ မည်သည် မရှိဟု အကျွန်ုပ်သည် ပြောကြားလေ့ ရှိပါသည်၊ ဤသို့ ယူလေ့ ရှိပါသည်ဟု လျှောက်ထားသည်တွင် သဗ္ဗညု မြတ်စွာဘုရားက "အတ္ထိ ဗြာဟ္မဏ မရဏ-ဓမ္မော သမာနော ဘာယတိ၊ သန္တာသံ အာပဇ္ဇတိ မရဏဿ။ အတ္ထိ ပန ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ၊ န သန္တာသံ အာပဇ္ဇတိ မရဏဿ" အစရှိသည်ဖြင့်——

ဇာဏုသောဏိပုဏ္ဏား....စုတိ ပြတ်ကြွေ သေလွန်ရခြင်း သဘောရှိလျက် သေခြင်းတရားမှ ကြောက်သော ထိတ်လန့်သော ပုဂ္ဂိုလ်မည်သည် ရှိပါ၏၊ စုတိ ပြတ်ကြွေ သေလွန်ရခြင်း သဘောရှိလျက် သေခြင်း တရားမှ မကြောက်သော မထိတ်လန့်သော ပုဂ္ဂိုလ်လည်း ရှိပါ၏။

ဇာဏုသောဏိပုဏ္ဏား....အဘယ်ပုဂ္ဂိုလ်သည် သေရအံ့သော သဘောရှိလျက် သေခြင်း တရားမှ ကြောက်သောသူ ထိတ်လန့်သောသူ ဖြစ်သနည်း။

ဇာဏုသောဏိပုဏ္ဏား....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဝတ္ထု အာရုံ ကာမဂုဏ်တို့၌ မကင်းသော ရာဂ, မကင်းသော တဏှာ, မကင်းသော တဏှာတည်းဟူသော မွတ်သိပ်ခြင်း ရှိပါ၏၊ ထိုပုဂ္ဂိုလ်ကို နောက်ကာလဝယ် ပြင်းထန်သော အနာရောဂါသည် စွဲကပ်လာ၏၊ ထိုသို့ ပြင်းထန်သော အနာရောဂါ စွဲကပ် နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် ငါ့ကို ငါ ချစ်ခင်အပ်သော အာရုံငါးပါး ကာမတရားတို့က စွန့်ပစ်ကြကုန်တော့မည် ဟူ၍၎င်း၊ ငါသည် ငါချစ် နှစ်သက်အပ်သော အာရုံငါးပါး ကာမတရား တို့ကို စွန့်ပစ်ရတော့မည်ဟူ၍၎င်း အကြံအစည် ဖြစ်ပြီးလျှင် ထိုပုဂ္ဂိုလ်သည် စိုးရိမ်သည်း စိုးရိမ်၏၊ ပင်လည်း ပင်ပန်း၏၊ ငိုကြွေး မြည်တမ်း၏၊ ရင်ဘတ် စည်တီး ငိုကြွေး မြည်တမ်း ကယောင်ကတမ်း ပြောဆို၏။

ဇာဏုသောဏိပုဏ္ဏား....ဤဆိုအပ်ပြီးသော ပုဂ္ဂိုလ်မျိုးသည် သေရခြင်း သဘောရှိလျက် သေခြင်းတရားမှ ကြောက်လန့်သော ပုဂ္ဂိုလ်ဖြစ်သည်။

ဇာဏုသောဏိပုဏ္ဏား....ထိုမှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ် သည် မိမိကိုယ်ခန္ဓာပေါ်၌ မကင်းသော ရာဂ, မကင်းသော တဏှာပေမ ရှိ၏၊ ရာဂ, တဏှာ ပေမ မကင်းသေး၊ ထိုပုဂ္ဂိုလ်ကို နောက်အချိန်ကာလဝယ် ပြင်း ထန်သော မရဏန္တိက အနာရောဂါသည် စွဲကပ်၍ လာ၏၊ ထိုသို့ ပြင်းထန် သော မရဏန္တိက အနာရောဂါဝေဒနာ စွဲကပ်နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ် ၏ စိတ်သန္တာန်ဝယ် "ငါ့ကို ငါချစ်နှစ်သက်အပ်သော ရူပကာယကား စွန့် လိမ့်မည်၊ ငါသည်လည်း ငါချစ်နှစ်သက်အပ်သော ဤကိုယ်ကာယကို စွန့်ရ တော့မည်"ဟု ကြံစည် တွေးတောပြီးလျှင် စိုးရိမ် ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး ငိုကြွေး မြည်တမ်းတော့၏။

ဇာဏုသောဏိပုဏ္ဏား....ဤပုဂ္ဂိုလ်သည်လည်း သေအံ့သော သဘောရှိ လျက် သေခြင်းတရားမှ ကြောက်လန့်သော ပုဂ္ဂိုလ် ဖြစ်သည်။

ဇာဏုသောဏိပုဏ္ဏား.... ထိုမှတပါး ဤလောက၌ အချို့သောပုဂ္ဂိုလ် သည် ကောင်းမှုကုသိုလ်ကို မပြုရသေး၊ မကောင်းမှု အကုသိုလ် အမျိုးမျိုးကို သာ ပြုလုပ်ပြီး ဖြစ်၏၊ ထိုပုဂ္ဂိုလ်ကို နောက်အခါဝယ် စုတေခါနီး ကာလ၌

မရဏာန္တိက ဒုက္ခဝေဒနာသည် စွဲရောက် နှိပ်စက်လာသည်၊ ထိုသို့ မရဏာန္တိက ဒုက္ခဝေဒနာ စွဲရောက် နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် "ငါသည်ကား မကောင်းမှု အကုသိုလ်တရား အမျိုးမျိုးကိုသာ ပြုပြီး ဖြစ်ပါ၏၊ ကိုယ်၏ ကိုးကွယ်ရာဖြစ်သော ကောင်းမှုကိုကား မပြုအပ်မိချေ၊ အကြင်မျှလောက် အတိုင်း အရှည်ရှိသော မကောင်းမှု ဒုစရိုက်သမားတို့ လားရာဖြစ်သော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် တည်းဟူသော ဒုဂ္ဂတိဘုံလေးပါးသည် ထင်ရှားရှိ၏၊ ငါတမူကား ထိုဒုဂ္ဂတိဘုံလေးပါးသို့ တမလွန်လောကဝယ် လားရတော့မည် "ဟု ကြံစည် တွေးတောပြီးလျှင် စိုးရိမ်ခြင်း, ပူပန်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ရင်ဘတ်စည်တီး နှလုံး မသာမယာ မြည်တမ်းခြင်း ဖြစ်ပါ၏။

ဇာဏုဿောဏိပုဏ္ဏား.... ဤပုဂ္ဂိုလ်သည်လည်း သေရခြင်း သဘော ရှိလျက် သေခြင်းတရားမှ ကြောက်လန့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဇာဏုဿောဏိပုဏ္ဏား.... ထိုမှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား၌ရှင်း,တရား၌ရှင်း,သံဃာ၌ရှင်း,ပဋိစ္စသမုပ္ပါဒ်တရား၌ရှင်း,သံသရာ ရှေ့အစွန်း,နောက်အစွန်း, ရှေ့နောက် အစွန်း၌ရှင်း,သိက္ခာတရား၌ရှင်း ယုံမှားသံသာ ဝိစိကိစ္ဆာ မကင်းသူ ဖြစ်၏၊ သူတော်ကောင်း တရား၌ မဆုံးဖြတ်အပ်သူ ဖြစ်ပေ၏၊ ထိုပုဂ္ဂိုလ်ကို နောက်အခါ စုတိပြတ်ကြွေ သေခါနီး အခါကာလဝယ် မရဏာန္တိက ဒုက္ခဝေဒနာတို့ စွဲရောက် နှိပ်စက်လာပါတော့သည်၊ ထိုသို့ မရဏာန္တိက ဒုက္ခဝေဒနာ စွဲရောက်အပ်သော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် "ငါတမူကား ဘုရား, တရား, သံဃာ, သိက္ခာ, သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့-နောက် အစွန်း, ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်သော ဌာနတို့၌ ယုံမှားခြင်းဝိစိကိစ္ဆာတရားကို မပယ်ရှားရသေးသူ ဖြစ်ပေ၏၊ သူတော်ကောင်း တရား၌ ဆုံးဖြတ်ခြင်းသို့ မရောက်ခဲ့သူ ဖြစ်ပေ၏"ဟု ကြံစည် တွေးတောပြီးလျှင် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ဘတ် စည်တီး ငိုကြွေး မြည်တမ်းမှု ပြုဘော့၏။

ဇာဏုဿောဏိပုဏ္ဏား....ဤပုဂ္ဂိုလ်သည်လည်း သေအံ့သော သဘောရှိလျက် သေခြင်း သဘောတရားမှ ကြောက်လန့်သော ပုဂ္ဂိုလ် ဖြစ်သည်။

ဇာဏုသောဏိပုဏ္ဏား.... ဤဆိုအပ်ပြီးသောအတိုင်း ဝတ္ထုကာမတို့၌ တွယ်တာခြင်း မကင်းသော ပုဂ္ဂိုလ်၊ မိမိကိုယ်ခန္ဓာ အပေါ်၌ တွယ်တာခြင်း မကင်းသော ပုဂ္ဂိုလ်၊ မကောင်းမှု ဒုစရိုက်ကိုသာ ပြုပြီး၍ ကောင်းမှု သုစရိုက်ကို မပြုရသေးသော ပုဂ္ဂိုလ်၊ ဘုရား, တရား, သံဃာ, သိက္ခာ, သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့-နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဤရှစ်ရပ်သော ဌာနတို့၌ ယုံမှား သံသယ ဝိစိကိစ္ဆာ မကင်းသေးသော ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်လေးမျိုးတို့သည် သေရခြင်းသဘောရှိလျက် သေခြင်း သဘောတရားမှ ကြောက်လန့်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြတော့သည်။

ဇာဏုသောဏိပုဏ္ဏား.... အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည်ကား သေရခြင်းသဘောရှိလျက် သေခြင်းတရားမှ မကြောက်မလန့်သော ပုဂ္ဂိုလ် ဖြစ်သနည်း။

ဇာဏုသောဏိပုဏ္ဏား....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဝတ္ထု-အာရုံ ကာမဂုဏ်တို့၌ တပ်မက်ခြင်း လောဘမှ ကင်းပါပေ၏၊ ချစ်ခင်ခြင်း ပေမတရား, တွယ်တာခြင်း တဏှာ လောဘ ကင်းပြီးသူ ဖြစ်ပါ၏၊ ထိုပုဂ္ဂိုလ်ကို နောက်အခါ စုတိပြတ်ကြွေ သေခါနီးကာလဝယ် မရဏန္တိက ဒုက္ခဝေဒနာ အနာရောဂါတို့ စွဲရောက် နှိပ်စက်လာပါသည်၊ ထိုသို့ မရဏန္တိက သေခါနီး အနာရောဂါတို့ စွဲရောက် နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် "ငါ့ကို ငါချစ်ခင် နှစ်သက်အပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့က စွန့်ချေတော့မည်၊ ငါသည်လည်း ငါချစ်ခင် နှစ်သက်အပ်သော ဝတ္ထု အာရုံ ကာမဂုဏ်တို့ကို စွန့်ရတော့မည်"ဟု ဤသို့ တွေးတော ပူပန်မှု, ကြံစည်မှု, စိတ်နှလုံး မသာယာမှု, ရင်ဘတ် စည်တီး ငိုကြွေး မြည်တမ်းမှု မဖြစ်ပါ၊ စင်စစ်သော်မူ လောဘကို ဖြတ်ပြီးဖြစ်သည့်အတွက် စုတိ ပြတ်ကြွေ သေရအံ့သော ဘေးကိုတွေး၍ ပူဆွေးခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ရင်ဘတ် စည်တီး ငိုကြွေးမြည်တမ်းခြင်း မဖြစ်ပါ။

ဇာဏုသောဏိပုဏ္ဏား....ဤပုဂ္ဂိုလ်သည် သေအံ့သော သဘောရှိလျက် သေခြင်းတရားမှ မကြောက်လန့်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။

ဇာဏုသောဏိပုဏ္ဏား....ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိ၏ ဤရူပကာယ အပေါ်၌ တပ်မက်ခြင်း, တွယ်တာခြင်း, မြတ်နိုးခြင်း လောဘ

တရားမှ ကင်းပေ၏၊ ထိုပုဂ္ဂိုလ်ကို နောက်အခါ စုတိပြတ်ကြွေ သေခါနီးကာလ၌ မရဏန္တိက ရောဂါဝေဒနာတို့ စွဲရောက်နှိပ်စက်အပ်ပါတော့သည်။ သို့ မရဏန္တိက ရောဂါဝေဒနာတို့ စွဲရောက် နှိပ်စက်အပ်သော်လည်း "ငါ့ကို ငါ ချစ်နှစ်သက်အပ်သော ဤရူပကာယကား စွန့်ခွါတော့မည်၊ ငါသည်လည်း ငါချစ်နှစ်သက်အပ်သော ရူပကာယကို စွန့်ရတော့မည်"ဟု တွေးတောကြံစည်မှုမရှိ၊ ထိုပုဂ္ဂိုလ်သည် စိုးလည်းမစိုးရိမ်၊ ပင်လည်းမပင်ပန်း၊ ငိုလည်းမငိုကြွေး၊ ရင်ဘတ်စည်တီး မြည်လည်း မမြည်တမ်း။

ဇာဏုသောဏိပုဏ္ဏား....ဤပုဂ္ဂိုလ်သည်လည်း သေအံ့သော သဘောရှိသျက် သေခြင်းတရားမှ မကြောက်လန့်သော ပုဂ္ဂိုလ် ဖြစ်ပါသည်။

ဇာဏုသောဏိပုဏ္ဏား....ထိုမှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပြုအပ်ပြီးသော ကိုးကွယ်ရာ ကောင်းမှုကုသိုလ် ရှိပါပေ၏၊ မပြုအပ်သော ဒုစရိုက်မှု အကုသိုလ် ရှိပါ၏၊ အကုသိုလ်မှု ဒုစရိုက်ကို မပြုအပ်။ ထိုပုဂ္ဂိုလ်ကို နောင်အခါ စုတိပြတ်ကြွေ သေခါနီးကာလဝယ် မရဏန္တိက အနာရောဂါ ဝေဒနာတို့ နှိပ်စက်လာပါတော့သည်၊ ထိုသို့ သေခါနီးကာလဝယ် အနာရောဂါတို့ နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ "ငါတမူကား ပြုအပ်ပြီးသော ကောင်းမှုကုသိုလ်ရှိသော ပုဂ္ဂိုလ်တည်း၊ အကုသိုလ်မှု ဒုစရိုက်ကို ငါကား မပြုအပ်ချေ"ဟု ကြံစည်ပြီးလျှင် မစိုးရိမ်, မပင်ပန်း, မငိုကြွေး, ရင်ဘတ်စည်တီး မမြည်တမ်းတော့ပါ။

ဇာဏုသောဏိပုဏ္ဏား.... ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် အကြင်မျှလောက် ကောင်းမှုကုသိုလ် ပြုလုပ်သောပုဂ္ဂိုလ်တို့၏ လားရာ ဖြစ်သော လူ့ရွာ နတ်ရပ် သုဂတိ ဘုံဌာနသည် ရှိပါ၏။ "ငါသည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ကောင်းမှုကုသိုလ်ကို ပြုလုပ်သောပုဂ္ဂိုလ်တို့၏ လားရာ သုဂတိဘုံသို့သာလျှင် တမလွန်ဘဝ၌ ကပ်ရောက်ရတော့မည်"ဟု မစိုးရိမ်, မပင်ပန်း, မငိုကြွေး, ရင်ဘတ်စည်တီး မမြည်တမ်းခဲ့ချေ။

ဇာဏုသောဏိပုဏ္ဏား....ဤပုဂ္ဂိုလ်သည်လည်း သေအံ့သော သဘောရှိသျက် သေခြင်းတရားမှ မကြောက်လန့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဇာဏုဿောဏိပုဏ္ဏား....ထို့မှတပါး ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဘုရား, တရား, သံဃာ, သိက္ခာ,သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့-နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ်တည်းဟူသော ဤရှစ်ရပ်သော ဌာနတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်းပျောက်ပြီးဖြစ်ပေ၏၊ သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်ခြင်းသို့ ရောက်ပါပေ၏။ ထိုပုဂ္ဂိုလ်ကို နောက်အခါ စုတိပြတ်ကြွေ သေခါနီးကာလဝယ် မရဏန္တိက အနာရောဂါတို့ နှိပ်စက်သော်လည်း ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် "ငါတမူကား ဘုရား, တရား, သံဃာ, သိက္ခာ, သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့-နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ် ဤရှစ်ချပ်သော ဌာနတို့၌ ယုံမှားသံသယ ဝိစိကိစ္ဆာကို ပယ်ဖျောက်ပြီးသောသူ ဖြစ်သည်၊ သူတော်ကောင်းတရား၌ ယုံကြည်ခြင်း, ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသောသူဖြစ်သည်"ဟု ကြံစည်တွေးတောပြီးလျှင် စိုးရိမ်မှုမရှိ၊ ပင်ပန်းမှုမရှိ၊ ငိုကြွေးမြည်တမ်းမှုကို မပြု၊ ရင်ဘတ်စည်တီး ငိုကြွေးမြည်တမ်းမှုကိုလည်း မပြုတော့ပါ။

ဇာဏုဿောဏိပုဏ္ဏား....ဤဆိုအပ်ပြီးသော ပုဂ္ဂိုလ်သည်လည်း သေအံ့သော သဘောရှိလျက် သေခြင်းတရားမှ မကြောက်မလန့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဇာဏုဿောဏိပုဏ္ဏား....ဤဆိုအပ်ပြီးသော အတိုင်း ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မတပ်မက်သော ပုဂ္ဂိုလ်၊ မိမိကိုယ်ခန္ဓာ၌ တွယ်တာခြင်း မရှိသော ပုဂ္ဂိုလ်၊ကောင်းမှုကုသိုလ်ကို ပြုပြီးသော ပုဂ္ဂိုလ်၊ဘုရား,တရား,သံဃာ,သိက္ခာ, သံသရာ ရှေ့အစွန်း,နောက်အစွန်း,ရှေ့-နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်တို့၌ ယုံမှားသံသယ ဝိစိကိစ္ဆာ ကင်းပြီးသော ပုဂ္ဂိုလ် ဤပုဂ္ဂိုလ်လေးမျိုးတို့သည် စုတိပြတ်ကြွေ သေအံ့သော သဘောရှိသော်လည်း သေဝပါးနီး ရောက်သော်လည်း သေခြင်းတရားမှ မကြောက်မလန့်သောပုဂ္ဂိုလ်တို့ ဖြစ်ပါသည်ဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် "အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘောဂေါတမ"အစရှိသည်ဖြင့် တရားတော်ကို ချီးကျူးပြောကြားပြီးလျှင် ဗုဒ္ဓ, ဓမ္မ, သံဃ သရဏဂုံ၌ တည်ခဲ့ပါသည်။

ဤသို့လျှင် ဗြဟ္မဏဝဂ်၌ လေးခုမြောက်ဖြစ်သော အဘယမည်သော သုတ္တန်ဒေသနာဘော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဇာဏုဿောဏိပုဏ္ဏားကို အကြောင်းပြု၍ သေခြင်းမှ မကြောက်သောသူ လေးမျိုး, သေခြင်းမှ ကြောက်သောသူ လေးမျိုးဘို့ကို ဖော်ပြ၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အဘယသုတ် ပြီး၏။**

---

**သောတာနုဂတသုတ်**

ပု။ ။မဟာဝဂ္ဂေ ပန အာဝုသော ပဉ္စမံ သောတာနုဂတသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။မဟာဝဂ္ဂေ ဘန္တေ ပဉ္စမံ သောတာနုဂတသုတ္တံ "သောတာ-နုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။မဟာဝဂ်၌ ရှေးဦးစွာသော သောတာနုဂတ မည်သော သုတ္တန် တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောသဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားဘော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဟာဝဂ်၌ ရှေးဦးစွာသော သောတာနုဂတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ဘုရားမြတ်စွာ လက်ထက်တော်ကာလဝယ် ဗြာဟ္မဏဇာဘ်ရှိသူ ငါးရာသော ရဟန်းတော်တို့၏ တရားနာ မလာသော အကြောင်းအဋ္ဌုပ္ပတ်ဝယ် တရားနာဘို့ရန် တရားနာရခြင်း၏ အကျိုးလေးပါး ကို ဖော်ပြတော်မူသောအားဖြင့် ဤသောတာနုဂတမည်သော သုတ္တန်ဒေသ နာတော်မြတ်ကို "သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... ကြားနာအပ်ကုန်ပြီးသော, နှုတ်ဖြင့်လည်း လေ့ လာ အပ်ကုန်ပြီးသော, စိတ်ဖြင့်လည်း ကြံစည် စဉ်းစားအပ်ကုန်ပြီးသော,

ဉာဏ်ပညာဖြင့်လည်း ထိုးထွင်း၍ သိအပ်ကုန်ပြီးသော တရားတော်တို့၏ အကျိုးအာနိသင်တို့သည်ကား လေးပါးတို့ ရှိကုန်သည်။ လေးပါးတို့ဟူသည်မှာ—

(၁) ချစ်သားတို့.... ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် သုတ္တ,ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ယူ၏၊ ထိုရဟန်း၏ သန္တာန်ဝယ် ထိုဓမ္မက္ခန်တရားတော်အစုသည် ကြားလည်းကြားနာအပ်ပြီး, နှုတ်ဖြင့်လည်း လေ့လာအပ်ပြီး, စိတ်ဖြင့်လည်း ဆင်ခြင်အပ်ပြီး, ပညာဖြင့်လည်း ထိုးထွင်း၍ သိအပ်ပြီး ဖြစ်တော့သည်။ ထိုပုဂ္ဂိုလ်သည် ပုထုဇဉ်အဖြစ်ဖြင့် စုတိပြတ်ကြွေ သေလွန်၍ အမှတ်မထား တပါးပါးသော ဒေဝဂတိသို့ ရောက်စေကာမူ ထိုဒေဝဂတိသို့ ရောက်သောကာလဝယ် ဤလူ့ပြည်လောကက ကျင့်သုံးကြားနာရသော တရားဓမ္မကို သတိရခြင်း, အမှတ်ရခြင်းက လေးကန်လှပါသေးသည်၊ စင်စစ်သော်မူ ထိုပုဂ္ဂိုလ်သည် လူ့ပြည်လောက က ကြားနာခဲ့ဘူး, နှုတ်ဖြင့် လေ့လာခဲ့ဘူး, စိတ်ဖြင့် ဆင်ခြင်ခဲ့ဘူး, ပညာဖြင့် ထိုးထွင်း၍ သိခဲ့ဘူးသော တရားတော်တို့ကို ရုတ်တရက် အမှတ်ရပြီးလျှင် ဝိသေသခေါ်သော မဂ်ဖိုလ်သို့ ရောက်တော့သည်။

ချစ်သား ရဟန်းတို့.... ကြားနာအပ်သော, နှုတ်ဖြင့်လည်း သရဇ္ဈာယ်အပ်သော, စိတ်ဖြင့်လည်း ဆင်ခြင်အပ်, ဉာဏ်ပညာဖြင့်လည်း သုံးသပ် ထိုးထွင်း သိမြင်အပ်သော တရားတော်တို့၏ ဤဆိုအပ်ပြီးသော အကျိုးအာနိသင်သည်ကား ပဌမအာနိသင် ပေတည်း။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော်သည် သုတ္တ,ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ယူ၏၊ ထိုရဟန်း၏ သန္တာန်ဝယ် ထိုဓမ္မက္ခန် တရားတို့သည် နားဖြင့်လည်း ကြားနာဘူး, နှုတ်ဖြင့်လည်း လေ့လာအပ်ဘူး, စိတ်ဖြင့်လည်း ဆင်ခြင်အပ်ဘူး, ဉာဏ်ပညာဖြင့်လည်း ထိုးထွင်းသိအပ်ဘူးသော တရားတို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် ပုထုဇဉ်အဖြစ်ဖြင့် စုတိပြတ်ကြွေ သေလွန်၍ နတ်ရွာသုဂတိသို့ ရောက်သောကာလဝယ် ထိုနတ်ရွာ သုဂတိ ထိုနတ်ပြည်ဘုံဌာန၌ လွယ်ကူစွာ လူ့ပြည်က လေ့လာခဲ့သော တရားဓမ္မတို့ မပေါ်သေးစေကာမူ ထိုနတ်ရွာ၌ တန်ခိုးရှင် အဘိညာဉ်ရှင် ဝသီဘာဝပတ္တဖြစ်တော်မူသော အရှင်မဟာ-

မောဂ္ဂလ္လာန်မထေရ် သူမြတ်တို့ကဲ့သို့သော ရဟန်းတော် အရှင်သူမြတ်သည် နတ်ပရိသတ်၌ တရားဟောခိုက် ကြုံကြိုက်ပါသည်။ ထိုအခါ ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ်──

အယံ ဝါ သော ဓမ္မဝိနယော၊ယတ္ထာဟံ ပုဗ္ဗေ ဗြဟ္မစရိယံ အစရိံ ။

အကြင်သာသနာတော်၌ ငါ ရှေးလူဖြစ်စဉ်ကာလ က မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ပြီ၊ ငါ မြတ်သောအကျင့်ကို ကျင့်သုံးခဲ့သည့် သာသနာတော်ကား ဤဘုရား သာသနာတော်ပင်တည်း ဟူ၍ သတိရလာပါတော့သည်။ ထိုသို့ လူ့ပြည်လောက၌ မိမိကျင့်သုံးအပ်သော တရားကို သတိရ အမှတ်ရခြင်းက လေးကန်နှေးကွေးလှပါသေးသည်၊ သတိရလျှင် ရခြင်းပင် ထိုပုဂ္ဂိုလ်သည် ဝိသေသခေါ်သော မဂ်ဖိုလ်တရားထူးကို ရနိုင်ပေသည်။

လောကဥပမာအားဖြင့် စည်သံ၌ လိမ်မာသော အမျိုးကောင်းသားသည် အခွန့်ရှည်သော ခရီးသို့ သွားလတ်သည်ရှိသော် အသံကို ကြားသိသောကာလ ဤကား စည်သံ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှားသက်ာမရှိ စည်သံဟူ၍သာလျှင် ဆုံးဖြတ်ခြင်းသို့ ရောက်သကဲ့သို့ ထိုအတူ ဤသာသနာတော်၌ ရဟန်းတော်သည် သုတ္တ,ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ယူ၏၊ထိုရဟန်း၏ သန္တာန်ဝယ် ထိုတရားတော်တို့သည် ကောင်းစွာ ကြားနာအပ်ပြီး,နှုတ်ဖြင့်လေ့လာအပ်ပြီး,စိတ်ဖြင့်ဆင်ခြင်အပ်ပြီး, ဉာဏ်ပညာဖြင့် ကောင်းစွာ ထိုးထွင်း သိမြင်အပ်ပြီး ဖြစ်ကုန်တော့၏။ ထိုရဟန်းတော်သည် ပုထုဇဉ်အဖြစ်ဖြင့် စုတိပြတ်ကြွေ သေလွန်၍ ဒေဝဂတိသို့ ကပ်ရောက်သောကာလဝယ် အလိုလို လူ့ပြည်က ကျင့်သုံးခဲ့သော တရားဓမ္မပုဒ်ဘို့ မပေါ် လွင်စေကာမူ တန်ခိုးရှင်ဖြစ်သော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်တို့ကဲ့သို့သော ရဟန်းတော် အရှင်သူမြတ်တပါး နတ်ပရိသတ်၌ တရားဟောခိုက်ကြုံကြိုက်သောအခါ "ငါရှေးလူဖြစ်စဉ်ကာလဝယ် မြတ်သောအကျင့်ကို ကျင့်သုံးခဲ့ရသော သာသနာတော်ကား ဤသာသနာတော်ပင်တည်း"ဟု အကြံဖြစ်၍ လူဖြစ်စဉ်က မိမိလေ့လာခဲ့သော တရားတို့ကို သတိရခြင်း အမှတ်ရခြင်းက လေးကန်နှေးကွေးလှပါသေးသည်၊ လျင်မြန်စွာပင်လျှင် ထိုပုဂ္ဂိုလ်သည် မဂ်ဖိုလ်တရား အထူးသို့ ရောက်ပါတော့၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသည်ကား နှစ်ခုမြောက် ဖြစ်သော လူ့ပြည်က ကြားနာအပ်သော, နှုတ်ဖြင့် လေ့လာအပ်,စိတ်ဖြင့် ဆင်ခြင်အပ်, ပညာဖြင့် သုံးသပ် ထိုးထွင်း သိမြင်အပ်သော တရားတော်တို့၏ အကျိုး အာနိသင် ဖြစ်ပါတော့၏။

(၃) ချစ်သား ရဟန်းတို့.... ထိုမှတပါး လောကဥပမာအားဖြင့် ခရု သင်းအတတ်၌ လိမ္မာသော ယောကျ်ားတယောက်သည် အဓွန့်ရှည်သော ခရီးသို့ သွားလတ်သည်ရှိသော် ခရုသင်း အသံကို ကြားလတ်သောအခါ ဤအသံကား ခရုသင်းအသံ ဟုတ်လေသလော မဟုတ်လေသလောဟု ယုံမှား သံသယမဖြစ်၊ ခရုသင်းသံဘည်းဟု ဆုံးဖြတ်ခြင်းသို့သာ ရောက်ဘိသကဲ့သို့ ထို့ အတူ ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်သည် သုတ္တ,ဂေယျ အစ ရှိသော အင်္ဂါကိုးဘန် ဓမ္မက္ခန်ကို သင်ယူပါ၏၊ ထိုရဟန်း၏ စိတ်သန္တာန်ဝယ် ထိုတရားဓမ္မတို့သည် ကြားနာအပ်ဘူး, နှုတ်ဖြင့် လေ့လာအပ်ဘူး, စိတ်ဖြင့် ဆင်ခြင်အပ်ဘူး, ဉာဏ်ပညာဖြင့် တွေ့ထိအပ်ဘူး, ထိုးထွင်းသိမြင်အပ်ဘူး ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်သည် ပုထုဇဉ်အဖြစ်ဖြင့် စုတိပြတ်ကြွေ သေလွန်၍ ဒေဝ- ဂတိသို့ ရောက်သောကာလဝယ် အသွယ်တကူ တရားဓမ္မပုဒ်ကို မထင်စေကာမူ တရားဟော ရဟန်းတော် အရှင်သူမြတ်တို့ တရားကို မဟောစေကာမူ ထို ဓမ္မသဘင်နတ်ပရိသတ်အဘွင်း၌ တရားဟော ဓမ္မကထိက နတ်သားတို့ တရား ဟောခိုက် ကြုံကြိုက်သောအခါ ရှေးလူဖြစ်စဉ်ကာလက ငါ မြတ်သောအကျင့် ကို ကျင့်သုံးခဲ့သော သာသနာကား ဤသာသနာတော်ပင်တည်းဟု အကြံ ဖြစ်၍ ရှေးသူဖြစ်စဉ်ကာလ မိမိလေ့လာခဲ့သော သုတ္တ,ဂေယျ အစရှိသော ဓမ္မ တို့ကို ပြန်၍ သတိရပါဘော့သည်၊ချစ်သားတို့.... သတိရခြင်း,အမှတ်ရခြင်းက လေးကန်နှေးကွေးလှပါသေး၏၊ စင်စစ်သော်မူ ထိုပုဂ္ဂိုလ်သည် ခဏအတွင်း မှာပင် မဂ်ဖိုလ်တရားအထူးသို့ ရောက်နိုင်ပါသည်။

ချစ်သားဘို့.... ဤဆိုအပ်ပြီးသည်ကား သုံးခုမြောက်ဖြစ်သော လူ့ပြည် က လေ့လာအပ်သော တရားတော်၏ အကျိုးအာနိသင် ဖြစ်ပါသည်။

(၄) ချစ်သားတို့.... ထိုမှတပါး ဤလောက၌ နှစ်ယောက်သော မြေမှုန့် အတူ ကစားဘက်ဖြစ်သော သူငယ်ချင်းတို့သည် တရံတခါ တစုံတခုသော ဌာန၌ တွေ့ဆုံသောကာလဝယ် တယောက်သော သူငယ်ချင်းက "ဣဒမ္ပိ သမ္မ

သရသိ၊ ဣဒမ္ပိ သမ္မ သရသိ” အို-မိတ်ဆွေ.... ဤအမှုကိုလည်း အသင် အမှတ် ရသေးသည် မဟုတ်ပါလော၊ ဤမည်သော ကာလ၌ ဤအမည်ရှိသော အမှုကို ပြုခဲ့သည်ကို အမှတ်ရသည် မဟုတ်ပါလောဟု အချင်းချင်း သတိပေး သောအခါ ကျန်သော သူငယ်ချင်းက “သရာမိ သမ္မ၊ သရာမိ သမ္မ”အမှတ်ရပါ သည် အဆွေခင်ပွန်း၊ အမှတ်ရပါသည် မိတ်ဆွေဟု ပြန်၍ ပြောကြားဘိသကဲ့သို့ ထိုအတူ ဤသာသနာတော်၌ ရဟန်းတော်သည် သုတ္တ,ဂေယျ အစရှိသော အင်္ဂါကိုးဘန် ဓမ္မက္ခန်ကို သင်ကြားမှတ်သားပါ၏။ ထိုရဟန်း၏ သန္တာန်ဝယ် တရားဓမ္မက္ခန်တို့သည် ကြားလည်း ကြားနာရဘူး, နှုတ်ဖြင့်လည်း လေ့လာ အပ်ဘူး, စိတ်ဖြင့်လည်း ဆင်ခြင်အပ်ဘူး, ပညာဖြင့်လည်း ထိုးထွင်းသိမြင် အပ်ဘူးဖြစ်ပါ၏။

ထိုပုဂ္ဂိုလ်သည် ပုထုဇဉ်အဖြစ်ဖြင့် စုတိပြတ်ကြွေ သေလွန်၍ နတ်ရွာ သုဂတိသို့ ရောက်သောကာလဝယ် သူ့အလိုလို တရားဓမ္မတို့ မထင်စေကာမူ တရားဟော ရဟန်းတော်တို့ နတ်ပရိသတ်၌ တရားဟောခိုက်လည်း ကြုံစေ ကာမူ ဓမ္မကထိက နတ်သားတို့ နတ်ပရိသတ်၌ တရားဟောခိုက်လည်း ကြုံ စေကာမူ မိမိနှင့် အတူတကွ တရားကျင့်သုံးဘက်,တရားစာသင်ဘက်,နာဘက် ဖြစ်သော ဩပပါတိက နတ်သားတယောက်က မိမိကို သတိပေးပေလိမ့်မည်။

သရသိ တွံ့ မာရိသ၊ သရသိ တွံ့ မာရိသ၊ ယတ္ထ မယံ ပုဗ္ဗေ ဗြဟ္မ-စရိယံ အစရိမှာ။

အို-အချင်း.... ငါတို့သည် ဤမြတ်စွာဘုရား သာသနာတော်၌ ရှေး လူ ဖြစ်စဉ်ကာလ က ဤမည်သော မြတ်သော အကျင့်ကို ကျင့်သုံးခဲ့ပါသည်၊ သူငယ်ချင်းသည် ထိုအမှုကို အောက်မေ့ပါ, ဆင်ခြင်ပါဟု အချင်းချင်း သတိ ပေးလာလိမ့်မည်၊ သို့ သတိပေးသောအခါ—

“သရာမိ မာရိသ၊ သရာမိ မာရိသ”၊ အို-အဆွေ....အကျွန်ုပ် အမှတ်ရပြီ၊ အို-အဆွေ....အကျွန်ုပ် အမှတ်ရပြီဟု ပြန်ကြားပြောဆိုပါလိမ့်မည်။

ချစ်သားတို့.... ထိုနတ်ပြည်လောကဝယ် အချင်းချင်း သတိပေးသဖြင့် လူ့ပြည်က ကျင့်သုံးသော တရားတို့ကို အမှတ်ရခြင်း သတိရခြင်းက နောက် ကျပါသေး၏၊ လေးကန်နှေးကွေးလှပါသေးသည်။ စင်စစ်မူ အမှတ်ရ, သတိ

ရသည်နှင့်တပြိုင်နက် ထိုပုဂ္ဂိုလ်သည် မင်္ဂဖိုလ်တည်းဟူသော တရားထူးသို့ ရောက်ပါတော့သည်။

ချစ်သားတို့.... ကြားနာဘူး, နှုတ်ဖြင့်လေ့လာအပ်ဘူး, စိတ်ဖြင့် ဆင်ခြင်အပ်ဘူး, ဉာဏ်ပညာဖြင့် တွေ့ထိသိမြင်အပ်ဘူးသော တရားတို့၏ အကျိုးအာနိသင်ကား ဤဆိုအပ်ပြီးသော အာနိသင်သည် စတုတ္ထမြောက် အာနိသင် ဖြစ်ပါတော့၏။

ချစ်သားတို့.... ကြားနာအပ်,နှုတ်ဖြင့်လေ့လာအပ်,စိတ်ဖြင့်ဆင်ခြင်အပ်, ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်အပ်သော တရားတော်တို့၏ အကျိုးအာနိသင်တို့သည်ကား ဤဆိုအပ်ပြီးသော လေးပါးတို့ပင် ဖြစ်တော့သည်ဟု ဤသောတာနုဂတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် တရားနာရခြင်း, တရားကို လေ့လာရခြင်း, တရားကို ဆင်ခြင်ရခြင်း၏ နတ်ရွာသုဂတိသို့ ရောက်သော ကာလဝယ် ခဏအတွင်း မင်္ဂဖိုလ်တည်းဟူသော တရားအထူးသို့ ရောက်နိုင်ကြောင်း အကျိုးတရားကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သောတာနုဂတသုတ် ပြီး၏။**

---

## ဘဒ္ဒိယသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဝုသော စတုက္ကနိပါတေ မဟာဝဂ္ဂေ တတိယံ ဘဒ္ဒိယသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထိတံ ဘာသိတံ။

ဝိ။ ။ဝေသာလိယံ ဘန္တေ ဘဒ္ဒိယံ လိစ္ဆဝိံ အာရဗ္ဘ ဘာသိတံ။ ဘဒ္ဒိယော ဘန္တေ လိစ္ဆဝိ ဘဂဝန္တံ ဧတဒဝေါစ "သုတံ မေတံ ဘန္တေ 'မာယာဝီ သမဏော ဂေါတမော အာဝဋ္ဋနိံ မာယံ ဇာနာတိ၊ ယာယ အည-တိတ္ထိယာနံ သာဝကေ အာဝဋ္ဋေတီ'တိ။ ယေ တေ ဘန္တေ ဧဝမာဟံသု 'မာယာဝီ သမဏော ဂေါတမော အာဝဋ္ဋနိံ မာယံ ဇာနာတိ၊ ယာယ အညတိတ္ထိယာနံ သာဝကေ အာဝဋ္ဋေတီ'တိ။ပ။အနဗ္ဘက္ခာတု-

ကာမာ ဟိ မယံ ဘန္တေ ဘဂဝန္တ”န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ထေ တုမှေ ဘဒ္ဒိယ မာ အနုဿဝေန မာ ပရမ္ပရာယ မာ ဣတိကိရာယ မာ ပိဋကသမ္ပဒါနေန မာ တက္ကဟေတု မာ နယဟေတု မာ အာကာရပရိဝိတက္ကေန မာ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ မာ ဘဗ္ဗရူပတာယ မာ သမဏော နော ဂရူတိ။ ယဒါ တုမှေ ဘဒ္ဒိယ အတ္တနာဝ ဇာနေ-ယျာထ ‘ဣမေ ဓမ္မာ အကုသလာ၊ ဣမေ ဓမ္မာ သာဝဇ္ဇာ၊ ဣမေ ဓမ္မာ ဝိညူ ဂရဟိတာ၊ ဣမေ ဓမ္မာ သမတ္တာ သမာဒိန္နာ အဟိ-တာယ ဒုက္ခာယ သံဝတ္တန္တီ’တိ။ အထ တုမှေ ဘဒ္ဒိယ ပဇဟေယျာ-ထာ”တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် မဟာဝဂ်၌ သုံးခုမြောက် ဖြစ်သော ဘဒ္ဒိယမည်သော သုတ္တန် တရားဒေသနာတော်မြတ်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝေသာလီပြည်အရပ်ဝယ် ဘဒ္ဒိယလိစ္ဆဝီမင်းကို အကြောင်း ပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တောအရပ်ဝယ် သီတင်း သုံးနေတော်မူသောအခါ ဘဒ္ဒိယအမည်ရှိသော လိစ္ဆဝီမင်းသည် ဘုရားထံ မှောက် သွားရောက်၍ ရှိသေစွာ ဦးညွတ်ရှိခိုးပြီးလျှင် လျောက်ပတ်သော အရပ်၌ ထိုင်နေ၍ “သုတံ မေတံ ဘန္တေ မာယာဝီ သမဏော ဂေါတမော” အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော် ကြားရသောသတင်းစကားမှာ ရဟန်းကြီး ဂေါတမသည် မျက်လှည့် အတတ် ကို တတ်သောပုဂ္ဂိုလ်ဖြစ်သည်၊ အာဝဋ္ဋနီခေါ် ဆိုသော မျက်လှည့်အတတ်ကို သိသော ပုဂ္ဂိုလ်ဖြစ်သည်၊ ယင်းအာဝဋ္ဋနီ အမည်ရှိသော မျက်လှည့်အတတ် ဖြင့် သာသနာအပြင်ပ က တိတ္ထိတို့၏ တပည့်များကို လှည့်ဖြား၍ သိမ်းသွင်း ၍လေ့ ရှိသည် ဟု သတင်းစကား ပြောကြားသည်ကို ကြားရဘူးပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်ပုဂ္ဂိုလ်တို့သည် "ရဟန်းကြီး ဂေါတမသည် မျက်လှည့်အတတ်ကို တတ်သောသူဖြစ်သည်၊ အာဝဋ္ဋနီအမည်ရှိသော မျက်လှည့်အတတ်ကို သိသောသူဖြစ်သည်၊ ယင်းအာဝဋ္ဋနီမျက်လှည့်အတတ်ဖြင့် သာသနာပြင်ပ က တိတ္ထိတို့၏ တပည့်များကို သိမ်းသွင်းလှည့်ဖြား၍ ခေါ်ဆောင်လေ့ ရှိသည်"ဟု ပြောဆိုကြပါသည်။ ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ ပြောစကားကိုပင် အတုလိုက်၍ ပြောသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသလော၊ တပည့်တော်တို့သည် ရှင်တော်ဘုရားကို မစွပ်စွဲလိုပါဘုရား ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဧထ တုမှေ ဘဒ္ဒိယ မာ အနုဿဝေန မာ ပရမ္ပရာယ မာ ဣတိကိရာယ" အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီမင်း....လာကြကုန်။ သင်တို့သည် တဆင့်စကား ကြားရုံမျှဖြင့် ကေန်ကေ မမှတ်သူကြပါကုန်လင့်။

ဘဒ္ဒိယ လိစ္ဆဝီမင်း....သင်တို့သည် အကြင်အခါ၌ ဤတရားတို့သည်ကားအကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်ရှိသောတရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤ တရားတို့သည် အပြည့်အစုံ ဆောက်တည်အပ်သည်ရှိသော် အစီးအပွါးမဲ့ အလို့ငှါ၊ ဆင်းရဲတရား ပွါးများရန်အလို့ငှါ ဖြစ်ကုန်၏ ဟု ကိုယ်တိုင်ကိုယ်ကျ သိမြင်ကြကုန်၏။

ထိုသို့ ကိုယ်တိုင်ကိုယ်ကျ သိမြင်သောအခါမှာ ထိုတရားတို့ကို ပယ်ကြပါကုန်။

ဘဒ္ဒိယ လိစ္ဆဝီမင်း.... ယခု ငါဘုရားမေးမည့်စကားကို သင်မည်သို့မှတ်ထင်သနည်း၊ လောဘတရားသည် ပုဂ္ဂိုလ်၏သန္တာန်ဝယ် ဖြစ်ပွါး၍ လာခဲ့သည်ရှိသော် အစီးအပွါးအလို့ငှါ ဖြစ်ပါသလော၊ အစီးအပွါးမဲ့ဘို့ရန် ဖြစ်ပါသလော ဟု မေးမြန်းတော်မူပါသည်။

အဟိတာယ ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... လောဘတရားသည် အစီးအပွါးမဲ့ဘို့ရန်သာ ဖြစ်ပါသည်ဘုရား ဟု

ပြန်ကြားလျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက လုဒ္ဓေါ ပနာယံ ဘဒ္ဒိယ ပုရိသပုဂ္ဂလော အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီမင်း.... လောဘဖြင့်တပ်မက်သောပုဂ္ဂိုလ်သည် ထိုလောဘဖြင့် နှိပ်စက်အပ်,ထက်ဝန်းကျင်ကုန်ခန်းစေအပ်သော ကုသိုလ်စိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုလည်း သတ်၏၊ သူ့ဥစ္စာကိုလည်း ခိုးယူ၏၊ သူများ သားမယားကိုလည်း လွန်ကျူး၏၊ မုသားစကားကိုလည်း ပြောဆို၏။ သူတပါးကိုလည်း ထိုပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ အမှု ပြုလုပ်ရန် တိုက်တွန်း၏။ ယင်းသို့ ကိုယ်တိုင်ပြုလုပ်ခြင်း, သူတပါးကို တိုက်တွန်းခြင်းအမှုသည် ထိုပုဂ္ဂိုလ်၏ အဘို့ ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး အစီးအပွါး မဲ့ဘို့ရန်, ဒုက္ခတရား ဆင်းရဲတရား ပွါးများဘို့ရန်သာလျှင် ဖြစ်သည် မဟုတ်လော ဟု မေးမြန်းတော်မူသောအခါ "ဧဝံ ဘန္တေ" ဤအတိုင်းမှန်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက—

ဘဒ္ဒိယ လိစ္ဆဝီမင်း.... ယခု ငါဘုရား မေးမည့်စကားကို သင် မည်သို့ မှတ်ထင်သဘောကျပါသနည်း၊ ဒေါသသည်၎င်း, မောဟသည်၎င်း ပုဂ္ဂိုလ်၏ အဇ္ဈတ္တသန္တာန်ဝယ် ဖြစ်ပွါးလာသည်ရှိသော် အစီးအပွါးတိုးပွါးဘို့ရန်, အစီးအပွါးမဲ့ဘို့ရန် အဘယ်အလို့ငှါ ဖြစ်ပါသနည်းဟု မေးမြန်းလတ်သောအခါ အစီးအပွါးမဲ့ဘို့ရန် ဖြစ်ပါကြောင်း ပြန်ပြောင်း လျှောက်ထားခဲ့ပါသည်။

သဗ္ဗညုမြတ်စွာဘုရားက ဘဒ္ဒိယ လိစ္ဆဝီမင်း....မောဟဖြင့် တွေဝေသော ပုဂ္ဂိုလ်သည် ထိုမောဟဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော, ကုသိုလ်တရားတို့ကို ကုန်ခန်းစေအပ်သော စိတ်ရှိသည်ဖြစ်၍ ပါဏာတိပါတအမှုကိုလည်း ပြုရာ၏၊ အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ အမှုကိုလည်း ပြုရာ၏။ သူတပါးကိုလည်း ထိုပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ အမှုကို ပြုလုပ်ဘို့ရန် ဆောက်တည်စေရာ၏။ ယင်းသို့ ကိုယ်တိုင် ဒုစရိုက်အမှုကို ပြုခြင်း, သူတပါးကို ဆောက်တည်စေခြင်းသည် ထိုပုဂ္ဂိုလ်အဘို့ ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး အစီးအပွါးမဲ့ဘို့ရန် ဆင်းရဲတရား ပွါးများဘို့ရန်သာ ဖြစ်သည်မဟုတ်လော ဟု မေးမြန်းသည်တွင် "ဧဝံ ဘန္တေ" ထိုအတိုင်းမှန်ပါကြောင်း ပြန်ပြောင်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဘဒ္ဒိယလိစ္ဆဝီမင်း....ယခု ငါဘုရား မေးမည့် စကားကို သင် မည်သို့ မှတ်ထင်သနည်း၊ ဤဆိုအပ်ပြီးသော လောဘ, ဒေါသ, မောဟဘရားတို့သည် ကုသိုလ်တရားတို့လေလော၊ အကုသိုလ်တရားတို့လေလော၊ ဤသို့ မေးမြန်းသောအခါ အကုသိုလ်တရား ဖြစ်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် အပြစ်ရှိသောတရား, အပြစ်မရှိသော တရားတို့ဘွင် မည်သည့်ဘရားဟူ၍ အသင် မှတ်ထင် ယုံကြည်ပါသနည်း ဟု မေးမြန်းတော်မူပြန်ပါသည်။

အပြစ်ရှိသော သာဝဇ္ဇတရား ဖြစ်ကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် ပညာရှိဘို့ ကဲ့ရဲ့အပ်သောတရား, ပညာရှိတို့ ချီးမွမ်းအပ်သော တရားနှစ်ပါးတို့တွင် အဘယ်သို့ အသင် သဘောကျပါသနည်းဟု မေးမြန်းလဘ်သောအခါ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားဖြစ်ကြောင်း ပြန်ပြောင်း လျှောက်ဆားခဲ့ပါသည်။

ဘဒ္ဒိယ လိစ္ဆဝီမင်း....ယခု ငါဘုရား မေးမည့်စကားကို အသင် မည်သို့ မှတ်ဆင်သနည်း၊ ထိုလောဘ, ဒေါသ, မောဟတရားတို့ကို အပြည့်အစုံ မိမိ သန္တာန်ဝယ် ဆောက်တည်စေအပ်, ကျင့်ကြံပွါးများအပ်သည် ရှိသော် ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး အစီးအပွါးမဲ့ဘို့ရန်, ဆင်းရဲတရား ပွါးများဘို့ရန်ဖြစ်ပါသလော၊သို့မဟုတ် အစီးအပွါးတိုးဘို့ရန်, ချမ်းသာတရားတိုးဘို့ရန် ဖြစ်ပါသလော၊ ဤအရာဝယ် သင်၏ စိတ်သန္တာန်၌ မည်သို့အကြံ, မည်သို့ အသိ ဖြစ်ပါသနည်း ဟု မေးမြန်းတော်မူပါသည်။

ထိုအခါ ဘဒ္ဒိယ လိစ္ဆဝီမင်းက ဘုန်းတော် ကြီးမြတ်တော်မူလှသော မြဘ်စွာဘုရား.... ထိုလောဘ, ဒေါသ, မောဟတရားစုသည် မိမိသန္တာန်ဝယ် အပြည့်အစုံဆောက်ဘည်အပ်, ပွါးများအပ်သည်ရှိသော် အစီးအပွါးမဲ့ဘို့ရန် သာ ဖြစ်ပါသည်ဟု တပည့်တော်ကိုယ်တိုင်သိ သဘောကျဖြစ်ပါသည်ဘုရားဟု ပြန်ကြား လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက ဣတိ ခေါ ဘဒ္ဒိယ ယံ တံ ဝေ အဝေါ-စုမှာ အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီမင်း....သင့်အား ငါဘုရားတို့သည် "အို-ဘဒ္ဒိယ လိစ္ဆဝီမင်း တို့....အသင်တို့သည် လူတဖက်သား ပြောစကားများဖြင့် ကေန်ကေ မယုံ

ကြည်ကြပါကုန်လင့်၊ အကြင်အခါ ကိုယ်တိုင်ပင်လျှင် ဤတရားစုကား အကုသိုလ်တရား, အပြစ်ရှိသောတရား, ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား, ဆောက်တည်လျှင် အကျိုးမဲ့ အစီးပွါးမဲ့ကို ဖြစ်စေတတ်သောတရား, ဆင်းရဲတရားကို ဖြစ်စေတတ်သောတရား ဟု ကိုယ်တိုင်သိကုန်ငြားအံ့၊ ထိုအခါ ထိုတရားစုကို ပယ်ရှားကြကုန်လော့" ဟူ၍ ငါဘုရားပြောခဲ့သည်မှာ ဤအနက်အဓိပ္ပါယ်ကိုပင် ရည်၍ ပြောကြားပေသည်။

ဘဒ္ဒိယ လိစ္ဆဝီမင်းတို့.... လာကြကုန်၊ သင်တို့သည် တဆင့်စကား ပြောစကားဖြင့် ဧကန်ဧက မယုံကြည်ကြပါကုန်လင့်။ အကြင်အခါ၌ အသင်တို့ ကိုယ်တိုင်ပင်လျှင် ဤတရားစုကား ကုသိုလ်တရားတည်း၊ ဤတရားစုကား အပြစ်မရှိသော တရားတည်း၊ ဤတရားစုကား ပညာရှိတို့ချီးမွမ်းအပ်သော တရားတည်း၊ ဤတရားစုကား ကိုယ်တိုင် အပြည့်အစုံကျင့်သုံးအပ်, ဆောက်တည်အပ်သည်ရှိသော် စီးပွါးတရား များမြတ်စိမ့်သောငှါ ချမ်းသာတရား များမြတ်ဘို့ရန် ဖြစ်ပေါ်၏ ဟု ကိုယ်တိုင်သိကုန်ငြားအံ့၊ ထိုအခါ ထိုတရားစုကို မိမိသန္တာန်၌ ပြည့်စုံစေ၍ နေကြကုန်။

ဘဒ္ဒိယ လိစ္ဆဝီမင်း.... ယခု ငါဘုရား မေးမည့်စကားကို သင် မည်သို့ မှတ်ထင် သဘောကျသနည်း၊ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါ၏ သန္တာန်ဝယ် အလောဘခေါ်သော လောဘကင်းမှုတရားသည် ဖြစ်ပေါ်လာခဲ့သည်ရှိသော် အစီးအပွါးများဘို့ရန် ဖြစ်ပေါ်သလော၊ အစီးအပွါးယုတ်လျော့ဘို့ရန် ဖြစ်ပေါ်သလော ဟု မေးမြန်းတော်မူသောအခါ အစီးအပွါးများဘို့ရန် ဖြစ်ပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် အလုဒ္ဓေါ ပနာယံ ဘဒ္ဒိယ ပုရိသပုဂ္ဂလော အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီမင်း....မတပ်မက်သော ပုဂ္ဂိုလ်သည် လောဘဖြင့် အနှိပ်အစက်မခံရပဲ ထိုလောဘဖြင့် ကုသိုလ်စိတ်တွေကို ထက်ဝန်းကျင်ကုန်ခန်းစေအောင် အလောင်အမြိုက်မခံရပဲ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု- မိစ္ဆာစာရ, မုသာဝါဒတည်းဟူသော ဒုစရိုက်လေးပါးကို ကိုယ်တိုင်လည်းမပြု၊ သူတပါးကိုလည်း ထိုဒုစရိုက်တို့ကို ပြုဘို့ရန် မဆောက်တည်စေ။ ယင်းသို့ ကိုယ်တိုင်လည်း ဒုစရိုက်အမှုမပြု, သူတပါးကိုလည်း မဆောက်တည်စေခြင်းသည် ထိုပုဂ္ဂိုလ်အတွက် ရှည်လျားစွာသော ညဥ့်နေ့ပတ်လုံး အစီးအပွါးများဘို့ရန်, ချမ်းသာတရားပွါးဘို့ရန် ဖြစ်သည်မဟုတ်လော ဟု မေးမြန်းတော်မူသည်

တွင် "ဝေံ ဘန္တေ" ဤအတိုင်းမှန်ပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအတူ အဒေါသတရားကိုရင်း, အမောဟတရားကိုရင်း မေးမြန်းတော်မူသောအခါ၌ ဤနည်းပင် ပြန်ကြားလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အို-ဘဒ္ဒိယ လိစ္ဆဝီမင်း....ယခု ငါဘုရားမေးမည့်စကားကို သင်မည်သို့ မှတ်ထင်ပါသနည်း၊ ယခု ပြောဆိုအပ်ပြီးသော အလောဘ, အဒေါသ, အမောဟတရားအစုသည် ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် ကုသိုလ်တို့လေလော၊ အကုသိုလ်တို့လေလော၊ ဤသို့ မေးမြန်းသောအခါ ကုသိုလ်တရားတို့ဖြစ်ကြောင်း ပြန်ပြောင်း လျှောက်ထားပါသည်။

အပြစ်ရှိသောတရား, အပြစ်မရှိသောတရားတို့တွင် အဘယ်တရားဟူ၍ အသင် ယုံကြည် မှတ်ထင်ပါသနည်း ဟု မေးမြန်းသောအခါ အပြစ်မရှိသော အနဝဇ္ဇတရားဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားပါသည်။

ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား, ချီးမွမ်းအပ်သောတရား နှစ်မျိုးတို့တွင် အဘယ်တရားဖြစ်သနည်း ဟု မေးမြန်းသောအခါ ပညာရှိတို့ချီးမွမ်းအပ်သောတရားဖြစ်ကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

အပြည့်အစုံ ကိုယ့်သန္တာန်ဝယ် ထိုအလောဘ, အဒေါသ, အမောဟတရားတို့ကို ဆောက်တည်အပ်, ပွါးများအပ်သည်ရှိသော် ရှည်လျားစွာသော ညဉ့်နေ့ပတ်လုံး စီးပွါးတရား များမြတ်ဘို့ရန်, ချမ်းသာတရားများမြတ်ဘို့ရန် ဖြစ်ပေါ်သလော၊ သို့မဟုတ် အစီးအပွါးမဲ့ဘို့ရန်, ဆင်းရဲတရား ပွါးများဘို့ရန် ဖြစ်ပေါ်သလော၊ ဤအရာဝယ် သင်၏ သန္တာန်ဝယ် စိတ်အကြံ မည်သို့ ဖြစ်သနည်းဟု မေးမြန်းတော်မူလတ်သောအခါ ထိုအလောဘ, အဒေါသ, အမောဟတရားအစုသည် အပြည့်အစုံဆောက်တည်အပ် ပွါးများအပ်သည်ရှိသော် ထိုဆောက်တည်ပွါးများသော ပုဂ္ဂိုလ်အား ရှည်လျားစွာသော ညဉ့်နေ့ပတ်လုံး အစီးအပွါးများဘို့ရန်, ချမ်းသာတရားပွါးဘို့ရန်သာ ဖြစ်ပါကြောင်း၊ ဤသို့ တပည့်တော် သဘောကျပါကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက ဣတိ ခေါ ဘဒ္ဒိယ ယံ တံ ဝေါစမှာ ဧထ တုမှေ ဘဒ္ဒိယ မာ အနုဿဝေန အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီ....။ ''ဘဒ္ဒိယ လိစ္ဆဝီတို့ လာကြကုန်၊ အသင်တို့သည် လူတဖက်သား ပြောရုံမျှဖြင့် ကောင်းကော မယုံကြည်ပါကုန်လင့်။ အကြင်အခါ၌ မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ဤတရားစုကား ကုသိုလ်တရား, အပြစ်မရှိသော တရား, ပညာရှိတို့ ချီးမွမ်းအပ်သောတရား, ဆောက်တည်ပွါးများလို့ရှိလျှင် အစီးအပွါးများစေနိုင်သည့်တရား,ချမ်းသာတရား ပွါးစေနိုင်သည့် တရား ဟူ၍ ကိုယ်တိုင်သိမြင်ကြကုန်၏၊ ထိုအခါ ထိုသို့ သဘောရှိသောတရားကို မိမိတို့ သန္တာန်ဝယ် ကိုယ်စီကိုယ်ငှ ပြည့်စေ၍ နေကြကုန်''ဟူသော အကြင်စကားကို ငါဘုရားပြောဆိုခဲ့၏။ ထိုစကားကို ဤအနက်အဓိပ္ပါယ်, ဤဆိုအပ်ပြီးသော အလောဘ, အဒေါသ, အမောဟတရားသုံးပါးကိုပင်လျှင် ရည်ညွှန်း၍, စွဲ၍ ပြောဆိုအပ်သည်။

ဘဒ္ဒိယ လိစ္ဆဝီ.... ဤလောက၌ နှလုံးပြော့ပျောင်း သူတော်ကောင်းစင်စစ်ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကြကုန်သည်၊ ထိုသူတော်ကောင်းစင်စစ်ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ တပည့်သာဝကကို ''ဧဟိ တွံ အမ္ဘော ပုရိသ လောဘံ ဝိနေယျ ဝိဟရာဟိ၊ လောဘံ ဝိနေယျ ဝိဟရန္တော န လောဘဇံ ကမ္မံ ကရိဿတိ ကာယေန ဝါစာယ မနသာ'' အစရှိသည်ဖြင့်—

အို-အမောင်ယောကျ်ား....လာပါလော့၊ အသင်သည် လောဘကိုပယ်ရှား၍ နေပါ၊ ဒေါသကိုပယ်ရှား၍ နေပါ၊ မောဟကို ပယ်ရှား၍ နေပါ၊ အလွန်အကျူး ပြုလုပ်ခြင်းတည်းဟူသော သာရမ္ဘတရားကို ပယ်ရှား၍ နေပါ၊ လောဘကိုရင်း, ဒေါသကိုရင်း, မောဟကိုရင်း, သာရမ္ဘ တရားကိုရင်း ပယ်ရှား၍ နေသည်ရှိသော် လောဘကြောင့်ဖြစ်သော မကောင်းမှု အကုသိုလ်ကံ, ဒေါသကြောင့်ဖြစ်သော မကောင်းမှု အကုသိုလ်ကံ, မောဟကြောင့် ဖြစ်သော မကောင်းမှုအကုသိုလ်ကံ, သာရမ္ဘကြောင့် ဖြစ်သော မကောင်းမှု အကုသိုလ်ကံကို ကိုယ်နှုတ်နှလုံး သုံးပါးတို့တွင် တပါးပါးဖြင့်မျှ ပြုတော့မည် မဟုတ် ဟူ၍ မိမိတို့၏ တပည့်သာဝကကို ဤသို့ဆောက်တည်စေပါသည် ဟု လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဘဒ္ဒိယအမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို ဝေသာလီပြည်အရပ်ဝယ် ဘဒ္ဒိယ လိစ္ဆဝီမင်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပု။ ။ဣမိဿာ စ ပန အာဝုသော ဒေသနာယ ဒေသိတာယ ဘဒ္ဒိယဿ လိစ္ဆဝိဿ ကီဒိသော ဓမ္မသဝနာနိသံသော အဓိဂတော။ ကထဥ္စ နံ ဘဂဝါ အနုယုဥ္ဇိတွာ တံ ဝစနံ ဝိနိဝေဌေသိ။

ဝိ။ ။ဣမိဿာ ဘန္တေ ဓမ္မဒေသနာယ ဒေသိတာယ ဘဒ္ဒိယဿ လိစ္ဆဝိဿ သောတာပတ္တိဖလသင်္ခါတော ဓမ္မသဝနာနိသံသော အဓိဂတော။ အပိ နု တာဟံ ဘဒ္ဒိယ ဧဝံ အဝစံ "ဧဟိ မေ တွံ ဘဒ္ဒိယ သာဝကော ဟောဟိ၊အဟံ သတ္ထာ ဘဝိဿာမီ"တိ ဧဝမာဒိနာ စ နံ ဘန္တေ ဘဂဝါ ပဋိပုစ္ဆိတွာ အနုယုဥ္ဇိတွာ တံ ဝစနံ ဝိနိဝေဌေသိ။

မေး။ ။ဤတရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားက ဟောကြားတော်မူအပ်သည်ရှိသော် ဘဒ္ဒိယမည်သော လိစ္ဆဝီမင်းသည် အဘယ်သို့သော တရားနာခြင်း၏ အကျိုးအာနိသင်ထူးကို ရရှိခဲ့ပါသနည်း။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်ကလည်း ထိုဘဒ္ဒိယ လိစ္ဆဝီမင်းကို အဘယ်သို့လျှင် ပြန်လှန် စစ်ဆေးတော်မူပြီးလျှင် "ရဟန်းကြီးဂေါတမသည် အာဝဋ္ဋနီမာယာမည်သော ဖြားယောင်း လှည့်စားသော အတတ်ပညာကို တတ်သိသည်၊ ထိုအတတ်ပညာဖြင့် အညတိတ္ထိယ မည်သော အခြားဂိုဏ်းဝင် တပည့်သာဝကတို့ကို ဖြားယောင်း ဆွဲဆောင် သိမ်းသွင်းသည်"ဟူ၍ မဟုတ်မတရား ပြောဆိုသော ထိုစကားကို အဘယ်သို့သျှင် ဖြေရှင်းတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဤ ဘဒ္ဒိယသုတ္တန် အမည်ရသော ဓမ္မဒေသနာတော်ကို ဟောတော်မူပြီးသည်၏ အဆုံးဝယ် ဘဒ္ဒိယ လိစ္ဆဝီမင်းအား သောတာပတ္တိဖိုလ်ဘည်းဟူသော တရားနာရခြင်း၏ အကျိုးအာနိသင်ထူးကို ရရှိအပ်ပါသည်၊ အကျိုး အာနိသင်ကို ရရှိသည့်အတိုင်း ဘဒ္ဒိယလိစ္ဆဝီမင်းသည် ဒေသနာတော် ပြီးဆုံးလတ်သောအခါ "အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ"အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရားထံ၌ သရဏဂုံ ခံယူခဲ့ပါသည်။ လောကုတ္တရာသရဏဂုံ ခံယူပြီးသည်၏ အခြားမဲ့၌ သဗ္ဗညုမြတ်စွာဘုရားက အပိ နု တာဟံ ဘဒ္ဒိယ ဧဝံ အဝစံ အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီ....သင့်ကို ငါဘုရားက ဧဟိ မေ တွံ ဘဒ္ဒိယ သာဝကော ဟောဟိ။ "ဘဒ္ဒိယ....လာလော့၊ သင်သည် ငါ၏တပည့် သာဝက ဖြစ်ပါ၊

ငါသည် သင့်ဆရာ ဖြစ်ပါမည်”ဟု သင့်ကို ငါဘုရားက ပြောကြားပါသလော ဟု မေးမြန်းတော်မူပါသည်။

နော ဟေတံ ဘန္တေ။ ယင်းသို့ မပြောကြားပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင် ဧဝံဝါဒိံ ခေါ မံ ဘဒ္ဒိယ ဧဝမက္ခာယိံ အစ ရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီ....ဤသို့ ယထာဓမ္မ အကုသိုလ်တရားကို အကုသိုလ်တရား ပီပီ, ကုသိုလ်တရားကို ကုသိုလ်တရားပီပီ, ပယ်ရှားရမည့် တရားကို ပယ်ရှားရ မည်, ပွါးများရမည့် တရားကို ပွါးများရမည်ဟူ၍ ယထာဘူတ ဖြစ်သော တရားကို ဟောကြားလေ့ရှိသော ငါဘုရားကိုပင် အချို့သော ရဟန်းပုဏ္ဏား တို့က မဟုတ်မတရား မုသားစကားဖြင့် “မာယာဝီ သမဏော ဂေါတမော” ရဟန်းကြီးဂေါတမသည် မျက်လှည့်အတတ်ကို တတ်သိသောသူတည်း၊ အာ-ဝဋ္ဋနီ အမည်ရှိသော မျက်လှည့်အတတ်ကို သိသောသူတည်း။ ယင်းအာဝဋ္ဋနီ မျက်လှည့်အတတ်ဖြင့် သာသနာပြင်ပ ကတိတ္ထိတို့၏တပည့်များကို သိမ်းသွင်း လှည့်ဖြား ဆွဲဆောင်လေ့ရှိသည်ဟူ၍ မဟုတ်မတရား ပြောဆိုကြသည် ဟု သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူလတ်သည်တွင် ဘဒ္ဒိယ လိစ္ဆဝီသည် “ဘဒ္ဒိကာ ဘန္တေ အာဝဋ္ဋနီ မာယာ၊ ကလျာဏီ ဘန္တေ အာဝဋ္ဋနီ မာယာ” အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား... ရှင်တော်ဘုရား၏ အာဝဋ္ဋနီမာယာ ဟူ၍ သာသနာပြင်ပ ပုဂ္ဂိုလ်တို့ ပြောဆိုသည့် ဓမ္မဒေသနာ တော်သည် အလွန်ကောင်းလှပါပေ၏၊ အပြစ်ကင်းစင်လှပါပေ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော် ချစ် ခင်အပ်သမျှသော ဆွေမျိုးသားချင်း အပေါင်းတို့သည် ဤတရားဒေသနာ တည်းဟူသော အာဝဋ္ဋနီမာယာဖြင့် လှည့်ဖြား သိမ်းသွင်းခံရကုန်သည်ဖြစ် အံ့၊ တပည့်တော် ချစ်ခင်အပ်သမျှသော ဆွေမျိုးအပေါင်းတို့၏ ရှည်လျား စွာသော နေ့ညဥ့်ပတ်လုံး စီးပွါးတရား ပွါးများဘို့ရန်,ချမ်းသာတရား ပွါးများ ဘို့ရန်သာလျှင် ဖြစ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အလုံးစုံသော ခတ္တိယဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်း, ဗြာဟ္မဏဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်း, ဝေဿ

ဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်း, သုဒ္ဒဂိုဏ်းဝင် ပုဂ္ဂိုလ်အပေါင်းတို့သည် ဤအာဝဋ္ဋနီမာယာ ဟူ၍ သာသနာပြင်ပ ပုဂ္ဂိုလ်တို့ စွပ်စွဲသည့် ဓမ္မဒေသနာဖြင့် လှည့်ဖြားဆွဲဆောင် အဆုံးအမကို ခံယူရသည်ဖြစ်ပါအံ့၊ အလုံးစုံသော မင်းအပေါင်း, ပုဏ္ဏားအပေါင်း,သူကြွယ်အပေါင်း,ဆင်းရဲသားအပေါင်းတို့အား ရှည်လျားစွာသော နေ့ညဥ့်ပတ်လုံး စီးပွါးတရား ပွါးများဘို့ရန်, ချမ်းသာတရား ပွါးများဘို့ရန်သာလျှင် ဖြစ်ပါတော့၏ ဟု ပြန်ကြား လျှောက်ထားပါသည်။ သဗ္ဗညုမြတ်စွာဘုရားက "ဧဝမေတံ ဘဒ္ဒိယ၊ ဧဝမေတံ ဘဒ္ဒိယ" အစရှိသည်ဖြင့်—

ဘဒ္ဒိယ လိစ္ဆဝီ....သင်ပြောသည့်အတိုင်း မှန်ပေ၏၊ အလုံးစုံသောခတ္တိယဂိုဏ်းဝင်,ဝေဿဂိုဏ်းဝင်,သုဒ္ဒဂိုဏ်းဝင်,မင်းအပေါင်း,ပုဏ္ဏားအပေါင်း,သူကြွယ်အပေါင်း,ဆင်းရဲသား အပေါင်းဘို့သည် သာသနာပြင်ပ ဗာဟိရကပုဂ္ဂိုလ်တို့က အာဝဋ္ဋနီမာယာဟူ၍ စွပ်စွဲ အလွဲပြောဆိုအပ်သည့် ဤတရားဒေသနာဖြင့် အကုသိုလ်တရား ပယ်ရှားဘို့ရန်,ကုသိုလ်တရားပြည့်စုံစေဘို့ရန် ဆွဲဆောင်ဆုံးမအပ်သည် ဖြစ်ပါအံ့၊ အလုံးစုံသော မင်းအပေါင်း, ပုဏ္ဏားအပေါင်း, သူကြွယ်အပေါင်း, ဆင်းရဲသားအပေါင်းဘို့အားပင်လျှင် ရှည်လျားစွာသော ညဥ့်နေ့ပတ်သုံး အစီးအပွါး များဘို့ရန်, ချမ်းသာတရား တိုးဘို့ရန်သာလျှင် ဖြစ်ပါတော့၏။

ဘဒ္ဒိယ လိစ္ဆဝီ....ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွ ဝသဝတ္တီမာရ်မင်းပြည်နှင့်တကွ ဗြဟ္မာ့ပြည် နှစ်ဆယ်နှင့်တကွ ရဟန်းပုဏ္ဏားနှင့်တကွ သမ္မုတိနတ်ဘည်းဟူသော မင်း, ကြွင်းသောလူနှင့် တကွသော ဤသတ္တလောကအပေါင်းသည် အာဝဋ္ဋနီမာယာ ဟူ၍ သာသနာပြင်ပ က ပုဂ္ဂိုလ်တို့ စွပ်စွဲခံရသည့် တရားဒေသနာဖြင့် လှည့်ဖြားဆွဲဆောင် အဆုံးအမကို ခံယူရသည်ဖြစ်ပါအံ့၊ အလုံးစုံသော နတ်နှင့်တကွသော သတ္တလောကကြီးတခုလုံး ရှည်လျားသော ညဥ့်နေ့ကာလပတ်လုံး စီးပွါးတရား ပွါးများဘို့ရန်, ချမ်းသာဘရားပွါးများဘို့ရန်သာ ဖြစ်ပါတော့သည်။

ဘဒ္ဒိယ လိစ္ဆဝီ....အယုတ်ဆုံးအားဖြင့် ဤငါဘုရား၏ ရှေ့မှောက်ဝယ်ထင်ရှားရှိကြသော အင်ကြင်းပင်ကြီးတို့ပင်သော်မှ သာသနာပြင်ပ ပုဂ္ဂိုလ်တို့က အာဝဋ္ဋနီမာယာဟူ၍ အလွဲလွဲအချော်ချော် စွပ်စွဲပြောဆိုအပ်သည့် ဓမ္မဒေသနာဖြင့် လှည့်ဖြားဆွဲဆောင် အဆုံးအမဩဝါဒ ပေးသည်ကို ရရှိကုန်ငြားအံ့၊ဤအင်ကြင်းပင်ကြီးကိုကလည်း အကယ်၍ စေတနာရှိသော သစ်ပင်

ကြီးဘို့သည်း ဖြစ်ပါကုန်ငြားအံ့၊ ဤ အင်ကြင်းပင်ကြီးတို့ပင်သော်မှလည်း ရှည်လျားစွာသော ညဉ့်နေ့ပတ်လုံး စီးပွါးများဘို့ရန်, ချမ်းသာတရား ပွါးဘို့ ရန် ဖြစ်ပါတော့သည်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဘဒ္ဒိယလိစ္ဆဝီကို တဖန် မေးမြန်း၍ သာသနာပြင်ပ အညတိတ္ထိယပုဂ္ဂိုလ်တို့က စွပ်စွဲပြောဆိုသည့် "ရဟန်းကြီး ဂေါတမသည် မျက်လှည့်ဆရာကြီးတည်း၊ အာဝဋ္ဋနီ အမည် ရှိသော မျက်လှည့်အတတ်ကို တတ်သော သိသော ပုဂ္ဂိုလ်တည်း၊ ယင်း အာဝဋ္ဋနီ မျက်လှည့်အတတ်ဖြင့် သာသနာပြင်ပက တိတ္ထိတို့၏ တပည့် သာဝကတို့ကို လှည့်ဖြားဆွဲဆောင်လေ့ရှိ၏"ဟူ၍ စွပ်စွဲပြောဆိုသော စကား ကို ရှင်းလင်းဖြေကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဘဒ္ဒိယသုတ် ပြီး၏။**

---

## မလ္လိကာဒေဝီသုတ်

ပု။ ။တတ္ထေဝ အာဝုသော သုတ္တမ် မလ္လိကာဒေဝီသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဥ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ မလ္လိကာဒေဝိံ အာရဗ္ဘ ဘာသိတံ။ မလ္လိကာ ဘန္တေ ဒေဝီ ဘဂဝန္တံ ဧတဒဝေါစ "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော မာတုဂါမော ဒုဗ္ဗဏ္ဏာ စ ဟောတိ ဒုရူပါ သုပါပိကာ ဒဿနာယ၊ ဒလိဒ္ဒါ စ ဟောတိ အပ္ပဿကာ အပ္ပဘောဂါ အပ္ပေသက္ခာ စ။ပ။ ကော ပန ဘန္တေ ဟေတု ကော ပစ္စယော၊ ယေန မိဓေကစ္စော မာတုဂါမော အဘိရူပါ စ ဟောတိ ဒဿနီယာ ပါသာဒိကာ ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတာ၊ အဍ္ဍာ စ ဟောတိ မဟဒ္ဓနာ မဟာဘောဂါ မဟေ- သက္ခာ စာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ဣဓ မလ္လိကေ မာတု- ဂါမော ကောဓနာ ဟောတိ ဥပါယာသဗဟုလာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုမဟာဝင်္ဂဥ်ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော မလ္လိကာဒေဝီ သုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်

ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်ဝယ် ပသေနဒီ ကောသလမင်း၏ မိဖုရားဖြစ်သော မလ္လိကာဒေဝီကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူသောကာလ ပသေနဒီ ကောသလမင်း၏ အဂ္ဂမဟေသီ ဒေဝီဖြစ်သော မလ္လိကာ မိဖုရားသည် ဘုရားထံမှောက်သွားရောက် ရှိခိုးဦးညွှတ်ပြီး အပြစ်ခြောက်ပါးကင်းလွတ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးလျှင် "ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော" အစရှိသည်ဖြင့်—

(၁) ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....ဤလောကဝယ် ထင်ရှားရှိကြသော အရုပ်လည်းဆိုး၍ ဆင်းလည်း ဆင်းရဲလှ, အခြွေအရံလည်း နည်းပါးလှသော မာတုဂါမ-မင်းမိန်းမဖြစ်ကြောင်း မကောင်းသောတရားကား အဘယ်တရား ဖြစ်ပါသနည်း။

(၂) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အဘယ်သို့သော အကြောင်းတရားကြောင့် ဤလောက၌ အချို့သော မာတုဂါမသည် အရုပ်ကားဆိုး၍ စီးပွါးဥစ္စာများမြတ်ပြီးလျှင် အခြွေအရံပေါများ၍ နေပါသနည်း။

(၃) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အဘယ်သို့သော အကြောင်းကြောင့် ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အရုပ်အဆင်း လှပ၍ ဆင်းရဲနွမ်းပါးပြီးလျှင် အခြွေအရံ ပရိသတ်နည်းပါးသူ ဖြစ်ပါသနည်း။

(၄) ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အဘယ်အကြောင်း တရားကြောင့် ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အရုပ်အဆင်းလည်းလှပ, စီးပွါးဥစ္စာလည်း ကြွယ်ဝ, အခြွေအရံလည်းများမြတ်သူ ဖြစ်ပါသနည်းဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣဓ မလ္လိကေ ဧကစ္စော မာတုဂါမော ကောဓနော ဟောတိ ဥပါယာသဗဟုလာ" အစရှိသည်ဖြင့်—

မလ္လိကာ မိဖုရား....ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အမျက်ဒေါသလည်း ထွက်လေ့ရှိပေ၏၊ သမဏ, ဗြာဟ္မဏ အမည်ရသော သူတော်ဂိုဏ်းဝင် ပုဂ္ဂိုလ်တို့အားလည်း ထမင်း,အဖျော်,အဝတ်,ယာဉ် ရထား, ပန်း,နံ့သာ,နံ့သာပျောင်း,ဆီမီး, အိပ်ရာ နေရာ, ကျောင်းတည်းဟူသော လှူဘွယ်ဝတ္ထု ဆယ်ပါးတို့ကိုလည်း မလှူခဲ့၊ သူတပါးတို့၏ လာဘ်ပူဇော်သက္ကာရ အရိုအသေ အလေးအမြတ် ရှိခိုးမှု, မြတ်နိုးမှု အစုစုအပေါ်၌လည်း မနာလို ဣဿာဘရား ပွါးများလေ့ရှိပေ၏။

မလ္လိကာ မိဖုရား....ထိုသို့ သဘောရှိသော မာတုဂါမ-မင်းမိန်းမသည် ထိုဘဝမှ စုတေ၍ ဤလူ့ပြည်ဘဝသို့ ကပ်ရောက်လာသည်ရှိသော် အကြင် အကြင် မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး ထိုထိုအမျိုး၌ ဖြစ်စေကာမူ အရုပ်အဆင်းလည်းဆိုးဝါး,အရုပ်အဆင်းလည်း မလှပ,ဉစ္စာလည်း နည်းလှ၍ အခြွေအရံလည်း နည်းသော မာတုဂါမ-မင်းမိန်းမ ဖြစ်တတ်သည်။ ,

မလ္လိကာ မိဖုရား....ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အမျက်ဒေါသသာ အားကြီး၍ သမဏ, ဗြာဟ္မဏအမည်ရသော သူတော်စင် သူတော်ကောင်းတို့အား လှူဘွယ်ဝတ္ထု ဆယ်ပါးတို့ဖြင့် လှူလေ့, တန်းလေ့ ရှိပေ၏၊ သူတပါးတို့ ရရှိသော လာဘ်ပူဇော်သက္ကာရ အရိုအသေ အလေး အမြတ် ရှိခိုးခြင်း, မြတ်နိုးခြင်း အမှုတို့၌ မနာလို ဣဿာ ငြူစူခြင်း တရား အလျှင်း ကင်းမဲ့ပေ၏။

မလ္လိကာ မိဖုရား....ဤသို့ သဘောရှိသော မာတုဂါမ-မင်းမိန်းမသည် ထိုဘဝမှ စုတေ၍ ဤလူ့ပြည်ဘဝသို့ ရောက်လတ်သည်ရှိသော် အရုပ်ကား ဆိုးပါ၏၊ စီးပွါးဉစ္စာကား များမြတ်၍ အခြွေအရံလည်း များလှပေ၏။

မလ္လိကာ မိဖုရား....ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အမျက်လည်း မထွက်တတ်၊ သူတပါးတို့က များစွာလည်း ပြောဆိုစေကာမူ သူတပါးတို့အား အကြိတ်အခဲ အမြဲစွဲ တည်သော ဒေါသမျိုးကို မဖြစ်ပွါးစေ တတ်၊ အမျက်ဒေါသချောင်းချောင်းထသည်ကို မဖော်ပြတတ်။ သို့စေကာမူ သမဏ, ဗြာဟ္မဏ အမည်ရသော သူတော်စင် ပုဂ္ဂိုလ်တို့အားကား ထမင်း,

အဖျော် အစရှိသော လျှာဘွယ် ဝတ္ထု ဆယ်ရပ်တို့ကို မလှူခဲ့ချေ၊ သူတပါးတို့ ရရှိသော လာဘ်ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစော ရှိခိုးခြင်း, မြတ်နိုးခြင်း,ပူဇော်ခြင်းတို့ကို မြင်လေ မြင်လေ ငြူစူခြင်း ဣဿာတရား ပွါးများလေ့ ရှိပေ၏။

မလ္လိကာ မိဖုရား.... ဤသို့ သဘောရှိသော မာတုဂါမ-မင်းမိန်းမသည် ထိုဘဝမှ စုတေ၍ ဤလူ့ပြည်ဘဝသို့ ရောက်လတ်သည်ရှိသော် ရှေးဘဝက အမျက်မထွက်ခဲ့ခြင်းဟူသော အကြောင်းကြောင့် ဤဘဝ၌ ရုပ်အဆင်းကား လှပပေ၏၊ ဣဿာတရားများခဲ့ခြင်း, အလှူအတန်း မပြုခဲ့ခြင်း ဟူသော အကြောင်းကြောင့် ဆင်းရဲစွာနှင့် အခြွေအရံ ပရိသတ်နည်းပါးသော မာတုဂါမ-မင်းမိန်းမ ဖြစ်ရသည်။

မလ္လိကာ မိဖုရား.... ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အမျက်ဒေါသလည်းမထွက်တတ်၊ သူတပါးတို့က မည်မျှပင် များစွာ ပြောဆိုစေကာမူ ထိုသူတို့အပေါ်ဝယ် ဒေါသဖြင့် မစွန်းငြိတတ်၊ အမျက် မထွက်ဘဲ၊ အကြိမ်အခဲ ဒေါသဖြင့် အမြဲလည်း မတည်တတ်ပါပေ၊ သမဏ, ဗြာဟ္မဏအမည်ရသော သူတော်စင် သူတော်မြတ်တို့အားလည်း ထမင်း, အဖျော်အစရှိသော လှူဘွယ်ဝတ္ထုဆယ်ပါးတို့ကိုလည်း သဒ္ဒါကြည်ဖြူ လှူဒါန်းလေ့ ရှိပေ၏၊ သူတပါးတို့ရရှိသည့် လာဘ်ပူဇော်သက္ကာရ အရိုအသေ အလေးအမြတ် ရှိခိုးခြင်း, မြတ်နိုးခြင်း အမှုတို့ကိုလည်း ငြူစူခြင်း, မနာလိုခြင်း အလျှင်းမရှိ။

မလ္လိကာ မိဖုရား.... ဤသို့ သဘောရှိသော မာတုဂါမ-မင်းမိန်းမ သည် ထိုဘဝမှ စုတိပြတ်ကြွေ သေလွန်ခဲ့သည်ရှိသော် ဤလူ့ပြည်လောက၌ အရုပ်အဆင်းလည်း လှပ, စည်းစိမ်ဥစ္စာလည်း များလှ, အခြွေအရံလည်း ပေါများလှသည့် မာတုဂါမ မင်းမိန်းမဖြစ်ရသည်။

မလ္လိကာ မိဖုရား.... ဤဆိုအပ်ပြီးသောအတိုင်း အမျက်ဒေါသ ထွက်ခြင်း, အလှူအတန်းမပြုခဲ့ခြင်း, ဣဿာငြူစူခြင်း ဤတရားသုံးပါးတည်းဟူသော အကြောင်းကြောင့် အချို့သော မာတုဂါမ-မင်းမိန်းမသည် အရုပ်လည်းဆိုး၍ စီးပွါးဥစ္စာလည်းမရှိ, အခြွေအရံလည်း နည်းပါးသောသူ ဖြစ်ပေသည်။

မလ္လိကာ မိဖုရား.... ဤဆိုအပ်ပြီးသောအတိုင်း အမျက် ဒေါသလည်း ကြီးခဲ့၍ အလှူအတန်းကိုကား ပေးလှူ၊ ဣဿာငြူစူတရားကိုကား မထား ခဲ့ခြင်းဟူသောအကြောင်းကြောင့် ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အရုပ်ပင် ဆိုးသော်လည်း စီးပွါးဥစ္စာများမြတ်၍ အခြွေအရံ များမြတ်ခြင်းနှင့် ပြည့်စုံရပေသည်။

မလ္လိကာ မိဖုရား.... ဤဆိုအပ်ပြီးသောအတိုင်း အတိတ်ဘဝက အမျက် ဒေါသတို့ကို မထားခဲ့ခြင်းဟူသောအကြောင်း, အလှူအတန်းကိုကား မပေး ကမ်းခဲ့ခြင်းဟူသော အကြောင်း, ငြူစူခဲ့ခြင်းဟူသော အကြောင်းကြောင့် ဤလောက၌ အချို့သော မာတုဂါမ-မင်းမိန်းမသည် အရုပ်အဆင်းသာလှပ၍ စည်းစိမ် ဥစ္စာ အခြွေအရံတို့ကား နည်းပါးခြင်း ဖြစ်ရပေသည်။

မလ္လိကာ မိဖုရား.... ဤဆိုအပ်ပြီးသောအတိုင်း အချို့သော မာတု ဂါမ-မင်းမိန်းမသည် အတိတ်ဘဝက အမျက်ဒေါသလည်း မထွက်ခဲ့၊ အလှူ အတန်း ကိုလည်းလှူခဲ့၊ သူတပါးဘို့အပေါ်ဝယ် မနာလိုငြူစူတရားကိုလည်း မထားခဲ့ခြင်းဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝဝယ် အရုပ်အဆင်း လည်း လှပ, စီးပွါး ဥစ္စာ အခြံအရံတို့လည်း များမြတ်သည့် မာတုဂါမ-မင်းမိန်းမဖြစ်ရပေသည်ဟု မိန့်ကြားတော်မူလတ်ပါသည်။

ထိုအခါ မလ္လိကာမိဖုရားက "ယာ နူနာဟံ ဘန္တေ အညံ ဇာတိံ ကောဓနာ အဟောသိံ ဥပါယာသဗဟုလာ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်မ သည် တခုသောဘဝက အမျက်ဒေါသ ကြီးခဲ့သော မာတုဂါမ-မင်းမိန်းမ ဖြစ်ခဲ့ပါလိမ့်မည်၊ ထိုကြောင့်ပင် တပည့်တော်သည် ယခုဘဝ၌ အရုပ်အဆင်း မလှပသော မင်းမိန်းမဖြစ်၍နေပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်မ သည် လွန်ခဲ့သော အတိတ် တခုခုသောဘဝက သမဏ, ဗြာဟ္မဏ အမည်ရ သော သူတော်စင် သူတော်မြတ်တို့အား ထမင်းအဖျော် အစရှိသော လှူဘွယ် ဝတ္ထု ဆယ်ပါးဘို့ကို လှူဒါန်းခဲ့သောသူ ကေန်စင်စစ်ဖြစ်ခဲ့ပါပြီ၊ ထိုကြောင့်ပင် တပည့်တော်မသည် ယခုဘဝ၌ များသောဥစ္စာနှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ရ ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်မသည် လွန်ခဲ့သော အတိတ်ဘဝတခုက သူတပါးတို့အပေါ်ဝယ် လာဘ် ပူဇော်သက္ကာရ အရိုအသေ အလေးအမြတ် ရှိခိုးခြင်း, မြတ်နိုးခြင်း အပြုခံရသည်ကို မနာလိုငြူစူခြင်းတည်း ဟူသော ဣဿာတရား ပါးခဲ့သူ, ကင်းခဲ့သူ ဖြစ်ခဲ့ပါသိမ့်မည်၊ ထို့ကြောင့်ပင်လျှင် တပည့်တော်မသည် ယခုဘဝဝယ် များစွာသော အခြွေအရံနှင့် ပြည့်စုံသူဖြစ်၍ နေပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ပသေနဒီ ကောသလမင်း၏ နန်းတော်အတွင်းဝယ် ခတ္တိယဂိုဏ်းဝင် သတို့သမီးအပေါင်း, ဗြာဟ္မဏဂိုဏ်းဝင် သတို့သမီးအပေါင်း, ဂဟပတိဂိုဏ်းဝင် သတို့သမီးအပေါင်း များစွာရှိကြပါသည်၊ ထိုသတို့သမီးပေါင်း များစွာတို့ကို တပည့်တော်မသည် စိုးအုပ်၍ နေရပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်မသည် ယနေ့ကစ၍ အမျက်မထွက်သောပုဂ္ဂိုလ် ဖြစ်ပါတော့မည်၊ အလှူအတန်း ပေးကမ်းလေ့ရှိသောပုဂ္ဂိုလ် ဖြစ်ပါတော့မည်၊ သူတပါးတို့၏ လာဘ်ပူဇော်သက္ကာရ အစရှိသည်တို့၌ မနာလိုငြူစူခြင်း အလျှင်းမရှိသော အမျိုးကောင်းသမီး ဖြစ်ပါတော့မည်။ "အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ" အစရှိသည်ဖြင့် လျှောက်ဆိုပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားထံ သရဏဂုံ ခံယူခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မလ္လိကာဒေဝီသုတ္တန် အမည်ရသော ဤတရားဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းအရပ်ဝယ် မလ္လိကာမိဖုရား လျှောက်ထားခြင်းဟူသော အကြောင်းကြောင့် မာတုဂါမ-မင်းမိန်းမအပြား လေးပါးကို ဖော်ပြ၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**မလ္လိကာဒေဝီသုတ် ပြီး၏။**

---

## ဒသကမ္မသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဂုသော စတုက္ကနိပါတေ သပ္ပုရိသဝဂ္ဂေ စတုတ္ထံ ဒသကမ္မသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သပ္ပုရိသဝဂ္ဂေ ဘန္တေ စတုတ္ထံ ဒသကမ္မသုတ္တံ "အသပ္ပုရိသဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အသပ္ပုရိသေန အသပ္ပုရိသတရဉ္စ သပ္ပုရိသဉ္စ သပ္ပုရိသေန သပ္ပုရိသတရဉ္စ၊ တံ သုဏာထ သာဓုကံ မနသိ ကရောထာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် သပ္ပုရိသဝဂ်၌ လေးခုမြောက်ဖြစ်သော ဒသကမ္မမည်သော သုတ္တန် တရားဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်....။

ဖြေ။ ။သပ္ပုရိသဝဂ်၌ လေးခုမြောက်ဖြစ်သော ဒသကမ္မ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "အသပ္ပုရိသဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... သင်ချစ်သားတို့အား ငါဘုရားသည် (၁) သူတော်မဟုတ် သူယုတ်မာကိုရင်း၊ (၂) အထူးသဖြင့် ယုတ်မာသော သူကိုရင်း၊ (၃) နှလုံး ပြေ့ပျောင်း သူတော်ကောင်းကိုရင်း၊ (၄) အထူးသဖြင့် ကောင်းမြတ် ချီးမွမ်းအပ်သော သူတော်ကောင်းကိုရင်း အကျဉ်းအားဖြင့်ရင်း၊ အကျယ်အားဖြင့်ရင်း ငါဘုရား ဟောကြားပေအံ့။ ထို ဒသကမ္မသုတ္တန်ဒေသနာကို သင်ချစ်သားတို့သည် နာကြကုန်၊ မြဲမြံစွာ နှလုံးသွင်းကြကုန်၊ အကျယ်အားဖြင့် ငါဘုရား ဟောပြမည် ဟူ၍ မိန့်ကြားတော်မူသည်ဘွင် "ဧဝံ ဘန္တေ"ကောင်းပါပြီဘုရား ဟု ရဟန်းတော်တို့က ပြန်ကြားလျှောက်ထားသည်ဘွင် "ကတမော စ ဘိက္ခဝေ အသပ္ပုရိသော" အစရှိသည်ဖြင့်—

ချစ်သား ဘို့....အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်သည် သူတော်မဟုတ် သူယုတ်မာ ဖြစ်သနည်း။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပါဏာတိပါတ ဒုစရိုက်မှုကို ပြုလေ့ရှိ၏။ အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ,မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ တည်းဟူသော ဒုစရိုက် ဆယ်ပါးကို ပြုလုပ်လေ့ ရှိ၏။

ချစ်သားတို့.... ဤသို့ ဒုစရိုက်ဆယ်ပါးကို လိုက်စားလေ့ရှိသော ပုဂ္ဂိုလ်ကို သူတော်မဟုတ် သူယုတ်မာ ဟူ၍ ဆိုအပ်ပေ၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဒုဿီလဖြစ်သော ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ ဤလေးမျိုးသော ပုဂ္ဂိုလ်တို့သည်ကား ပရိသတ်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်တို့ ဖြစ်သည်။

ချစ်သား ရဟန်းတို့.... ပရိသတ်ကို တင့်တယ်စေတတ်သော ပုဂ္ဂိုလ်တို့သည်လည်း လေးမျိုးတို့ပင်ဖြစ်ကုန်သည်။ လေးမျိုးတို့ ဟူသည်မှာ (၁) သီလနှင့် ပြည့်စုံ၍ ကိုယ်ကျင့်တရား ကောင်းမွန်သော ဘိက္ခု-ရဟန်းသည်လည်း ပရိသတ်ကို တင့်တယ်စေတတ်သည်။ (၂) ထို့အတူ သီလနှင့် ပြည့်စုံ၍ ကိုယ်ကျင့်တရား ကောင်းမွန်သော ဘိက္ခုနီ။ (၃) ဥပါသကာ။ (၄) ဥပါသိကာ။ ဤပုဂ္ဂိုလ်များသည်လည်း ပရိသတ်ကို တင့်တယ်စေတတ်သည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသောအတိုင်း ပရိသတ်ကို တင့်တယ်စေတတ်သော ပုဂ္ဂိုလ်တို့သည် သီလရှိသော ဘိက္ခု, သီလရှိသောဘိက္ခုနီ, သီလရှိသော ဥပါသကာ, သီလရှိသော ဥပါသိကာအားဖြင့် လေးပါးတို့ ရှိကုန်သည်ဟု ဤပရိသာအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပရိသာသုတ် ပြီး၏။**

**စတုက္ကနိပါတ်ပါဠိတော် အမေးအဖြေ ပြီးပြီ။**

# ပဉ္စကနိပါတ်ပါဠိတော် အမေးအဖြေ

## သေခဗလဝဂ်

### သံခိတ္တသုတ်

ပု။ ။ပဉ္စကနိပါတေ ပန အာဝုသော ပဌမေ သေခဗလဝဂ္ဂေ ပဌမံ သံခိတ္တသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဉ္စ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ "ပဉ္စိမာနိ ဘိက္ခဝေ သေခဗလာနိ။ ကတမာနိ ပဉ္စ၊ သဒ္ဓါဗလံ ဟိရီဗလံ ဩတ္တပ္ပဗလံ ဝီရိယဗလံ ပညာဗလံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ သေခဗလာနိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်၌ ရှေးဦးစွာသော သေခဗလဝဂ်ဝယ် ရှေးဦးစွာသော သံခိတ္တမည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်၌ များစွာသော ရဟန်းတော်တို့ကို အကြောင်းပြု၍ "ပဉ္စိမာနိ ဘိက္ခဝေ သေခဗလာနိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... သေက္ခပုဂ္ဂိုလ်၏ ခွန်အားတို့သည်ကား ငါးမျိုးတို့ ရှိကုန်သည်။ ငါးမျိုးတို့ဟူသည်မှာ—

(၁) သဒ္ဓါတည်းဟူသော ခွန်အား၊
(၂) ဟိရီတည်းဟူသော ခွန်အား၊
(၃) ဩတ္တပ္ပ တည်းဟူသော ခွန်အား၊
(၄) ဝီရိယတည်းဟူသော ခွန်အား၊
(၅) ပညာတည်းဟူသော ခွန်အား—

ဟူ၍ သေက္ခပုဂ္ဂိုလ်တို့၏ ခွန်အားငါးမျိုးတို့ ရှိကုန်သည်။

တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ။ သို့ရကား.... သင်ချစ်သားတို့သည်လည်း သဒ္ဓါဗိုလ်တည်းဟူသော သေက္ခခွန်အားနှင့် ပြည့်စုံသူ ဖြစ်ကြ

ကုန်အံ့၊ ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်, ဝီရိယဗိုလ်, ပညာဗိုလ် တည်းဟူသော သေက္ခအရိယာပုဂ္ဂိုလ်တို့၏ ခွန်အားနှင့် ပြည့်စုံသူဖြစ်ကြကုန်အံ့ဟူ၍ သင်ချစ်သားတို့သည် ကျင့်ကြံပွါးများ အားထုတ်ကုန်ရာသည်ဟု ဤသံခိတ္တ အမည်ရသည့် ရှေးဦးစွာသော သုတ္တန်ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် များစွာသော ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းတော်တို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သံခိတ္တသုတ် ပြီး၏။**

---

## ဒုက္ခသုတ်

ပု။ ။တတ္ထ၀ အာဝုသော ဝကိယံ ဒုက္ခသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတိယံ ဘန္တေ ဒုက္ခသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခံ ဝိဟရတိ သဝိဃာတံ သဉပါယာသံ သပရိဠာဟံ ကာယဿ စ ဘေဒါ ပရံ မရဏာ ဒုဂ္ဂတိ ပါဋိကင်္ခါ။ ကတမေဟိ ပဉ္စဟိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု အသဒ္ဓေါ ဟောတိ အဟိရိ-ကော ဟောတိ၊ အနောတ္တပ္ပီ ဟောတိ၊ ကုသီတော ဟောတိ၊ ဒုပ္ပညော ဟောတိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပဉ္စကနိပါတ် သေခဗလဝဂ်၌ပင်လျှင် သုံးခုမြောက် ဖြစ်သော ဒုက္ခသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သေခဗလဝဂ်၌ သုံးခုမြောက်ဖြစ်သော ဒုက္ခအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခံ ဝိဟရတိ သဝိဃာတံ သဉပါယာသံ သပရိဠာဟံ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ငါးပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် ခု ဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌လည်း ဆင်းရဲပင်ပန်းကြီးစွာဖြင့် နေရပေ၏။ ကိုယ်ခန္ဓာ ပြက်ကြွေ စုတေသည်မှ နောက်ကာလ၌လည်း ဒုဂ္ဂတိဘုံဘဝသို့ မချွတ်မလွဲ ရောက်ရ၏။ ငါးပါးသော တရားတို့ဟူသည်မှာ အဘယ်တို့နည်း ဟူမူကား—

ချစ်သားတို့.... ဤသာသနာတော်၌ အချို့သော ရဟန်းသည် (၁) သဒ္ဓါတရား ခေါင်းပါး၏။ (၂) ဟိရီတရား လုံးဝမရှိ။ (၃) ဩတ္တပ္ပတရား လုံးဝမရှိ။ (၄) ပျင်းရိခြင်း-ကောသဇ္ဇတရားဖြင့် နှိပ်စက်အပ်၏။ (၅) ပညာလည်း မဲ့၏။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော သဒ္ဓါတရားမရှိခြင်း-အသဒ္ဓိယ, အဟိရိက, အနောတ္တပ္ပ, ကောသဇ္ဇ, ဒုပ္ပညခေါ် သောအဝိဇ္ဇာ ဤတရားငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ခု ဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌လည်း ပင်ပန်း ဆင်းရဲကြီးစွာ နေရ၏၊ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလ၌လည်း အပါယ်ဒုဂ္ဂတိလျှင် မချွတ်လားရာ ရှိ၏။

ချစ်သားတို့.... ငါးပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းတော် သူမြတ်သည် ခု ဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌လည်း မပင်မပန်း ချမ်းသာစွာနေရပေ၏။ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌လည်း လူ့ နတ်ရပ် တည်းဟူသော သုဂတိဘုံဌာနသို့ မချွတ်လျှင် လားရပေ၏။ တရားငါးမျိုးတို့ ဟူသည်မှာ—

ဤသာသနာတော်၌ အချို့သော ရဟန်းသည် (၁) သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏။ (၂) မကောင်းမှုမှ ရှက်တတ်သော ဟိရီတရားနှင့်လည်း ပြည့်စုံ၏။ (၃) မကောင်းမှုကို လန့်တတ်သော ဩတ္တပ္ပတရားနှင့်လည်း ပြည့်စုံ၏။ (၄) ထိုတရားတို့၌ အားထုတ်အပ်သော လုံ့လဝီရိယလည်း ရှိ၏။ (၅) ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကိုမြင်သော ပညာနှင့်လည်း ပြည့်စုံပေ၏။

ချစ်သားတို့.... ဤဆိုအပ်ပြီးသော သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဝီရိယ, ပညာ တည်းဟူသော တရားငါးမျိုးတို့နှင့် ပြည့်စုံသော ရဟန်းတော်သူမြတ်သည် ဒိဋ္ဌဓမ္မ ခု ဝတ္တမာန် ပစ္စုပ္ပန်ဘဝ၌လည်း မပင်မပန်း ချမ်းသာစွာ နေရပေ၏။ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌လည်း လူ့ နတ်ရပ် သုဂတိဘုံဌာနသို့ မချွတ်မယွင်း လားရောက်ရပေသည်ဟု ဤ ဒုက္ခအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဒုက္ခသုတ် ပြီး၏။**

## သမာပတ္တိသုတ်

ပု။ ။တတ္ထ ခေါ အာဝုသော ဆဋ္ဌံ သမာပတ္တိသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဆဋ္ဌံ ဘန္တေ သမာပတ္တိသုတ္တံ "န တာဝ ဘိက္ခဝေ အကုသလဿ သမာပတ္တိ ဟောတိ၊ ယာဝ သဒ္ဓါ ပစ္စုပဋ္ဌိတာ ဟောတိ ကုသလေသု ဓမ္မေသု။ ယတော စ ခေါ ဘိက္ခဝေ သဒ္ဓါ အန္တရဟိတာ ဟောတိ အဿဒ္ဓိယံ ပရိယုဋ္ဌာယ တိဋ္ဌတိ၊ အထ အကုသလဿ သမာပတ္တိ ဟောတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသေခဗလဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော သမာပတ္တိ သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသေခဗလဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော သမာပတ္တိ သုတ္တန်မည်သော တရားဒေသနာတော်ကို "န တာဝ ဘိက္ခဝေ အကုသ-လဿ သမာပတ္တိ ဟောတိ၊ ယာဝ သဒ္ဓါ ပစ္စုပဋ္ဌိတာ ဟောတိ ကုသလေသု ဓမ္မေသု အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့.... အကြင်မျှလောက်သော ကာလပတ်လုံး သင်ချစ် သားတို့ သန္တာန်ဝယ် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် အမြဲတစေ ထင် လျက်,တည်လျက် ရှိပေ၏၊ ထိုသို့ သဒ္ဓါတရား ထင်လျက်,တည်လျက် ရှိနေသမျှ ကာလပတ်လုံး သင်ချစ်သားတို့ သန္တာန်ဝယ် အကုသိုလ်တရားတို့ ရောက်လာ မည် မဟုတ်ချေ။

ချစ်သားတို့.... အကြင်အခါ၌ကား သဒ္ဓါတရား ကွယ်ပ၍ အသဒ္ဓိယ ခေါ်သော မယုံကြည်မှုတရား လွှမ်းမိုး၍ သင်ချစ်သားတို့ သန္တာန်ဝယ် တည်ရှိလာငြားအံ့၊ ထိုအခါ၌ သင်ချစ်သားတို့ သန္တာန်ဝယ် ဧကန်မုချ အားဖြင့် အကုသိုလ်တရားတို့ ရောက်ရှိလာခြင်း ဖြစ်တော့သည်။

ချစ်သားရဟန်းတို့.... အကြင်မျှလောက် သင်ချစ်သားတို့ သန္တာန်ဝယ် ဟိရီတရား, ဩတ္တပ္ပတရား, ဝီရိယတရား, ပညာတရားတို့သည် ကုသိုလ်တရား

ပွါးများဘို့ရန် သင်ချစ်သားတို့ သန္တာန်၌ အဖန်ဖန် ဖြစ်ပွါးတည်ရှိ၍ နေကုန်ငြားအံ့၊ ထိုမျှလောက်သော ကာလပတ်လုံး သင်ချစ်သားတို့၏ သန္တာန်၌ အကုသိုလ်တရားတို့ ဖြစ်ပွါးလိမ့်မည်,ရောက်လာလိမ့်မည် မဟုတ်ချေ။ အကြင် အခါ၌ကား သင်ချစ်သားတို့၏ သန္တာန်ဝယ် ဟိရီတရား, ဩတ္တပ္ပတရား, ဝီရိယတရား, ပညာတရားတို့ ကွယ်ပ၍ အဟိရိက, အနောတ္တပ္ပ, ကောသဇ္ဇ, ဒုပ္ပညခေါ်သော မကောင်းသော တရားတို့ လွှမ်းမိုး၍ တည်လာ၏၊ ထိုအခါ သင်ချစ်သားတို့၏ သန္တာန်၌ အကုသိုလ်တရားတို့သည် မချွတ်ကေန် အမှန်ပင် ရောက်ကြလိမ့်မည်ဟု ဤသမာပတ္တိအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အကုသိုလ်ဖြစ်ကြောင်း, အကုသိုလ် မဖြစ်ကြောင်း နှစ်ပါးကို ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သမာပတ္တိသုတ် ပြီး၏။**

---

**ကာမသုတ်**

ပု။ ။တတ္ထေ၀ အာ၀ုသော သတ္တမံ ကာမသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ ကာမသုတ္တံ "ယေဘုယျေန ဘိက္ခဝေ သတ္တာ ကာမေသု လဠိတာ။ အသိတဗျာဘင်္ဂိ ဘိက္ခဝေ ကုလပုတ္တော ဩဟာယ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော ဟောတိ၊ သဒ္ဓါပဗ္ဗဇိ-တော ကုလပုတ္တောတိ အလံ ဝစနာယာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသေခဗလ၀ဂ်၌ပင်လျှင် ခုနစ်ခုမြောက် ဖြစ်သော ကာမ သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သေခဗလ၀ဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ကာမအမည်ရှိ သော သုတ္တန်ဒေသနာတော်မြတ်ကို "ယေဘုယျေန ဘိက္ခဝေ သတ္တာ ကာမေ-သု လဠိတာ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... များသောအားဖြင့် သတ္တဝါတို့သည်ကား ဝတ္ထု- ကာမ, ကိလေသကာမတို့၌သာလျှင် မွေ့လျော်စံပယ်လေ့ ရှိကြကုန်၏။

ချစ်သားရဟန်းတို့.... ဤလောကဝယ် အဆင်းရဲဆုံး, အပင်ပန်းဆုံးဆို သော မြက်ရိတ်သမား, မြက်ထမ်းသမားပင် ဖြစ်စေ သံသရာဝဋ်ဒုက္ခမှ ကျွတ် လွတ်ရန် ရည်သန်မြှော်ကိုး၍ မိမိမှာ ရှိရင်းစွဲဖြစ်သော တံစဉ်နှင့် မြက်ထမ်း ထမ်းပိုး နှစ်မျိုးကိုပင် စွန့်ပစ်၍ အိမ်ရာဘည်ထောင် လူ့ဘောင်မှ ထွက် မြောက်၍ အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်သည် ဖြစ်ပါစေ မြက်ထမ်း ထမ်းပိုးနှင့် တံစဉ်မျှကိုပင်သော်လည်း စွန့်ပစ်၍ သာသနာတော် အဘွင်းသို့ သံသရာဝဋ်မှ ကျွတ်လွတ်ရန် ရည်သန်လျက် ရဟန်းအဖြစ်သို့ ရောက်သော ထိုအမျိုးကောင်းသားကို သဒ္ဓါပဗ္ဗဇိတ, အာစာရကုလပုတ္တ အမျိုးကောင်းသား ဟူ၍ပင်လျှင် ခေါ်ဆိုထိုက်ပါတော့သည်။

အကြောင်းသော်ကား ချစ်သားရဟန်းတို့.... အရွယ်နှင့် ပြည့်စုံသောသူ ဖြစ်ဘိမူကား လောကဝယ် ဝတ္ထုကာမ,ကိလေသကာမတို့ကို မရသောသူမည် သည် မရှိ၊ ရအံ့သည်သာဘည်း။ ထိုသို့ရသော ဝတ္ထုကာမ, ကိလေသကာမ တို့သည်သည်း ဟူးဟူးညားညားသော အခြင်းအရာဖြင့် သူတမျိုး ငါတဖုံ အမျိုးမျိုးအဖုံဖုံ ဖြစ်တတ်ကုန်၏။

ချစ်သားရဟန်းဘို့.... မည်သို့ပင်ဖြစ်စေ လူ့ပြည်လောကဝယ် အောက် တန်းကျသော ကာမဘရား, အလယ်အလတ်ဖြစ်သော ကာမတရား, အထက် တန်းကျသော မွန်မြတ်သည်ဟူ၍ ခေါ်ယူပညတ် သမုတ်အပ်သောကာမတရား အစုဘို့သည် ရှိကုန်၏။ ထိုအလုံးစုံသော အယုတ်, အလတ်, အမြတ်အားဖြင့် သုံးပါးအပြားရှိသော ကာမဘရားတို့သည်ပင်လျှင် အလိုရှိတတ်, အလိုရှိအပ် ဟူသော အနက်သဘောအားဖြင့် ကာမဟူ၍ပင်လျှင် ခေါ်ယူပညတ်ခြင်းသို့ ရောက်ကုန်ဘော့သည်။

ချစ်သားရဟန်းတို့.... ဖော်ပြအပ်ပြီးသော အဘိုင်း သဒ္ဓါပဗ္ဗဇိတ, အာ- စာရကုလပုတ္တ အမျိုးကောင်းသားကို ငါဘုရားသည် မဂ်ရောက်,ဖိုလ်တည် ဖြစ်အောင် စောင့်ရှောက်ရချိမ့်မည်။

ချစ်သားတို့.... လောကဥပမာအားဖြင့် ပက်လက်မျှသာ အိပ်နိုင်သေး သော အရွယ်အားဖြင့် ငယ်သေးသော ကလေးသူငယ်သည် အထိန်းတော်၏

မေ့လျော့ခြင်းကို အစွဲပြု၍ တုတ်ချောင်းမှန်းမသိ၊ ထင်းချောင်းမှန်းမသိ၊ အိုးကွဲမှန်းမသိသဖြင့် တုတ်ချောင်း, ထင်းချောင်း, အိုးကွဲကို မိမိခံတွင်းသို့ ပစ်သွင်းလိုက်သည် ဆိုကြပါစို့။ ထိုကလေးသူငယ်ကို ထိုအထိန်းတော်သည် လျင်မြန်စွာသာလျှင် ခဏခဏ အမြဲတစေ နှလုံးသွင်းရချေမည်။ အမြဲတစေ ခဏခဏ နှလုံးသွင်းပြီးလျှင် ထိုကလေးခံတွင်း၌ ထင်ရှားရှိသော ထင်းချောင်း, အိုးကွဲ, ပုလင်းကွဲ စသည်တို့ကို ထုတ်ယူပယ်ရှား၍ ပစ်ရချိမ့်မည်။ အကယ်၍ အလွယ်တကူအားဖြင့် ထုတ်ယူဘို့ရန် မတတ်နိုင်သည်ဖြစ်စေကာမူ လက်ဝဲလက်ဖြင့် ထိုကလေးသူငယ်၏ ဦးခေါင်းကို ပိုင်နိုင်စွာ ပိုက်ပွေ့ပြီးလျှင် လကျာလက်ဖြင့် လက်ညှိုးကို ကွေ့ကောက်၍ ထိုကလေးသူငယ်၏ ခံတွင်းဝယ် ထင်ရှားရှိသော ထုတ်ချောင်း, ထင်းချောင်း, အိုးကွဲ, ပုလင်းကွဲ စသည်ကို သွေးသံရဲရဲနှင့်သော်လည်း ထုတ်ဆောင်ရချိမ့်မည်။

ချစ်သား ရဟန်းတို့.... အကြောင်းသော်ကား ထိုသို့ သွေးရဲရဲ သံရဲရဲ ဆွဲထုတ်မှု ဟူသော အကြောင်းကြောင့် ထိုကလေးသူငယ် ပင်ပန်းမှု,နွမ်းနယ်မှု မရှိ မဟုတ်၊ ရှိသည်ဟူ၍သာလျှင် ဆိုရ၏။ စင်စစ်သော်ကား ထိုကဲ့သို့ သွေးသံရဲရဲပင် ဖြစ်လင့်ကစား ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသောကာလဝယ် ထို့ထက် ပြင်းထန်သော ဘေးရန်ကို မြင်သဖြင့် သွေးသံရဲရဲ ထုတ်ယူမှုသည် အကျိုးစီးပွါးကို အလိုရှိသော သနားစောင့်ရှောက်လေ့ရှိသော ထိုအထိန်းတော်၏ လုပ်ငန်းပင် ဖြစ်ပေတော့သည်။

ချစ်သား ရဟန်းတို့.... အကြင်အခါ၌ ထိုကလေးသူငယ်သည် အရွယ်ရောက်၍ လိမ်မာရေးခြားရှိလာ၏၊ ထိုအခါ ထိုကလေးသူငယ်အပေါ်၌ ထိုအထိန်းတော်သည် "ကလေးသူငယ်ကား အရွယ်ရောက်ချေပြီ၊ မိမိကိုယ်ကို မိမိစောင့်ရှောက်နိုင်ချေပြီ၊ ဤမှ နောက်ဝယ် မေ့လျော့ခြင်းငှါ မထိုက်တော့ပြီ"ဟု ကြံစည်၍ ထိုကလေးသူငယ် အပေါ်ဝယ် မငဲ့ကွက်ဘဲ လျစ်လျူရှုဥပေက္ခာထားနိုင်ခွင့် ရှိပေသည်။

ချစ်သား ရဟန်းတို့.... ဤနည်းအတူပင်လျှင် အကြင်မျှလောက် ငါဘုရား၏ တပည့်သား သာဝကဖြစ်သော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တရဟန်းတော်၏ သန္တာန်ဝယ် သဒ္ဓါတရား, ဟိရီတရား, ဩတ္တပ္ပတရား, ဝီရိယတရား, ပညာတရားဘို့ဖြင့် ပြုလုပ်,ကြိုးကုတ်, အားထုတ်ရမည့် အနည်းဆုံး သောတာပတ္တိ

မဂ်ဖိုလ်တည်းဟူသော ကိစ္စကိုမျှ မပြုရသေး, ကိစ္စမပြီးသေးသည်ဖြစ်ပါမူ ထို မျှလောက် ထိုရဟန်းကို ငါဘုရားသည် စောင့်ရှောက်ရချိမ့်မည်။

အကြင်အခါ၌ ထိုရဟန်းသည် သဒ္ဓါတရား, ဟိရီတရား, ဩတ္တပ္ပတရား, ပညာတရား, ဝီရိယတရားတို့ဖြင့် ပြုလုပ်ရမည့် ကိစ္စကို အနည်းဆုံး သောတာ-မတ္တိမဂ်ရောက် ဖိုလ်တည် ပြုလုပ်အပ်ပြီး ဖြစ်ငြားအံ့၊ ထိုအခါဝယ် ငါ၏ သား တော်ဖြစ်သော ရဟန်းတော်အရှင်သူမြတ်သည် ဤမှ နောက်ဝယ် အာရုံငါးပါး ကာမတရားတို့၌ မေ့လျော့ခြင်းငှါ မထိုက်တော့ပြီဟု အာရုံပြု၍ ငါဘုရားသည် ထိုရဟန်း၏ အပေါ်၌ ငဲ့ကွက်ခြင်း ကင်းစွာ နေနိုင်ပါတော့သည်ဟု ဤကာမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ကိုယ်တော်မြတ်ကို အထိန်းတော် ပမာ ဥပမာတင်ထား၍ ကြီးမားသော မဟာကရုဏာတော်ဂုဏ်ကို ဖော်ပြ တော်မူလျက် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ကာမသုတ် ပြီး၏။**

---

## ဝိမုတ္တာယတနသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ ပဉ္စကနိပါတေ ပဌမပဏ္ဏာသကေ ဆဋ္ဌ ဝိမုတ္တာ-ယတနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဉ္စင်္ဂိကဝဂ္ဂေ ဘန္တေ ဆဋ္ဌံ ဝိမုတ္တာယတနသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ ဝိမုတ္တာယတနာနိ၊ ယတ္ထ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော အဝိမုတ္တံ ဝါ စိတ္တံ ဝိမုစ္စတိ၊ အပရိက္ခီဏာ ဝါ အာသဝါ ပရိက္ခယံ ဂစ္ဆန္တိ၊ အနနုပ္ပတ္တံ ဝါ အနုတ္တရံ ယောဂက္ခေမံ အနုပါပုဏာတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ပဉ္စင်္ဂိကဝဂ်၌ ခြောက်ခု မြောက် ဖြစ်သော ဝိမုတ္တာယတနသုတ္တန်မည်သော တရားဒေသနာတော် ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ ပါသနည်း ငါ့ရှင်....။

ပြေ။ ။ပဥ္စကနိပါတ် ပဥ္စင်္ဂိကဝဂ် အဝင်အပါ ခြောက်ခုမြောက်ဖြစ်သော ဝိမုတ္တာယတနသုတ္တန် ဒေသနာတော်မြတ်ကို "ပဥ္စိမာနိ ဘိက္ခဝေ ဝိမုတ္တာယတနာနိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....အရဟတ္တဖိုလ်ရောက်ကြောင်း ကောင်းမြတ်သောတရားတို့သည် ငါးပါးတို့ရှိကြသည်။ ယင်း အရဟတ္တဖိုလ်ရောက်ကြောင်း ငါးပါးသော တရားတို့၌ မမေ့မလျော့, မပေါ့မတန်နေသော ရဟန်းတော် အရှင်သူမြတ်အား ကိလေသာတို့မှ မလွတ်သော စိတ်သည်လည်း လွတ်နိုင်သည်၊ မကုန်သေးသော အာသဝေါတို့သည်လည်း ကုန်ခန်းနိုင်သည်၊ တကြိမ်တဖန် တရံတခါမျှ မရောက်ဘူးသေးသော ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်သို့လည်း ရောက်နိုင်သည်။ ငါးပါးတို့ ဟူသည် အဘယ်သည်တို့နည်း။

(၁) ချစ်သားတို့....ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်အား သဗ္ဗညုမြတ်စွာဘုရားက ဖြစ်စေ, ပညာရှိသော သီတင်းသုံးဖော် သံဃာတော်က ဖြစ်စေ တရားကို ဟောကြား၏၊ ထိုသို့ တရားနာရသော ထိုရဟန်းတော်၏ စိတ်သန္တာန်ဝယ် ထိုကြားနာရသော တရားကို အကြောင်းပြု၍ အနက်ကို ထင်လင်းစွာ သိခြင်း, သဒ္ဒါကို ထင်လင်းစွာ သိခြင်း ဖြစ်ပေါ်ရသည်။ ယင်းသို့ အနက်, သဒ္ဒါကို သိသော ရဟန်း၏ စိတ်သန္တာန်ဝယ် နုသော ပီတိတည်းဟူသော ပါမောဇ္ဇတရား,ပါမောဇ္ဇတရားဖြစ်လျှင် ရင့်သော ပီတိတည်း ဟူသော ပီတိတရား, ပီတိဖြစ်လျှင် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း တည်းဟူသော သုခတရား, သုခဖြစ်လျှင် စိတ်၏တည်ကြည်ခြင်း တည်းဟူသော သမာဓိတရားတို့ ဆင့်ပွါးကာ ဖြစ်နိုင်တော့သည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း သဗ္ဗညုမြတ်စွာဘုရား၏ အထံမှဖြစ်စေ,သီတင်းသုံးဖော် သံဃာတော်အထံမှ ဖြစ်စေ တရားတော်ကို နာရခြင်းသည်လည်း ရှေးဦးစွာသော အရဟတ္တဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော အကြောင်းတရားပါပေတည်း။ ယင်း အကြောင်းတရား၌ မမေ့မလျော့ မပေါ့မဆ နေသော ရဟန်းအား ကိလေသာတို့မှ မလွတ်သေးသော စိတ်သည်လည်း လွတ်နိုင်သည်၊ မကုန်သေးသော အာသဝေါတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်နိုင်သည်၊ တကြိမ်တဖန် တရံတခါမျှ မရောက်ဘူးသေးသော ယောဂလေးတန် ကုန်ရာမှန်သည့် နိဗ္ဗာန်သို့လည်း ရောက်နိုင်သည်။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်အား ငါဘုရားကဖြစ်စေ, သီတင်းသုံးဖော် သံဃာတော်ကဖြစ်စေ တရားကို မဟောစေကာမူ ထိုပုဂ္ဂိုလ်၏ သန္တာန်ဝယ် ရှေးက လေ့လာဘူး, ရဘူးသော တရားများရှိပါသည်။ ထိုမိမိလေ့လာဘူး,ရဘူးသော တရားများကို သူတပါးတို့အား အကျယ်တဝင့် ဖွင့်ပြဟောကြား၏။ ယင်းသို့ တရားကို အကျယ်တဝင့် ဖွင့်ပြဟောကြားသော ရဟန်း၏ စိတ်သန္တာန်ဝယ် ထိုတရား၌ ပါရှိသော အနက်ကို သိခြင်း, သဒ္ဒါကို သိခြင်း နှစ်ပါးတို့ လင်းလင်းထင်ထင် ဖြစ်ပေါ်၍ လာသည်။ ယင်းသို့ အနက်,သဒ္ဒါနှစ်ပါးကို သိသည်ရှိသော် နုသော နှစ်သက်ခြင်းတည်းဟူသော ပါမောဇ္ဇတရား ဖြစ်သည်၊ ပါမောဇ္ဇတရားဖြစ်လျှင် အားကြီးသော နှစ်သက်ခြင်းတည်းဟူသော ပီတိတရား ဖြစ်တော့သည်၊ ပီတိတရားဖြစ်လျှင် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိတရား ဖြစ်တော့သည်၊ ပဿဒ္ဓိတရားဖြစ်သော ရဟန်း၏ သန္တာန်ဝယ် ကာယိက, စေတသိက သုခနှစ်ပါး ဖြစ်တော့သည်၊ ကာယိက, စေတသိက သုခနှစ်ပါးနှင့် ပြည့်စုံသော ရဟန်း၏ သန္တာန်ဝယ် စိတ်၏ တည်ကြည်ခြင်း သမာဓိ ဖြစ်တော့သည်။

ချစ်သားရဟန်းတို့.... ဤဆိုအပ်ပြီးသော အတိုင်း မိမိ ကြားဘူး,သင်ဘူးသော တရားကို အကျယ်တဝင့် သူတပါး တို့အား ဟောကြားခြင်းသည်လည်း ဝိမုတ္တာယတနခေါ်သော အရဟတ္တဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားပင် ဖြစ်တော့သည်၊ ယင်း ဝိမုတ္တာယတနတရား၌ မမေ့မလျော့နေသော ရဟန်းအား မလွတ်သေးသော စိတ်များ ကိလေသာမှ လွတ်နိုင်သည်၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းခြင်းသို့ ရောက်နိုင်သည်၊ မရောက်ဘူးသေးသော နိဗ္ဗာန်သို့လည်း ရောက်နိုင်သည်။

(၃) ချစ်သားတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်သည် ဘုရားအထံမှ ဖြစ်စေ, သီတင်းသုံးဖော် သံဃာတော်အထံမှ ဖြစ်စေ တရားကို မနာရဘူး ဆိုပါစို့၊ မိမိကိုယ်တိုင်လည်း ကြားနာဘူး, သင်ကြားဘူးသော တရားကို သူတပါးတို့အား မဟောကြားဘူး ဆိုပါစို့၊ စင်စစ်သော်မူ မိမိသင်ကြားဘူး, နာဘူးသော တရားကို အကျယ်တဝင့် ရွတ်ဘတ်သရဇ္ဈာယ် အံပြန်၍ နေသော ရဟန်း၏ သန္တာန်ဝယ် ထိုပိဋကထိုဓမ္မတို့နှင့် စပ်သော အနက်ကိုသိခြင်း, ပါဠိကို သိခြင်း တည်းဟူသော

အသိဉာဏ်တို့ ဖြစ်သည်၊ အနက်,သဒ္ဒါကိုသိသောရဟန်းအား ပါမောဇ္ဇတရား ပီတိတရား, ပဿဒ္ဓိတရား, သုခတရား, သမာဓိတရားတို့ ဆင့်ပွါးကာ ဖြစ်နိုင်သည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသောအတိုင်း မိမိကြားဘူး, သင်ဘူးသော တရားတို့ကို ရွတ်ပြန်သရဇ္ဈာယ်ခြင်းသည်လည်း ဝိမုတ္တာယတနခေါ်သော ကောင်းမြတ်သော တရားပင် ဖြစ်တော့သည်၊ ယင်း ဝိမုတ္တာယတနတရား၌ မမေ့မလျော့နေသော ရဟန်းအား ကိလေသာတို့မှ မလွတ်သေ၁ စိတ်သည်လည်း လွတ်၏၊ မကုန်သေးသော အာသဝေါတို့သည်လည်း ကုန်ခန်း၏၊ မရောက်ဘူးသော နိဗ္ဗာန်သို့လည်း ထိုရဟန်းသည် ရောက်နိုင်၏။

(၄) ချစ်သားရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်ဝယ် ရဟန်းတော် အရှင်သူမြတ်သည် ရှေ့အကြောင်းသုံးပါးကို မရစေကာမူ မိမိသင်ဘူး, မိမိကြားဘူးသော တရားကို စိတ်ဖြင့် ဆင်ခြင်,ကြံစည်၍ နေသည်ရှိသော် ထိုတရားကို သိခြင်း,ထိုတရားဝယ် ပါသော အနက်ကိုသိခြင်း နှစ်ပါးဖြစ်သည်၊ ယင်းသို့ အနက်,သဒ္ဒါနှစ်ပါးကို သိသည်ရှိသော် ပါမောဇ္ဇ, ပီတိ,ပဿဒ္ဓိ, သုခ, သမာဓိတရားတို့ ဆင့်ပွါး၍ဖြစ်သည်၊ ယင်းသို့ မိမိကြားဘူး, နာဘူးသော တရားကို စိတ်ဖြင့် ဆင်ခြင်ခြင်းသည်လည်း အရဟတ္တဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော ဝိမုတ္တာယတနတရားပင် ဖြစ်တော့သည်။ ယင်း ဝိမုတ္တာယတန တရား၌ မမေ့မလျော့နေသော ရဟန်းအား မလွတ်သေးသော စိတ်သည်လည်း ကိလေသာတို့မှ လွတ်နိုင်၍ မကုန်သေးသော အာသဝေါတို့သည်လည်း ကုန်ခန်းနိုင်သည်၊ မရောက်ဘူးသေးသော နိဗ္ဗာန်သို့လည်း ရောက်နိုင်သည်။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်ဝယ် ရဟန်းတော် အရှင်သူမြတ်သည် ရှေးဆိုပြီးသော ဝိမုတ္တာယတနလေးပါးကို မရစေကာမူ အမှတ်မထင် သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာသင်ပြီး, ကောင်းစွာမှတ်ပြီး, သမာဓိနိမိတ်ကို ရပြီး ဖြစ်ပေ၏၊ ယင်းသို့ သမာဓိနိမိတ်ကို ရပြီးသော ရဟန်း၏ စိတ်သန္တာန်ဝယ် ထိုသမာဓိနိမိတ်နှင့် စပ်သော တရားစကားတို့၌ အနက်ကို သိခြင်း, သဒ္ဒါကိုသိခြင်းတို့ ဖြစ်ပွါးတတ်သည်၊ ယင်းသို့ အနက်, သဒ္ဒါကို

သိသော ရဟန်းအား ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိတရားတို့ ဆင့်ပွါး၍ ဖြစ်နိုင်သည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသောအတိုင်း သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင် တပါးပါးသော သမာဓိနိမိတ်ကို ရခြင်းသည်လည်း အရဟတ္တဖိုလ် ပေါက်ရောက်ခြင်း၏ အကြောင်းတပါးပင် ဖြစ်တော့သည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသောအတိုင်း အရဟတ္တဖိုလ် ပေါက်ရောက်စေဘော်သော အကြောင်းတရားတို့သည်ကား—

(၁) သဗ္ဗညုမြတ်စွာဘုရား သို့မဟုတ် တပည့်သား သာဝက အထံမှ တရားနာခြင်း။

(၂) မိမိတတ်သိသော တရားကို သူတပါးတို့အား အကျယ်တဝင့် ဟောကြားခြင်း။

(၃) မိမိကြားဘူး, သင်ဘူးသော တရားကို အကျယ်တဝင့် ရွတ်ပြန်သရဇ္ဈာယ်ခြင်း။

(၄) မိမိကြားဘူး, သင်ဘူးသော တရားကို စိတ်ဖြင့် ဆင်ခြင်ခြင်း။

(၅) သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင် တပါးပါးသော သမာဓိနိမိတ်ကို ရခြင်း။

ဤငါးပါးတို့သည် ဝိမုတ္တာယတန-အရဟတ္တဖိုလ် ရောက်ကြောင်း ကောင်းမြတ်သော တရားငါးပါးဖြစ်သည်ဟု ဤဝိမုတ္တာယတနအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဝိမုတ္တာယတနသုတ် ပြီး၏။**

---

## စက်မသုတ်

ပု။ ။တတ္ထေဝ အာဝုသော နဝမံ စက်မသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။နဝမံ ဘန္တေ စက်မသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ စက်မေ အာနိသံသာ။ ကတမေ ပဉ္စ၊ အဒ္ဓါနက္ခမော ဟောတိ၊ ပဓာနက္ခမော ဟောတိ၊

အပ္ပါဗာဓော ဟောတိ၊ အသိတံ ပီတံ ခါယိတံ သာယိတံ သမ္မာ ပရိ-ဏာမံ ဂစ္ဆတိ၊ စင်္ကမာဓိဂတော သမာဓိ စိရဋ္ဌိတိကော ဟောတိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ စင်္ကမေ အာနိသံသာ”တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို ပဉ္စင်္ဂိကဝဂ်၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော စင်္ကမသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဉ္စင်္ဂိကဝဂ်၌ ကိုးခုမြောက်ဖြစ်သော စင်္ကမသုတ္တန် အမည်ရှိသော တရားဒေသနာတော်မြတ်ကို “ပဉ္စိမေ ဘိက္ခဝေ စင်္ကမေ အာနိသံသာ” အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....လူးလာ တုံ့ခေါက် စင်္ကြံ လျှောက်ခြင်း၌ အကျိုးအာနိသင်တို့ကား ငါးပါးတို့ ရှိကုန်သည်။ ငါးပါးတို့ဟူသည်မှာ—

(၁) အဓွန့်ရှည်သော ခရီးသို့ သွားနိုင်ခြင်းလည်း တပါး။

(၂) ပဓာနအလုပ် ကမ္မဋ္ဌာန်းကို အားထုတ်နိုင်စွမ်း ရှိခြင်းလည်း တပါး။

(၃) အနာရောဂါ ကင်းရှင်းခြင်းလည်းတပါး။

(၄) စားအပ်, သောက်အပ်, လျက်အပ်, ခဲအပ်သော အစာအာဟာရတို့ ကောင်းစွာ ကြေကျက်ခြင်းလည်း တပါး။

(၅) စင်္ကြံလျှောက်၍ ရသော သမာဓိသည် လျှောင်း၍ ထိုင်၍ ရပ်၍ ရသော သမာဓိတို့နှင့် မတူ၊ ရှည်မြင့်စွာ တည်တံ့နိုင်ခြင်းလည်း တပါး။

ချစ်သားတို့.... စင်္ကြံလျှောက်ခြင်း၌ အကျိုးအာနိသင်တို့သည်ကား ဤငါးပါးတို့ပင် ဖြစ်သည်ဟု ဤစင်္ကမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**စင်္ကမသုတ် ပြီး၏။**

## သုမနသုတ်

ပု။ ။သုမနဝဂ္ဂေ ပန အာဝုသော ပဌမံ သုမနသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိ။ ။သာဝတ္ထိယံ ဘန္တေ သုမနံ ရာဇကုမာရိံ အာရဗ္ဘ ဘာသိတံ။ သုမနာ ဘန္တေ ရာဇကုမာရီ ဘဂဝန္တံ ဧတဒဝေါစ "ဣဓဿု ဘန္တေ ဘဂဝတော ဒွေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ ဧကော ဒါယကော ဧကော အဒါယကော။ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျုံ။ ဒေဝဘူတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော သိယာ နာနာကရဏ"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ၊ ဒိဗ္ဗေန အာယုနာ ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန သုခေန ဒိဗ္ဗေန ယသေန ဒိဗ္ဗေန အာဓိပတေယျေန။ ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝဘူတော သမာနော ဣမေဟိ ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတီ"တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။သုမနဝဂ်၌ ရှေးဦးစွာသော သုမနသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သာဝတ္ထိပြည်အရပ်ဝယ် သုမနာ မင်းသမီးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ ပသေနဒီ ကောသလမင်း၏ သမီးတော်ဖြစ်သော သုမနာမင်းသမီးသည် ငါးရာသော ရထား, ငါးရာသောမင်းသမီး အပေါင်း ခြံရံလျက် ဘုရားထံမှောက် ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုးဦးညွှတ်၍ အပြစ်

ခြောက်ပါးလွှတ်၍ တင့်အပ် လျောက်ပတ်သော အရပ်၌ ထိုင်ပြီးလျှင် "ဣဓဿု ဘန္တေ ဘဂဝတော ဒွေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ" အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤလောက၌ ရှင်တော်ဘုရား၏ တပည့်သား သာဝက နှစ်ဦးတို့သည် ရှိကြပါကုန်သည်၊ ထိုသူနှစ်ဦးတို့သည် သဒ္ဓါတရားချင်းလည်း တူကြပါကုန်သည်၊ သီလချင်းလည်း တူကြပါကုန်သည်၊ ပညာချင်းလည်း တူကြပါကုန်သည်၊ အထူးအားဖြင့် တဦးကား လှူခဲ့၍ တဦးကား မလှူခဲ့သောသူ ဖြစ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ထိုသူနှစ်ဦးသားတို့သည် ကိုယ်ခန္ဓာ ပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် နတ်ပြည်လောက၌ ဘဝပဋိသန္ဓေ မှီလေကြကုန်ရာ၏။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... နတ်ဖြစ်ကြသော ထိုသူနှစ်ဦးသားတို့အား ထူးခြားမှု, ကွဲလွဲမှု ရှိပါသေးသလား ဘုရားဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "သိယာ သုမနေ" အစရှိသည်ဖြင့်—
ချစ်သမီး သုမနာ.... ဖြစ်နိုင်ပေသည်၊ထူးခြားမှု,ကွဲလွဲမှုဖြစ်နိုင်ပေသည်။

ချစ်သမီး သုမနာ....ထိုသူနှစ်ယောက်တို့အနက် အလှူအတန်း ပေးကမ်းခဲ့သော အကြင်ပုဂ္ဂိုလ်သည် မလှူရက်သော မစ္ဆရိယသမား ထိုနတ်သားကို နတ်၌ဖြစ်သော အသက်ရှည်ခြင်း, နတ်၌ဖြစ်သော အဆင်းလှခြင်း, နတ်၌ဖြစ်သော ချမ်းသာကြီးခြင်း, နတ်၌ဖြစ်သော အခြွေအရံများခြင်း, နတ်၌ဖြစ်သော အစိုးရခြင်း ဤကျေးဇူးဂုဏ်ငါးပါးဖြင့် လွန်ကဲတည်နိုင်ပေသည်။

ချစ်သမီး သုမနာ.... ဤဆိုအပ်ပြီးသော ငါးပါးတို့ဖြင့် အလှူအတန်းပေးကမ်းခဲ့သော နတ်သားသည် အလှူအတန်း မပေးကမ်းရက်သော မစ္ဆရိယနတ်သားအား ဤဆိုအပ်ပြီးသော ငါးပါးသော အကြောင်းတို့ဖြင့် လွန်ကဲတည်နေနိုင်ပေ၏ ဟု မိန့်ကြားတော်မူလတ်သောအခါ သုမနာမင်းသမီးက "သစေ ပန တေ ဘန္တေ တတော စုတာ ဣတ္ထတ္တံ အာဂစ္ဆန္တိ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား.... ထိုနတ်သား နှစ်ယောက်တို့သည် ထိုနတ်ပြည်မှ စုတေ၍ ဤလူ့ပြည်လောကဍ္ဍ ဘဝပဋိ-သန္ဓေ ကပ်ရောက်၍နေကြကုန်သည်ရှိသော် လူဖြစ်သောအခါ ထိုအလှူအတန်း ပေးကမ်းခဲ့ဘူးသောသူနှင့် အလှူအတန်း မပေးကမ်းခဲ့ဘူးသော မစ္ဆရိယ သမားတို့အား ကွဲပြားချက်,ခြားနားချက်ရှိပါသလော ဟု မေးမြန်းလျှောက် ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "သိယာ သုမနေ၊ ယော သော သုမနေ ဒါယကော" အစရှိသည်ဖြင့်——

ချစ်သမီး သုမနာ.... ထူးခြားချက်, ကွဲပြားချက် ရှိပေသည်။ ချစ်သမီး သုမနာ....အကြင်အလှူအဘန်း ပေးကမ်းခဲ့သော ယောကျ်ားပုဂ္ဂိုလ်သည် ထို အလှူအတန်း မပေးကမ်းခဲ့သော မစ္ဆရိယသမားကို လူ့ဥဖြစ်သော အသက် ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း တည်းဟူသော ကျေးဇူးဂုဏ်ငါးပါးတို့ဖြင့် ထိုမစ္ဆရိယသမားကို အလှူအတန်း ပေးကမ်းခဲ့သော ပုဂ္ဂိုလ်သည် လွှန်ကဲ၍ တည်နေနိုင်ပေသည် ဟု မိန့်ကြား တော်မူလတ်သောအခါ သုမနာမင်းသမီးက "သစေ ပန ဘန္တေ ဥဘော အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ" အစရှိသည်ဖြင့် ——

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ထိုသူ နှစ်ဦးသား တို့သည် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ အိမ်ရာမထောင် ရဟန်း ပြုကြကုန်သည်ဖြစ်ပါအံ့၊ ရဟန်းဖြစ်ကြသော ထိုသူနှစ်ဦးတို့၏ ထူးခြား ချက်,ကွဲပြားချက်သည် ရှိပါသေးသလော ဟု မေးမြန်းလျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "သိယာ သုမနေ" အစရှိသည်ဖြင့်—

ချစ်သမီး သုမနာ.... ဖြစ်နိုင်ပေသည်။အကြင်ရဟန်းသည် အတိတ်ဘဝ က လှူခဲ့,တန်းခဲ့၏၊ ထိုအတိတ်ဘဝက လှူခဲ့,တန်းခဲ့သော ရဟန်းသည် မလှူ ရက်, မတန်းရက်သော မစ္ဆရိယသမား ဖြစ်သော ထိုရဟန်းကို ငါးပါးသော ဌာနတို့ဖြင့် စိုးအုပ်လွှမ်းမိုး၍ နေနိုင်သည်၊ လွှန်ကဲ၍ နေနိုင်သည်။ ငါးပါးတို့ ဟူသည်မှာ အလှူအတန်း ပေးကမ်းခဲ့သော ရဟန်းသည် အလှူ့ဒါယကာ တို့က ဆွမ်းကိုရင်း, သင်္ကန်းကိုရင်း, ကျောင်းကိုရင်း, ဆေးကိုရင်း သုံးဆောင် တော်မူပါ, သုံးဆောင်တော်မူပါ ဟု အခါခါ အထပ်ထပ် တောင်းပန်အပ်သည်

ဖြစ်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော ပစ္စည်းလေးပါးတို့ကို သုံးဆောင်ရပေသည်။သီတင်းသုံးဖော် သံဃာတော်အရှင်သူမြတ်တို့ကလည်း ထိုအတိတ်ဘဝက အလှူအတန်းပေးကမ်းခဲ့သော ဒါနရှင်ဖြစ်သော ရဟန်းတော် အရှင်သူမြတ်ကို နှစ်သက်ဖွယ်သော ကာယကံ, နှစ်သက်ဖွယ်သော ဝစီကံ, နှစ်သက်ဖွယ်သော မနောကံ အမှုကိုသာလျှင် များသောအားဖြင့် ပြုတတ်, ပြောတတ်, ကြံစည်တတ်သည်။

ချစ်သမီး သုမနာ.... ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ရဟန်းဖြစ်ကြသော ထိုသူနှစ်ယောက်တို့အတွက်လည်း ထူးခြားချက်, ကွဲပြားချက် ရှိနိုင်ပေသည်ဟု မိန့်ကြားတော်မူလတ်သည်တွင်"သစေ ပန တေ ဘန္တေ အရဟတ္တံ ပါပုဏန္တိ" အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား..., ထိုရဟန်းတော် နှစ်ဦးဘို့သည် အကယ်၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည် ဖြစ်ပါအံ့၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြသော ထိုရဟန်းတော်နှစ်ပါးတို့၏ ထူးခြားချက်, ကွဲပြားချက် ရှိပါသေးသလော ဟု မေးမြန်း လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဧတ္ထ ခေါ ပနေသာဟံ သုမနေ န ကိဉ္စိ နာနာကရဏံ ဝဒါမိ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိံ"အစရှိသည်ဖြင့်—

ချစ်သမီး သုမနာ.... အရဟတ္တဖိုလ်သို့ ရောက်ရာ၌ အလှူအတန်း ပေးကမ်းခဲ့သော ရဟန်း, အလှူအတန်း မပေးကမ်းခဲ့သော မစ္ဆရိယ စေးနှဲသော ရဟန်း ဤသူနှစ်ဦးတို့ ရရှိသော အရဟတ္တဖိုလ်ချင်းချင်းမှာမူကား ထူးခြားချက်, ကွဲပြားချက်ရှိ၏ ဟူ၍ ငါဘုရား ဟောကြားတော်မမူဟု မိန့်ကြားတော်မူပါသည်။

ထိုအခါ သုမနာမင်းသမီးက "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အံ့ဖွယ်ရှိပါပေစွ မဖြစ်စဘူး အထူး ဖြစ်ပါပေစွ၊ အလှူဒါန ကောင်းမှု တို့ကို လွန်စွာ လွန်စွာ ပြုလုပ်ထိုက်ပါပေစွ၊ ဤ အလှူဒါနကောင်းမှုတို့သည် နတ်ပင်ဖြစ်စေ, လူပင်ဖြစ်စေ, ရဟန်းပင် ဖြစ်စေ ကျေးဇူးဥပကာရ များလှပါကုန်သည်ဘုရား ဟု လျှောက်ထားပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည်လည်း "ဧဝမေတံ သုမနေ" အစရှိသည်ဖြင့် သုမနာ မင်းသမီး လျှောက်ထားသော စကား မှန်ကန်ကြောင်းကို မိန့်ကြားတော်မူပြီးလျှင် ထိုအလှူရှင် ပုဂ္ဂိုလ်နှင့် အလှူမရှိသော မစ္ဆရိယပုဂ္ဂိုလ် နှစ်ဦးတို့ ကွာခြားချက်ကို ဆိုအပ်ပြီးသော အခြင်းအရာအတိုင်း ဂါထာဗန္ဓတို့ဖြင့် ဒေသနာတော်ကို နိဂုံးအုပ်လိုသဖြင့်—

"ယထာပိ စန္ဒော ဝိမလော၊ ဂစ္ဆံ အာကာသဓာတုယာ။
သဗ္ဗေ တာရာဂဏေ လောကေ၊ အာဘာယ အတိရောစတိ။

တထေဝ သီလသမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော။
သဗ္ဗေ မစ္ဆရိနော လောကေ၊ စာဂေန အတိရောစတိ"——

အစရှိသည်ဖြင့် ဤသုမနာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအရပ်ဝယ် ပသေနဒီ ကောသလမင်း၏ သမီးတော်ဖြစ်သော သုမနာမင်းသမီးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သုမနသုတ် ပြီး၏။**

---

## ဥဂ္ဂဟသုတ်

ပု။ ။တတ္ထဝ အာဝုသော တတိယံ ဥဂ္ဂဟသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဋ္ဌ ဘာသိတံ။

ဝိ။ ။တတိယံ ဘန္တေ ဥဂ္ဂဟသုတ္တံ ဘဒ္ဒိယေ ဥဂ္ဂဟံ မေဏ္ဍကနတ္တာရံ အာရဗ္ဘ ဘာသိတံ။ ဥဂ္ဂဟော ဘန္တေ မေဏ္ဍကနတ္တာ ဘဂဝန္တံ ဧတဒဝေါစ "ဣမာ မေ ဘန္တေ ကုမာရိယော ပတိကုလာနိ ဂမိဿန္တိ၊ သြဝဒတု တာသံ ဘန္တေ ဘဂဝါ၊ အနုသာသတု တာသံ ဘန္တေ ဘဂဝါ၊ ယံ တာသံ အဿ ဒီဃရတ္တံ ဟိတာယ သုခါယာ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "တသ္မာတိဟ ကုမာရိယော ဧဝံ သိက္ခိတဗ္ဗံ" ယဿ ဝေါ မာတာပိတရော ဘတ္တုနော ဒဿန္တိ အတ္ထကာမာ ဟိတေသိနော အနုကမ္ပကာ အနုကမ္ပံ ဥပါဒါယ၊ တဿ ဘဝိဿာမ

ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန မေဏ္ဍကနတ္တု ဥဂ္ဂဟဿ နိဝေသနံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ။

ပုဗ္ဗဏှသမယံ ပစ္စာနိပါတိနိယော ကိံကာရပဋိဿာဝိနိယော မနာပစာရိနိယော ပိယဝါဒိနိယော'တိ။ ဧဝံ ဟိ ဝေါ ကုမာရိယော သိက္ခိတဗ္ဗ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို သုမနဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော ဥဂ္ဂဟသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သုမနဝဂ်၌ သုံးခုမြောက်ဖြစ်သော ဥဂ္ဂဟသုတ္တန် အမည်ရသော ဒေသနာတော်မြတ်ကို မေဏ္ဍကသူဌေး၏ နေရာ ဘဒ္ဒိယမြို့၏အနီးတခုသော တောအုပ်၌ မေဏ္ဍကသူဌေး၏ မြေးဖြစ်သော ဥဂ္ဂဟသူဌေးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၏အနီး တောအုပ်အတွင်းဝယ် သီတင်းသုံး နေတော်မူသောအခါ မေဏ္ဍကသူဌေး၏ မြေးဖြစ်သော ဥဂ္ဂဟသူဌေးသည် ဘုရားထံမှောက် လာရောက်ပြီးလျှင်—

အဓိဝါသေတု မေ ဘန္တေ ဘဂဝါ သွာတနာယ အတ္တစတုတ္ထော ဘတ္တံ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... နက်ဖြန်ခါ ရှင်တော်ဘုရားနှင့်တကွ သံဃာတော်လေးပါးတို့ တပည့်တော်၏ဆွမ်းကို သည်းခံသာယာတော်မူပါဘုရားဟု လျှောက်ထားပြီးလျှင် နောက်တနေ့နံနက်ရောက်လတ်သောအခါ သဗ္ဗညုမြတ်စွာဘုရားသည် မေဏ္ဍက၏မြေးဖြစ်သောဥဂ္ဂဟသူဌေးအိမ်သို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူလတ်ပါသည်။

မေဏ္ဍက၏မြေး ဥဂ္ဂဟသူဌေးသည်လည်း သဗ္ဗညုမြတ်စွာဘုရားကို မွန်မြတ်သော ဆွမ်း, ခဲဘွယ်, ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော ကာလဝယ် အပြစ်ခြောက်ပါးလွှတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပြီးလျှင် "ဣမာ မေ ဘန္တေ ကုမာရိယော ပတိကုလာနိ ဂမိဿန္တိ" အစရှိသည်ဖြင့်—

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်၏ အိမ်ဝယ် ထိမ်းမြားမင်္ဂလာအမှု ပြုအံ့ဆဲဆဲဖြစ်ပါသည်၊ တပည့်တော်၏ ယင်း အရွယ်ရောက်ပြီးသော သမီးကညာတို့သည် အရှင်သခင်၏ အိမ်သို့ လိုက်ပါ ကြပါကုန်လိမ့်မည်။ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်သို့သော အဆုံးအမဩဝါဒသည် ထိုအမျိုးသမီးတို့အတွက် ရှည်လျား စွာသော နေ့ညဥ့်ပတ်သုံး စီးပွါးချမ်းသာဖြစ်နိုင်ပါ၏၊ ထိုသို့သော အဆုံး အမ ဩဝါဒကို ဆုံးမတော်မူပါဘုရား, သင်ကြားပြသတော်မူပါဘုရား ဟု လျှောက်ထားပါသည်။

ထို အခါ သဗ္ဗညုမြတ်စွာဘုရားက ထိုလက်ထပ်ထိမ်းမြားအံ့ဆဲဆဲ ဖြစ် သော အမျိုးသမီး ဘို့ကို "တသ္မာတိဟ ကုမာရိယော ဧဝံ သိက္ခိတဗ္ဗံ" အစ ရှိသည်ဖြင့်—

အို-အမျိုးသမီးတို့....သင်တို့၏ မိခင်ဘခင်တို့က အကျိုးစီးပွါးကိုလိုလား ကြသည့်အတိုင်း အကြင်သို့ သဘောရှိသော အိမ်ရှင်ယောကျ်ားအား ပေး အပ်ကြကုန်လိမ့်မည်။ ထိုသို့သော အိမ်ရှင်ယောကျ်ား၏ အိမ်သို့ ရောက်ရှိ သောအခါ—

(၁) ရှေးဦးစွာ ထလေ့ရှိခြင်း။

(၂) နောက်မှ အိပ်လေ့ရှိခြင်း။

(၃) တစုံတခု ပြုရန်ကိစ္စကို ဘယ်အမှုပြုရအံ့နည်းဟု အမြဲတစေ နာခံလေ့ရှိခြင်း။

(၄) နှစ်သက်ဖွယ်သော အကျင့်ကိုသာ ကျင့်ကြံလေ့ရှိခြင်း။

(၅) ချစ်ဖွယ်သော စကားကို ပြောကြားလေ့ရှိခြင်း။

တည်းဟူသော အင်္ဂါငါးပါးနှင့် ငါတို့ ပြည့်စုံကြရမည်ဟု သင်သတို့သမီး တို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်။

သတို့သမီးတို့.... ထိုမှတပါး အကြင်သို့ သဘောရှိသော အိမ်ရှင် ယောကျ်ား၏ အလေးအမြတ်ပြုအပ်သော မိခင်သည်ငှင်း, ဖခင်သည်ငှင်း, ရဟန်းပုဏ္ဏားတို့သည်ငှင်း ထင်ရှား ရှိကြကုန်၏၊ ထိုအိမ်ရှင်ယောကျ်ား၏ အလေးအမြတ် ပြုအပ်သော မိခင်, ဖခင်, သမဏ,ဗြာဟ္မဏ သူတော်စင်တို့၏

အပေါ်၌ အရှိအသေပြုခြင်း, အလေးအမြတ်ပြုခြင်း, မြတ်နိုးခြင်း,ပူဇော်ခြင်း အမှုကို ပြုကြကုန်အံ့။ မိမိတို့ထံမှောက် မိမိတို့အိမ်သို့ ရောက်ရှိလာသော သမဏ,ဗြာဟ္မဏအမည်ရသော သူတော်စင်ပုဂ္ဂိုလ်သူမြတ်တို့အား နေရာပေးခြင်း, ရေပေးခြင်း အစရှိသည်ဖြင့် ပူဇော်ကြကုန်အံ့ ဟူ၍ သင်အမျိုးသမီးတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်ရာသည်။

အိုအမျိုးသမီးတို့.... သင်တို့ ရောက်ရှိသွားသော အိမ်ရှင်ယောကျ်ား၏ တစုံတခုသော အိမ်တွင်းကိစ္စ အဝဝတို့သည် ထင်ရှားရှိကုန်၏၊ ထိုသို့သော အိမ်တွင်းရေးကိစ္စ အဝဝတို့၌ သိုးမွေးဝါချည် အစရှိသော ထိုထို၌ကြ်ာ အိမ်တွင်းရေးကိစ္စ အဝဝတို့၌ သင်တို့သည် "ငါတို့ကား လိမ်မာ ကျွမ်းကျင်ကြသည်၊ မပျင်းမရိ လုံ့လကြိုးကုတ် အားထုတ်ကြသည် ဖြစ်ကြကုန်အံ့၊ ထိုထိုသို့သော အိမ်တွင်းရေးကိစ္စတို့၌ ကိုယ်တိုင်လည်း ပြုစုတတ်,သူတပါးတို့အားလည်း စေခိုင်းတတ်သူ ဖြစ်ကြကုန်အံ့" ဟူ၍ သင်အမျိုးသမီးတို့သည် ကျင့်ကြံကြကုန်ရာသည်။

အိုအမျိုးသမီးတို့.... သင်တို့သည် ဆိုအပ်လတ္တံ့သော အခြင်းအရာဖြင့်လည်း ကျင့်ကြံအပ်၏၊ သင်တို့၏ အိမ်ရှင်ယောကျ်ား၏ အတွင်းသားဖြစ်ကြသော ကျေးကျွန်,အစေအပါးဖြစ်သော ပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကြကုန်၏၊ ထိုသို့ အိမ်၌ ထင်ရှားရှိကြသော ကျေးကျွန် အစေအပါး အမှုလုပ်ယောကျ်ားတို့၏ အလုပ်ကို လုပ်လျှင် လုပ်သည့်အကြောင်း, မလုပ်လျှင် မလုပ်သည့် အကြောင်းကို ငါတို့သည် သိအောင် စစ်ဆေး, စုံစမ်း,မေးမြန်းကြကုန်အံ့ ဟူ၍၎င်း၊ ထိုအစေအပါး အမှုလုပ်ယောကျ်ားတို့ မမာမကျန်းရှိသောအခါ ခွန်အားရှိ-မရှိ၊ အစားအသောက် ရ-မရ စသည်တို့ကို ငါတို့သိအောင် ကြိုးကုတ် အားထုတ်ကြကုန်အံ့ ဟူ၍၎င်း၊ ထိုအစေအပါး အမှုလုပ်ယောကျ်ားတို့အား ထိုက်သင့်ရာရာ ခဲဘွယ်ဘောဇဉ် အဘို့အစုကို ဝေဘန်ကြ, ပေးကမ်းကြ, ဖြန့်ဖြူးကြကုန်အံ့ ဟူ၍၎င်း သင်အမျိုးသမီးတို့သည် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်။

အိုအမျိုးသမီးတို့.... သင်တို့သည် ဤဆိုလတ္တံ့သော အခြင်းအရာဖြင့်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်၊ သင်တို့၏ အိမ်ရှင်ယောကျ်ား ဆောင်ယူ၍ ရရှိခဲ့သော ဥစ္စာ,စပါး အစရှိသော ထိုထို၌ကြ်ာ ပစ္စည်းတို့သည် ထင်ရှားဖြစ်ကုန်လိမ့်မည်၊ ထိုသို့ အိမ်ရှင်ယောကျ်ား ဆောင်ယူခဲ့သော ဥစ္စာ,

စပါး, ရွှေ,ငွေတို့ကို စောင့်ရှောက်ခြင်း, လုံခြုံစေခြင်းဖြင့် ငါတို့သည် ပြည့်စုံကြစေကုန်အံ့၊ ထိုသို့ အိမ်ရှင်ယောကျ်ား ရှာဖွေ၍ရသော ရွှေ,ငွေ,စပါး,ဥစ္စာအစရှိသည်တို့၌ မဝှက်ကုန်, မခိုးကုန်, မယူကုန်, မသုံးကုန်, မဖြုန်းကုန်ကြသူတို့ ဖြစ်ကြကုန်အံ့ ဟူ၍ သင်အမျိုးသမီးတို့သည် ကျင့်ကြံကြိုးကုတ်အားထုတ်ကြကုန်ရာသည်။

ဣမေဟိ ခေါ ကုမာရိယော ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော မာတုဂါမော ကာယဿ ဘေဒါ ပရံ မရဏာ မနာပကာယိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတီ။

အို-အမျိုးသမီးတို့.... ဤဆိုအပ်ခဲ့ပြီးသော ငါးပါးသော အကျင့်တရားတို့နှင့် ပြည့်စုံသော မာတုဂါမ-မင်းမိန်းမသည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် မနာပကာယိက-နှစ်သက်ဖွယ်သော ကိုယ်ရှိသော နတ်အမျိုး၌ ဘဝပဋိသန္ဓေတည်နေရသည်ဟု ဤဥဂ္ဂဟအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို မာတုဂါမ-မင်းမိန်းမတို့ လိုက်နာရမည့် ငါးပါးသော ကျင့်ဝတ်တို့ကို ဖော်ပြလျက် မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသူဌေး ဘောင်းပန်လျှောက်ထားခြင်းဟူသော အကြောင်းဝတ္ထုကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဥဂ္ဂဟသုတ် ပြီး၏။**

---

**သီဟသေနာပတိသုတ်**

ပု။ ။အင်္ဂုတ္တရနိကာယေ အာဂတေ ပဉ္စကနိပါတေ သုမနဝဂ္ဂေ စတုတ္ထံ သီဟသေနာပတိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိ။ ။ဝေသာလိယံ ဘန္တေ သီဟံ သေနာပတိံ အာရဗ္ဘ ဘာသိတံ။ သီဟော ဘန္တေ သေနာပတိ ဘဂဝန္တံ ဧတဒဝေါစ "သက္ကာ နု ခေါ ဘန္တေ သန္ဒိဋ္ဌိကံ ဒါနဖလံ ပညာပေတု"န္တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "သက္ကာ သီဟ၊ ဒါယကော သီဟ ဒါနပတိ ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သုမနဝဂ်၌ လေးခုမြောက် ဖြစ်သော သီဟသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဝေသာလီပြည်အရပ်ဝယ် သီဟအမည်ရှိသော စစ်သေနာပတိကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော အရပ်ဝယ် သီတင်းသုံးနေတော်မူလတ်သောအခါ သီဟစစ်သေနာပတိသည် သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက် ရှိခိုးပြီးလျှင်—

သက္ကာ နု ခေါ ဘန္တေ ဘဂဝါ သန္ဒိဋ္ဌိကံ ဒါနဖလံ ပညာပေတုံ-ဟု

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဘုန်းတော်သခင် ရှင်တော်ဘုရားသည် ကိုယ်တိုင် တွေ့မြင်အပ်သော ဒိဋ္ဌဓမ္မပစ္စက္ခ ဤဘဝ၌ရရှိအပ်သော ဒါန၏အကျိုးဘုရားကို ပညတ်ဟောကြားခြင်းငှါ တတ်ကောင်းရာပါသလောဟူ၍ မေးမြန်းလျှောက်ထားခဲ့ပါသည်။

## ဒါနအကျိုး ငါးမျိုး

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "သက္ကာ သီဟ၊ ဒါယကော သီဟ ဒါနပတိ ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ" အစရှိသည်ဖြင့်—

သီဟစစ်သေနာပတိကြီး.... တတ်နိုင်ပေ၏၊ တတ်နိုင်ရာ၏။

(၁) သီဟစစ်သေနာပတိ.... ဒါနာဘိရတ-ပေးကမ်းခြင်း၌ ရဲရင့်မွေ့လျော်သော အလှူရှင်ဖြစ်သော ပုဂ္ဂိုလ်ကို များစွာသော လူအပေါင်းတို့က ချစ်ခင်နှစ်သက်အပ်,မြတ်နိုးအပ်ပါတော့သည်၊ ယင်းသို့ လူပေါင်းများစွာ ချစ်ခင်မြတ်နိုးအပ်ခြင်းသည်လည်း မျက်မှောက်ဘဝ ပစ္စက္ခဝယ် ကိုယ်တိုင်တွေ့မြင်ရသော ဒါန၏ အကျိုးပင် ဖြစ်တော့သည်။

**အင်္ဂုတ္တိုရ် မေး ဖြေ ၉-၁၁—ပ-မ-ဗ-သု-စ**

(၂) သီဟစစ်သေနာပတိ....အလှူအတန်းပေးကမ်းခြင်း၌ ရဲရင့်သော ဒါနပတိ-အလှူရှင်ဖြစ်သော ပုဂ္ဂိုလ်ကို နှလုံးပြေ့ပျောင်း သူတော်ကောင်းတို့သည် ချဉ်းကပ်ကြကုန်သည်၊ ယင်းသို့ နှလုံးပြေ့ပျောင်း သူတော်ကောင်းတို့ အချဉ်းအကပ်ခံရခြင်းသည်လည်း အလှူပေးရခြင်း၏ ဒိဋ္ဌဓမ္မ ဤဘဝ၌ပင် လျှင် မျက်မြင်ခံစံရသော အကျိုးကျေးဇူးပင် ဖြစ်တော့သည်။

(၃) သီဟစစ်သေနာပတိ....ထိုမှတပါး အလှူပေးခြင်း၌ ရဲတင်းလေ့ရှိသော ဒါနပတိ-အလှူရှင်ခေါ် စလောက်သော ပုဂ္ဂိုလ်အား ကောင်းသော ကျော်စောသတင်း ပြန့်နှံ့ခြင်း ဖြစ်နိုင်ချေ၏၊ ယင်းသို့ ကောင်းသောသတင်း ကျော်စောသတင်းပြန့်နှံ့ခြင်း ဖြစ်ခြင်းသည်လည်း အလှူပေးရခြင်း၏ ဒိဋ္ဌ-ဓမ္မပစ္စက္ခဘဝ၌ ကိုယ်ဘိုင်တွေ့မြင်ရ ခံစံရသော အကျိုးပင် ဖြစ်တော့သည်။

(၄) သီဟစစ်သေနာပတိကြီး.... ထိုမှတပါး အလှူပေးခြင်း၌ ရဲတင်းလေ့ရှိသော ဒါနပတိခေါ် ဆိုယူရအောင် မိမိသုံးဆောင်သည်ထက် မွန်မြတ်သော အလှူဝတ္ထုဘို့ကို လှူဒါန်းလေ့ရှိသော အလှူ့ဒါယကာပုဂ္ဂိုလ်သည် အကြင်အကြင်သို့ သဘောရှိသော မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်သို့ ချဉ်းကပ်ငြားအံ့၊ ထိုထို ချဉ်းကပ်ရာဖြစ်သော မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်တို့၌ အရှိန်အဝါမနည်းပဲ ရဲရဲရင့်ရင့် ချဉ်းကပ်နိုင်ပေသည်။ ဤသို့ ပရိသတ်လေးပါးဝယ် ရဲရဲရင့်ရင့် အရှိန်အဝါမနည်းပဲ ချဉ်းကပ်နိုင်ခြင်းသည်လည်း အလှူဒါနပေးကမ်းလှူဒါန်းခြင်း၏ ဒိဋ္ဌဓမ္မပစ္စက္ခဝယ် ကိုယ်တိုင်တွေ့မြင် ခံစံရသော အကျိုးပင်ဖြစ်တော့သည်။

(၅) သီဟစစ်သေနာပတိကြီး.... ထိုမှတပါး အလှူအတန်းပေးကမ်းခြင်း၌ ရဲရင့်သော ဒါနပတိဆိုစလောက်အောင် မိမိသုံးဆောင်သော ဝတ္ထုတို့ထက် မွန်မြတ်သောဝတ္ထုကို လှူဒါန်းလေ့ရှိသော ဒါနပတိပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏ လားရာ နတ်ရွာသုဂတိသို့ ရောက်ရသည်၊ ဤသို့ စုတိပြတ်ကြွေ သေသည်မှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့ လားရောက်ရခြင်းသည် ဒါန၏ တမလွန်လောက၌ ရရှိခံစံရသော အကျိုးဖြစ်ပေသည်။

## လက်တွေ့လေးပါး

ဤသို့ သမ္ဗုဒ္ဓမြတ်စွာဘုရား မိန့်ကြားတော်မူလတ်သည်တွင် သီဟစစ်သေနာပတိမှူးက—

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗုဒ္ဓမြတ်စွာဘုရား.... ရှင်တော်ဘုရားသည် အကြင် လေးပါးသော အလှူဒါန၏ ဒိဋ္ဌဓမ္မပစ္စက္ခ ကိုယ်တိုင် တွေ့မြင်ခံစားရသော အကျိုးတရားတို့ကို ဟောကြားတော်မူအပ်ပါကုန်သည်၊ ထိုအကျိုးတရားလေးပါးတို့ကို ရှင်တော်ဘုရားအား ယုံကြည်မှုသဒ္ဓါ သက်သက်ဖြင့် တပည့်တော်သိသည် မဟုတ်ပါ၊ တပည့်တော် ကိုယ်တိုင်လည်း ဤရှေ့လေးပါးသော အကျိုးတရားတို့ကို သိမြင်ခံစံရပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်ကား အလှူပေးခြင်း၌ ရဲရင့်သော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ မိမိသုံးဆောင်သော ဝတ္ထုထက် မွန်မြတ်သော အလှူဝတ္ထုကိုသာလျှင် ပေးလှူလေ့ရှိသော ဒါနပတိ ပုဂ္ဂိုလ် စင်စစ် ဖြစ်ခဲ့ပါသည်၊ ယင်းသို့ ဒါနပတိပုဂ္ဂိုလ်စင်စစ်ဖြစ်သော တပည့်တော်ကို များစွာသော လူအပေါင်းတို့က ချစ်ခင်နှစ်သက်အပ်ပါတော့သည်။

တပည့်တော်သည် အမြဲတစေ အလှူအတန်းပေးကမ်းခြင်း၌ ရဲရင့်သူဖြစ်ပါသည်၊ အလှူ၏ အရှင်ဖြစ်၍ အလှူအတန်းကို ပေးကမ်းပါသည်၊ တပည့်တော်ကို နှလုံးပြေ့ပျောင်း သူတော်ကောင်းတို့သည် ချဉ်းကပ်ကြပါကုန်သည်။

ယင်းသို့ ဒါယကာ, ဒါနပတိ ဖြစ်သော တပည့်တော်၏ ကောင်းသော ကျော်စောသတင်း ပြန့်နှံ့ခြင်းကား သီဟစစ်သေနာပတိကြီးသည် အလှူအတန်း ပေးကမ်းခြင်း၌ ရဲရင့်ပေ၏၊ သံဃာတော်ဘို၏ ဝေယျာဝစ္စ-အမှုကြီးငယ်တို့ကိုလည်း ပြုလုပ်လေ့ရှိပေ၏၊ ဤသို့ ကောင်းသောသတင်း ကျော်စောခြင်း ဖြစ်ခဲ့ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တပည့်တော်သည် အကြင်သို့သဘောရှိသော မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်သို့ ချဉ်းကပ်ပါ၏၊ ထိုထို ချဉ်းကပ်ရာရာ ပရိသတ်လေးပါးသို့ မကြောက်မရွံ့ တင့်တယ်သောအရှိန်အဝါရှိ၍ တပည့်တော် ချဉ်းကပ်နိုင်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဤလေးပါးသော မျက်မှောက်ဘဝ ပစ္စက္ခဥ် ခံစံတွေ့မြင်ရသည့် ဒါန၏ အကျိုးတို့ကို ရှင်တော်ဘုရား ဟောကြားသည့် အတွက် သဒ္ဓါတရားသက်သက်ဖြင့် ဘုရားဘပည့်တော် ယုံကြည်ခြင်း, သိမှတ်ခြင်း မဟုတ်ပါ၊ တပည့်တော် ကိုယ်တိုင်လည်း ဤအကျိုးလေးပါး တို့ကို သိရှိခံစံရပါသည်။

နောက်ဆုံး ဟောကြားတော်မူသော စုတိပြတ်ကြွေ သေသည့်ခါမှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့ လားရသည်ဟူသော ဤအချက်ကိုကား ရှင်တော်ဘုရားအား ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် တပည့်တော်သည် သိမှတ်ရပါသည်ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဧဝမေတံ သီဟ၊ ဧဝမေတံ သီဟ" အစရှိသည်ဖြင့်—

သီဟစစ်သူကြီး....ယခုပြောသောစကားသည် သင်ပြောသည့် အတိုင်း သာလျှင် မှန်ပေသည်၊စုတိပြတ်ကြွေသေသည့်ခါမှ နောက်ကာလဝယ် အလှူ ဒါန ရဲရင့်သော အလှူ၏အရှင်ဖြစ်၍ ပေးကမ်း, စွန့်ကြဲ, လှူဒါန်းလေ့ရှိသော ပုဂ္ဂိုလ်သည် ကောင်းသောသူတို့၏သားရာ သုဂတိနတ်ရွာသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရချေ၏။ ဤသို့ အစရှိသည်ဖြင့် သီဟသေနာပတိ သုတ္တန် အမည်ရှိသော ဤသုတ္တန်ဒေသနာတော်မြတ်ကို အလှူအတန်း ပေးကမ်း ခြင်း၏ ပစ္စက္ခဘဝ၌ ရရှိသော အကျိုးလေးပါး, တမလွန်ဘဝ၌ ရရှိသော အကျိုးတပါး ဤငါးပါးသော အကျိုးတရားတို့ကို ဖော်ပြ၍ သီဟစစ်သေနာ ပတိကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သီဟသေနာပတိသုတ် ပြီး၏။**

---

## ကာလဒါနသုတ်

ပု။ [illegible] ။တတ္တေဝ အာဝုသော ဆဋ္ဌံ ကာလဒါနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဆဋ္ဌံ ဘန္တေ ကာလဒါနသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ ကာလဒါနာနိ။ ကတမာနိ ပဉ္စ၊ အာဂန္တုကဿ ဒါနံ ဒေတိ၊ ဂမိကဿ ဒါနံ ဒေတိ၊ ဂိလာနဿ ဒါနံ ဒေတိ၊ ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ၊ ယာနိ တာနိ နဝသဿာနိ နဝဖလာနိ၊ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ကာလဒါနာနိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသုမနဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော ကာလဒါနသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ခြောက်ခုမြောက်ဖြစ်သော ကာလဒါန အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ ကာလဒါနာနိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....အခါကာလ အားလျော်စွာ လှူဒါန်းရသော အလှူတို့သည်ကား ငါးပါးတို့ဖြစ်ကုန်၏။ ငါးပါးတို့ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) အာဂန္တုက-ရောက်သစ်စဖြစ်သော ဧည့်သည်ပုဂ္ဂိုလ်အား အလှူအဘန်းကို ပေးလှူခြင်းတပါး။

(၂) ခရီးသွား ရဟန်းတော် အရှင်သူမြတ်တို့အား အလှူအတန်းကို ပေးလှူခြင်းတပါး။

(၃) ဂိလာနဖြစ်သော ပုဂ္ဂိုလ်အား အလှူအတန်းကို ပေးလှူခြင်း တပါး။

(၄) ဝတ်မွတ်ခေါင်းပါး ရှိရှားသောကာလ၌ အလှူအတန်းကို ပေးလှူခြင်း တပါး။

(၅) မိမိတို့ထံဝယ် ရောက်ရှိ ဖြစ်ပေါ်၍လာသော ကောက်ဦး, သစ်သီးဦးတို့ကို သီလနှင့် ပြည့်စုံသော သူတော်သူမြတ်တို့၌

ရှေးဦးစွာ လှူဒါန်းပြီးမှ နောက်ကာလဝယ် မိမိတို့ သုံးဆောင်ခြင်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့် အခါကာလအားလျော်စွာ လှူဒါန်းအပ်သော ကာလဒါနတို့သည် ငါးမျိုးတို့ ရှိကုန်၏။ ဤသို့ အစရှိသည်ဖြင့် ကာလဒါန အမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ကာလဒါနသုတ် ပြီး၏။**

---

## ဘောဇနသုတ်

ပု။ ။တတ္ထ ဝ အာဝုသော သတ္တမံ ဘောဇနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။သတ္တမံ ဘန္တေ ဘောဇနသုတ္တံ "ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ။ ကတမာနိ ပဉ္စ၊ အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ။ အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသုမနဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော ဘောဇနသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ခုနစ်ခုမြောက်ဖြစ်သော ဘောဇနသုတ် အမည်ရသော ဒေသနာတော်မြတ်ကို "ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့....ဆွမ်း, ခဲဖွယ်,ဘောဇဉ်ကို လှူဒါန်းသော ဒါယကာသည် အလှူခံပုဂ္ဂိုလ်တို့အား ငါးပါးသော ဌာနတို့ကို ပေးလှူသည်မည်၏၊ အဘယ်ငါးပါးတို့ကို ပေးလှူသည် မည်သနည်း။

(၁) အသက်အလှူဒါနကိုလည်း ပေးလှူသည်မည်၏။
(၂) အဆင်းအလှူဒါနကိုလည်း ပေးလှူသည်မည်၏။
(၃) ချမ်းသာ အလှူဒါနကိုလည်း ပေးလှူသည်မည်၏။
(၄) ခွန်အား အလှူဒါနကိုလည်း ပေးလှူသည် မည်၏။
(၅) ဉာဏ်ပညာ ပဋိဘာန် အလှူဒါနကိုလည်း ပေးလှူသည် မည်၏။

အာယုဒါန-အသက်ကို ပေးလှူ၍ လူ၌,နတ်၌ဖြစ်သော အသက်တည်းဟူသောကောင်းမှုကုသိုလ်၏ အကျိုးအဘို့အစုကို ရရှိနိုင်၏။

အဆင်းအလှူကို ပေးလှူ၍ လူ၌,နတ်၌ဖြစ်သော အဆင်း၏တင့်တယ်ခြင်းတည်းဟူသော ကောင်းမှုကုသိုလ်၏ အကျိုးအဘို့အစုကို ရရှိနိုင်၏။

ချမ်းသာသုခဒါနကို ပေးလှူ၍ လူရွာ,နတ်ရပ်၌ဖြစ်သော ချမ်းသာသုခတည်းဟူသော ကောင်းမှု၏ အကျိုးအဘို့အစုကို ရရှိနိုင်၏။

ဗလဒါန-အားအလှူကို ပေးလှူခြင်းတည်းဟူသော အကြောင်းကြောင့် လူ၌,နတ်၌ဖြစ်သော ခွန်အားတည်းဟူသော ကောင်းမှု၏ အကျိုးအဘို့အစုကို ရရှိနိုင်၏။

ပဋိဘာန-ပဋိဘာန်ဉာဏ်ပညာကို ပေးလှူခြင်းတည်းဟူသော အကြောင်းကြောင့် လူ၌,နတ်၌ဖြစ်သော ပဋိဘာန်ဉာဏ်ပညာတည်းဟူသော ကောင်းမှု၏ အဘို့အစုကို ရရှိနိုင်၏ အစရှိသည်ဖြင့် ဤဘောဇနအမည်ရသော သုတ္တန်ဒေသနာဘော်မြတ်ကို ဆွမ်း, ခဲဖွယ်, ဘောဇဉ် ပေးကမ်း လှူဒါန်းရခြင်း၏ အကျိုးငါးပါးတို့ကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**ဘောဇနသုတ် ပြီး၏။**

---

## ပုတ္တသုတ်

ပု॥ ॥တတ္ထေဝ အာဝုသော နဝမံ ပုတ္တသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ॥ ॥နဝမံ ဘန္တေ ပုတ္တသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ သမ္ပဿန္တော မာတာပိတရော ပုတ္တံ ဣစ္ဆန္တိ ကုလေ ဇာယမာနံ။ ကတမာနိ ပဉ္စ၊

ဘတော ဝါ နော ဘရိဿတိ၊ ကိစ္စံ ဝါ နော ကရိဿတိ၊ ကုလဝံ-
သော စိရံ ဌဿတိ၊ ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ”တိ ဝေမာဒိနာ ဘဂဝတာ
ဘာသိတံ။

မေး။ ။ထိုသုမနဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော ပုတ္တသုတ်
မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ
သော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအား
ဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကိုးခုမြောက်ဖြစ်သော ပုတ္တ အမည်ရှိသော သုတ္တန်ဒေသနာ
တော်မြတ်ကို “ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ သမ္ပဿန္တော မာတာပိတရော
ပုတ္တံ ဣစ္ဆန္တိ ကုလေ ဇာယမာနံ” အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... မိခင် ဘခင် ကျေးဇူးရှင်တို့သည် မိမိအိမ်၌
ဖြစ်ပေါ်လာသော သားကို ငါးပါးသော အကြောင်းအရာ ဌာနတို့ကို
မြော်လင့်လျက် အလိုရှိကြပါကုန်သည်။ ငါးပါးတို့ဟူသည်မှာ—

(၁) ငါတို့ကို မွေးတုံ့မွေးလိမ့်မည် ဟူ၍၎င်း။
(၂) ငါတို့၏ ကိစ္စကြီးငယ်ကို ငါတို့၏ကိုယ်စား ဆောင်ရွက်ပြုလုပ်
ပေးလိမ့်မည်ဟူ၍၎င်း။
(၃) ဤသား ဤသမီးကို အစွဲပြု၍ ငါတို့၏ ဆွေဆက် မျိုးဆက်
သည် ရှည်လျားစွာ တင့်တင့်တယ်တယ် တည်နိုင်ပေလိမ့်မည်
ဟူ၍၎င်း။
(၄) ငါတို့၏ လောကအမွေ, ဓမ္မအမွေ အရပ်ရပ်ကို ဤငါ၏သား,
ငါ၏သမီးသည် ဆက်ခံရစ်လိမ့်မည် ဟူ၍၎င်း။
(၅) ငါတို့ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ငါတို့
အား ဤသား, ဤသမီးသည် ကောင်းမှု ကုသိုလ် အဘို့ဘာဂ
ကို အမျှပေးဝေလိမ့်မည် ဟူ၍၎င်း။

ချစ်သားရဟန်းတို့....ဤဆိုအပ်ပြီးသော ငါးပါးသော အရာဌာနတို့ကို
မြော်ကိုးကြကုန်လျက် မိခင် ဘခင် ကျေးဇူးရှင်တို့သည် မိမိအိမ်၌ ဖြစ်သော
သားကို အလိုရှိကြကုန်သည်။

ဤသို့ မိန့်ကြားတော်မူပြီးလျှင် ဤ ပုတ္တအမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို ငါးရပ်သော ဂါထာတို့ဖြင့် ဒေသနာ အထွဋ်တပ်တော် မူလို သဖြင့်—

ပဉ္စ ဌာနာနိ သမ္ပဿံ, ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
ဘတော ဝါ နော ဘရိဿတိ, ကိစ္စံ ဝါ နော ကရိဿတိ။
ကုလဝံသော စိရံ တိဋ္ဌေ, ဒါယဇ္ဇံ ပဋိပဇ္ဇတိ။
အထ ဝါ ပန ပေတာနံ, ဒက္ခိဏံ အနုပ္ပဒဿတိ—

အစရှိသည်ဖြင့် ဤ ပုတ္တအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မိခင်ဘခင် ကျေးဇူးရှင်တို့က သားသမီးတို့အပေါ် ဝယ် မြော်လင့်ခြင်း ငါးပါးတို့ကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပုတ္တသုတ် ပြီး၏။**

---

## နာရဒသုတ်

ပု။ ။မုဏ္ဍရာဇဝဂ္ဂေ ပနာဝုသော ဒသမံ နာရဒသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ကထဉ္စ ဘာသိတံ။

ဝိ။ ။ပါဋလိပုတ္တေ ဘန္တေ မုဏ္ဍံ ရာဇာနံ အာရဗ္ဘ ဘာသိတံ။ မုဏ္ဍဿ ဘန္တေ ရညော ဘဒ္ဒါ ဒေဝီ ကာလင်္ကတာ ဟောတိ ပိယာ မနာပါ။ သော ဘဒ္ဒါယ ဒေဝိယာ ကာလင်္ကတာယ ပိယာယ မနာပါယ နေဝ နှာယတိ န ဝိလိမ္ပတိ န ဘတ္တံ ဘုဉ္ဇတိ, န ကမ္မန္တံ ပယောဇေတိ, ရတ္တိန္ဒိဝံ ဘဒ္ဒါယ ဒေဝိယာ သရီရေ အဇ္ဈောမုစ္ဆိတော။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "ပဉ္စိမာနိ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"န္တိ ဧဝမာဒိနာ ဘန္တေ အာယသ္မတာ နာရဒတ္ထေရေန ရညော ပသေနဒိဿ ကောသလဿ ဘဂဝတာ ဒေသိတနိယာမေန ဒေသိတံ။

မေး။ ။မုဏ္ဍရာဇဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော နာရဒသုတ္တန် မည်သော တရားဒေသနာတော်ကို အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် အဘယ် မည်သော ပုဂ္ဂိုလ်က အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပါဋလိပုတ်ပြည် ကုက္ကုဋာရာမ်ကျောင်း အရပ်၌ မုဏ္ဍ အမည်ရှိ သော မင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

အရှင်နာရဒမထေရ်သူမြတ်သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရာမ်ကျောင်း အရပ်၌ ကိန်းအောင်း မွေ့လျော် နေတော်မူဆဲကာလဝယ် ပါဋလိပုတ်ပြည့် ရှင်ဖြစ်သော မုဏ္ဍမင်း၏ ချစ်နှစ်သက် မြတ်နိုးအပ်သော ဘဒ္ဒါမည်သော မိဖုရားသည် နတ်ရွာစံခဲ့ပါသည်။

ယင်းသို့ ဘဒ္ဒါမိဖုရား နတ်ရွာလားခြင်းဟူသော အကြောင်းကြောင့် မုဏ္ဍမင်းသည် ရေကိုလည်း မချိုး၊ ပန်း, မာလ်, နံ့သာတို့ကိုလည်း မလိမ်းကျံ၊ ထမင်း အစာ အာဟာရကိုလည်း မသုံးစွဲ၊ မင်း၏ အမှုကိစ္စတို့ကိုလည်း မပြု လုပ်ပဲ ဘဒ္ဒါမိဖုရား၏ ဥတုဇစုပေါင်း ရုပ်အလောင်း၌သာလျှင် လောဘ တဏှာ လွှမ်းမိုး၍ စွဲမက် နှစ်သက်သျက် ရှိပါသည်။

ထိုအခါ မုဏ္ဍမင်းက မိမိ၏ ဘဏ္ဍာစိုးဖြစ်သော ပိယကအမည်ရှိသော ပုဂ္ဂိုလ်အား"တေန ဟိ သမ္မ ပိယက ဘဒ္ဒါယ ဒေဝိယာ သရီရံ အာယသာယ တေလဒေါဏိယာ ပက္ခိပိတွာ အညိဿာ အာယသာယ ဒေါဏိယာ ပဋိ- ကုဇ္ဇထ"အစရှိသည်ဖြင့်—

သို့တပြီးကား.... အချင်းပိယက ဘဒ္ဒါမိဖုရား၏ ဥတုဇစုပေါင်း ရုပ် အလောင်းကို ဆီထည့်သော မှန်ခေါင်းတခု၌ ထည့်၍ ထိုခေါင်း၏ အထက်မှ မှန်ဖြင့်ပြီးသော ခေါင်းတခုဖြင့် ပိတ်၍ ထားချေ၊ အကြင်အခြင်းအရာဖြင့် ပြုလုပ်သည့်ရှိသော် ငါတို့သည် ဘဒ္ဒါမိဖုရား၏ ဥတုဇ စုပေါင်း ရုပ်အလောင်း ကို ကြာမြင့်စွာ ကြည့်နိုင်ကုန်လေရာ၏ဟု အမိန့်တော်မြတ် မှတ်သည်တွင် "ဧဝံ ဒေဝ"ကောင်းပါပြီ အရှင်မင်းကြီးဟူ၍ ပိယက ဘဏ္ဍာစိုးသည် မုဏ္ဍ မင်း ပြောဆိုသည့်အတိုင်း ဘဒ္ဒါမိဖုရား၏ ဥတုဇစုပေါင်း ရုပ်အလောင်းကို တခုသော မှန်ခေါင်း၌ထည့်၍ ထို၏အပေါ်မှာ တခုသော မှန်ခေါင်းဖြင့် ပိတ်ပြီးလျှင် ဤသို့ အကြံ ဖြစ်ပါသည်။

မုဏ္ဍမင်းအား ဘဒ္ဒါမိဖုရား စုတိပြတ်ကြွေ သေလွန်ခြင်းဟူသော အကြောင်းကြောင့် ကြီးစွာသော သောကတည်းဟူသော ငြောင့် တံသင်း စူးဝင်၍ နေသည်၊ မုဏ္ဍမင်းကို အဘယ်သို့ သဘောရှိသော သမဏ, ဗြာဟ္မဏ အမည်ရသော သူတော်စင်တို့သို့ ချဉ်းကပ်စေရပါမည်နည်း။ ယင်း သမဏ, ဗြာဟ္မဏတို့သို့ ချဉ်းကပ်၍ မုဏ္ဍမင်း၏ သန္တာန်ဝယ် စွဲရောက်၍ နေသော သောကဘည်းဟူသော မြှား ငြောင့် တံသင်းကို နုတ်ပယ်ရပါအံ့နည်းဟု အကြံဖြစ်သည်တွင် ကုက္ကုဋာရုံကျောင်း၌ နာရဒ မထေရ် သီတင်းသုံးနေသည် ကို စဉ်းစားမိပြီးလျှင် မုဏ္ဍမင်းရှိရာ အရပ်သို့ သွားရောက်၍—

အို-အရှင်မင်းကြီး.... ကုက္ကုဋာရုံ ကျောင်းအရပ်ဝယ် နာရဒ မထေရ် သူမြတ်သည် သီတင်းသုံးနေဆဲ ရှိပါသည်၊ ထို နာရဒမထေရ်သူမြတ်သည် ပညာရှိ၏၊ လိမ်လည်း လိမ်မာလှပေ၏၊ ထိုးထွင်း စူးရှသော ဉာဏ်ပညာနှင့် လည်း ပြည့်စုံတော်မူပေ၏၊ ဗဟုဿုတ အကြားအမြင်နှင့်လည်း ပြည့်စုံ တော်မူပေ၏၊ ဆန်းကြယ်သော တရားစကားကိုလည်း ဟောကြားတော် မူတတ်ပါပေ၏၊ ကောင်းမြတ် သန့်ရှင်းသော စကားကိုလည်း ပြောကြား တော်မူတတ်ပါပေ၏၊ အရွယ်တော်အားဖြင့်လည်း ကြီးရင့်တော်မူပါပေ၏၊ ရဟန္တာစင်စစ် ဖြစ်လည်းဖြစ်တော်မူပါပေ၏။ အကျွန်ုပ် တောင်းပန်လို ပါသည်၊ အရှင် မင်းကြီးသည် အရှင်နာရဒ မထေရ်အထံသို့ ချဉ်းကပ်စေလို ပါသည်၊ ယင်းသို့ အရှင်နာရဒ မထေရ်အထံ ချဉ်းကပ်သည်ရှိသော် အရှင် မင်းကြီး၏ သန္တာန်၌ ဖြစ်ပေါ်၍ နေသော သောကတည်းဟူသော ငြောင့် တံသင်းကို ပယ်ရှင်းနိုင်ပါလိမ့်မည်ဟု လျှောက်ထားသည်တွင် မုဏ္ဍမင်းက—

သို့တပြီးကား အချင်းပိယက....အရှင်နာရဒ မထေရ်ထံသို့သွားရောက်၍ ရှေးဦးစွာ အကြောင်းကြားချေဟု မိန့်သည်တွင် ပိယကဘဏ္ဍာစိုးသည်လည်း အရှင်နာရဒ မထေရ်ထံသို့ သွားရောက်၍ အကြောင်းအရာကို လျှောက်ထား ပြီးလျှင် အရှင်နာရဒ မထေရ်ထံမှ အခွင့်ရခဲ့သဖြင့် မုဏ္ဍမင်းအား ပြန်ကြား လျှောက်ထားခဲ့ပါသည်။

ထိုအခါ မုဏ္ဍမင်းသည် ကောင်းမြတ်သော ယာဉ်ကိုစီး၍ ကောင်းမြတ် သော ယာဉ်အပေါင်း ခြံရံလျက် အရှင်နာရဒထံသို့ ဆည်းကပ်ရန်,ဖူးမျှော်ရန် အသို့ငှါ ကြီးစွာသောမင်း၏ အာနုဘော်ဖြင့် ပါဋလိပုတ်ပြည်မှ ထွက်ခဲ့

ပါသည်။ ကျောင်းတိုက်ပြင်ပ ယာဉ်ဖြင့် သွားနိုင်လောက်ရာ အရပ်ဝယ် ယာဉ်ဖြင့် သွား၍ ယာဉ်မှဆင်းပြီးလျှင် ခြေလျင်ခရီးဖြင့် ကျောင်းတိုက် အရံအတွင်းသို့ သွားရောက်၍ အရှင်နာရဒ မထေရ်သူမြတ်ရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ဦးညွှတ်ရှိခိုးလျက် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေခဲ့ပါသည်။

ယင်းသို့ အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေသော မုဏ္ဍမင်းကို အရှင်နာရဒ မထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာ ဘုရားလက်ထက်တော်အခါက မလ္လိကာဒေဝီ မဟေသီ နတ်ရွာလားခဲ့သဖြင့် ပသေနဒီ ကောသလမင်းကြီး ကြီးစွာသောသောက ဖြောင့် တံသင်း စူးဝင်သည်ကို သဗ္ဗညုမြတ်စွာဘုရားက အဋ္ဌာနသုတ္တန်[၁] ဒေသနာဖြင့် ပယ်ဖျောက်တော်မူခဲ့လေသည်ကို နှလုံးမူသောအားဖြင့်—

"ပဉ္စိမာနိ မဟာရာဇ အလဗ္ဘနီယာနိ ဌာနာနိ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"အစရှိသည်ဖြင့်—

မုဏ္ဍမင်းကြီး....ဤလောကဝယ် ရဟန်းပင် ဖြစ်စေ, ပုဏ္ဏားပင် ဖြစ်စေ, နတ်ပင်ဖြစ်စေ, မာရ်ပင်ဖြစ်စေ, ဗြဟ္မာပင်ဖြစ်စေ တစုံတယောက်သောသူမျှ မရနိုင်သော အရာဌာနတို့ကား ငါးပါးတို့ရှိကုန်၏။ ငါးပါးဘို့ ဟူသည်မှာ—

(၁) ဇရာဓမ္မ-အိုမင်းရင့်ရော်ခြင်း ရှိသောတရားကို မအိုလင့်ဟူ၍ တစုံတယောက်သော ရဟန်း, ပုဏ္ဏား, နတ်, မာရ်, ဗြဟ္မာ တဦးတယောက်မျှ မရနိုင်ပါ။

(၂) ဗျာဓိဓမ္မ-ဖျားနာခြင်း သဘောရှိသော တရားကို မဖျားမနာ လင့်ဟူ၍....။

(၃) မရဏဓမ္မ-သေခြင်း သဘောရှိသော တရားကို မသေလင့် ဟူ၍....။

(၄) ကုန်ခန်းခြင်း သဘောရှိသော တရားကို မကုန်ခန်းလင့် ဟူ၍....။

---

၁။ အဋ္ဌာနသုတ္တံ=ဤသုတ်အထက်၌ရှိသော သုတ်တို့ကို ဆိုလိုသည်။

(၅) ပျက်စီးခြင်း သဘောရှိသော တရားကို မပျက်စီးရဘူးဟူ၍ တစုံတယောက်သော ရဟန်း, ပုဏ္ဏား, နတ်, မာရ်, ဗြဟ္မာ ဤ သတ္တလောကဝယ် တဦးတယောက်မျှ ရနိုင်ခွင့်မရှိပါ။

မုဏ္ဍမင်းကြီး....ဤလောကဝယ် ဗဟုဿုတ အကြားအမြင် နည်းပါးသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်အား အိုခြင်းသဘောရှိသောတရားသည် အိုမင်း၍ လာ၏၊ ယင်းသို့ အိုမင်း၍ လာသောအခါ ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် ဤအိုခြင်းတရားကား ငါတဦးသာရသည်မဟုတ်၊ အကြင်မျှလောက် စုတိပဋိသန္ဓေ တည်နေကြသော သတ္တဝါမှန်သမျှ ထိုအိုခြင်းသဘောတရားသည် အိုမင်းမြဲ ဓမ္မတာသာဖြစ်ချေသည်။ ငါသည်အကယ်၍ အိုခြင်းသဘောတရား အိုသည်ကို စိုးရိမ်နေငြားအံ့၊ ပင်ပန်းနေငြားအံ့၊ ငိုကြွေးနေငြားအံ့၊ ရင်ပတ်စည်တီး မြည်တမ်းနေငြားအံ့၊ တွေဝေခြင်းသို့ ရောက်ငြားအံ့၊ ငါသည် ထမင်း အစာကိုလည်း စားနိုင်မည်မဟုတ်၊ ငါ၏ ကိုယ်ဝယ် ရုပ်အဆင်းပျက်စီးခြင်းသည် ရောက်လေရာ၏၊ အမှုကိစ္စတို့လည်း လစ်ဟင်းကုန်လေရာ၏၊ ငါ၏ ရန်သူတို့သည်လည်း နှစ်သိုအာရမ်း ဝမ်းမြောက်ကြကုန်လိမ့်မည်၊ ငါ၏ မိတ်ဆွေတို့ကား နှလုံးမသာမယာဖြစ်ကြကုန်လိမ့်မည်ဟု ဆင်ခြင်မှု, စဉ်းစားမှုကို လုံးဝမပြုပဲ စိုးရိမ်,ပင်ပန်း, ငိုကြွေး, မြည်တမ်း, တွေဝေခြင်းသို့ ရောက်ပါ၏။

မုဏ္ဍမင်းကြီး....ဤဆိုအပ်ပြီးသော ဗဟုဿုတ အကြားအမြင် နည်းပါးသော အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်ကို အဆိပ်နှင့်တကွသော သောကတည်းဟူသော မြှားသည် စူးဝင်းအပ်သည်ဖြစ်၍ မိမိကိုယ်ကို မိမိသည်ပင်လျှင် ပူပန်စေ၏ ဟူ၍ ခေါ် ဆိုအပ်ပါသည်။

မုဏ္ဍမင်းကြီး.... ထိုမှတပါး ဗဟုဿုတအကြားအမြင် နည်းပါးသော အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်အား—

နာခြင်းသဘောရှိသော တရားသည် နာဖျား၍လာ၏။

သေခြင်းသဘောရှိသော တရားသည် သေပါတော့၏။

ကုန်ခန်းခြင်း သဘောရှိသော တရားသည် ဆီးမနိုင် တားမရ ကုန်ခန်း၍သာ သွားပါ၏။

ပျက်စီးခြင်း သဘောရှိသော တရားသည် ပျက်စီး၍သာ သွားပေ၏။

ယင်းသို့ ပျက်စီးခြင်း သဘောရှိသောတရား ပျက်စီးရာ၀ယ် အန္ဓဗာလ ဗဟုဿုတ အကြားအမြင်မရှိသော ပုထုဇဉ်၏ သန္တာန်၀ယ် ရှေးနည်းတူ ယောနိသောမနသိကာရ ဆင်ခြင်မှုမရှိခဲ့၊ ယင်းသို့ ဆင်ခြင်မှုမရှိသော အန္ဓ ဗာလပုထုဇဉ်ပုဂ္ဂိုလ်သည် စိုးရိမ်,ပူဆွေး, ငိုကြွေး, မြည်တမ်း, ပူပန်,တွေ့ဝေခြင်းသို့ ရောက်ခဲ့ပါ၏၊ ယင်းသို့ စိုးရိမ်, ပူဆွေး, ငိုကြွေး,မြည်းတမ်း,တွေ့ဝေခြင်းသို့ ရောက်သော အန္ဓဗာလ အဿုတဝါ-ပုထုဇဉ်ပုဂ္ဂိုလ်ကို အဆိပ်နှင့်တကွသော သောကတည်းဟူသော မြှားသည် စူးဝင်အပ်သည်ဖြစ်၍ မိမိကိုယ်ကို မိမိပင်ပန်းစေသောသူ ဟူ၍ ခေါ်ဆိုအပ်ပေ၏။

မုဏ္ဍမင်းကြီး.... ဤလောက၀ယ် ဗဟုဿုတ အကြားအမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သား သာဝကအားလည်း အိုခြင်းသဘောရှိသော တရားသည် အိုပါ၏၊ နာခြင်းသဘောရှိသော တရားသည် နာပါ၏၊ သေခြင်းသဘောရှိသော တရားသည် သေပါ၏၊ ကုန်ခန်းခြင်း သဘောရှိသော တရားသည် ကုန်ခန်းပါ၏၊ ပျက်စီးခြင်း သဘောရှိသော တရားသည် ပျက်စီး၍သာပေ၏။

ယင်းသို့ အိုသောအခါ, နာသောအခါ, သေသောအခါ, ကုန်ခန်းသောအခါ, ပျက်စီးသောအခါ ထိုမြတ်စွာဘုရား၏ တပည့်သားသာဝကဖြစ်သော ဗဟုဿုတ အကြားအမြင်နှင့် ပြည့်စုံသော သူတော်စင်ဖြစ်သော ပုဂ္ဂိုလ်သည် ငါတစ်ဦးတည်းသာလျှင် ဤ အိုခြင်း, နာခြင်း, သေခြင်း, ကုန်ခန်းခြင်း, ပျက်စီးခြင်း သဘောကို ခံစားရသည်မဟုတ်၊ စုတိပဋိသန္ဓေ တည်နေသမျှ သတ္တဝါမှန်မှန်သမျှသည်ပင်လျှင် အိုခြင်း, နာခြင်း, သေခြင်း, ကုန်ခန်းခြင်း, ပျက်စီးခြင်း သဘောရှိကြချေ၏။ ငါသည် အိုခြင်း, နာခြင်း, သေခြင်း, ကုန်ခန်းခြင်း, ပျက်စီးခြင်း သဘောတို့ အိုကြ, နာကြ, သေကြ, ကုန်ခန်းကြ, ပျက်စီးကြသည့်အတွက် စိုးရိမ်၍ နေငြားအံ့၊ ပင်ပန်း၍ နေငြားအံ့၊ ငိုကြွေး၍နေငြားအံ့၊ ရင်ပတ်စည်တီး မြည်တမ်း၍ နေငြားအံ့၊ တွေဝေ မိန်းမောခြင်းသို့ ရောက်ငြားအံ့၊ အစားအစာကိုလည်း ငါ စားနိုင်မည်မဟုတ်၊ ငါ၏ ကိုယ်၀ယ် ရုပ်အဆင်း ဖောက်ပြန်ခြင်းလည်း ရောက်လေရာ၏၊ အမှုခပ်သိမ်းတို့လည်း ယုတ်လျော့ကုန်လေရာ၏၊ ငါ၏ ရန်သူ တဖက်

သားတို့သည်လည်း နှစ်လိုအားရ ဖြစ်ကြကုန်လိမ့်မည်၊ ငါ၏ မိတ်ဆွေ ခင်ပွန်းတို့ကား နှလုံးမသာမယာ ဖြစ်ကြရာလိမ့်မည်ဟု စဉ်းစားပြီးလျှင် မိမိကိုယ်တိုင် စိုးရိမ်ခြင်းအမှုကို လုံးဝမပြု၊ ပင်ပန်းခြင်းအမှုကို လုံးဝမပြု၊ ငိုကြွေးခြင်း ရင်ပတ်စည်တီး မြည်တမ်းခြင်းအမှု, တွေဝေခြင်းအမှုကို လုံးဝမပြုခဲ့ချေ။

မုဏ္ဍမင်းကြီး....ဤဆိုအပ်ပြီးသော ဗဟုဿုတ အကြားအမြင်နှင့်ပြည့်စုံသော မြတ်စွာဘုရား၏တပည့်သား သာဝကပုဂ္ဂိုလ်ကို အဆိပ်နှင့်တကွသော သောကဘည်းဟူသော ငြောင့်တံသင်းကို ပယ်ရှင်း နုတ်ပယ်အပ်ပြီးသော သူဟူ၍ ခေါ်ဆိုအပ်ပါတော့သည် အစရှိသည်ဖြင့် အရှင်နာရဒမထေရ်သူမြတ် ဟောကြားတော်မူလေလျှင် မုဏ္ဍမင်းသည်လည်း—

ကော နာမော အယံ ဘန္တေ ဓမ္မပရိယာယော။

အို-အရှင်နာရဒ မထေရ်သူမြတ် ဘုရား.... ဤ တရားဒေသနာကား အဘယ်အမည်ရှိပါသနည်းဘုရားဟု လျှောက်ထားသည်တွင်—

သောကသလ္လဟရဏော နာမ အယံ မဟာရာဇ ဓမ္မပရိယာယော။

မြတ်သောမင်းကြီး....ဤ တရားဒေသနာကား သောကတည်းဟူသော ငြောင့် တံသင်းကို ပယ်ရှင်းကြောင်းဖြစ်သော တရားဒေသနာဟု ပြန်ကြားမိန့်တော်မူသည်တွင်—

တဂ္ဃ ဘန္တေ သောကသလ္လဟရဏော။

အရှင်ဘုရား.... စင်စစ်ကေန် အမှန်ပင်လျှင် သောကတည်းဟူသော ငြောင့် တံသင်းကို ပယ်ရှင်းနိုင်သော တရားဖြစ်ပါသည်၊ တပည့်တော်၏ သန္တာန်ဝယ် ဤတရားဒေသနာတော်ကို ကြားနာရခြင်း တည်းဟူသော အကြောင်းကြောင့် နှလုံးဝယ် စူးဝင်၍နေသော သောကတည်းဟူသော ငြောင့် တံသင်းကို အရှင်းပင် ပယ်ထုတ်အပ်ပြီး ဖြစ်ပါသည်ဟု ပြန်ကြားလျှောက်ထားပြီးလျှင် ပိယက ဘဏ္ဍာစိုးကို ခေါ်၍ "တေန ဟိ သမ္မ ပိယက ဘဒ္ဒါယ ဒေဝိယာ သရီရံ ဈာပေထ၊ ထူပဉ္စဿာ ကရောထ" အစရှိသည်ဖြင့်—

သို့ရကား အချင်းပိယက ဘဏ္ဍာစိုး.... ဘဒ္ဒါမိဖုရား၏ ဥတုဇစုပေါင်း ရုပ်အလောင်းကို မီးသဂြိုဟ်ကြကုန်၊ သင့်လျော်လျောက်ပတ်သော အရပ်ဝယ် စုန့်စုန့်တည်သော စေတီ,ပုထိုး,ထူပါရုံကို ပြုကြကုန်ဟု မိန့်ကြားပြီးလျှင်

ငါတို့သည်လည်း ယနေ့မှစ၍ ရေမိုးကိုလည်း ချိုးပါအံ့၊ နံ့သာ,ပန်းမာလ်ကိုလည်း လိမ်းကျံကြပါကုန်အံ့၊ ထမင်းအစာအာဟာရကိုလည်း စားပါကုန်အံ့၊ မင်းတို့ ပြုသင့်ပြုထိုက်သော အမှုကိစ္စအလုံးစုံကိုလည်း ပြုကုန်အံ့, ယှဉ်ကုန်အံ့ဟူ၍ ပြန်ကြား လျှောက်ထားခဲ့ပါသည်။

ဤသို့လျှင် နာရဒအမည်ရသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ပါဋ္ဌိလိပုတ်ပြည်အရပ်ဝယ် မုဏ္ဍမင်းကို အကြောင်းပြု၍ အရှင်နာရဒ ရဟန္တာ မထေရ်သူမြတ် စိတ်ဖြာခွဲခြား ဟောကြားတော်မူအပ်ခဲ့ပါသည် အရှင်ဘုရား။

**နာရဒသုတ် ပြီး၏။**

---

## သမယသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဝုသော ပဉ္စကနိပါတေ နီဝရဏဝဂ္ဂေ စတုတ္ထံ သမယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။နီဝရဏဝဂ္ဂေ ဘန္တေ စတုတ္ထံ သမယသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အသမယာ ပဓာနာယ။ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဇိဏ္ဏော ဟောတိ ဇရာယာဘိဘူတော။ အယံ ဘိက္ခဝေ ပဌမော အသမယော ပဓာနာယာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် နီဝရဏဝဂ်၌ လေးခုမြောက်ဖြစ်သော သမယသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဉ္စကနိပါတ် နီဝရဏဝဂ်၌ လေးခုမြောက်ဖြစ်သော သမယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ပဉ္စိမေ ဘိက္ခဝေ အသမယာ ပဓာနာယ အစရှိသည်ဖြင့် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းငှါ မသင့်မလျော်သော အချိန်ကာလဘို့သည် ငါးမျိုးတို့ရှိကုန်၏၊ ငါးမျိုးဘို့ဟူသည်မှာ—

(၁) ဤသာသနာတော်၌ ရဟန်းဘော်သည် အရွယ်ကြီးရင့်၏၊ ဇရာတရားဖြင့် လွှမ်းမိုးနှိပ်စက်အပ်၏၊ ချစ်သားဘို့.... ဤသို့ ဇရာ လွှမ်းမိုးနှိပ်စက်

ခံရသော အချိန်ကာလသည်လည်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းငှါ မသင့်လျော်သော အချိန်ကာလဖြစ်၏။

(၂) ချစ်သားရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ အချို့သော ရဟန်းသည် အနာရောဂါ စွဲရောက်၍ နေ၏၊ အနာရောဂါ လွှမ်းမိုးနှိပ်စက်အပ်၏၊ ဤသို့ အနာရောဂါ စွဲရောက်၍နေသော အချိန်အခါကာလသည်လည်း ပဓာနအလုပ်ကို အားထုတ်ခြင်းငှါ မသင့်လျော်သော အချိန်ကာလဖြစ်၏။

(၃) ချစ်သားရဟန်းတို့....ထိုမှတပါး ဤလောက၌ ငတ်မွတ်ခေါင်းပါးသော အခါကာလသည် ရှိ၏၊ ယင်းသို့ ငတ်မွတ်ခေါင်းပါးသော အခါကာလသည်လည်း ပဓာနအလုပ်ကို အားထုတ်ခြင်းငှါ မသင့်လျော်သော အခါကာလဖြစ်၏။

(၄) ချစ်သားရဟန်းတို့.... ဤလောက၌ လူအပေါင်းတို့ ဘေးရောက်သော အခါကာလသည် ရှိ၏၊ ယင်းသို့ ဘေးရောက်သောအခါ ဇနပုဒ်သူ, ဇနပုဒ်သား လူအများတို့သည် မိမိတို့ စက်ရှင်ရထားတို့အပေါ် ဝယ် ပစ္စည်းတို့ကိုတင်၍ ထိုထိုဤဤ လှည့်လည်ကျက်စား သွားလာကြကုန်၏၊ ယင်းသို့ လူအများတို့ ဘေးရောက်သော အခါကာလသည်လည်း ပဓာနအလုပ်ကို အားထုတ်ခြင်းငှါ မသင့်လျော်သော အခါကာလဖြစ်၏။

(၅) ချစ်သားရဟန်းတို့....ထိုမှတပါး ဤလောက၌ သံဃာတော်သည် သင်းကွဲ၍ နေ၏၊ သံဃာတော် သင်းကွဲသောအခါ အချင်းချင်း ဆဲရေးမှု, အချင်းချင်း ရေရွတ်မှု, အချင်းချင်း အပြစ်စကားဖို့၍ ပြောကြားမှုတို့သည် ရှိကြကုန်၏၊ ယင်းသို့ ဖြစ်သည်ရှိသော် မကြည်ညိုကုန်သေးသော သူတို့သည်လည်း သာသနာတော်၌ မကြည်ညိုနိုင်ကြကုန်၊ ကြည်ညိုပြီးကုန်သော အချို့သော ပုဂ္ဂိုလ်တို့သည်လည်း စိတ်၏ ဖောက်ပြားထွေထွေလာလာ ဖြစ်ပေါ်ရခြင်း-အညထာဘာဝ ဖြစ်ပေါ်လာတတ်၏၊ ချစ်သား ရဟန်းတို့....ယင်းသို့ သံဃာတော် သင်းကွဲသော အခါကာလသည်လည်း ပဓာနအလုပ် ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှါ မသင့်လျော်သော အခါကာလဖြစ်၏။

**အင်္ဂုတ္တိုရ် မေးဖြေ ၉-၁၂—ပ-မ-ဗ-သ-စ**

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ခြင်းငှါမသင့်လျော် မလျောက်ပတ်သော အခါကာလတို့သည်ကား အိုသောကာလ, အနာနှိပ်စက်သောကာလ, ဆွမ်းခေါင်းပါးသောကာလ, လူတို့ဘေးရောက်သောကာလ, သံဃာတို့သင်းကွဲသောကာလ ဤသို့လျှင် ငါးပါးတို့ ရှိကုန်၏။

## သင့်လျော်သောအခါငါးမျိုး

ချစ်သား ရဟန်းတို့....ပဓာနအလုပ် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော်သော အချိန်အခါကာလတို့သည်ကား ငါးပါးတို့ ရှိကုန်သည်၊ ငါးပါးတို့ ဟူသည်မှာ– –

(၁) ဤသာသနာတော်၌ ရဟန်းတော်သည် အသက်အရွယ်နုနယ် ပျိုမျစ်သူဖြစ်၏၊ ပဌမအရွယ်နှင့်ပြည့်စုံသူဖြစ်၏၊ ကောင်းမြတ်သော အရွယ်အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံသူဖြစ်၏၊ မည်းနက်သော ဆံပင်တို့နှင့် ပြည့်စုံသူဖြစ်၏၊ ယင်းသို့ အရွယ်ကောင်းခြင်း အချိန်အခါ ကာလသည်လည်း ပဓာနအလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော အခါကာလတည်း။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော်သည် အနာရောဂါ ကင်းစင်ခိုက်ဖြစ်၏၊ အညီအညွတ်စားသောက်သမျှ အစာအာဟာရတို့ကို ကြေကျက်အောင် ချေချက်တတ်သော မအေးလွန်း, မနွေးလွန်း, မပူလွန်းသော အလတ်ဖြစ်သော ပဓာနအလုပ်ကို အားထုတ်ခြင်းငှါခံ့သော ကမ္မဇဝမ်းမီးနှင့် ပြည့်စုံ၏၊ ယင်းသို့ ကမ္မဇဝမ်းမီးနှင့် ပြည့်စုံ၍ ကျန်းမာသော အချိန်ကာလသည်လည်း ပဓာနအလုပ် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော်လျောက်ပတ်သော အခါကာလတည်း။

(၃) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤလောက၌ အစားဆန်ရေ ပေါများသောအခါဖြစ်၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံလှည့်လည်သဖြင့် မျှတခြင်းငှါ သင့်လျော် လျောက်ပတ်သော ထိုအခါကာလမျိုးသည်လည်း ပဓာနအလုပ်, ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော အခါကာလတည်း။

(၄) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤလောကဝယ် များစွာသော လူအပေါင်းတို့ ဘေးကင်းရန်ကွာ ချမ်းသာစွာ အညီအညွတ် နေကြသော အခါကာလသည် ရှိ၏၊ ယင်းသို့ လူအပေါင်း ဘေးရန်ကင်းကွာ ချမ်းသာစွာ နေရသော အချိန်ကာလသည်လည်း ပဓာနအလုပ်, ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော အခါကာလတည်း။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ သံဃာတော်သည် အချင်းချင်း ညီညွတ်၍ တူသောပါတိမောက်ပြခြင်း ရှိသည်လည်း ဖြစ်၍ နေတော်မူကြ၏၊ ယင်းသို့ သံဃာညီညွတ်တော်မူလတ်သည်ရှိသော် အချင်းချင်း ဆဲရေးခြင်း, ရေရွတ်ခြင်း အစရှိသော အပြစ်ဒေါသတို့ မဖြစ်ကုန်၊ ယင်း အပြစ်ဒေါသတို့ မဖြစ်သည်ရှိသော် သာသနာတော်ဝယ် မကြည်ညိုသေးသော သူတို့သည်လည်း ကြည်ညိုကုန်၏၊ ကြည်ညိုပြီးကုန်သော သူတို့အားလည်း အတိုင်းထက်အလွန် သဒ္ဓါတရား ပွါးများ၏၊ ယင်းသို့ သံဃာတော်တို့ ညီညွတ်သော အချိန်အခါကာလသည်လည်း ပဓာနအလုပ်, ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော အခါကာလတည်း။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ပဓာနအလုပ်, ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော အချိန်အခါကာလတို့သည်ကား အသက်အရွယ် ငယ်စဉ်ကာလ, အနာရောဂါ ကင်းရှင်းသော အခါကာလ, အစားဆန်ရေ ပေါများသောအခါကာလ, လူအများတို ဘေးရန် ကင်းကွာ ချမ်းသာစွာနေရသောအခါကာလ,သံဃာတော်အရှင်သူမြတ်တို့ ညီညွတ်သော အခါကာလ ဤသို့လျှင် ငါးပါးတို့ ရှိကုန်၏ဟု ဤသမယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ဘို့ရန် သင့်လျော် လျောက်ပတ်သော အချိန်ကာလ ငါးပါး, မလျောက်ပတ်သော အချိန်ကာလငါးပါးကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည့် အရှင်ဘုရား။

**သမယသုတ် ပြီး၏။**

## ဌာနသုတ်

ပုစ္ဆာ။ ။ဘတ္တေဝ အာဝုသော သတ္တမံ ဌာနသုတ္တံ ဘဂဝတာ ကတ္ထ ဘာ-
သိတံ။

ဝိဿဇ္ဇနာ။ ။သတ္တမံ ဘန္တေ ဌာနသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ
အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟ-
ဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။ ကတမာနိ ပဉ္စ၊ ဇရာဓမ္မောမှိ ဇရံ
အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ
ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ"တိ ဝေဓမာ-
ဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုနီဝရဏဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော ဌာနသုတ်မည်သော အဘိဏှသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။နီဝရဏဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော ဌာနသုတ် အမည်ရှိသော အဘိဏှသုတ္တန် တရားဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... မိန်းမပင်ဖြစ်စေ, ယောကျ်ားပင်ဖြစ်စေ, လူပင်ဖြစ်စေ, ရဟန်းပင်ဖြစ်စေ ငါးပါးသောအရာဌာနတို့ကို အမြဲမပြတ် ဆင်ခြင်သုံးသပ်အပ်ကုန်၏။ ငါးပါးသော အရာဌာနတို့ ဟူသည်မှာ—

(၁) ငါဘမ္မကား အိုမင်းရင့်ရော်ခြင်း သဘောရှိ၏၊ ထိုအိုမင်းရင့်ရော်ခြင်းသဘောကို မလွန်မြောက်နိုင်ဟူ၍ ၎င်း။

(၂) ငါသည် ဖျားနာရခြင်း ဗျာဓိသဘောရှိ၏၊ ဖျားနာရခြင်း ဗျာဓိသဘောကို မလွန်မြောက်နိုင်ဟူ၍၎င်း။

(၃) ငါသည် စုတိပြတ်ကြွေ သေရအံ့သော သဘောရှိ၏၊ ထိုစုတိပြတ်ကြွေ သေရခြင်းသဘောကို ငါသည် မလွန်မြောက်နိုင်ဟူ၍၎င်း။

(၄) ငါ၏ ချစ်အပ်,နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းသည်း မချွတ်ကေန် ဖြစ်လတ္တံ့ဟူ၍၎င်း။

(၅) ငါသည် ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံသာလျှင် အမွေခံရှိ၏၊ ကံသာလျှင် အကြောင်းရင်းရှိ၏၊ ကံသာလျှင် ဆွေမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာရှိ၏၊ အကြင် ကောင်း,မကောင်း သောကံကို ငါသည် ပြုလုပ်ငြားအံ့၊ ထို ငါပြုလုပ်သော ကောင်း, မကောင်း ကံ၏ ကောင်း,မကောင်း အမွေကို ငါပင်လျှင် ခံစံရချိမ့်မည်ဟူ၍ရင်း။

မိန်းမပင်ဖြစ်စေ, ယောကျ်ားပင် ဖြစ်စေ, လူပင်ဖြစ်စေ, ရဟန်းပင် ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်မဆို ဤငါးပါးသော ဌာနတို့ကို အမြဲမပြတ် ဆင်ခြင် သုံးသပ် နှသုံးသွင်းအပ်၏။

ချစ်သား ရဟန်းတို့....အဘယ်သို့သော အကြောင်းမျိုးကို မြှော်ကိုးရည်ရွယ်၍ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်မြောက်နိုင်ဟူ၍ ဆင်ခြင်သုံးသပ်အပ်သနည်းဟူမူကား၊ ချစ်သားရဟန်းတို့....ဤလောက၌ သတ္တဝါတို့အား အရွယ်အဆင်း နုပျိုခြင်းကို အကြောင်းပြု၍ဖြစ်သော ယောဗ္ဗနမာန်သည် ထင်ရှားဖြစ်ပေါ်တတ်၏၊ ယင်းယောဗ္ဗနမာန်ကို အစွဲပြု၍ ယင်းယောဗ္ဗနမာန် ကို အကြောင်းခံ၍ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တည်းဟူသော ဒုစရိုက်တရားတို့ကို ပြုမှားတတ်ကုန်၏။

ချစ်သား ရဟန်းတို့.... ဆိုအပ်ပြီးသောအတိုင်း ထိုအိုချင်းသဘောကို မလွန်မြောက်နိုင်သည့်အချက်ကို ဆင်ခြင်စဉ်းစား အမြဲမပြတ်နှလုံးသွင်းသော ပုဂ္ဂိုလ်အား အရွယ်အဆင်း နုပျိုခြင်းကို အစွဲပြု၍ဖြစ်သော ယောဗ္ဗနမာန်ကို အကြွင်းမဲ့သော်လည်း ပယ်အပ်၏၊ ပါးသော်မူလည်း ပါးစေရာ၏၊ ချစ်သား ရဟန်းတို့.... ဤအကျိုးကို မြှော်ကိုးရည်ရွယ်၍ မိန်းမဖြစ်စေ,ယောကျ်ားဖြစ်စေ, ရှင်ဖြစ်စေ,လူဖြစ်စေ ငါသည် အိုရခြင်းသဘောရှိ၏၊ အိုရခြင်းသဘောကို မလွန်မြောက်နိုင်ဟု အမြဲမပြတ် ဆင်ခြင်သုံးသပ် ပွါးများအပ်တော့၏။

ချစ်သား ရဟန်းတို့.... အဘယ်အကျိုးကို မြှော်ကိုးရည်ရွယ်၍ ငါသည် နာခြင်းသဘောရှိ၏၊ နာခြင်းသဘောကို မလွန်မြောက်နိုင်ဟူ၍ မိန်းမ, ယောကျ်ား, ရှင်, လူ ပုဂ္ဂိုလ်အားလုံးတို့သည်ပင် အမြဲမပြတ် ဆင်ခြင်အပ်သနည်းဟူမူကား—

ချစ်သား ရဟန်းတို့.... ဤလောက၌ သတ္တဝါတို့အား အနာကင်းခြင်းကို အစွဲပြု၍ ငါသည် အနာကင်း၏ဟူ၍ မာန်မာနယစ်ခြင်းတည်းဟူသော အာ-ရောဂျမာန်သည် ဖြစ်တတ်၏၊ ယင်းအာရောဂျမာန်ကို အစွဲပြု၍ ကာယ,ဝစီ, မနောဘည်းဟူသော ဒုစရိုက်တရားတို့ကို ပြုမှားတတ်, ပြောမှားတတ်, ကြံစည်မှားတတ်၏၊ ထိုသို့ နာဖျားခြင်းသဘောကို အမြဲမပြတ် ဆင်ခြင်သုံးသပ် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အနာကင်းခြင်းကို အစွဲပြု၍ဖြစ်သော ထို အာရောဂျမာန်ကို အကြွင်းမဲ့သော်လည်း ပယ်အပ်၏၊ ပါးသော်မူလည်း ပါး စေရာ၏၊ ယင်းအကျိုးကို မြော်ကိုးရည်ရွယ်၍ မိန်းမ,ယောကျ်ား, ရှင် ရှင်, လူ လူ ခပ်သိမ်းသောသူသည်ပင်လျှင် ငါသည် ဖျားနာရခြင်း သဘောရှိ၏၊ ထို သဘောကို မလွန်မြောက်နိုင်ဟူ၍ အမြဲမပြတ် ဆင်ခြင်သုံးသပ် နှလုံး သွင်းအပ်၏။

ချစ်သား ရဟန်းတို့.... အဘယ်အကျိုးကို မြော်ကိုးရည်ရွယ်၍ ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းသဘောကို မလွန်မြောက်နိုင်ဟူ၍ မိန်းမ, ယောကျ်ား, ရှင်, လူ ခပ်သိမ်းသောသူ ဟူသမျှသည် အမြဲမပြတ် ဆင်ခြင် သုံး သပ်အပ်သနည်း။

ချစ်သား ရဟန်းတို့....ဤလောက၌ သတ္တဝါတို့အား အသက်ရှည်ခြင်းကို အစွဲပြု၍ ဖြစ်သော ဇီဝိတမာန်သည် ဖြစ်ပေါ်တတ်၏၊ ယင်းဇီဝိတမာန်ကြောင့် ကာယ, ဝစီ, မနောဒုစရိုက်တို့ကို ပြုမှားတတ်ကြ၏၊ စုတိပြတ်ကြွေ သေအံ့ သောသဘောကို အမြဲမပြတ် ဆင်ခြင်စဉ်းစား နှလုံးပွါးသော ပုဂ္ဂိုလ်အား ယင်း ဇီဝိတမာန်ကို အကြွင်းမဲ့သော်လည်း ပယ်အပ်၏၊ သို့မဟုတ် ပါးသော် မူလည်း ပါးစေရာ၏။

ချစ်သား ရဟန်းတို့.... ဤအကျိုးကို မြော်ကိုးရည်ရွယ်၍ မိန်းမ, ယောကျ်ား, ရှင်ရှင်, လူလူ ခပ်သိမ်းသော ပုဂ္ဂိုလ်ဟူသမျှသည် ငါသည် စုတိ ပြတ်ကြွေ သေရခြင်းသဘောရှိ၏၊ သေရခြင်းသဘောကို မလွန်မြောက်နိုင်ဟူ ၍ အမြဲမပြတ် ဆင်ခြင်သုံးသပ်, နှလုံးသွင်းအပ်၏။

ချစ်သား ရဟန်းတို့.... အဘယ်အကျိုးကို မြော်ကိုး ရည်ရွယ်၍ ငါသည် ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် မချွတ်လျှင် ကွေကွင်းရခြင်း ဖြစ်လတ္တံ့ဟူ၍ မိန်းမ, ယောကျ်ား, ရှင်, လူ ခပ်သိမ်းသော ပုဂ္ဂိုလ်သည်ပင် အမြဲမပြတ် ဆင်ခြင်ပွါးများအပ်သနည်း။

ချစ်သား ရဟန်းတို့.... ဤလောက၌ သတ္တဝါတို့အား ချစ်ခင်အပ်, မြတ်နိုးအပ်သော သတ္တဝါသင်္ခါရသို့၌ ပြင်းပြစွာ တပ်မက်တတ်သော ဆန္ဒရာဂသည် ဖြစ်၏၊ ယင်း ဆန္ဒရာဂဖြင့် ပြင်းပြစွာ တပ်မက်မှုကြောင့်ပင် ကာယ,ဝစီ,မနော ဒုစရိုက်ဘို့ကို ပြုမှားတတ်၏၊ ဆိုခဲ့ပြီးသော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်း ရမည့်အရေးကို အမြဲမပြတ် ဆင်ခြင်စဉ်းစား နှလုံးထားသော ပုဂ္ဂိုလ်အား ထိုဆန္ဒရာဂကို အကြွင်းမဲ့ပယ်သော်မူလည်း ပယ်အပ်၏၊ ထိုဆန္ဒရာဂသည် ပါးသော်မူလည်း ပါးလေရာ၏။

ချစ်သား ရဟန်းတို့.... ဤအကျိုးကို မြော်ကိုး ရည်ရွယ်၍ မိန်းမ, ယောကျ်ား,ရှင်,လူ ခပ်သိမ်းသော ပုဂ္ဂိုလ်ဟူသမျှသည်ပင် ငါ၏ ချစ်နှစ်သက် အပ်သော သတ္တဝါသင်္ခါရဘို့နှင့် ကွေးကွင်းရခြင်းသည် မချွတ်လျှင် ဖြစ်လတ္တံ့ဟူ၍ အမြဲမပြတ် ဆင်ခြင်သုံးသပ်, နှလုံးလည်း ထားအပ်၏။

ချစ်သား ရဟန်းတို့.... အဘယ်အကျိုးကို မြော်ကိုး ရည်ရွယ်၍ ငါသည် ကံသာလျှင် အဆွေရှိ၏၊ ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံ၏အမွေကို ငါ ခံယူရ ချိခ့်မည်၊ ကံသာလျှင် အကြောင်းရင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် လည်းလျောင်းပုန်းအောင်းရာရှိ၏၊ အကြင် ကောင်းမှု,မကောင်း မှုကို ငါပြုသည်ဖြစ်အံ့၊ ထို ကောင်း,မကောင်းသော ကုသိုလ်,အကုသိုလ်ကံ၏ အမွေခံစင်စစ် ကေန်ဖြစ်လတ္တံ့ဟူ၍ အမြဲမပြတ် နှလုံးသွင်းအပ်သနည်း။

ချစ်သား ရဟန်းတို့.... ဤလောက၌ သတ္တဝါတို့အား ကာယ,ဝစီ,မနော တည်းဟူသော ဒုစရိုက်တရားတို့ ထင်ရှားရှိကြကုန်၏၊ ကံ၏ အမွေကို ခံရမည့် အချက်အလက်ကို အမြဲမပြတ် ဆင်ခြင် ပွါးမျှား အားထုတ်သော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကုသိုလ်ဒုစရိုက်တရားတို့ကို အကြွင်းမဲ့သော်လည်း ပယ်ရှား အပ်၏၊ သို့မဟုတ် ပါးသော်မူလည်း ပါးလေရာ၏။

ယင်းအကျိုးကို မြော်ကိုးရည်ရွယ်၍ မိန်းမ,ယောကျ်ား,ရှင်,လူ ခပ်သိမ်း သော ပုဂ္ဂိုလ်ဟူသမျှသည်ပင် ငါသည် ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကံသာလျှင် အမွေခံရှိ၏၊ ကံသာလျှင် အကြောင်းရင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုး ရှိ၏၊ ကံသာလျှင် ပုန်းအောင်း လည်းလျောင်းရာရှိ၏၊ အကြင် ကောင်းမှု, မကောင်းမှုကံကို ငါပြုသည်ဖြစ်အံ့၊ ထို ငါ၏ ပြုသော ကောင်းမှု,မကောင်းမှု ကံ၏ အကျိုးဝိပါက်ကို ငါသည်ပင်လျှင် ခံစံရချိမ့်မည်ဟု အမြဲမပြတ် ဆင်ခြင် စဉ်းစား နှလုံးသွင်းအပ်၏။

ချစ်သား ရဟန်းတို့.... ထိုဆိုအပ်ပြီးသောအတိုင်း ငါးပါးသော ဌာနတို့၌ အမြဲမပြတ် ဆင်ခြင်, နှလုံးသွင်းသော အရိယာသာဝကပုဂ္ဂိုလ်သည် ဤသို့ တဖန်ဆက်၍ ကြံပြန်၏၊ ဤလောကဝယ် ငါ တဦးတယောက်တည်းသာလျှင် အိုခြင်း သဘောရှိသည် မဟုတ်၊ နာခြင်းသဘောရှိသည် မဟုတ်၊ သေခြင်း သဘောရှိသည် မဟုတ်၊ ငါတဦးတယောက်ထည်းအားသာလျှင် ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းဖြစ်သည် မဟုတ်၊ ငါတဦးတယောက်ထည်းသာလျှင် ကံ၏ အမွေကို ခံစံရသည် မဟုတ်၊စင်စစ်သော်ကား စုတိ ပဋိသန္ဓေ တည်နေသမျှသော ခပ်သိမ်းသော သတ္တဝါဟူဟူသမျှတို့သည် ပင်လျှင် အိုခြင်းသဘောရှိကြ၏၊ အိုခြင်းသဘောကို မလွန်မြောက်နိုင်ကြကုန်၊ နာခြင်းသဘောရှိကြ၏၊ နာခြင်းသဘောကို မလွန်မြောက်နိုင်ကြကုန်၊ သေခြင်းသဘောရှိကြ၏၊ ထိုသေခြင်းသဘောကို မလွန်မြောက်နိုင်ကြကုန်၊ ခပ်သိမ်းသော သတ္တဝါ ဟူဟူသမျှတို့အားပင် မိမိတို့ ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းရခြင်းသည် ဖြစ်ပေါ်ကြလိမ့်မည်၊ ခပ်သိမ်းသော သတ္တဝါဟူဟူသမျှတို့သည်ပင်လျှင် ကံသာလျှင် မိမိဥစ္စာရှိကြ၍ ကံသာလျှင် အမွေခံရှိကြကုန်၏၊ ကံသာလျှင် အကြောင်းရင်း,ကံသာလျှင် ဆွေရင်းမျိုးချာ, ကံသာလျှင် ပုန်းအောင်းလည်းလျောင်းရာ ရှိကြကုန်၏၊ အကြင်ကောင်းမှု, မကောင်းမှု ကုသိုလ်,အကုသိုလ်ကံကို ပြုကြကုန်အံ့၊ ထိုထို မိမိတို့ ပြုကြသော ကုသိုလ်,အကုသိုလ်ကံတို့၏ အကျိုးဝိပါက်တို့ကို ကိုယ်စီကိုယ်ငှ ခံစံကြရကုန်လတ္တံ့ဟူ၍ ဆင်ခြင်စဉ်းစား ပွါးများသော ပုဂ္ဂိုလ်၏ သန္တာန်ဝယ် သောဘာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာ၏၊ ထိုသို့ ဖြစ်ပေါ်လာသော သောဘာပတ္တိမဂ်ဉာဏ်ကို အမြဲမပြတ် မှီဝဲ ပွါးများ အဖန်တလဲလဲ လေ့လာခြင်းအားဖြင့် အထက်မဂ်သို့ ရောက်အောင် လေ့လာ ပွါးများသော အရိယာသာဝက ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ခပ်သိမ်းသော သံယောဇဉ်တို့ကို အကြွင်းမဲ့ ပယ်အပ်ကုန်၏၊ အနုသယတရားတို့သည် ကင်းကွာကြကုန်၏။

ဤသို့ အစရှိသည်ဖြင့် အရဟတ္တဖိုလ်အထွဋ်တပ်၍ ဟောကြားတော်မူအပ်သော ဌာနအမည်ရသော ဤအဘိဏှသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဌာနသုတ် ပြီး၏။**

## ဓမ္မဝိဟာရီသုတ်

ပု။ ။ယောခါဇီဝဂ္ဂေ ပနာဝုသော တတိယံ ဓမ္မဝိဟာရိသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ယောခါဇီဝဂ္ဂေ ဘန္တေ တတိယံ ဓမ္မဝိဟာရိသုတ္တံ "ဣဓ ဘိက္ခု ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ သော တာယ ဓမ္မပရိ-ယတ္တိယာ ဒိဝသံ အတိနာမေတိ၊ ရိဉ္စတိ ပဋိသလ္လာနံ၊ နာနုယုဉ္ဇတိ အဇ္ဈတ္တံ စေတောသမထံ။ အယံ ဝုစ္စတိ ဘိက္ခု ဘိက္ခု ပရိယတ္တိဗဟု-လော နော ဓမ္မဝိဟာရီ"တိ ဝေမာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ယောခါဇီဝဂ်၌ သုံးခုမြောက်ဖြစ်သော ဓမ္မဝိဟာရီသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ယောခါဇီဝဂ်၌ သုံးခုမြောက်ဖြစ်သော ဓမ္မဝိဟာရီအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို အညတရ ရဟန်းတပါးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

မထင်မရှား ရဟန်းတော်တပါးသည် ဘုရားထံမှောက် သွားရောက်ရှိသေစွာ ရှိခိုးဦးညွတ်ပြီးလျှင် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေလျက်—

ဓမ္မဝိဟာရီ ဓမ္မဝိဟာရီတိ 'ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု ဓမ္မဝိဟာရီ ဟောတိ။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... တရားဖြင့် နေလေ့ရှိသောသူ, တရားဖြင့် နေလေ့ရှိသောသူဟူ၍ ပြောဆိုအပ်ပါ၏၊ အဘယ်မျှသော အကြောင်းအင်္ဂါဖြင့် ရဟန်းတော် အရှင်သူမြတ်သည် တရားဖြင့် နေလေ့ရှိသော **ဓမ္မဝိဟာရီ**ပုဂ္ဂိုလ် ဖြစ်ပါသနည်းဟု မေးမြန်း လျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဣဓ ဘိက္ခု ဘိက္ခု ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဝေယျာကရဏံ" အစရှိသည်ဖြင့်—

(၁) ချစ်သား ရဟန်း....ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်သည် ဓမ္မခေါ်သော သုတ္တ, ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ကြား၏၊ ထိုရဟန်းတော်သည် ထိုသို့ တရားတော်ကို သင်ကြားခြင်းဖြင့်သာလျှင် နေ့အချိန်ကို ကုန်လွန်စေခဲ့၏။ ပဋိသလ္လာန-တကိုယ်တည်း ကိန်းအောင်း၍ နေခြင်းကိုကား စွန့်ပစ်၍ ထား၏။ အဇ္ဈတ္တဖြစ်သော သမထ အမည်ရသော ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခြင်းကိုကား လုံးဝ အားထုတ်ခြင်း မပြု။

ချစ်သား ရဟန်း.... ဤသို့သဘောရှိသော ရဟန်းကို ပရိယတ္တိဗဟုလ၊ နော ဓမ္မဝိဟာရီ-စာသင်ခြင်းသာများ၍ တရားဖြင့် မနေသော ရဟန်းဟူ၍ ခေါ်ဆိုအပ်၏။

(၂) ချစ်သား ရဟန်း.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် မိမိကြားအပ်ဘူး, သင်အပ်ဘူးသော တရားစကားကို သူတပါးတို့အား ဟောကြား၍သာ နေ၏၊ ထိုရဟန်းသည် ထိုသို့ သူတပါးတို့အား တရားဟောကြားခြင်းဖြင့်သာလျှင် နေ့အချိန်ကို ကုန်လွန်စေ၏။ မိမိ ကိုယ်တိုင်က တကိုယ်တည်းကိန်းအောင်းမှုကို စွန့်လွှတ်၍ထား၏။ အဇ္ဈတ္တစေတော သမထအမည်ရသော သမထကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းအမှုကို လုံးဝ မပြု။

ချစ်သား ရဟန်း.... ဤရဟန်းကိုလည်း ပညတ္တိဗဟုလ, နော ဓမ္မဝိဟာရီ-သူတပါးအားသာ တရားဟောခြင်းများ၍ မိမိကိုယ်တိုင်ကား တရားဖြင့်နေလေ့မရှိသောသူ ဟူ၍ ဆိုအပ်၏။

(၃) ချစ်သား ရဟန်း....ထိုမှတပါး ဤသာသနာတော်၌ အချို့သော ရဟန်းသည် မိမိကြားနာအပ်,သင်ကြားအပ်ပြီးသော သုတ္တ,ဂေယျအစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို အပြန်ပြန် အခေါက်ခေါက် ရွတ်ဘတ်သရဇ္ဈာယ်၍ နေ၏၊ ယင်းသို့ တရားကို ရွတ်ဘတ်သရဇ္ဈာယ်ခြင်းဖြင့်သာလျှင် နေ့အချိန်ကို ကုန်လွန်စေ၍ တကိုယ်တည်းကိန်းအောင်းသည့်- ပဋိသလ္လာနအလုပ်ကိုကား စွန့်ပယ်၍ ထား၏၊ သမထကမ္မဋ္ဌာန်းအလုပ် အားထုတ်မှုကိုလည်း လုံးဝ မပြု။

ချစ်သား ရဟန်း.... ဤသို့သဘောရှိသော ရဟန်းတော်အရှင်သူမြတ်ကို သဇ္ဈာယဗဟုလ, နေ၁ ဓမ္မဝိဟာရီ-စာအံခြင်း, စာပြန်ခြင်း သာများ၍ တရားဖြင့် နေလေ့မရှိသောသူ ဟူ၍ ခေါ်ဆိုအပ်၏။

(၄) ချစ်သား ရဟန်း.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် မိမိသင်အပ်ပြီး, မိမိကြားအပ်ပြီးသော တရားတော်ကို စိတ်ဖြင့် အဖန်ဖန် ကြံစည် စဉ်းစား၍နေ၏၊ ယင်းသို့ တရားတော်ကို စိတ်ဖြင့်ကြံစည်ခြင်း ဓမ္မဝိတက်သို့ဖြင့်သာလျှင် နေ့အချိန်ကို ကုန်လွန်စေခဲ့၏။ တကိုယ်တည်း ကိန်းအောင်းခြင်း- ပဋိသလ္လာနအလုပ်ကိုကား စွန့်လွှတ်၍ ထား၏။ အဇ္ဈတ္တစေတောသမထ အမည်ရသော သမထကမ္မဋ္ဌာန်းအလုပ် သမာဓိအလုပ် အားထုတ်ခြင်းကိုပါ လုံးဝမပြု။

ချစ်သား ရဟန်း.... ဤသို့သဘောရှိသော ရဟန်းကို ဝိတက္ကဗဟုလ, နေ၁ ဓမ္မဝိဟာရီ-တရားစာပေကို ကြံစည်ခြင်းသာ များ၍ တရားဖြင့်နေလေ့ မရှိသောပုဂ္ဂိုလ် ဟူ၍ ခေါ်ဆိုအပ်၏။

(၅) ချစ်သား ရဟန်း.... ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် သုတ္တ, ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်လည်း သင်ကြား၏။ ထိုရဟန်းသည် ထိုတရားကို သင်ကြားခြင်းဖြင့်သာလျှင် နေ့အချိန်ကို ကုန်လွန်စေသည် မဟုတ်၊ တကိုယ်တည်း ကိန်းအောင်းသည့်- ပဋိသလ္လာနအလုပ်ကိုလည်း စွန့်လွှတ်၍ မထား၊ အဇ္ဈတ္တစေတောသမထ အမည်ရသော သမထကမ္မဋ္ဌာန်းအလုပ် သမာဓိအလုပ်ကိုလည်း ကြိုးကုတ်ပွါးများ အားထုတ်ခဲ့၏။

ချစ်သား ရဟန်း....ဤသို့ စာပေကိုလည်း သင်ကြား, သမထဝိပဿနာ ဘာဝနာအလုပ်ကိုလည်း အားထုတ်သော ပုဂ္ဂိုလ်ကို ဓမ္မဝိဟာရီ-ပုဂ္ဂိုလ် ဟူ၍ ခေါ်ဆိုအပ်၏။

ဤသို့ အစရှိသည်ဖြင့် ဓမ္မဝိဟာရီအမည်ရှိသော ဤသုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဓမ္မဝိဟာရီသုတ် ပြီး၏။**

## ဒုတိယအနာဂတဘယသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဝုသော ပဉ္စကနိပါတေ ယောဓာဇီဝဝဂ္ဂေ အဋ္ဌမံ ဒုတိယအနာဂတဘယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ယောဓာဇီဝဝဂ္ဂေ ဘန္တေ အဋ္ဌမံ ဒုတိယအနာဂတဘယသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ သမ္ပဿမာနေန အလမေဝ ဘိက္ခုနာ အပ္ပမတ္တေန အာတာပိနာ ပဟိတတ္တေန ဝိဟရိတုံ အပ္ပတ္တဿ ပတ္တိယာ အနဓိဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယာ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ယောဓာဇီဝဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ဒုတိယအနာဂတဘယသုတ္တန် တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ပဉ္စကနိပါတ် ယောဓာဇီဝဝဂ် အဝင်အပါ ဒုတိယအနာဂတ-ဘယသုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ဤဆိုလတ္တံ့သော နောက်အနာဂတ် ကာလ၌ ဧကန်မချွတ် ဖြစ်ပေါ်လတ္တံ့ကုန်သော ဘေးကြီးငါးမျိုးတို့ကို ရှုမြင်သော ရဟန်းတော် အရှင်သူမြတ်သည် မရောက်သေး, မရသေး, မသိရသေး, မျက်မှောက်မပြုရသေးသော တရားကို ရောက်အောင်, ရအောင်, သိအောင်, မျက်မှောက်ပြုရအောင် အလို့ငှါ မမေ့မလျော့သော သတိရှိသည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လနှင့် ပြည့်စုံသည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လှတော့သည် သာလျှင်တည်း။

ငါးပါးသော အနာဂတ်ဘေးတို့ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော်သည် ဤသို့ ဆင်ခြင်စဉ်းစား၏။ ငါသည် ယခုအခါ၌ ငယ်လည်းငယ်ရွယ်သေး၏၊ ပျိုလည်းပျိုနုသေး၏၊ မည်းနက်သော ဆံပင်တို့နှင့်လည်း ပြည့်စုံသူဖြစ်၏၊ ကောင်းမြတ်သော အရွယ် ပဌမအရွယ်နှင့်လည်း ပြည့်စုံပေ၏၊ အကြင်အခါ၌

ဤရူပကာယ ခန္ဓာကိုယ်သို့ ဇရာတရားသည် လွှမ်းမိုးနှိပ်စက်၍ လာပေအံ့၊ ထိုသို့ ဇရာတရားလွှမ်းမိုး နှိပ်စက်သော အချိန်ကာလသည် မချွတ်လျှင် ဖြစ်ပေါ်လိမ့်မည်။ ဇရာတရား လွှမ်းမိုးနှိပ်စက်၍ အိုမင်းမစွမ်းဖြစ်သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ အဆုံးအမသြဝါဒကို နှလုံးသွင်းခြင်းငှါလည်း မလွယ်ကူ၊ ဆိတ်ငြိမ်ရာ တောကျောင်း၊ အရပ်ကောင်းတို့၌ တကိုယ်တည်း ကိန်းအောင်းခြင်းငှါလည်း မလွယ်ကူ၊ ထိုသို့သဘောရှိသော အလိုမရှိအပ်, မနှစ်သက်အပ်, မမြတ်နိုးအပ်သော အိုခြင်းတရားသည် ငါ့ထံသို့ မရောက်ခင် ရှေးဦးကပင် ကြိုတင်၍ ယခုကပင် ငါသည် မရသေးသော, မရောက်သေးသော, မျက်မှောက်မပြုရသေးသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ရန် လုံ့လဝီရိယကို အားထုတ်ပေအံ့။ ယင်းသို့ ရအပ်, ရောက်အပ်, မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တရားဖြင့် အိုမင်းသောကာလမှာလည်း ငါသည် ချမ်းသာစွာ နေရလိမ့်မည်ဟု ဤသို့ အကြံအစည်ဖြင့် ဤသို့ ဆင်ခြင်စဉ်းစား၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အိုခြင်းတရားသည်လည်း နောက်အနာဂတ်ကာလ၌ မချွတ်ကေန် ရောက်လတ္တံ့သော ဘေးဖြစ်၏၊ ယင်းသို့ အိုခြင်းဘည်းဟူသော အနာဂတ်ဘေးကို မြော်တွေးဆင်ခြင်မိသော ရဟန်းတော် အရှင်ကောင်းသည် မရသေး, မရောက်သေး, မျက်မှောက်မပြုရသေးသော မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရဘို့ရန်,ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ရန် အသို့ငှါ မမေ့မလျော့ မပေါ့မဆသော သတိတရားရှိသည်ဖြစ်၍ သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေထိုင် ကြိုးကုတ် အားထုတ်ခြင်းငှါ သင့်လှတော့သည်သာတည်း။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတော်သည် ဤသို့ ဆင်ခြင် စဉ်းစား၏၊ ငါသည် ယခုအခါ၌ အနာကင်းသောသူ, ရောဂါကင်းသောသူ ဖြစ်၏။ ငါ၏ ကိုယ်ခန္ဓာဝယ် မပူလည်း မပူလွန်း,မအေးလည်း မအေးလွန်း အလယ်အလတ် ဖြစ်သော ပဓာနအလုပ်ကို အားထုတ်ခြင်းငှါ ခံ့ကျန်းသော ကမ္မဇဝမ်းမီးနှင့်လည်း ပြည့်စုံသူ ဖြစ်၍ နေချေ၏၊ ဤခန္ဓာကိုယ်သို့ ဗျာဓိဘရား လွှမ်းမိုး နှိပ်စက်သော အချိန်ကာလသည်ကား မချွတ်လျှင် ရောက်၍ လာချိမ့်မည်။ ထိုသို့ ဗျာဓိတရား လွှမ်းမိုး နှိပ်စက်သဖြင့် အနာရောဂါ စွဲရောက်၍ လာသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒ

ကို နှလုံးသွင်းခြင်းငှါ မလွယ်ကူ၊ ဆိတ်ငြိမ်ရာ တောကျောင်း အရပ်ကောင်းတို့၌သည်း ကိန်းအောင်းခြင်းငှါ မလွယ်ကူ၊ ငါ၏ ခန္ဓာကိုယ်သို့ အလိုမရှိအပ်၊ မတောင့်တအပ်၊ မမြတ်နိုးအပ်သော ထိုနာခြင်း တရား မရောက်ခင် ရှေးဦးကပင် ကြိုးဘင်း၍ ငါသည် မရသေး၊ မရောက်သေး၊ မျက်မှောက် မပြုရသေးသော မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရအောင်၊ ရောက်အောင်၊ မျက်မှောက်ပြုရအောင် မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် လုံ့လကြိုးကုတ် အားထုတ်ပေအံ့၊ ယင်းသို့ လုံ့လကြိုးကုတ် အားထုတ်သဖြင့် ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်တရားဖြင့် အနာရောဂါ နှိပ်စက်သောကာလ၌လည်း ငါသည် ချမ်းသာစွာ နေနိုင်လိမ့်မည်ဟု ဆင်ခြင် စဉ်းစား၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော နာခြင်းဘေးသည်လည်း အနာဂတ် ကာလဝယ် မချွတ်ကေန် ရောက်လတ္တံ့သော ဘေးဖြစ်သည်၊ ယင်းအနာဂတ်ကာလ မချွတ်ရောက်လတ္တံ့သော နှစ်ခုမြောက်ဖြစ်သော နာခြင်းဘေးကို တွေးတော မြော်မြင် ဆင်ခြင်မိသော ရဟန်းတော်အရှင်သူမြတ်သည် မရသေး၊ မရောက်သေး၊ မျက်မှောက်မပြုရသေးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားကို ရဘို့ရန်၊ ရောက်ဘို့ရန်၊ မျက်မှောက်ပြုဘို့ရန်အလို့ငှါ မမေ့မလျော့သောသတိ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လ၊ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိပြီးလျှင် လုံ့လကြိုးကုတ် အားထုတ်နေထိုင်ခြင်းငှါ သင့်လျော် လျောက်ပတ်လှပေ၏။

(၃) ချစ်သား ရဟန်းတို့.... ထို့မှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် ဤသို့ ဆင်ခြင် စဉ်းစား၏။ ယခုအခါ၌ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ ရလွယ်တုံသေး၏၊ ဆွမ်းခံလှည့်လည်သဖြင့် မျှတခြင်းငှါ လွယ်ကူသေး၏၊ မချွတ်လျှင် နောက်တချိန်ချိန်ကာလ၌ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ရှားပါးသောကာလ၊ ဆွမ်းခံလှည့်လည်သော်လည်း မမျှတနိုင်သော အချိန်ကာလသည် ဖြစ်ပေါ်၍ လာလိမ့်မည်၊ ယင်းသို့ ဒုဗ္ဘိက္ခဘေး ဖြစ်ပေါ်သောကာလ၌ လူတို့သည် များသောအားဖြင့် ဝပြောသော အရပ်သို့ ပြောင်းရွှေ့၍ နေကြကုန်၏၊ ထိုသို့ လူတို့ပြောင်းရွှေ့၍ စုပေါင်း၍နေကြရာ၌ သင်္ဃာက-ဝိဟာရ-အပေါင်းအဖော်နှင့်နေခြင်း၊ လူတို့နှင့် ရောပြွမ်း၍နေခြင်းသည် ဖြစ်ရ၏၊ ယင်းသို့ အပေါင်းအဖော်နှင့်နေခြင်း၊ လူတို့နှင့် ရောပြွမ်း၍နေခြင်း ဖြစ်ရသည်ရှိသော် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို နှလုံးသွင်းခြင်းငှါ

လည်း မလွယ်ကူ၊ ဆိတ်ငြိမ်ရာတောကျောင်း၊လူနှင့်ဝေးကွာသော အရပ်တို့၌ နေဘို့ရန်လည်း မလွယ်ကူ၊ ငါ၏ သန္တာန်သို့ ဤဒုဗ္ဘိက္ခဘေး မရောက်သေးခင် ရှေးဦးကပင် ကြိုတင်၍ ငါသည် မရသေး, မရောက်သေး, မျက်မှောက်မပြု ရသေးသော မဂ်,ဖိုလ်, နိဗ္ဗာန်တရားကို ရဘို့, ရောက်ဘို့, မျက်မှောက်ပြုဘို့ရန် အလို့ငှါ စောစောကပင် ကြိုတင်၍ လုံ့လကြိုးကုတ် အားထုတ်ပေတော့အံ့၊ ယင်းသို့ အားထုတ်ခြင်းဖြင့် ရအပ်သော မဂ်,ဖိုလ်,နိဗ္ဗာန်တရားဖြင့် ဒုဗ္ဘိက္ခဘေး နှင့် ကြုံတွေ့သော်လည်း ငါသည် တရားအရသာဖြင့် ချမ်းသာစွာ နေနိုင်လိမ့် မည်ဟု စဉ်းစားဆင်ခြင်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော သုံးခုမြောက်ဖြစ်သော ဒုဗ္ဘိက္ခဘေး တည်းဟူသော အနာဂတ်ဘေးကို မြော်တွေး ဆင်ခြင်မိသော ရဟန်းဘော်သည် မရသေး, မရောက်သေး, မျက်မှောက်မပြုရသေးသော တရားကို ရဘို့, ရောက်ဘို့, မျက်မှောက်ပြုဘို့ရန် အလို့ငှါ မမေ့မလျော့သော သတိ, ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လ, နိဗ္ဗာန်သို့ စေလွှတ်အပ် သော စိတ်ရှိသည်ဖြစ်၍ လုံ့လကြိုးကုတ် အားထုတ်၍ နေခြင်းငှါ သင့်လျော် သျောက်ပတ်လှပေ၏။

(၄) ချစ်သား ရဟန်းတို့.... ထို့မှတပါး ဤသာသနာတော်၌ ရဟန်း တော်အရှင်သူမြတ်သည် ဤ သို့ဆင်ခြင်၏။ ယခုအခါဝယ် လူအပေါင်းတို့သည် အညီအညွတ် ချမ်းသာစွာ နို့ ရေနှင့်ရေ ရောနှောဘိသကဲ့သို့ သာမဂ္ဂီရသနှင့် ပြည့်စုံ၍ နေကြကုန်၏၊ မချွတ် လူအပေါင်းတို့အား တစုံတခုသော ဘေးဥပဒ် အန္တရာယ်ဘို့ ရောက်လတ်သည်ရှိသော် ရောက်တတ်ရာရာ အရပ်လေးမျက်နှာ သို့ လှည့်လည်ကျက်စား ပြေးသွားကြကုန်လိမ့်မည်၊ယင်းသို့ ဘေးရောက်သဖြင့် လူဘို့အရပ်လေးမျက်နှာသို့ ရောက်တတ်ရာရာ လှည့်လည်ကျက်စား ပြေးသွား သောကာလ၌ လူအပေါင်းတို့ ဘေးကင်းရာသို့ စုပေါင်း၍ နေကြလိမ့်မည်၊ ယင်းသို့ နေရာ၌ အပေါင်းအဖော်နှင့်နေခြင်း, ရောပြွမ်း၍နေခြင်းသည် မချွတ် ပင် ဖြစ်သိမ့်မည်၊ ယင်းသို့ အပေါင်းအဖော်နှင့် နေခြင်း, ရောပြွမ်း၍နေခြင်း ဖြစ်လတ်သည်ရှိသော် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို နှလုံးသွင်းခြင်း ငှါလည်း မလွယ်ကူ၊ ဆိတ်ငြိမ်ရာ တောကျောင်းအရပ်တို့၌ ကိန်းအောင်းခြင်း ငှါလည်း မလွယ်ကူ၊ ဆိုအပ်ပြီးသော ဘေးရောက်ခြင်းတည်းဟူသော အလို မရှိအပ်, မမြတ်နိုးအပ်, မတောင့်တအပ်သော တရားသည် ငါ၏ ကိုယ်သို့

မရောက်ခင် ရှေးဦးကပင် ကြိုးကုတ်၍ မရသေး, မရောက်သေး, မျက်မှောက် မပြုရသေးသောတရားကို ရဘို့ရန်,ရောက်ဘို့ရန်,မျက်မှောက်ပြုဘို့ရန် ငါသည် လုံ့လကြိုးကုတ် အားထုတ်တော့အံ့၊ သို့ အားထုတ်သဖြင့် ရရှိသော မဂ်,ဖိုလ်, နိဗ္ဗာန်တရားဖြင့် ဘေးရောက်သောအခါ၌လည်း ဘေးကိုအာရုံမပြု ဂရုမထား ငါရသောတရားဖြင့် ချမ်းသာစွာ နေနိုင်လိမ့်မည်ဟု ဆင်ခြင်စဉ်းစား၏။

ချစ်သား ရဟန်းဘို့.... ဤဆိုအပ်ပြီးသော လေးခုမြောက်ဖြစ်သော ဘေးရောက်အံ့သည်ကား စတုတ္ထမြောက်ဖြစ်သော အနာဂတ်ဘေးပေတည်း။

ယင်း အနာဂတ်ဘေးကို မြော်တွေး စဉ်းစားမိသော ရဟန်းတော်အရှင်သူမြတ်သည် မရသေး, မရောက်သေး, မျက်မှောက် မပြုရသေးသော တရားကို ရအောင်,ရောက်အောင်,မျက်မှောက်ပြုရအောင် မမေ့မလျော့သော သတိ,ဂိလေသာကို ပူပန်စေတတ်သောလုံ့လ, နိဗ္ဗာန်သို့စေလွှတ်သော စိတ် ရှိသည်ဖြစ်၍ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ သင့်လျော် လျောက်ပတ်လှ တော့သည်သာတည်း။

(၅) ချစ်သား ရဟန်းဘို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်း တော်အရှင်သူမြတ်သည် ဤသို့ ဆင်ခြင်စဉ်းစား၏။ ယခုအခါဝယ် သံဃာ တော်ဘို့ ညီညွတ်၍ နေတော်မူကြ၏၊ မချွတ်လျှင် သံဃာသင်းကွဲသော အခါ ကာလသည်လည်း ဖြစ်ပေါ်လိမ့်မည်၊ သံဃာတော် သင်းကွဲသည်ရှိသော် မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို နှလုံးသွင်းခြင်းငှါလည်း မလွယ်ကူ၊ ဆိတ်ငြိမ်ရာ တောကျောင်းအရပ်ဘို့၌ ကိန်းအောင်းမွေ့လျော်နေထိုင်ခြင်းငှါ လည်း မလွယ်ကူ၊ ငါ၏ အထံသို့ သံဃာသင်းကွဲမှုတည်းဟူသော အလိုမရှိ အပ်, မတောင့်တအပ်, မမြတ်နိုးအပ်သော ဘေးကြီးမလာခင် ရှေးဦးကပင် ကြိုးကုတ်၍ မရသေး, မရောက်သေး, မျက်မှောက်မပြုရသေးသော မဂ်,ဖိုလ်, နိဗ္ဗာန်တရားကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ပေတော့အံ့၊ ယင်းသို့ လုံ့လကြိုးကုတ် အားထုတ်သဖြင့် ရရှိသော မဂ်,ဖိုလ်, နိဗ္ဗာန်တရားဖြင့် သံဃာတော် သင်းကွဲသောအခါကာလ၌လည်း ငါသည် ချမ်းသာစွာ နေနိုင်လိမ့်မည်ဟု ဆင်ခြင်စဉ်းစား၏။

ချစ်သား ရဟန်းဘို့....ဤဆိုအပ်ပြီးသော ငါးခုမြောက်ဖြစ်သော သံဃာ သင်းကွဲခြင်းသည်လည်း အနာဂတ်၌ ရောက်လတ္တံ့သော ဘေးဖြစ်သည်၊

ယင်းသို့ ငါးခုမြောက်ဖြစ်သော အနာဂတ်ဘေးကို မြော်တွေး စဉ်းစားမိသော ရဟန်းတော် အရှင်သူမြတ်သည် မရသေး, မရောက်သေး, မျက်မှောက်မပြုရ သေးသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ ရန်အလို့ငှါ မမေ့မလျော့သောသတိ, ကိလေသာကို ပူပန်စေတတ်သော လုံ့လ, နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ လုံ့လကြိုးကုတ်အားထုတ်၍ နေခြင်းငှါ သင့်လျော် လျောက်ပတ်လှတော့သည်သာတည်း။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော ငါးပါးသော အနာဂတ် ဘေးတို့ကို မြော်တွေးဆင်ခြင်မိသော ရဟန်းတော် အရှင်သူမြတ်သည် မရ သေး,မရောက်သေး, မျက်မှောက် မပြုရသေးသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားတို့ကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ရန် အလို့ငှါ မမေ့မလျော့သောသတိ, ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယ, နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေခြင်းငှါ သင့်လျော် လျောက်ပတ်လှတော့သည်သာတည်း ဟု ဤရှစ်ခုမြောက်ဖြစ်သော ဒုတိယအနာဂတဘယသုတ္တန် ဒေသနာတော် မြတ်ကို လျောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဒုတိယအနာဂတဘယသုတ် ပြီး၏။**

---

## တတိယအနာဂတဘယသုတ်

ပု။ ။တတ္ထေဝ အာဝုသော နဝမံ တတိယအနာဂတဘယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ နဝမံ တတိယအနာဂတဘယသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ၊ တာနိ ဝေါ ပဋိဗုဇ္ဈိတဗ္ဗာနိ၊ ပဋိဗုဇ္ဈိတွာ စ တေသံ ပဟာနာယ ဝါယမိတဗ္ဗံ။ ကတမာနိ ပဉ္စ၊ ဘဝိဿန္တိ ဘိက္ခဝေ ဘိက္ခူ အနာဂတ-မဒ္ဓါနံ အဘာဝိတကာယာ အဘာဝိတသီလာ အဘာဝိတစိတ္တာ အဘာဝိတပညာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုယောဓာဇီဝဝဂ်၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော တတိယ အနာဂတဘယသုတ္တန် မည်သော တရားဒေသနာတော်မြတ်ကို ဘုန်းတော်

ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုယောဓာဇီဝဝဂ်၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော တတိယ-အနာဂတဘယ အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ၊ တာနိ ဝေါ ပဋိဗုဇ္ဈိတဗ္ဗာနိ၊ ပဋိဗုဇ္ဈိတွာ စ တေသံ ပဟာနာယ ဝါယမိတဗ္ဗံ" အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... ဤဆိုလတ္တံ့သော ငါးပါးသော အနာဂတ်ဘေးဘို့သည် ယခုအခါ၌ မပေါ်သေးကုန်၊ မဖြစ်သေးကုန်၊ ယခု ငါဘုရားလက်ထက်တော်၌ကား မဖြစ်သေးကုန်၊ မပေါ်သေးကုန်၊ နောက်ကာလ၌ကား မချွတ်ဖြစ်ကုန်လတ္တံ့၊ပေါ်ကုန်လတ္တံ့။ ထိုသို့မချွတ်ဖြစ်လတ္တံ့ကုန်သော အနာဂတ်ဘေးငါးပါးဘို့ကို သင်ချစ်သားတို့သည် ရှေးဦးက ကြိုတင်၍ သိမြင်ကြရမည်၊ သိမြင်ကြပြီးလျှင် ထိုဘေးငါးမျိုးတို့ မိမိတို့သန္တာန်သို့ မရောက်ဘို့ရန်, ထိုဘေးငါးပါးဘို့ကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ရမည်။

ချစ်သား ရဟန်းဘို့.... ထိုဘေးငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... နောက်ကာလ၌ ရဟန်းတော်တို့သည် ကိုယ်၏ယဉ်ကျေးအောင် ပြုပြင်ခြင်း-ကာယဘာဝနာ, သီလကိုဖြည့်ကျင့်ခြင်း-သီလဘာဝနာ,သမာဓိကိုဖြည့်ကျင့်ခြင်း-စိတ္တဘာဝနာ,ပညာကို ဖြည့်ကျင့်ခြင်း-ပညာဘာဝနာ၊ ဤကာယဘာဝနာ, သီလဘာဝနာ, စိတ္တဘာဝနာ, ပညာ-ဘာဝနာဘည်းဟူသော ဘာဝနာလေးပါးကို လက်လွှတ်၍ ထားကြကုန်လိမ့်မည်၊ ယင်းသို့ ဘာဝနာလေးပါး လက်လွှတ်၍ထားကြသော ပုဂ္ဂိုလ်တို့ဖြစ်ကြပါလျက် မိမိဘို့က ဥပဇ္ဈာယ်ဆရာကြီးတဆူ ပြုလုပ်၍ သူတပါးကို ရဟန်းခံ၍ ပေးကြလိမ့်မည်၊ ယင်းသို့ ရဟန်းခံ၍ ပေးအပ်သော သဒ္ဓိဝိဟာရိကတပည့်ဘို့ကို ထိုဘာဝနာလေးပါး မပွါးကြသော ဥပဇ္ဈာယ်ဆရာတို့သည် မိမိဘို့ ကိုယ်၌ကပင်လျှင် အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါးနားမလည်သဖြင့် သဒ္ဓိဝိဟာရိကတပည့်ဘို့ကို အဓိသီလ, အဓိစိတ္တ, အဓိ-ပညာ သိက္ခာသုံးပါး၌ သင်ကြားခြင်းငှါ, ဆုံးမခြင်းငှါ မစွမ်းနိုင်သည် ဖြစ်ကြကုန်လိမ့်မည်။

ချစ်သား ရဟန်းတို့.... ထိုမလိမ်မာသော ဆရာတို့၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည်လည်း ထိုဆရာတို့နည်း အတူပင်လျှင် ကာယဘာဝနာကိုလည်း မပွါး၊ သီလဘာဝနာ, စိတ္တဘာဝနာ, ပညာဘာဝနာကိုလည်း မပွါး၊ ဘာဝနာလေးပါး လက်လွှတ်ထားသော ပုဂ္ဂိုလ်တို့ပင်လျှင် ဖြစ်ကြကုန်လိမ့်မည်။ ထိုပုဂ္ဂိုလ်တို့ကလည်း တဖန်ထပ်၍ သူတပါးတို့ကို ဥပဇ္ဈာယ်ဆရာဘဆူ ပြုလုပ်ကာ ရဟန်းခံ၍ ပေးကြလိမ့်မည်၊ ယင်းသို့ ရဟန်းခံ၍ ပေးအပ်သော သဒ္ဓိဝိဟာရိက တပည့်တို့ကို မိမိတို့ ကိုယ်၌က သိက္ခာသုံးပါး နားမလည်သဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့ကို အဓိသီလ, အဓိစိတ္တ,အဓိပညာ သိက္ခာသုံးပါး၌ ဆုံးမခြင်းငှါ မစွမ်းနိုင်ပဲ ရှိကုန်လိမ့်မည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဓမ္မ၏ ပျက်စီးခြင်းကြောင့် ဝိနည်း၏ ပျက်စီးခြင်း ဖြစ်သည်၊ ဝိနည်း၏ ပျက်စီးခြင်းကြောင့် ဓမ္မ၏ ပျက်စီးခြင်း ဖြစ်သည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော ဘေးသည်ကား ရှေးဦးစွာ အနာဂတ်ကာလ၌ ရောက်လတ္တံ့သော ဘေးဖြစ်သည်၊ ယခုကာလ၌ ယခု ငါဘုရား လက်ထက်တော်၌ မပေါ်ပေါက်သေး၊ နောက်အနာဂတ်ကာလ၌ မချွတ် ပေါ်လတ္တံ့သော ဘေးဖြစ်သည်။ ဤပဌမ အနာဂတ်ဘေးကို သင် ချစ်သားတို့သည် ရှေးဦးက ကြိုတင်၍ သိမြင်ကြရမည်၊ သိမြင်ကြပြီးလျှင် ထို ဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ကြရမည်။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက်အနာဂတ်ကာလဝယ် ရဟန်းတော်တို့သည် ကာယဘာဝနာ, သီလဘာဝနာ, စိတ္တဘာဝနာ, ပညာဘာဝနာဘည်းဟူသော ဘာဝနာလေးပါး လက်လွှတ်ထားကြလိမ့်မည်။ ယင်းသို့ ဘာဝနာလေးပါး လက်လွှတ်ထားကြသူ ဖြစ်ကြကုန်လျက် မိမိတို့ ကိုယ်တိုင်က နိဿရည်းဆရာ ပြုလုပ်ကြကုန်လျက် တပည့်တို့ကို နိဿရည်း ပေးကြလိမ့်မည်၊ နိဿရည်းယူ တပည့်တို့ကို ထိုဘာဝနာလေးပါး လက်လွှတ် ထားသော ဆရာတို့သည် အဆုံးအမ ဩဝါဒ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးပါး၌ ယဉ်ကျေးအောင် ဆုံးမခြင်းငှါ မစွမ်းနိုင်ပဲ ရှိကြကုန်လိမ့်မည်။

ထိုမယဉ်ကျေးသော ဆရာတို့၏ အန္တေဝါသိက တပည့်ဖြစ်သော ပုဂ္ဂိုလ် တို့သည်လည်း ထို့အတူပင် ဘာဝနာလေးပါး လက်လွှတ်ထားကြလိမ့်မည်၊

ထိုဘိက္ခုတို့က တဖန် အရှယ်သို့ ရောက်ပြန်သောအခါ သူတပါးတို့အား နိဿ ရည်းဆရာပြုလုပ်၍ နိဿရည်းပေးကြလိမ့်မည်၊ ထိုပုဂ္ဂိုလ်တို့သည်လည်း ထိုနည်းအတူပင်လျှင် မိမိတို့ကိုယ်၌က သိက္ခာသုံးပါး နားမလည်သဖြင့် မိမိတို့၏ အန္တေဝါသိက တပည့်တို့အား သိက္ခာသုံးပါး၌ ယဉ်ကျေးအောင် မဆုံးမနိုင်ပဲ ရှိကြကုန်လိမ့်မည်။

ချစ်သား ရဟန်းတို့ .... ဤဆိုအပ်ပြီးသောအတိုင်း ဓမ္မတည်းဟူသော သမထဝိပဿနာအလုပ် ပျက်စီးခြင်းကြောင့် ဝိနယတည်းဟူသော ရဟန်းတော်တို့၏ ကိုယ်ကျင့်တရား ပျက်စီးသည်။ ရဟန်းတော်တို့၏ ကိုယ်ကျင့်တရား ပျက်စီးခြင်းကြောင့် ဓမ္မခေါ်သော သမထဝိပဿနာအလုပ်တို့ ပျက်စီးလာသည်။

ချစ်သားတို့.... ဤဆိုအပ်ပြီးသည်ကား ဒုတိယမြောက်ဖြစ်သော ယခုငါဘုရား လက်ထက်၌ မပေါ်သေး၊ နောက် အနာဂတ်ကာလဝယ် ကေန်ဖြစ်ပေါ်လတ္တံ့သော အနာဂတ်ဘေး ဖြစ်သည်။ ယင်း အနာဂတ်ဘေးကို သင်ချစ်သားတို့သည် ကြိုတင်သိရှိကြပြီးလျှင် ထိုအနာဂတ်ဘေးကို မိမိတို့သန္တာန်သို့ မရောက်အောင် ပယ်စွန့်ဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ကြရမည်။

(၃) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက် အနာဂတ်ကာလဝယ် ရဟန်းဘို့သည် ကာယဘာဝနာ, သီလဘာဝနာ, စိတ္တဘာဝနာ, ပညာဘာဝနာ တည်းဟူသော ဘာဝနာလေးပါးကို ပယ်ရှားလက်လွှတ်ထားကြကုန်လိမ့်မည်၊ ထိုပုဂ္ဂိုလ်ဘို့ကို အဘိဓမ္မကထာ, ဝေဒလ္လကထာတည်းဟူသော မဂ်ဖိုလ်ရောက်ကြောင်း တရားကောင်းကို ဟောပြသော်လည်း ထိုပုဂ္ဂိုလ်တို့သည် မည်းနက်သော သဘောသို့ သက်၍ တရားကို မသိနိုင်ပဲ ရှိကြကုန်လိမ့်မည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဓမ္မ၏ ပျက်စီးခြင်းကြောင့် ဝိနယ ပျက်စီးသည်၊ ဝိနယ၏ ပျက်စီးခြင်းကြောင့် ဓမ္မပျက်စီးသည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော သုံးခုမြောက်ဖြစ်သော အနာဂတ်ဘေးသည်လည်း ယခုငါဘုရားလက်ထက်၌ မဖြစ်သေး, မပေါ်သေး၊ နောက်အနာဂတ်ကာလဝယ် မချွတ်ကေန် ပေါ်ပေါက်လတ္တံ့သော ဘေးဖြစ်

သည်။ ယင်းဘေးကို သင်ချစ်သားတို့သည် စောစောစီးစီး ကြိုတင်၍ သိအပ်၏၊ သိပြီးလျှင် ထိုဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ရမည်။

(၄) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက် အနာဂတ်ကာလဝယ် ရဟန်းတို့သည် ကာယ,သီလ,စိတ္တ,ပညာ ဘာဝနာ လေးပါးကို မပွါးပဲ နေကြကုန်လိမ့်မည်၊ ယင်းသို့ ဘာဝနာလေးပါး လက်လွှတ်ထားကြသော ရဟန်းတို့သည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပါဠိအနေဖြင့်လည်း နက်နဲ, အနက်အားဖြင့်လည်း နက်နဲသော လောကုတ္တရာတရားနှင့် စပ်သော ခန္ဓာ, အာယတန, ဓာတ်, သစ္စာတည်းဟူသော သုညတတရားနှင့် စပ်သော မြတ်စွာဘုရား၏ တရားတော်ကို ဟောကြားအပ်သည်ရှိသော် ရိုသေစွာ နာကြလိမ့်မည်မဟုတ်၊ နားထောင်ကြလိမ့်မည်မဟုတ်။ သိဘို့ရန် စိတ်ကို ထားကြလိမ့်မည်မဟုတ်။

ထိုသို့ သဗ္ဗညုမြတ်စွာဘုရား ဟောကြားအပ်သော တရားစကားကို သင်ကောင်းသည်, နာကောင်းသည် ဟူ၍မျှ မှတ်ကြမည် မဟုတ်ကုန်၊ အကြင်သို့ သဘောရှိသော စာရေးဆရာ ကဗျာကဝိတို့ ပြုလုပ်စီရင်အပ်သော ဆန်းကြယ်သော အက္ခရာ, ဆန်းကြယ်သော ပုဒ်ဗျည်းရှိသော သာသနာပြင်ပ ဗာဟိရကဆရာတို့ ဟောကြားအပ်သော စကားအစဉ် သုတ္တန်တို့သည် ရှိကြကုန်၏၊ ထိုသုတ္တန်တို့ကို ရွတ်ဆိုအပ်, ဟောကြားအပ်သည်ရှိသော် ရိုသေစွာ နာကြကုန်လိမ့်မည်၊ နားကို စိုက်ထားကြကုန်လိမ့်မည်၊ သိဘို့ရန် စိတ်ကို ထားကြကုန်လိမ့်မည်၊ ထိုသို့ သဘောရှိသော တရားကိုမှ နာကောင်းသည်, သင်ကောင်းသည်ဟူ၍ မှတ်ယူကြကုန်လိမ့်မည်။

ချစ်သား ရဟန်းတို့.... ဤ ဆိုအပ်ပြီးသောအတိုင်း ဓမ္မတည်းဟူသော ရဟန်းတော်တို့ လိုက်နာကျင့်ကြရမည့် သမထဝိပဿနာ အလုပ် ပျက်စီးခြင်းကြောင့် ဝိနယတည်းဟူသော ရဟန်းတော်တို့ ကိုယ်ကျင့်တရား ပျက်စီးသည်၊ ကိုယ်ကျင့်တရား ပျက်စီးခြင်းကြောင့် ဓမ္မခေါ်သော သမထဝိပဿနာအလုပ် ပျက်စီးသည်။

ချစ်သား ရဟန်းတို့ .... ဤဆိုအပ်ပြီးသော လေးခုမြောက်ဖြစ်သော ဘေးသည်လည်း ငါဘုရားလက်ထက်တော်၌ မပေါ်သေး၊ နောက်အနာဂတ် ကာလဝယ် မချွတ်ကေန် ပေါ်ပေါက်လတ္တံ့ဖြစ်သည်၊ ယင်းပေါ်ပေါက်လတ္တံ့,

ဖြစ်သော တရားကို သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်၍ သိမြင်ရမည်၊ သိပြီးလျှင် ထိုသို့ သဘောရှိသော တရားကို မိမိတို့ သန္တာန်သို့ မရောက်ရန်၊ ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ရမည်။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက်အနာဂတ်ကာလ၀ယ် ရဟန်းတို့သည် ကာယဘာ၀နာ, သီလဘာ၀နာ, စိတ္တဘာ၀နာ, ပညာဘာ၀နာ တရား ဤလေးပါးကို လက်လွှတ်ထားကြကုန်လိမ့်မည်၊ ယင်းသို့ ဘာ၀နာ လေးပါး လက်လွှတ်ထားကြသော မထေရ်ကြီးဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့ သည် ပစ္စည်းလေးပါး များဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ကြကုန်လိမ့်မည်၊ သိက္ခာတရားကို ရောရည်း ရောရဲ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြကုန် လိမ့်မည်၊ အောက်သို့ ဆွဲငင်တတ်သော နီ၀ရဏတရား၌ ရှေ့သွားပြု၍ ကာယ၀ိဝေက, စိတ္တ၀ိဝေက, ဥပဓိ၀ိဝေကတည်းဟူသော ၀ိဝေကသုံးပါးတရား ကောင်းကိုကား ဓုရနိက္ခိတ္တ-စိတ်ဓုန်းဓုန်းချ၍ ပယ်စွန့်ထားကြကုန်လိမ့်မည်။

ထိုမထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်တို့သည် မရသေး, မရောက်သေး, မျက်မှောက်မပြုရသေးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြုဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ကြမည်မဟုတ်၊ ထိုမထေရ် ကြီးတို့၏ မြင်အပ်သောအကျင့်ကို အတုလိုက်၍ ထိုမထေရ်ကြီးတို့၏ နောက်လိုက်ဖြစ်သော ပုဂ္ဂိုလ်တို့သည်လည်း ဒိဋ္ဌာနုဂတိသို့ လိုက်ကြကုန်လိမ့် မည်၊ ထိုနောက်လိုက်ဖြစ်သော ပရိသတ်အပေါင်းသည်လည်း ထိုရှေ့သွား ဖြစ်သော မထေရ်ကြီးတို့ နည်းတူပင်လျှင် ပစ္စည်းလေးပါးများဘို့ရန် ကျင့်ကြံ အားထုတ်ကြလိမ့်မည်၊ သိက္ခာသုံးပါးကို ရောရည်း ရောရဲ ကျင့်ကြံကြလိမ့် မည်၊ အောက်သို့ ဆွဲငင်တတ်သော နီ၀ရဏ၌ ရှေ့သွားပြု၍ ၀ိဝေကသုံးပါး ကိုကား ဓုရနိက္ခိတ္တ-စိတ်ဓုန်းဓုန်းချ၍ ပယ်စွန့်ထားကြလိမ့်မည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဓမ္မ၏ ပျက်စီးခြင်း ကြောင့် ၀ိနယ ပျက်စီးခြင်း ဖြစ်သည်၊ ၀ိနယ၏ ပျက်စီးခြင်းကြောင့် ဓမ္မ ပျက်စီးခြင်း ဖြစ်သည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးခုမြောက် ဖြစ်သော အနာ ဂတ်ဘေးသည်လည်း ယခုအခါ၌ ငါဘုရားလက်ထက်တော်၀ယ် မပေါ်သေး၊ နောက်အနာဂတ်ကာလ၌ မချွတ်လျှင် ဖြစ်ပွါးလတ္တံ့၊ ပေါ်ပေါက်လတ္တံ့။

ထိုအနာဂတ်ဘေးကိုလည်း သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်၍ သိအပ်၏၊ သိပြီးလျှင် ထိုပဥ္စမဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ရမည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော ငါးပါးသော အနာဂတ်ဘေးတို့သည်ကား ယခုငါဘုရားလက်ထက်တော်၌ မပေါ်သေး၊ နောက်အနာဂတ်ကာလ၌ မချွတ်လျှင် ပေါ်ပေါက်ကုန်လတ္တံ့၊ ဖြစ်ပွါးကုန်လတ္တံ့။ ထိုအနာဂတ်ဘေးတို့ကို သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်၍ သိအပ်ကုန်၏၊ သိအပ်ပြီးသည်ရှိသော် ထိုငါးပါးသော ဘေးတို့ကို ပယ်ရှားဘို့ရန် သင်ချစ်သားတို့သည် လုံ့လကြိုးကုတ် အားထုတ်ရာသည် ဟု ဤတတိယအနာဂတဘယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**တတိယအနာဂတဘယသုတ် ပြီး၏။**

---

**စတုတ္ထအနာဂတဘယသုတ်**

ပု။ ။အင်္ဂုတ္တရနိကာယေ အာဝုသော ပဉ္စကနိပါတေ ယောဓာဇီဝဝဂ္ဂေ ဒသမံ စတုတ္ထအနာဂတဘယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ယောဓာဇီဝဝဂ္ဂေ ဘန္တေ ဒသမံ စတုတ္ထအနာဂတဘယသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ၊ တာနိ ဝေါ ပဋိဗုဇ္ဈိတဗ္ဗာနိ၊ ပဋိဗုဇ္ဈိတွာ စ တေသံ ပဟာနာယ ဝါယမိတဗ္ဗ"န္တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ယောဓာဇီဝဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော စတုတ္ထအနာဂတဘယသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ယောဓာဇီဝဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော စတုတ္ထအနာဂတဘယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ။ပ။ ဝါယမိတဗ္ဗ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ဤဆိုအပ်လတ္တံ့သော

ငါးပါးသော အနာဂတ်ဘေးတို့သည် ယခု ငါဘုရားလက်ထက်တော်၌ မဖြစ်ပေါ်ကြကုန်သေး၊ နောက်ကာလ၌ ဧကန်ပင် ဖြစ်ပေါ်ကြကုန်လတ္တံ့။ ထိုအနာဂတ်ဘေးတို့ကို သင်ချစ်သားတို့သည် ကြိုတင်၍ သိအပ်ကုန်၏၊ ကြိုတင်၍ သိပြီးသည်ရှိသော် ထိုအနာဂတ်ဘေးငါးပါးတို့ကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်အပ်၏။ ငါးပါးတို့ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့....နောက်အနာဂတ်ကာလ၀ယ် ရဟန်းတို့သည် သင်္ကန်းကောင်းကို အလိုရှိကြကုန်လတ္တံ့၊ သင်္ကန်း၌ ကောင်းသည်ကို အလိုရှိကြကုန်သည် ဖြစ်ကြကုန်လတ္တံ့။ ထိုရဟန်းတို့သည် သင်္ကန်းကောင်းကို ဝတ်ရုံလိုကြသဖြင့် ပံသုကူဓုတင်ဆောင်ခြင်းအမှုကိုလည်း စွန့်ပစ်ကြကုန်လတ္တံ့၊ မြို့စွန်ရွာဖျား ဆိတ်ငြိမ်ရာ တောကျောင်းများကိုလည်း စွန့်ပစ်ကြကုန်လတ္တံ့၊ ရွာ,နိဂုံး,မင်းနေပြည်တို့သို့ တက်ရောက်၍ နေထိုင်ခြင်းကို ပြုကြကုန်လတ္တံ့၊ သင်္ကန်းဟူသောအကြောင်းကြောင့် များလှစွာသော သာသနာတော်ဝယ် မလျော် မလျောက်ပတ်သော မအပ်သော ရှာမှီးခြင်းတို့သည် ရောက်ကြကုန်လတ္တံ့။

ချစ်သားတို့.... ဤဆိုအပ်ပြီးသည်ကား ရှေးဦးစွာသော ယခု ငါဘုရားလက်ထက်တော်၌ မပေါ်သေး၊ နောက်ကာလဝယ် ပေါ်ပေါက်လတ္တံ့သော အနာဂတ်ဘေး ဖြစ်သည်။ ယင်းဘေးကို သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်၍ သိအပ်၏၊ သိပြီးလျှင် ထိုဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်အပ်၏။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက်အနာဂတ် ကာလဝယ် ရဟန်းတို့သည် ဆွမ်းကောင်းကို အလိုရှိကြကုန်လတ္တံ့။

(၃) ကျောင်းကောင်း, နေရာကောင်းကို အလိုရှိကြကုန်လတ္တံ့။ ထိုရဟန်းတို့သည် ဆွမ်းကောင်းကို*စားလို, ကျောင်းကောင်း နေရာကောင်းကို ထိုင်လို,နေလိုကြသဖြင့် မူလဆွမ်းနှင့်စပ်သော ပိဏ္ဍပါတ်ဓုတင်ကိုလည်း စွန့်ပစ်ကြကုန်လတ္တံ့။ ကျောင်းနှင့်စပ်သော ရုက္ခမူဓုတင်ကိုလည်း စွန့်ပစ်ကြကုန်လတ္တံ့။ မြို့စွန် ရွာဖျား တောကျောင်းများကိုလည်း စွန့်ပစ်ကြကုန်လတ္တံ့။ ဆွမ်းဟူသောအကြောင်း, ကျောင်းဟူသော အကြောင်းကြောင့် သာသနာ

တော်ဝယ် မလျော် မလျောက်ပတ်သည့် များစွာသော အပြားရှိသော မအပ်သော ရှာမှီးခြင်းသို့လည်း ရောက်ကြကုန်လတ္တံ့။

ချစ်သား ရဟန်းတို့.... ဤသို့ ဆွမ်းကောင်းစာ လိုခြင်းသည် နှစ်ခုမြောက်ဖြစ်သော၊ ကျောင်းကောင်းကို အလိုရှိခြင်းသည် သုံးခုမြောက် ဖြစ်သော ယခု ငါဘုရားလက်ထက်၌ မပေါ်သေး၊ နောက်အနာဂတ်ကာလဝယ် ပေါ်လတ္တံ့သော ဘေးဖြစ်သည်။ ယင်းဘေးကိုလည်း သင်ချစ်သားတို့သည် သိအပ်၏၊ သိပြီးလျှင် ပယ်ရှားဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်၏။

(၄) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက်အနာဂတ်ကာလဝယ် ရဟန်းတို့သည် ဘိက္ခုနီ, သာမဏေရီတည်းဟူသော ဝိသဘာဂပုဂ္ဂိုလ်တို့နှင့် ထွေးရောယှက်တင် နေထိုင်ကြကုန်လတ္တံ့၊ ဘိက္ခုနီ,သာမဏေရီတည်းဟူသော ဝိသဘာဂ ပုဂ္ဂိုလ်တို့နှင့် ထွေးရောယှက်တင် နေထိုင်ခြင်း ဖြစ်လတ်သည်ရှိသော် မမွေ့လျော်ပဲ ဤသာသနာတော်၌ နေသော်မူလည်း နေကြကုန်လတ္တံ၊ တစုံတခုသော အမှတ်မထား တပါးပါးသော အာပတ်သို့လည်း ရောက်ကြကုန်လတ္တံ့၊ သို့မဟုတ် သိက္ခာကို စွန့်ပစ်၍ ဤသာသနာတော်မှလည်း လျှောကျကုန်လတ္တံ့၊ ဤသုံးပါးတွင် တပါးပါးသည် မချွတ်ကေန် ဖြစ်ပေလိမ့်မည်။

ချစ်သားတို့ .... ဤဆိုအပ်ပြီးသည်ကား ယခု ငါဘုရားလက်ထက်ဝယ် မပေါ်သေး၊ နောက်အခါဝယ် ပေါ်ပေါက်လတ္တံ့သော စတုတ္ထဘေးကြီးဖြစ်သည်။ ဤဘေးကိုလည်း သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်သိမြင်အပ်ကုန်၏၊ စောစီးစွာ ကြိုတင်သိမြင်ကြပြီးလျှင် ထိုဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်အပ်၏။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး နောက်အခါ အနာဂတ်ကာလဝယ် ရဟန်းတို့သည် အရံစောင့်, သာမဏေတို့နှင့် ထွေးရောယှက်တင် နေထိုင်ကြကုန်လတ္တံ့၊ အရံစောင့်, သာမဏေတို့နှင့် ထွေးရောယှက်တင် နေထိုင်ကြသည်ရှိသော် များသောအပြားရှိသော ပစ္စည်းတို့ကို သိုမှီး၍ သုံးဆောင်ခြင်း အမှုတို့ကိုလည်း ပြုကြကုန်လတ္တံ့၊ ရုန့်ရင်းကြမ်းထမ်းသော မြေကို တူးဆွ၍ ပြုခြင်း, သစ်ပင် သစ်ခက်တို့ကို ကိုယ်တိုင် ခုတ်ဖြတ်၍ ပြုခြင်း အစရှိသော နိမိတ္တအမှုတို့ကိုလည်း ပြုကြကုန်လတ္တံ့။

ချစ်သားတို့.... ဤဆိုအပ်ပြီးသည်ကား ငါးခုမြောက်ဖြစ်သော ယခု ငါဘုရားသက်ထက်ဝယ် မပေါ်သေး၊ နောက်အနာဂတ်ကာလဝယ် ကေန်မချွတ် ပေါ်လတ္တံ့သော အနာဂတ်ဘေး ဖြစ်သည်။ ယင်း အနာဂတ်ဘေးကိုလည်း သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင်သိမြင်အပ်ကုန်၏၊ သိမြင်ပြီးသျှင် ထိုဘေးကို ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်အပ်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော နောက်အနာဂတ်ကာလဝယ် ရဟန်းတော်ဘို့ သင်္ကန်းကောင်းကို အလိုရှိခြင်း၊ဆွမ်းကောင်းကို အလိုရှိခြင်း၊ ကျောင်း အိပ်ရာ နေရာကောင်းကို အလိုရှိခြင်း၊ ဘိက္ခုနီ,သာမဏေရီ တည်းဟူသော ဝိသဘာဂပုဂ္ဂိုလ်ဘို့နှင့် ရောယှက်၍ နေခြင်း၊ အရံစောင့်, သာမဏေတို့နှင့် ရောယှက်၍ နေခြင်းတည်းဟူသော ဤငါးပါးသော ဘေးတို့သည် ယခုအခါ၌ မပေါ်သေး၊ နောက်အခါဝယ် မချွတ် ပေါ်ပေါက်လတ္တံ့သော ဘေးကြီးငါးမျိုးတို့ ဖြစ်ကြသည်။ ယင်း ဘေးကြီးငါးမျိုးတို့ကို သင်ချစ်သားတို့သည် စောစီးစွာ ကြိုတင် သိမြင်အပ်ကုန်၏၊ စောစီးစွာ ကြိုတင်သိမြင်ကြပြီးလျှင် ထိုဘေးကြီးငါးမျိုးတို့ကို မိမိသန္တာန်သို့ မရောက်ဘို့ရန်, အကြွင်းမဲ့ ပယ်ရှားဘို့ရန် လုံ့လကြိုးကုတ် အားထုတ်ရမည်ဟု ဤစတုတ္ထအနာဂတ-ဘယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**စတုတ္ထအနာဂတဘယသုတ် ပြီး၏။**

---

## ကကုဓဝဂ်

### သီဟသုတ်

ပု။ ။ကကုဓဝဂ္ဂေ အာဝုသော နဝမံ သီဟသုတ္တံ ဘဂဝတာ ကထ ဘာသိတံ။

ဝိ။ ။ကကုဓဝဂ္ဂေ ဘန္တေ နဝမံ သီဟသုတ္တံ "သီဟော ဘိက္ခဝေ မိဂရာဇာ သာယန္ဟသမယံ အာသယာ နိက္ခမတိ၊ အာသယာ နိက္ခမိတွာ ဝိဇမ္ဘတိ၊ ဝိဇမ္ဘိတွာ သမန္တာ စတုဒ္ဒိသံ အနုဝိလောကေတိ၊ သမန္တာ စတုဒ္ဒိသံ အနုဝိလောကေတွာ တိက္ခတ္တုံ သီဟနာဒံ နဒတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ကကုဓဝဂ်၌ ကိုးခုမြောက်ဖြစ်သော သီဟသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကကုဓဝဂ်၌ ကိုးခုမြောက် သီဟအမည်ရှိသော သုတ္တန်ဒေသ နာတော်မြတ်ကို "သီဟော ဘိက္ခဝေ မိဂရာဇာ သာယန္ဟသမယံ အာသယာ နိက္ခမတိ၊ နိက္ခမိတွာ ဝိဇမ္ဘတိ" အစရှိသည်ဖြင့်—

ချစ်သား ရဟန်းတို့.... သားတို့သေဌ်နင်း ကေသရ ခြင်္သေ့မင်းသည် ညနေချမ်းအခါ၌ မိမိနေရာဖြစ်သော ဖလ်ဂူ, ရွှေဂူမှ ထွက်ပြီးလျှင် မြီးဆံ ရှင်ပြယ် စံပယ် မြူးထူး၏၊ မြီးဆံရှင်ပြယ် စံပယ် မြူးထူးပြီး၍ အရပ် လေးမျက်နှာတို့ကို ကြည့်ရှုပြီးလျှင် မရှုံမကြောက် ရဲတင်းသောခြင်္သေ့၏ ဟိန်းဟောက်ခြင်းကို ပြုပေတော့၏၊ ခြင်္သေ့၏ ဟိန်းဟောက်ခြင်းကို ပြုပြီး လျှင် မိမိအလိုရှိသော အရပ်ဌာနသို့ ဂေါစရဂါမ်အလို့ငှါ လှည့်လည်ကျက်စား ဖဲသွားတော့၏။

ချစ်သား ရဟန်းတို့.... ထို သားတို့သေဌ်နင်း ကေသရခြင်္သေ့မင်းသည် ဆင်ပြောင်ကိုပင် ဖမ်းအုပ်သည်ဖြစ်စေ, ကျွဲကိုပင် ဖမ်းအုပ်သည်ဖြစ်စေ, နွား ကိုပင် ဖမ်းအုပ်သည်ဖြစ်စေ, သစ်, ကျားကိုပင် ဖမ်းအုပ်သည်ဖြစ်စေ, ငယ် ငေါင်းသော အယုတ်သဖြင့် ကြောင်, ယုန်တို့ကဲ့သို့သော သတ္တဝါကိုပင် ဖမ်း အုပ်သည်ဖြစ်စေ မမိ မရ မရှိမသေ မထိတထိ ဖမ်းအုပ်သည်မဟုတ်၊ စင်စစ် သော်ကား မိမိ ရရ ထိထိ ရောက်ရောက် ဖမ်းအုပ်ခြင်း အမှုကို ပြု၏။

ချစ်သား ရဟန်းတို့.... သီဟဟူသော အမည်မှာ ရှေးဘုရားတို့ အတူ လာခြင်း ကောင်းတော်မူသော နတ်လူပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော ခပ်သိမ်းသော ဉေယျဓမ်တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ အမည်တော်ပင် ဖြစ်ချေ တော့၏။

ချစ်သား ရဟန်းတို့.... ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူ သော သဗ္ဗညုမြတ်စွာဘုရား၏ ပရိသတ်လေးပါး၌ သစ္စာလေးပါးတရားကို ဟောတော်မူခြင်းသည်ကား သဗ္ဗညုမြတ်စွာဘုရားတည်းဟူသော ခြင်္သေ့မင်း ၏ မရှုံမကြောက် ရဲရဲတောက် ဟိန်းဟောက်ခြင်းပင်တည်း။

ချစ်သား ရဟန်းတို့.... ရှေးဘုရားတို့ အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဖြစ်စေ, ဘိက္ခုနီမ-ရဟန်းမိန်းမတို့အားပင် ဖြစ်စေ, ဥပါသကာ- ဒါယကာတို့အားပင် ဖြစ်စေ, ဥပါသိကာ- ဒါယိကာမတို့အားပင် ဖြစ်စေ, ထိုမှတပါး များစွာသော လူတို့အားပင်ဖြစ်စေ, မုဆိုး တံငါ အစရှိသော ဂုဏ်သိက္ခာ သေးငယ်လှသော ပုဂ္ဂိုလ်တို့အားပင် ဖြစ်စေ တရားတော်ကို ဟောတော်မူသည်ရှိသော် ဓမ္မဂရု, ဓမ္မဂါရဝ ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူသောကြောင့် တရားတော်ကို ရိုရိုသေသေ လေးလေး စားစားပင် ဟောတော်မူလေ့ရှိသည်ဟု ကိုယ်တော်မြတ်၏ တရားဟောရာဝယ် မရိုမသေ မလေးမစား မဟောကြား၊ ရိုရိုသေသေ လေးလေး စားစား ဓမ္မဂရု- ဓမ္မဂါရဝစိတ်ဖြင့် ဟောကြားတော်မူကြောင်း ဖော်ပြရာ ဖြစ်သည့် ဤသီဟသုတ္တန် အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သီဟသုတ် ပြီး၏။**

---

## အန္ဓကဝိန္ဒဝဂ်

## ကုလူပကသုတ်

ပု။ ။အန္ဓကဝိန္ဒဝဂ္ဂေ ပန အာဝုသော "ပဌမံ ကုလူပကသုတ္တံ ဘဂဝတာ ကတ္ထ ဘာသိတံ။

ဝိ။ ။အန္ဓကဝိန္ဒဝဂ္ဂေ ဘန္တေ ပဌမံ ကုလူပကသုတ္တံ "ပဥ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ကုလူပကော ဘိက္ခု ကုလေသု အပ္ပိယော စ ဟောတိ အမနာပေါ စ အဂရု စ အဘာဝနီယော စာ"တိ ဝေ-မာဒိနာ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။အန္ဓကဝိန္ဒဝဂ်၌ ရှေးဦးစွာသော ကုလူပကသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ပြေ။ ။အန္ဓကဝိန္ဒဝဂ်၌ ရှေးဦးစွာသော ကုလူပက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဥ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ကုလူပကော ဘိက္ခု ကုလေသု အပ္ပိယော စ ဟောတိ အမနာပေါ စ" အစ ရှိသည်ဖြင့် ချစ်သားရဟန်းတို့ ငါးပါးသော တရားတို့နှင့် ပြည့်စုံသော အိမ်သို့ ကပ်သော ဆွမ်းခံကိုယ်တော်ကို အိမ်နေ လူတို့က မချစ်မနှစ်သက်အပ်၊ မမြတ်နိုးအပ်၊ အလေးဂရု မပြုအပ်၊ စိတ်နှလုံးကို မပွါးစေတတ်သော ပုဂ္ဂိုလ် ပင် ဖြစ်တော့၏။ ငါးမျိုးတို့ ဟူသည်မှာ အဘယ်တရားတို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ အိမ်သို့ကပ်သော ဆွမ်းခံ ရဟန်းသည် အကျွမ်း မဝင်သော ပုဂ္ဂိုလ်ကို မိတ်ဖွဲ့လေ့ ရှိခြင်း။

(၂) မိမိ မစိုးမပိုင်ပါပဲလျက် အစိုးအပိုင်ပြု၍ စီမံခြင်း။

(၃) အချင်းချင်း စိတ်ဝမ်းကွဲသော ပုဂ္ဂိုလ်တို့ကို စေ့စပ်၍ ရနိုးနိုးဖြင့် မှီဝဲပေါင်းသင်းခြင်း။

(၄) ဒါယကာ ဒါယိကာမတို့နှင့် စကားနိုးနှော ပြောဆိုသော အခါ နားရင်း၌ အပ်၍ တိုးတိုးပြောဆိုခြင်း။

(၅) များစွာ တောင်းရမ်းခြင်း။

ချစ်သား ရဟန်းတို့....ဤငါးပါးတို့နှင့် ပြည့်စုံသော ဆွမ်းခံ ကိုယ်တော်ကို အိမ်၌နေသော ပုဂ္ဂိုလ်တို့က မချစ်အပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်၊ အလေးဂရုမပြုအပ်၊ စိတ်နှလုံးကို မပွါးစေတတ် ဖြစ်တော့သည်။

ချစ်သား ရဟန်းတို့....ထိုမှတပါး ဖြူစင်သော အဘို့အားဖြင့် ငါးပါးသော တရားတို့နှင့် ပြည့်စုံသော အိမ်သို့ကပ်သော ဆွမ်းခံ အရှင်သူမြတ်ကို အိမ်၌ နေသောသူတို့က ချစ်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်၊ စိတ်နှလုံးကို ပွါးစေ တတ်သော ပုဂ္ဂိုလ်ဖြစ်တော့၏။ ငါးပါးတို့ ဟူသည်မှာ အဘယ်တရားတို့နည်း။

(၁) အကျွမ်းမဝင် နကိုယ်က မသိသော ပုဂ္ဂိုလ်တို့ကို အကျွမ်းဝင်မှု မပြုခြင်း။

(၂) မိမိ မစိုးမပိုင်သော အရာဖြစ်၍ မစိုးမပိုင်သူ ပီပီ တစုံတရာကို မစီမံခြင်း။

(၃) ကွဲပြား၍ နေသော အမျိုးတို့ကို စေ့စပ်လိုသော စိတ်ဖြင့် မမှိဝဲ မဆည်းကပ်ခြင်း။

(၄) ဒါယကာ ဒါယိကာမတို့၏ နားရင်း၌ အပ်၍ တိုးတိုးစကား မပြောကြားခြင်း။

(၅) အနည်းငယ်မျှသာလျှင် တောင်းယူခြင်း။

ဤငါးပါးနှင့် ပြည့်စုံသော ကုလူပက ရဟန်း-ဆွမ်းခံကိုယ်တော်အရှင်မြတ်ကို အိမ်၌နေသောပုဂ္ဂိုလ်တို့သည် ချစ်ခင်အပ်, မြတ်နိုးအပ်, အလေးဂရုပြုအပ်, စိတ်နှလုံးကို ပွါးစေဘတ်သော ပုဂ္ဂိုလ် ဖြစ်တော့သည်ဟု ဤကုလူပက အမည်ရသော သုတ္တန် တရားဒေသနာတော်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ကုလူပကသုတ် ပြီး၏။**

---

**အန္ဓကဝိန္ဒသုတ်**

ပု။ ။ဘတ္တေ ဝ အာဝုသော ဧ ဘူတ္တံ အန္ဓကဝိန္ဒသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထဥ္စ ဘာသိတံ။

ဝိ။ ။မဂဓေသု ဘန္တေ အန္ဓကဝိန္ဒေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ "ယေ တေ အာနန္ဒ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ အဓုနာဂတာ ဣမံ ဓမ္မဝိနယံ၊ တေ ဝေါ အာနန္ဒ ဘိက္ခူ ပဉ္စသု ဓမ္မေသု သမာဒပေတဗ္ဗာ နိဝေ-သေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ" တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအန္ဓကဝိန္ဒဝင်၌ပင်လျှင် လေးခုမြောက်ဖြစ်သော အန္ဓက-ဝိန္ဒ သုတ္တန်မည်သော တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ် သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။မဂဓတိုင်း အဝင်အပါ အန္ဓကဝိန္ဒ အမည်ရသော အရပ်၌ အရှင်အာနန္ဒာ မထေရ်မြတ်ကို တရားနာခံ အကြောင်း ပြု၍ သဗ္ဗညု မြတ်စွာဘုရားသည် "ယေ တေ အာနန္ဒ ဘိက္ခူ နဝါ အစိရပဗ္ဗဇိတာ အဓုနာဂတာ

ဣမံ ဓမ္မဝိနယံ၊ တေ ဝေါ အာနန္ဒ ဘိက္ခူ ပဋ္ဌသု ဓမ္မေသု သမာဒပေတဗ္ဗာ”
အစရှိသည်ဖြင့် ချစ်သားအာနန္ဒာ....အကြင် ရဟန်းတို့သည် ဤသာသနာ
တော်ဝယ် ယော်ရွယ်သူ ဖြစ်ကြကုန်၏၊ ရဟန်းပြု၍ မကြာသေး တရားသဖြင့်
ဆုံးမရာ ဤသာသနာတော်သို့ ယခုမှ ရောက်သစ်စ ဖြစ်ကြကုန်သေး၏၊
ထိုသို့ သာသနာတော်သို့ ရောက်သစ်စရဟန်းငယ်များကို ငါးပါးသောတရား
တို့၌ သင်ချစ်သားတို့သည် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်
၏၊ တည်စေအပ်ကုန်၏။ ငါးပါးသော တရားတို့ဟူသည် အဘယ်သည်တို့နည်း။

(၁) ငါ့ရှင်တို့ လာကြကုန်၊ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံကြကုန်
ဟူ၍ရင်း....။

(၂) ငါ့ရှင်တို့ လာကြကုန်၊ ဣန္ဒြိယသံဝရသီလ ခေါ်သော ဣန္ဒြေ
ခြောက်ပါး တံခါးကြီး ခြောက်ပေါက်၌ အကုသိုလ် ခိုးသားတို့ ဝင်ရောက်
၍ ကုသိုလ်တရားတို့ကို မလုယက်, မဖျက်ဆီးနိုင်အောင် သတိဖြင့် စောင့်
ရှောက်ခြင်း တည်းဟူသော ဣန္ဒြိယ သံဝရသီလနှင့် ပြည့်စုံကြကုန် ဟူ၍
ရင်း....။

(၃) ငါ့ရှင်တို့ လာကြကုန်၊ စကားပြောဆိုရာ၌ အတိုင်းအရှည်ကို
ပိုကြပြီးလျှင် စကားအနည်းငယ်ကိုသာလျှင် ပြောဆိုကြကုန် ဟူ၍ စကား
အနည်းငယ် ပြောဆိုခြင်း၌ရင်း....။

(၄) ငါ့ရှင်တို့ လာကြကုန်၊ တောကျောင်း၌နေကြကုန်၊ မြို့စွန်ရွာဖျား
တောကျောင်းဖြစ်သော နေရာများကို မှီဝဲကြကုန် ဟူ၍ရင်း....။

(၅) ငါ့ရှင်တို့ လာကြကုန်၊ ကောင်းသောဒိဋ္ဌိ, ကောင်းသောဉာဏ်
အမြင်ရှိသူ, ကောင်းသော သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်သော
စတုသစ္စဉာဏ် အမြင်နှင့် ပြည့်စုံကြကုန် ဟူ၍ရင်း....။

ဤငါးပါးသော တရားတို့၌ ဤသာသနာဝယ် ရောက်သစ်စ ဖြစ်သော
ရဟန်းတို့ကို သင်ချစ်သားတို့သည် ဆောက်တည်စေကုန်ရာသည်၊ သွင်းထား
ကုန်ရာသည်၊ တည်စေကုန်ရာသည် ဟု ဤအနုဂ္ဂကဝိန္ဒ အမည်ရသော သုတ္တန်
ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် မဂဓ
တိုင်း အဝင်အပါ အနုဂ္ဂကဝိန္ဒ အမည်ရသော အရပ်၌ တရားဘဏ္ဍာစိုး

ဖြစ်တော်မူသော အရှင်အာနန္ဒာကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အန္ဓကဝိန္ဒသုတ် ပြီး၏။**

---

## ဂိလာနဝဂ်

### သတိသူပဋ္ဌိတသုတ်

ပု။ ။အင်္ဂုတ္တရနိကာယေ အာဂတေသု ပဉ္စကနိပါတေ ဂိလာနဝဂ္ဂေ ဒုတိယံ သတိသူပဋ္ဌိတသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဂိလာနဝဂ္ဂေ ဘန္တေ ဒုတိယံ သတိသူပဋ္ဌိတသုတ္တံ "ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ပဉ္စ ဓမ္မေ ဘာဝေတိ၊ ပဉ္စ ဓမ္မေ ဗဟုလီကရောတိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ 'ဒိဋ္ဌေဝ ဓမ္မေ အညာ၊ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ'။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခုနော အဇ္ဈတ္တညေဝ သတိသူပဋ္ဌိတာ ဟောတိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ဂိလာနဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သတိသူပဋ္ဌိတ မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဂိလာနဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သတိသူပဋ္ဌိတ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ယော ဟိ ကောစိ ဘိက္ခဝေ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ပဉ္စ ဓမ္မေ ဘာဝေတိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ရဟန်းယောကျ်ားပင်ဖြစ်စေ ရဟန်းမိန်းမပင်ဖြစ်စေ အမှတ်မထင် အကြင်ပုဂ္ဂိုလ်တယောက်သည် ငါးပါးသော တရားတို့ကို ပွါးများသည်ဖြစ်ငြားအံ့၊ ငါးပါးသော တရားတို့ကို ကြိမ်ဖန်များစွာ လေ့လာမှု ပြုသည်ဖြစ်ငြားအံ့၊ ထိုပုဂ္ဂိုလ်အား မျက်မှောက်ဘဝ ပစ္စက္ခ၌ပင်လျှင် အရဟတ္တဖိုလ်သော်ရင်း,

ခန္ဓာကမ္မဇရုပ် အကြွင်းရှိသေးပါမူ အနာဂါမိ ဖိုလ်သော်၎င်း ဤနှစ်ပါးသော ဖိုလ်သည် မချွတ်သျှင် ကေန်ရောက်လတ္တံ့ ဖြစ်သည်။

ချစ်သားတို့...ငါးပါးသော တရားတို့ ဟူသည် အဘယ်တရားတို့နည်း။

(၁) ဤသာသနာတော်၌ ရဟန်း၏ သတိသည် မိမိအဇ္ဈတ္တကိုယ်ခန္ဓာ၌ ကောင်းစွာ တည်လေ့ရှိခြင်း တပါး။

(၂) ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကိုသိမြင်တတ်သော ဥဒယဗ္ဗယ ဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ကောင်းစွာမြင်ပြီးလျှင် ဤရူပကာယကိုယ်၌ သုဘမဟုတ်ဟူ၍ ရှုမြင်လေ့ရှိခြင်း တပါး။

(၃) အစာ အာဟာရတို့၌ ပဋိက္ကူလသညာရှိခြင်း တပါး။

(၄) အလုံးစုံသောလောက၌ မမွေ့လျော်ခြင်း အနဘိရတိသညာ ရှိခြင်း တပါး။

(၅) အလုံးစုံသောသင်္ခါရမှတို့၌ အနိစ္စဟူ၍ ရှုမြင်လေ့ရှိခြင်း တပါး။

ချစ်သား ရဟန်းတို့....အမှတ်မထင် အကြောင်းတစုံတယောက်သော ဘိက္ခု, ဘိက္ခုနီသည် ဤဆိုအပ်ပြီးသော ငါးပါးသော တရားတို့ကို ပွါးများသည် ဖြစ်ငြားအံ့၊ ကြိမ်ဖန်များစွာ လေ့လာသည် ဖြစ်ငြားအံ့၊ထိုဘိက္ခု,ဘိက္ခုနီအား မျက်မှောက်ဘ၀ ပစ္စက္ခ၌ပင်လျှင် အရဟတ္တဖိုလ်သော်၎င်း, ဥပါဒိသေသခန္ဓာ ကြွင်း အကယ်၍ ရှိသေးပါမူ အနာဂါမိဖိုလ်သော်၎င်း ဤနှစ်ပါးသောဖိုလ်တို့တွင် တပါးပါးသော ဖိုလ်သည် မချွတ်ကေန် ဖြစ်လတ္တံ့သည်သာ ဖြစ်သတည်း ဟု ဤသတိသူပဋ္ဌိတအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို မျက်မှောက် ဘ၀၌ပင်လျှင် အရဟတ္တဖိုလ်, သို့မဟုတ် အနာဂါမိဖိုလ်သို့ ရောက်ကြောင်း ကောင်းမြတ်သော တရားငါးပါးကို ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သတိသူပဋ္ဌိတသုတ် ပြီး၏။**

---

## ဥပက္ကိလေသသုတ်

ပု။ ။တတ္ထေ၀ အာဝုသော တတိယံ ဥပက္ကိလေသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

**အင်္ဂုတ္တိုရ် မေး ဖြေ ၉-၁၄ — ပ-မ-ဗ-သ-စ**

ဝိ။ ။ဘာဘိယံ ဘန္တေ ဥပဋ္ဌာကသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဂိလာနော ဒုပဋ္ဌာကော ဟောတိ။ ကတမေဟိ ပဉ္စဟိ၊ အသပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ န ဇာနာတိ၊ ဘေသဇ္ဇံ နပ္ပဋိသေဝိတာ ဟောတိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂိလာနဝဂ်၌ပင်လျှင် သုံးခုမြောက်ဖြစ်သော ဥပဋ္ဌာက သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဂိလာနဝဂ်၌ သုံးခုမြောက်ဖြစ်သော ဥပဋ္ဌာကအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဂိလာနော ဒုပဋ္ဌာကော ဟောတိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ငါးပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော မမာမကျန်းသော ပုဂ္ဂိုလ် သည် အလုပ်အကျွေး အပြုစုရခက်သော ပုဂ္ဂိုလ်ဖြစ်၏။ ငါးပါးသော အကြောင်းတို့ ဟူသည်မှာ——

(၁) အနာရောဂါနှင့် သပ္ပါယမဖြစ်သော အရာကိုသာ ပြုလေ့ရှိခြင်း လည်း တပါး။

(၂) သပ္ပါယ သင့်တင့်လျောက်ပတ်သော အရာ၌လည်း အတိုင်းအရှည် ကို မသိခြင်းလည်း တပါး။

(၃) အနာရောဂါနှင့် သပ္ပါယဖြစ်သော ဆေး, အစာအာဟာရတို့ကို မမှီဝဲခြင်းလည်း တပါး။

(၄) အကျိုးကို လိုသား၍ ပြုစုစောင့်ရှောက်သော ဂိလာနုပဋ္ဌာက ပုဂ္ဂိုလ်အား အနာရောဂါတိုးလျှင် တိုးသည်ဟူ၍ရင်း, အနာရောဂါဆုတ်လျှင် ဆုတ်သည်ဟူ၍ရင်း, အနာရောဂါရပ်တန့်လျှင် ရပ်တန့်သည်ဟူ၍ရင်း ယထာ- ဘူတ ဟုတ်တိုင်းမှန်စွာ ပြောမပြခြင်းလည်း တပါး။

(၅) မိမိ၏ ခန္ဓာကိုယ်ဝယ် ကျရောက်၍လာသော အခံခက်သော ထက်မြက်သော ကြမ်းတမ်းသော ပူပန်သော သာယာဖွယ်, နှစ်သက်ဖွယ် မရှိသော အသက်ကိုပင်သော်လည်း ဆောင်ခြင်းငှါ စွမ်းနိုင်သော ဆင်းရဲ ဒုက္ခဝေဒနာတို့ကို တရားဖြင့် ဖြေဖျောက်၍ သည်းမခံနိုင်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးပါးသော အကြောင်း အင်္ဂါတရားတို့နှင့် ပြည့်စုံသော မမာမကျန်းသော ဂိလာနပုဂ္ဂိုလ်သည် အပြုစုရ အလုပ်ကျွေးရခက်သော ဂိလာနပုဂ္ဂိုလ်ဖြစ်၏။

ချစ်သား ရဟန်းတို့....ငါးပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော မမာမကျန်းသော ဂိလာနပုဂ္ဂိုလ်သည် ပြုစုလွယ်, လုပ်ကျွေးလွယ်သောပုဂ္ဂိုလ် ဖြစ်၏။ ငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း။

(၁) အနာရောဂါနှင့် သပ္ပါယဖြစ်သော သင့်တင့်လျောက်ပတ်သော အရာကိုသာ ပြုလေ့ရှိခြင်းလည်း တပါး။

(၂) ထိုသပ္ပါယဖြစ်၍ သင့်တင့်လျောက်ပတ်သော အရာ၌လည်း အတိုင်းအရှည်ကို သိခြင်းလည်း တပါး။

(၃) သင့်တင့်လျောက်ပတ်သော ဆေး,အစာအာဟာရတို့ကို မှီဝဲခြင်း လည်း တပါး။

(၄) အကျိုးလိုလား၍ ပြုစုစောင့်ရှောက်သော ဂိလာနုပဋ္ဌာကပုဂ္ဂိုလ် အား အနာရောဂါတိုးလျှင်တိုးကြောင်း,အနာရောဂါဆုတ်လျှင်ဆုတ်ကြောင်း, အနာရောဂါ ရပ်တန့်လျှင် ရပ်တန့်၍နေကြောင်း ယထာဘူတ-ဟုတ်မှန်တိုင်း ထင်စွာ ဖော်ပြ ပြောကြားခြင်းလည်း တပါး။

(၅) မိမိကိုယ်ဝယ် ကျရောက်၍လာသော အခံခက်သော ထက်မြက် သော ကြမ်းတမ်းသော ပူပန်ဖွယ်ရှိသော သာယာနှစ်သက်ဖွယ် မရှိသော အသက်ကိုဆောင်တတ်သော ဒုက္ခဝေဒနာတို့ကို သည်းခံနိုင်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးပါးသောအကြောင်းတရား တို့နှင့် ပြည့်စုံသော မမာမကျန်းသော ဂိလာနပုဂ္ဂိုလ်သည် စောင့်ရှောက်လွယ်, ပြုစုလွယ်သော ဂိလာနုပဋ္ဌာက ပုဂ္ဂိုလ်ဖြစ်၏ ဟူ၍ ဤဂိလာနုပဋ္ဌာက အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို အပြုစုခက်သောသူနာ, အပြုစုလွယ် သော သူနာ နှစ်မျိုးကို ဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

**ဥပဋ္ဌာကသုတ် ပြီး၏။**

## အနာဂယုဿာသုတ်

ပု။ ။တတ္ထေဝ အာဝုသော ပဉ္စမံ အနာဂယုဿာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ပဉ္စမံ ဘန္တေ အနာဂယုဿာသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ အနာဂယုဿာ။ ကတမေ ပဉ္စ၊ အသပ္ပါယကာရီ ဟောတိ၊ သပ္ပါယေ မတ္တံ န ဇာနာတိ၊ အပရိဏတဘောဇီ စ ဟောတိ၊ အကာလစာရီ စ ဟောတိ၊ အဗြဟ္မ-စာရီ စ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ အနာဂယုဿာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂိလာနဝဂ်၌ပင်လျှင် ငါးခုမြောက်ဖြစ်သော အနာဂယုဿာ မည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဂိလာနဝဂ်၌ ငါးခုမြောက်ဖြစ်သော အနာဂယုဿာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမေ ဘိက္ခဝေ အနာဂယုဿာ"အစရှိသည်ဖြင့် ချစ်သားရဟန်းတို့.... အသက်တိုကြောင်း မကောင်းသော တရားတို့သည်ကား ငါးပါးဘို့ရှိကြသည်။ ငါးပါးတို့ ဟူသည်မှာ—

(၁) မိမိနှင့် သပ္ပါယမဖြစ်သည်ကို ပြုလုပ်ခြင်းလည်း တပါး။

(၂) မိမိနှင့် သင့်တင့်လျောက်ပတ်သောအရာ၌ အတိုင်းအရှည်ကို မသိခြင်းလည်း တပါး။

(၃) ကြေကျက်ခဲသော အစာအာဟာရတို့ကို စားသုံးခြင်းလည်း တပါး။

(၄) အချိန်အခါမဟုတ်ပဲ လှည့်လည်ကျက်စား သွားလာခြင်းလည်း တပါး။

(၅) မမြတ်သောအကျင့်ကို ကျင့်သုံးခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... အသက်တိုကြောင်း မကောင်းသော တရားတို့သည်ကား ဤငါးပါးတို့ ဖြစ်ကြသည်။

ချစ်သား ရဟန်းတို့.... ထိုမှဘပါး အသက်ရှည်ကြောင်း ကောင်းသော တရားဘို့သည်ကား ငါးပါးတို့ပင် ရှိကုန်၏။ ငါးပါးတို့ဟူသည်မှာ—

(၁) မိမိနှင့် သင့်တင့်လျော်ကပ်သည်ကို ပြုလေ့ရှိခြင်းလည်း တပါး။

(၂) ထို သင့်တင့်လျော်ကပ်သော အရာ၌ အတိုင်းအရှည်ကို သိလေ့ရှိခြင်းလည်း တပါး။

(၃) ကြေကျက်လွယ်သော အစာအာဟာရတို့ကို စားသုံးခြင်းလည်း တပါး။

(၄) အချိန်ကာလ ဟုတ်သည်၌သာလျှင် လှည့်လည်ကျက်စားသွားလာလေ့ရှိခြင်းလည်း တပါး။

(၅) မြတ်သောအကျင့်ကို ကျင့်သုံးခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... အသက်ရှည်ကြောင်း ကောင်းမြတ်သော တရားတို့သည် ဤဆိုအပ်ပြီးသော ငါးပါးသော တရားတို့ပင်တည်းဟု ဤအနာယုဿ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို အသက်တိုကြောင်း ငါးပါး, အသက်ရှည်ကြောင်း ငါးပါးတို့ကို ထင်စွာဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အနာယုဿသုတ် ပြီး၏။**

## သမဏသုခသုတ်

ပု။ ။တတ္ထေဝ အာဝုသော အဋ္ဌမံ သမဏသုခသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။အဋ္ဌမံ ဘန္တေ သမဏသုခသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ သမဏဒုက္ခာနိ။ ကတမာနိ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခု အသန္တုဋ္ဌော ဟောတိ ဣတရီတရေန စီဝရေန၊ အသန္တုဋ္ဌော ဟောတိ ဣတရီတရေန ပိဏ္ဍပါတေန၊ အသန္တုဋ္ဌော ဟောတိ ဣတရီတရေန သေနာသနေန၊ အသန္တုဋ္ဌော ဟောတိ ဣတရီတရေန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန၊ အနဘိရတော စ ဗြဟ္မစရိယံ စရတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ သမဏဒုက္ခာနိ"တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂိလာနဝဂ်၌ပင်လျှင် ရှစ်ခုမြောက်ဖြစ်သော သမဏသုခ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ဘုန်းတော်ခြောက်ပါးနှင့်

ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရှစ်ခုမြောက် ဖြစ်သော သမဏသုခ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဥ္စိမာနိ ဘိက္ခဝေ သမဏဒုက္ခာနိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ရဟန်းတို့၏ ဆင်းရဲဒုက္ခတို့သည်ကား ငါးမျိုးတို့ ရှိကုန်၏။ ငါးမျိုးတို့ ဟူသည်မှာ —

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းဖြစ်သော ပုဂ္ဂိုလ်သည် ရ-ရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်းလည်း မရှိ။
(၂) ရ-ရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်းလည်း မရှိ။
(၃) ရ-ရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်းလည်း မရှိ။
(၄) ရတတ်သမျှသော ဆေးပစ္စည်းဖြင့် ရောင့်ရဲခြင်းလည်း မရှိ။
(၅) မမွေ့မလျော်မပျော်ပိုက်ပဲ သာသနာတော် တည်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံး၍လည်း နေ၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း သင်္ကန်း၌ မရောင့်ရဲခြင်း, ဆွမ်း၌ မရောင့်ရဲခြင်း, ကျောင်း၌ မရောင့်ရဲခြင်း, ဆေး၌ မရောင့်ရဲခြင်း, သာသနာတော်ဝယ် မမွေ့မလျော်မပျော်ပိုက်ခြင်း၊ ဤငါးပါးတို့သည် ရဟန်းတို့၏ ဆင်းရဲဒုက္ခ ငါးမျိုးတို့တည်း။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတို့၏ ချမ်းသာသုခတို့သည်ကား ငါးမျိုးတို့ပင် ရှိကုန်၏။ ငါးမျိုးတို့ဟူသည်မှာ—

(၁) ရဟန်းတော်သည် ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲလေ့လည်း ရှိ၏။
(၂) ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲလေ့လည်းရှိ၏။
(၃) ရတတ်သမျှသော ကျောင်းဖြင့် ရောင့်ရဲလေ့လည်းရှိ၏။
(၄) ရတတ်သမျှသော ဆေးဖြင့် ရောင့်ရဲလေ့လည်းရှိ၏။
(၅) လွန်စွာ မွေ့လျော်ပျော်ပိုက်သဖြင့် သာသနာတော်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးလေ့လည်း ရှိ၏။

ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတို့၏ ချမ်းသာသုခဘုရားဘို့သည်ကား ဤဆိုအပ်ပြီးသောအတိုင်း ရသမျှသောသင်္ကန်းဖြင့် ရောင့်ရဲခြင်း, ရသမျှသောဆွမ်းဖြင့် ရောင့်ရဲခြင်း, ရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်း, ရသမျှသော ဆေးပစ္စည်းဖြင့် ရောင့်ရဲခြင်း, မွေ့လျော်ပျော်ပိုက်စွာ မြတ်သော အကျင့်ကို ကျင့်သုံးခြင်း၊ ဤငါးပါးတို့ပင် ဖြစ်သည်ဟု ဤသမဏသုခအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ရဟန်းတို့၏ ချမ်းသာခြင်းငါးပါး, ဆင်းရဲဒုက္ခငါးမျိုးတို့ကို ထင်ရှားစွာဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သမဏသုခသုတ် ပြီး၏။**

---

## ဗျသနသုတ်

ပု။ ။တတ္ထေဝ အာဝုသော ဒသမံ ဗျသနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ဒသမံ ဘန္တေ ဗျသနသုတ္တံ "ပဉ္စိမာနိ ဘိက္ခဝေ ဗျသနာနိ။ ကတမာနိ ပဉ္စ၊ ဉာတိဗျသနံ ဘောဂဗျသနံ ရောဂဗျသနံ သီလဗျသနံ ဒိဋ္ဌိဗျသနံ"န္တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဂိလာနဝဂ်၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော ဗျသနသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော ဒေခြင်းဒေရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဂိလာနဝဂ်၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော ဗျသနသုတ္တန် အမည်ရသော တရားဒေသနာတော်မြတ်ကို "ပဉ္စိမာနိ ဘိက္ခဝေ ဗျသနာနိ။ ကတမာနိ ပဉ္စ၊ ဉာတိဗျသနံ ဘောဂဗျသနံ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဤလောက၌ ပျက်စီးခြင်း တရားတို့သည်ကား ငါးမျိုးတို့ ရှိကြပေကုန်၏။ ငါးမျိုးတို့ဟူသည်မှာ—

(၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း-ဉာတိဗျသန တပါး။
(၂) စည်းစိမ် ဥစ္စာပျက်စီးခြင်း-ဘောဂဗျသန တပါး။

(၃) အနာရောဂါဖွဲ့ကပ် နှိပ်စက်ခြင်း-ရောဂဗျသနတပါး။
(၄) အကျင့်သီလတရား၏ ပျက်စီးခြင်း-သီလဗျသနတပါး။
(၅) အယူ၏ ဖောက်ပြန်ပျက်စီးခြင်း-ဒိဋ္ဌိဗျသနတပါး။
ဟူ၍ ဤငါးမျိုးတို့ရှိကြပေကုန်၏။

ချစ်သား ရဟန်းတို့....သတ္တဝါတို့သည် ဉာတိဗျသနဟူသော အကြောင်းကြောင့်ရင်း, ဘောဂဗျသန ဟူသောအကြောင်းကြောင့်ရင်း, ရောဂဗျသန ဟူသောအကြောင်းကြောင့်ရင်း ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသော သူတို့၏လားရာ အလိုမတူပဲ ဖရိုဖရဲ ကျရာဖြစ်သော အပါယ်ငရဲသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရသည် မဟုတ်ကုန်။

ချစ်သား ရဟန်းတို့.... အကျင့်သီလ ပျက်စီးခြင်း ဟူသော သီလဗျသန ကြောင့်ရင်း, အယူ၏ဖောက်ပြန်ပျက်စီးခြင်း ဟူသော ဒိဋ္ဌိဗျသန ဟူသော အကြောင်းကြောင့်ရင်း သတ္တဝါတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာကင်းရာ မကောင်းသောသူတို့၏လားရာ အလို မတူပဲ ဖရိုဖရဲကျရောက်ရာဖြစ်သော အပါယ်ငရဲသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရကုန်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသည်တို့ကား ဗျသနတရားငါးမျိုး တို့တည်း။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ပြည့်စုံခြင်း-သမ္ပဒါတရားတို့သည်လည်း ငါးမျိုးတို့ပင် ရှိကုန်၏။ ငါးမျိုးတို့ဟူသည်မှာ——

(၁) ဆွေမျိုးတို့၏ ပြည့်စုံခြင်း-ဉာတိသမ္ပဒါ တပါး။
(၂) စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်း-ဘောဂသမ္ပဒါ တပါး။
(၃) အနာရောဂါ ကင်းရှင်းခြင်း-အာရောဂျ သမ္ပဒါတပါး။
(၄) အကျင့်သီလ၏ ကောင်းမွန်မြင့်မြတ်ခြင်း-သီလသမ္ပဒါ တပါး။
(၅) အယူ၏ ဖြူစင်ဖြောင့်မတ်ခြင်း-ဒိဋ္ဌိသမ္ပဒါ တပါး။
ဟူ၍ ဤငါးမျိုးတို့ပင်တည်း။

ချစ်သား ရဟန်းတို့....ဤသမ္ပဒါတရားငါးမျိုးတို့တွင် ဆွေမျိုးတို့၏ ပြည့်စုံခြင်း-ဉာတိသမ္ပဒါ ဟူသော အကြောင်းကြောင့်ရင်း, စည်းစိမ်ဥစ္စာ၏ ပြည့်စုံ

ခြင်း-ဘောဂသမ္ပဒါ ဟူသောအကြောင်းကြောင့်ရှင်း, အနာရောဂါ ကင်းရှင်းခြင်း-အာရောဂျသမ္ပဒါ ဟူသော အကြောင်းကြောင့်ရှင်း သတ္တဝါတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် နတ်ရွာသုဂတိသို့ ရောက်ကြရသည် မဟုတ်ကုန်။

ချစ်သား ရဟန်းတို့.... စင်စစ်သော်ကား သီလ၏ပြည့်စုံခြင်း-သီလသမ္ပဒါ ဟူသောအကြောင်း, အယူ၏ ဖြူစင်မှန်ကန်ခြင်း- ဒိဋ္ဌိသမ္ပဒါ ဟူသော အကြောင်းတို့ကြောင့် သတ္တဝါတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏လားရာ နတ်ရွာသုဂတိသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရကုန်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသည်တို့ကား ငါးပါးသော ပြည့်စုံခြင်း သမ္ပဒါတရားတို့ တည်းဟု ဤဗျသနအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဗျသနသုတ် ပြီး၏။**

---

## ရာဇဝဂ်

## ပတ္ထနာသုတ်

ပု။ ။ရာဇဝဂ္ဂေ ပန အာဝုသော ဆဋ္ဌံ ပတ္ထနာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။ရာဇဝဂ္ဂေ ဘန္တေ ဆဋ္ဌံ ပတ္ထနာသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ရညော ခတ္တိယဿ မုဒ္ဓါဝသိတ္တဿ ဇေဋ္ဌော ပုတ္တော ဩပရဇ္ဇံ ပတ္ထေတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ရာဇဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော ပတ္ထနာသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ရာဇဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော ပတ္ထနာအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စဟိ ဘိက္ခဝေ။ပ။ သြပရဇ္ဇံ ပတ္ထေတိ" အစ ရှိသည်ဖြင့် —

ချစ်သား ရဟန်းတို့....အင်္ဂါငါးပါးနှင့် ပြည့်စုံသော ခတ္တိယအဘိသိက်ဖြင့် အဘိသိက် သွန်းလောင်းပြီးသော မင်း၏ သားကြီးသည် အိမ်ရှေ့မင်းအဖြစ်ကို တောင့်တ၏။ အင်္ဂါငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤလောက၌ ခတ္တိယအဘိသိက်ဖြင့် သွန်းလောင်းပြီးသော မင်း၏ သားကြီးဖြစ်သော မင်းသားသည် နှစ်ဖက်သော မိဖက် ဘဖက်မှပင်လျှင် သန့်ရှင်းစင်ကြယ်သော အမျိုးဇာတ်ရှိခြင်း တပါး။

(၂) ရုပ်အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံခြင်း-အဘိရူပ အင်္ဂါလက္ခဏာ တပါး။

(၃) မိခင်ဘခင်တို့ ချစ်ခင်အပ်သော အင်္ဂါလက္ခဏာ တပါး။

(၄) စစ်သည်ဗိုလ်ပါ အပေါင်းတို့ ချစ်ခင်နှစ်သက်အပ်သော အင်္ဂါ လက္ခဏာ တပါး။

(၅) မိမိကိုယ်ဘိုင်ကပင်လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အကြောင်းအရာတို့ကို ကြံစည်ခြင်းငှါစွမ်းနိုင်သော ဉာဏ်ပညာရှိခြင်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ခတ္တိယအဘိသိက်ဖြင့် အဘိသိက် သွန်းလောင်းပြီးသော မင်း၏ သားကြီး သည် ဤသို့ အကြံအစည် ဖြစ်၏။

ငါတခုကား မိဖက်ဘဖက် နှစ်ဖက်မှပင်လျှင် စင်ကြယ် သန့်ရှင်းသော ဇာတိအမျိုးရိုး အနွယ် ရှိပေ၏၊ ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ့်ကြောင့် အိမ်ရှေ့မင်းအဖြစ်ကို မတောင့်တပဲ ရှိအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါသည် ရုပ်အဆင်း လှပဘင့်တယ်ခြင်း တည်းဟူသော ဥပမိသမ္ပတ္တိနှင့် ပြည့်စုံသူ ဖြစ်၏၊ ငါကဲ့သို့သော မင်းသားသည် အဘယ်မှာလျှင် အိမ်ရှေ့ မင်းအဖြစ်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါ့ကို မိခင် ဘခင် ကျေးဇူးရှင် နှစ်ပါးတို့က လွန်စွာချစ်ခင် မြတ်နိုးအပ်ပေ၏၊ ထိုသို့ သဘောရှိသော ငါသည် အဘယ်မှာလျှင် အိမ်ရှေ့မင်းအဖြစ်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါ့ကို စစ်သည် ဗိုလ်ပါအပေါင်း,တိုင်းသားပြည်သူအပေါင်းတို့က ချစ်ခင်နှစ်သက်အပ်၏၊ ငါသည် အဘယ်မှာလျှင် အိမ်ရှေ့မင်းအဖြစ်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အကြောင်းအရာ, အကျိုးအရာတို့ကို ကြံစည်ခြင်းငှါ စွမ်းဆောင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်၏၊ ငါသည် အဘယ်မှာလျှင် အိမ်ရှေ့မင်းအဖြစ်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်းဟု အကြံဖြစ်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော အဘိသိက်သွန်းလောင်းပြီးသော မင်း၏ သားကြီးသည် အိမ်ရှေ့မင်းအဖြစ်ကို တောင့်တဘိသကဲ့သို့ ထို့အတူပင်လျှင် ဤသာသနာတော်၌ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ကို တောင့်တ၏။ ငါးပါးသော တရားတို့ဟူသည် အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်သည် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသော သူလည်း ဖြစ်၏။

(၂) အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြား၍ ထားအပ်သော အနက်နှင့်လည်း ပြည့်စုံ, သဒ္ဒါနှင့်လည်း ပြည့်စုံသော သုတ္တ,ဂေယျစသည့် အင်္ဂါကိုးတန်နှင့် ပြည့်စုံသော တရားဓမ္မက္ခန်ဝဲ့ဝယ် ဗဟုဿုတမျှားခြင်းလည်း တပါး။

(၃) လေးပါးသော သတိပဋ္ဌာန်တရားတို့၌ ကောင်းစွာ တည်သော စိတ်ရှိခြင်းလည်း တပါး။

(၄) အကုသိုလ်တရားတို့ကို ပယ်ဘို့ရန်, ကုသိုလ် ရားတို့ကို ပွါးမျှားဘို့ရန် ခိုင်မြဲသောလုံ့လဝီရိယရှိသည်ဖြစ်၍ အားထုတ်အပ်သော လုံ့လဝီရိယဖြင့် နေဆိုင်ခြင်းလည်း တပါး။

(၅) ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ယထာဘူတ-နေရာကျ သိမြင်သော ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းတော်အရှင်သူမြတ်၏ စိတ်သန္တာန်ဝယ် ဤသို့ စိတ်အကြံ ဖြစ်၏။

ငါဘမူကား သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တည်း၊ ပါတိမောက္ခသံဝရ-သီလကို လုံခြုံစွာ စောင့်ထိန်း၍နေသော ပုဂ္ဂိုလ်တည်း၊ အဏုမြူမျှသော အပြစ်တို့၌ပင်ဘေးလည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ ဤသာသနာတော်၌ သီလကို သုမ်သင် စင်ကြယ်စေ၍ နေသောပုဂ္ဂိုလ်တည်း၊ ငါကဲ့သို့ သီလစင်ကြယ်သော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် အရဟတ္တမဂ်, အရဟတ္တဖိုလ်,နိဗ္ဗာန်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါတမူကား ဗဟုသုတနှင့်ပြည့်စုံသောပုဂ္ဂိုလ်တည်း၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားအပ်သော အင်္ဂါကိုးတန် ဓမ္မက္ခန်ပ္ပိုကို ငါသည် များစွာ နှုတ်ရ ဆောင်အပ်ပြီးသော ပုဂ္ဂိုလ်ဘည်း၊ ငါကဲ့သို့သော ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါတမူကား လေးပါးသော သတိပဋ္ဌာန်တရားတို့၌ အမြဲတစေ ထင်သော သတိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ပေတည်း၊ ငါကဲ့သို့ ထင်သော သတိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် အရဟတ္တမဂ်,အရဟတ္တဖိုလ်,နိဗ္ဗာန်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါသည် အကုသိုလ်တရားတို့ ပယ်ရှားဘို့ရန်, ကုသိုလ်တရားတို့ ပြည့်စုံဘို့ရန် လုံ့လစွမ်းဆောင် အားကြီးသော ဝီရိယနှင့် ပြည့်စုံ၍ အာရဒ္ဓဝီရိယပုဂ္ဂိုလ် ပီပီ သမ္မပ္ပဓာန် လုံ့လဝီရိယဖြင့် နေထိုင်သောပုဂ္ဂိုလ်တည်း၊ ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် အရဟတ္တမဂ်,အရဟတ္တဖိုလ်, နိဗ္ဗာန်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာတည်း။

ငါသည် ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို ဟုတ်မှန်စွာ မြင်တတ်သော မြတ်သော ကိလေသာတို့ကို ထိုးထွင်း ဖောက်ထွင်းခြင်းငှါ စွမ်းနိုင်

သော ဉာဏ်ပညာနှင့် ပြည့်စုံသော ပညာရှိ ပုဂ္ဂိုလ်ပေတည်း၊ ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် အာသဝက္ခယ အမည်ရသည့် အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ကို မတောင့်တပဲ ရှိပါအံ့နည်း၊ တောင့်တအံ့သည်သာ တည်းဟု အကြံဖြစ်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးပါးသော တရားတို့နှင့် ပြည့်စုံသော ရဟန်းတော် အရှင်သူမြတ်သည် အာသဝလေးတန် ကုန်ရာမှန်သည့် အရဟတ္တမဂ်,အရဟတ္တဖိုလ်,နိဗ္ဗာန်တရားကို တောင့်တသည်သာတည်းဟု ဤပတ္ထနာအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပတ္ထနာသုတ် ပြီး၏။**

---

## သပ္ပုရိသဒါနသုတ်

ပု။ ။တိကင်္ဂုတ္တရာကီဝဂ္ဂေ အာဝုသော အဋ္ဌမံ သပ္ပုရိသဒါနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တိကင်္ဂုတ္တရာကီဝဂ္ဂေ ဘန္တေ အဋ္ဌမံ သပ္ပုရိသဒါနသုတ္တံ “ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ။ ကတမာနိ ပဉ္စ၊ သဒ္ဓါယ ဒါနံ ဒေတိ၊ သက္ကစ္စံ ဒါနံ ဒေတိ၊ ကာလေန ဒါနံ ဒေတိ၊ အနုဂ္ဂဟိတစိတ္တော ဒါနံ ဒေတိ၊ အတ္တာနဉ္စ ပရဉ္စ အနုပဟစ္စ ဒါနံ ဒေတိ” တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။တိကင်္ဂုတ္တရာကီဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော သပ္ပုရိသဒါန သုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။တိကင်္ဂုတ္တရာကီဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော သပ္ပုရိသဒါနအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို “ပဉ္စိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ” အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....သူတော်ကောင်းတို့၏ အလှူပေးခြင်း ဒါနအပြားတို့သည် ငါးမျိုးတို့ ရှိကုန်၏၊ ငါးမျိုးတို့ ဟူသည်မှာ—

(၁) သဒ္ဓါယုံကြည်၍ အလှူဒါနကို ပေးလှူခြင်းလည်း တပါး။

(၂) အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ရိုသေစွာပြု၍ အလှူပေးခြင်းလည်း တပါး။

(၃) သင့်တင့်လျောက်ပတ်သော အခါကာလ၌ အလှူဒါနကို ပေးလှူခြင်းလည်း တပါး။

(၄) ချီးမြှောက်လိုသော စိတ်ရှိသည် ဖြစ်၍ အလှူဒါနကို ပေးလှူခြင်းလည်း တပါး။

(၅) မိမိကိုယ်ကိုလည်း မမြှောက်ပင့် သူတပါးကိုလည်း မနှိမ့်ချမူ၍ အလှူဒါနကို ပေးလှူခြင်းလည်း တပါး။

ချစ်သားတို့....ဤသို့လျှင် သူတော်ကောင်းတို့၏ အလှူပေးခြင်းတို့သည် ငါးမျိုးတို့ ရှိကုန်၏။

**အကျိုးထူးများ**

ချစ်သားတို့....ကံ ကံ၏အကျိုးကို ယုံကြည်၍ အလှူဒါနကိုပေးလှူခြင်း ဟူသောအကြောင်းကြောင့် အကြင်အကြင် လူ့ရွာနဝ်ရပ်၌ ထိုအကျိုး ဝိပါက်သည် ဖြစ်ပေါ်၏၊ ထိုထိုဖြစ်ရာ လူ့ရွာ နဝ်ရပ်၌ ကြွယ်ဝသူ, များစွာ သော ဥစ္စာရှိသူ, များသောအသုံးအဆောင်နှင့် ပြည့်စုံသူ ဖြစ်၏။ ဤတွင်မျှ မကသေး သဒ္ဓါယုံကြည်၍ အလှူဒါနကို ပေးခြင်းဟူသော အကြောင်း ကြောင့် ရုပ်ရေအဆင်း တင့်တယ်လှပခြင်းနှင့်လည်း ပြည့်စုံ၏။

ချစ်သား ရဟန်းတို့.... အလှူဝတ္ထုကိုရင်း, အလှူခံပုဂ္ဂိုလ်ကိုရင်း အရို အသေပြု၍ ပေးလှူခြင်း-သက္ကစ္စဒါနဟူသော အကြောင်းကြောင့် အကြင် အကြင် လူ့ရွာနတ်ရပ်၌ ထိုဒါန၏ အကျိုးဝိပါက်သည် ဖြစ်ပေါ်လာ၏၊ ထိုထို လူ့ရွာနတ်ရပ်၌ ကြွယ်ဝခြင်း, များသောဥစ္စာရှိခြင်း, များသောအသုံး အဆောင်ရှိခြင်း တည်းဟူသော အကျိုးကျေးဇူးကို ရရှိသည့်အပြင် ထိုအလှူ ရှင်ဖြစ်သော ပုဂ္ဂိုလ်၏ သား, မယား, ကျေးကျွန်, အစေအပါး, အမှုလုပ်ဖြစ် သော ခပ်သိမ်းသော ပုဂ္ဂိုလ်တို့သည် ထိုဒါနပတိ-အလှူရှင်ပုဂ္ဂိုလ်၏ စကားကို ရိုသေစွာ နားယူကြကုန်၏၊ နားကို စိုက်ထောင်ကြကုန်၏၊ သိဘို့ရန် စိတ်ကို ထားကြကုန်၏။

ချစ်သား ရဟန်းတို့.... ထိုမှတပါး အခါအခွင့် သင့်သည်အားလျော်စွာ လှူဒါန်းခြင်း ဟူသော ကာလဒါန ကုသိုလ်ကောင်းမှု၏ အာနုဘော်ကြောင့် အကြင် အကြင် လူ့ရွာနတ်ရပ်၌ ထိုဒါန၏ အကျိုးဝိပါက်သည် ဖြစ်၏၊ ထိုထို လူ့ရွာနတ်ရပ်၌ ကြွယ်ဝခြင်း, များသောဥစ္စာရှိခြင်း, များသောအသုံး အဆောင်ရှိခြင်း တည်းဟူသော အကျိုးကို ရရှိသည့်အပြင် အခါကာလ အားလျော်စွာ လှူခဲ့ခြင်းတည်းဟူသော အကြောင်းကြောင့် ပဌမအရွယ် အစရှိသော အခါကာလ၌ ရောက်သင့်ရောက်ထိုက်သော အကျိုးကျေးဇူးတို့ သည် များစွာပင် ဖြစ်ထွန်း၍ လာကုန်၏။

ချစ်သား ရဟန်းတို့....ထိုမှတပါး သူတပါးတို့အား ချီးမြှောက်လိုသော စိတ်ရှိသည်ဖြစ်၍ အလှူဒါနကို ပေးလှူခြင်းဟူသော အကြောင်းကြောင့် ထိုအလှူဒါန၏ အကျိုးဝိပါက်ဖြစ်ပေါ်ရာ လူ့ရွာနတ်ရပ်ဝယ် များသော ဥစ္စာ ရှိခြင်း,ကြွယ်ဝခြင်း, များသော အသုံးအဆောင်နှင့် ပြည့်စုံခြင်းတည်းဟူသော အကျိုးကို ရရှိသည့်အပြင် မြင့်မြတ်သော အာရုံငါးပါး ကာမတရားတို့၌ သုံးဆောင်ဘို့ရန်လည်း ထိုအလှူ့ရှင် ပုဂ္ဂိုလ်သည် ညွတ်ပေတော့၏။

ချစ်သား ရဟန်းဘို့....ထိုမှတပါး မိမိကိုယ်ကိုရင်း,သူတပါးကိုရင်း မထိပါး မှု၍ မိမိကိုယ်ကိုလည်း မမြှောက်ပင့်,သူတပါးကိုလည်း မနှိမ့်ချမှု၍ အလှူဒါန ကို ပေးလှူခြင်းဟူသော အကြောင်းကြောင့် ထိုအလှူဒါန၏ အကျိုးပေးရာ လူ့ရွာနတ်ရပ်ဝယ် ကြွယ်ဝခြင်း, များသောဥစ္စာရှိခြင်း, များသောအသုံး အဆောင်ရှိခြင်း တည်းဟူသော အကျိုးကျေးဇူးကို ခံစားရရှိသည့်အပြင် မိမိ,သူတပါး နှစ်ဦးသားတို့အား မထိပါးခဲ့ခြင်းတည်းဟူသော အကြောင်း ကြောင့် ထိုအလှူ့ရှင်-ဒါနပတိ ပုဂ္ဂိုလ်၏ စည်းစိမ်ဥစ္စာတို့ကို ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်အပ်သော အမွေခံ တည်းဟူသော ရန်သူမျိုးငါးငါးတို့ တွင် တပါးပါးမျှပင် နှောက်ယှက်ဖျက်ဆီးခြင်း မရှိနိုင်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော အလှူဒါနငါးမျိုးတို့သည် ကား သူတော်ကောင်းတို့၏ လှူဒါန်းခြင်း သပ္ပုရိသဒါန ငါးမျိုးတို့ ဖြစ်ကုန် သည်ဟု ဤ သပ္ပုရိသဒါန အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သပ္ပုရိသဒါနသုတ် ပြီး၏။**

## သဒ္ဓမ္မဝဂ်

## ပဌမသမ္မတ္တနိယာမသုတ်

ပု။ ။သဒ္ဓမ္မဝဂ္ဂေ ပန အာဝုသော ပဌမံ သမ္မတ္တနိယာမသုတ္တံ ဘဂဝတာ ကတ္ထ ဘာသိတံ။

ဝိ။ ။သဒ္ဓမ္မဝဂ္ဂေ ဘန္တေ ပဌမံ သမ္မတ္တနိယာမသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော သုဏန္တောပိ သဒ္ဓမ္မံ အဘဗ္ဗော နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံ။ ကတမေဟိ ပဉ္စဟိ၊ ကထံ ပရိဘောတိ၊ ကထိကံ ပရိဘောတိ၊ အတ္တာနံ ပရိဘောတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။သဒ္ဓမ္မဝဂ်၌ ရှေးဦးစွာသော သမ္မတ္တနိယာမသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။သဒ္ဓမ္မဝဂ်၌ ရှေးဦးစွာသော သမ္မတ္တနိယာမ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စဟိ ဘိက္ခဝေ။ပ။ သမ္မတ္တံ"အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတော်ကောင်းတရားကို နာကြားပင် နာကြားငြားသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန် မှန်ကန်သောသဘောရှိသည့် မဂ်တည်းဟူ သော သမ္မတ္တနိယာမတရားသို့ ရောက်ခြင်းငှါ မထိုက်နိုင်။ အဘယ်ငါးပါးသော တရားတို့နှင့် ပြည့်စုံသနည်း ဟူမူကား—

(၁) ချစ်သား ရဟန်းတို့....ဟောကြားအပ်သော တရားစကားကို ဤ တရားကား မည်သို့သောတရားနည်း အစရှိသည်ဖြင့် တရားစကားကို မထီမဲ့ မြင် လွှမ်းမိုးစကား ပြောကြားခြင်း တပါး။

(၂) တရားဟောသောပုဂ္ဂိုလ်၏ အပေါ်၌လည်း ယခုတရားဟောသော ပုဂ္ဂိုလ်ကား မည်သို့ သဘောရှိသော ပုဂ္ဂိုလ်နည်း၊ မည်သည့် ပုဂ္ဂိုလ်အမျိုး အစားနည်း အစရှိသည်ဖြင့် တရားဟောကထိက ပုဂ္ဂိုလ်ကို မထီမဲ့မြင် လွှမ်းမိုး စကား ပြောကြားခြင်း တပါး။

(၃) မိမိကိုယ်ကိုလည်း ငါသည် တရားနှင့် ထိုက်တန်သူမဟုတ်၊ ငါသည် တရားနာသဖြင့် အဘယ်အကျိုးရှိအံ့နည်း အစရှိသည်ဖြင့် မိမိကိုယ်ကို အထင်သေး၍ လွှမ်းမိုးစကား ပြောကြားခြင်း တပါး။

(၄) တရားကိုဟောကြားသောအခါ မတည်ကြည်သော စိတ်ရှိ၍ ပျံ့လွင့်သော စိတ်ရှိ၍ တရားကို နာကြားခြင်း တပါး။

(၅) မသင့်မတင့်သောအားဖြင့် တရားကို နှလုံးသွင်းခြင်း တပါး။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော ငါးပါးသောတရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရားကိုပင် နာကြားသော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန် မှန်ကန်သောသဘောရှိသည့် သမ္မတ္တနိယာမ အမည်ရသော မဂ်လေးပါးသို့ ရောက်ခြင်းငှါ မထိုက်တန်။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သူတော်ကောင်းတရားကို ကြားနာနေစဉ်မှာပင် သော်လည်း ကုသိုလ်တရားတို့၌ မဖောက်မပြန် မှန်ကန်သော သဘောရှိသည့် နိယာမ အမည်ရသော မဂ်လေးပါးသို့ ရောက်ခြင်း, ဆိုက်ခြင်းငှါ ထိုက်တန်ပါ၏။ အဘယ်ငါးပါးသော တရားတို့နှင့် ပြည့်စုံသနည်းဟူမူကား—

(၁) ဟောကြားအပ်သော တရားစကားကိုလည်း မထီမဲ့မြင်မှု, လွှမ်းမိုးစကားပြောကြားမှု မပြုခြင်း တပါး။

(၂) တရားဟောသောပုဂ္ဂိုလ်၏ အပေါ်၌လည်း မထီမဲ့မြင်မှု, လွှမ်းမိုးစကား ပြောကြားမှု မပြုခြင်း တပါး။

(၃) မိမိကိုယ်ကိုလည်း မထီမဲ့မြင်မှု,လွှမ်းမိုးစကား ပြောကြားမှု မပြုခြင်း တပါး။

(၄) တည်ငြိမ်သော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍ တရားကို ကြားနာခြင်း တပါး။

(၅) ယောနိသောမနသိကာရဖြင့် ဟောကြားအပ်သော တရားကို အသင့်အတင့် နှလုံးသွင်းခြင်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးပါးသော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတော်ကောင်းတရားကို ကြားနာခိုက်မှာပင်

သမ္မတ္တနိယာမ အမည်ရသော ကုသိုလ်တရားတို့၌ မဖောက်မပြန် မှန်ကန်သော သဘောရှိသည့် သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ် ဉာဏ် အရဟတ္တမဂ်ဉာဏ်တည်းဟူသော မဂ်ဉာဏ်လေးပါးသို့ ရောက်ခြင်း, ရခြင်းငှါ ထိုက်တန်ပေ၏ဟု ဤသမ္မတ္တနိယာမအမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို မဂ်ရထိုက်သော အင်္ဂါငါးပါး, မဂ်မရထိုက်သော အင်္ဂါငါးပါး တို့ကို ထင်ရှားစွာ ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

**ပဌမသမ္မတ္တနိယာမသုတ် ပြီး၏။**

---

## ပဌမသဒ္ဓမ္မသမ္မောသသုတ်

ပု။ ။တတ္ထေဝ အာဝုသော စတုတ္ထံ ပဌမသဒ္ဓမ္မသမ္မောသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထေဝ ဘန္တေ စတုတ္ထံ ပဌမသဒ္ဓမ္မသမ္မောသသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ န သက္ကစ္စံ ဓမ္မံ သုဏန္တိ၊ န သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ၊ န သက္ကစ္စံ ဓမ္မံ ဓာရေန္တိ၊ န သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ၊ န သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တီ"တိ ဝေဓာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသဒ္ဓမ္မဝဂ်၌ပင်လျှင် လေးခုမြောက်ဖြစ်သော ပဌမသဒ္ဓမ္မ-သမ္မောသ မည်သော သုတ္တန်ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သောအခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသဒ္ဓမ္မဝဂ်၌ပင်လျှင် လေးခုမြောက်ဖြစ်သော ပဌမသဒ္ဓမ္မ-သမ္မောသအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ငါးပါးသော အကြောင်းတရားတို့သည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ကွယ်ပ ခြင်းငှါ ဖြစ်ကုန်၏။ ငါးပါးသော တရားဘို့ဟူသည်မှာ——

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော်တို့ တရားတော်ကို ရိုသေစွာ မနာခြင်းလည်း တပါး။

(၂) တရားတော်ကို ရိုသေစွာ မသင်ကြားခြင်းလည်း တပါး။

(၃) တရားတော်ကို ရိုသေစွာ မဆောင်ခြင်းလည်း တပါး။

(၄) ဆောင်အပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို ရိုသေစွာ မစဉ်းစားခြင်းလည်း တပါး။

(၅) တရားတော်၏ အနက်အဓိပ္ပါယ်ကို ကောင်းစွာသိပြီးလျှင် လောကုတ္တရာတရားအား လျော်လျောက်ပတ်သော ပုဗ္ဗဘာဂ အကျင့်ပဋိပဒါ တည်းဟူသော သမထဝိပဿနာ အကျင့်တရားကို ရိုသေစွာ မကျင့်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော ငါးပါးသောအကြောင်းတရားတို့သည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ပျောက်ပျက်ခြင်း,ကွယ်ပခြင်းငှါ ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့.... ထို့မှတပါး ငါးပါးသောအကြောင်းတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အစွန့်ရှည်စွာ တည်ခြင်းငှါလည်း,မပျောက်မပျက်ခြင်းငှါလည်း, မကွယ်ပခြင်းငှါလည်း ဖြစ်ကုန်၏။ ငါးပါးတို့ ဟူသည် အဘယ်သည်တို့ ဖြစ်ကုန်သနည်း။

(၁) ချစ်သား ရဟန်းတို့....ဤသာသနာတော်၌ ရဟန်းတော်တို့ တရားတော်ကို ရိုသေစွာ နာကြားခြင်းလည်း တပါး။

(၂) တရားတော်ကို ရိုသေစွာ သင်ကြားခြင်းလည်း တပါး။

(၃) တရားတော်ကို ရိုသေစွာ ဆောင်ခြင်းလည်း တပါး။

(၄) ဆောင်အပ်ပြီးသော တရားတော်၏ အနက်အဓိပ္ပါယ်ကို ရိုသေစွာ ဆင်ခြင် စဉ်းစားခြင်းလည်း တပါး။

(၅) အနက်ကို သိပြီးလျှင်, သဒ္ဒါကို သိပြီးလျှင် လောကုတ္တရာတရားကိုးပါးအား လျော်လျောက်ပတ်သော ရှေးအဘို့၌ ဖြစ်သော အကျင့်ပဋိပဒါတည်းဟူသော သမထ ဝိပဿနာ အကျင့်တရားတို့ကို ရိုသေစွာ ကျင့်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော ငါးပါးသောအကြောင်းတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အစွန့်ရှည်စွာ တည်ခြင်းငှါ, မပျောက်မပျက်ခြင်းငှါ, မကွယ်ပခြင်းငှါ ဖြစ်ကုန်၏ဟူ၍ ဤရှေးဦးစွာသော သဒ္ဓမ္မသမ္မောသ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သာသနာတော်ကွယ်ပကြောင်း ငါးပါး, သာသနာတော်အစွန့်ရှည်ကြာတည်တံ့ကြောင်း ငါးပါးတို့ကို ထင်ရှားစွာ ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဌမသဒ္ဓမ္မသမ္မောသသုတ် ပြီး၏။

## ဒုတိယသဒ္ဓမ္မသမ္မောသသုတ်

ပု။ ။တတ္ထ ဝ အာဝုသော ပဉ္စမံ ဒုတိယသဒ္ဓမ္မသမ္မောသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိ။ ။တတ္ထ ဝ ဘန္တေ ပဉ္စမံ ဒုတိယသဒ္ဓမ္မသမ္မောသသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ န ပရိယာပုဏန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ။ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ" တိ ဝေမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသဒ္ဓမ္မဝဂ်၌ပင်လျှင် ငါးခုမြောက်ဖြစ်သော ဒုတိယ သဒ္ဓမ္မသမ္မောသ မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သောအခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသဒ္ဓမ္မဝဂ်၌ပင်လျှင် ငါးခုမြောက်ဖြစ်သော ဒုတိယသဒ္ဓမ္မသမ္မောသ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ။ပ။ သံဝတ္တန္တိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ငါးပါးသော အကြောင်းတရားတို့သည် ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာတော်သုံးရပ် ပျက်စီးခြင်း, ကွယ်ပခြင်း၏ အကြောင်းဖြစ်ကုန်၏။ ငါးပါးတို့ ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော်အရှင်သူမြတ်တို့သည် သုတ္တ,ဂေယျ အစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို လုံးဝ မသင်ကြားကြကုန်၊ ယင်းသို့ ရဟန်းတော်တို့ အင်္ဂါကိုးတန် ဓမ္မက္ခန်ကို မသင်ကြားခြင်းသည် ရှေးဦးစွာသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ကွယ်ပကြောင်းတရား ဖြစ်ချေသည်။

(၂) ချစ်သား ရဟန်းတို့....ထိုမှတပါး ရဟန်းတော်တို့သည် မိမိတို့ သင်ဘူး,မိမိတို့ကြားဘူးသော တရားစကားကို သူတပါးသို့အားအကျယ်အားဖြင့် မဟောကြားကြကုန်။ယင်းသို့ ရဟန်းတော်တို့ မိမိတို့သင်ဘူး,ကြားဘူးသော တရားစကားကို သူတပါးသို့အား အကျယ်တဝင့် မဟောကြားခြင်းသည် နှစ်ခုမြောက်ဖြစ်သော သာသနာတော်ကွယ်ပကြောင်းတရား ဖြစ်ချေသည်။

(၃) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော်သို့သည် မိမိတို့သင်ဘူး, မိမိတို့ ကြားဘူးသော တရားတော်ကို အကျယ်အားဖြင့် သူတပါးတို့အား မပို့ချကြကုန်။ ယင်းသို့ ရဟန်းတော်အရှင်သူမြတ်တို့ မိမိတို့သင်ဘူး, ကြားဘူးသော တရားကို သူတပါးတို့အား အကျယ်တဝင့် မပို့မချခြင်းသည်လည်း သုံးခုမြောက်ဖြစ်သော သာသနာတော်ကွယ်ပကြောင်းတရား ဖြစ်ချေသည်။

(၄) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်သူမြတ်တို့သည် မိမိတို့ သင်ဘူး, မိမိတို့ ကြားဘူးသော တရားကို အကျယ်တဝင့် ရွတ်ပြန်သရဇ္ဈာယ်ခြင်း အမှုကို မပြုကြကုန်။ ယင်းသို့ ရဟန်းတော်သို့ မိမိသို့ သင်ဘူး, ကြားဘူးသော တရားကို အကျယ်တဝင့် ရွတ်ပြန်သရဇ္ဈာယ်မှု မပြုခြင်းသည်လည်း လေးခုမြောက် ဖြစ်သော သာသနာတော်ကွယ်ပကြောင်းတရား ဖြစ်ချေသည်။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော်တို့သည် မိမိသို့သင်ဘူး, မိမိသို့ကြားဘူးသောတရားကို စိတ်ဖြင့် မကြံစည်, မဆင်ခြင်, မစဉ်းစားကုန်။ ယင်းသို့ ရဟန်းတော်တို့ မိမိတို့ သင်ဘူး, ကြားဘူးသောတရားကို စိတ်ဖြင့် မကြံစည်, မဆင်ခြင်, မစဉ်းစားခြင်းသည် ငါးခုမြောက်ဖြစ်သော သာသနာတော်ကွယ်ပကြောင်းတရား ဖြစ်ချေသည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးမျိုးသောတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ကွယ်ပခြင်းငှါ ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့....ထိုမှတပါး ငါးမျိုးသောတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အစွန့်ရှည်စွာ တည်ခြင်းငှါ, မပျောက်မပျက်ခြင်းငှါ,မကွယ်ပခြင်းငှါ ဖြစ်ကုန်၏။ ငါးမျိုးတို့ ဟူသည်မှာ—

(၁) ချစ်သား ရဟန်းတို့....ဤသာသနာတော်၌ ရဟန်းတော်တို့သည် သုတ္တ,ဂေယျအစရှိသော အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ကြားကြကုန်၏။ ချစ်သား ရဟန်းတို့.... ဤသို့ရဟန်းတော်တို့ အင်္ဂါကိုးတန် ဓမ္မက္ခန်ကို သင်ကြားခြင်းသည် ရှေးဦးစွာသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အစွန့်ရှည်စွာ တည်နိုင်ကြောင်း ကောင်းမြတ်သောတရား ဖြစ်ချေ၏။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတော်တို့သည် မိမိတို့ သင်ဘူး, မိမိတို့ ကြားဘူးသော တရားစကားကို သူတပါးတို့အား အကျယ်တဝင့် ဖွင့်ပြ ဟောကြားကြကုန်၏။ ယင်းသို့ ရဟန်းတော်တို့ မိမိတို့ သင်ဘူး, ကြားဘူးသော တရားကို သူတပါးတို့အား အကျယ်တဝင့် ဖွင့်ပြ ဟောကြားခြင်းသည် နှစ်ခုမြောက်ဖြစ်သော သာသနာတော် အစွန့်ရှည်စွာ တည်ကြောင်းတရား ဖြစ်ချေ၏။

(၃) ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတော်တို့သည် မိမိတို့ သင်ဘူး, မိမိတို့ကြားဘူးသော တရားတော်ကို သူတပါးတို့အား အကျယ် တဝင့်ပို့ချကြကုန်၏။ ယင်းသို့ ရဟန်းတော်တို့ မိမိတို့ သင်ဘူး,ကြားဘူးသော တရားကို သူတပါးတို့အား အကျယ်တဝင့် ပို့ချခြင်းသည် သုံးခုမြောက်ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အစွန့်ရှည်စွာ တည်ကြောင်း, မကွယ်ပကြောင်း ဖြစ်ချေ၏။

(၄) ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတော်တို့သည် မိမိတို့ သင်ဘူး, မိမိတို့ကြားဘူး သောတရားကို အကျယ်တဝင့် ရွတ်ပြန်သရဇ္ဈာယ် ကြကုန်၏။ယင်းသို့ ရဟန်းတော်တို့ မိမိတို့ သင်ဘူး, ကြားဘူးသော တရားကို အကျယ်တဝင့် ရွတ်ပြန် သရဇ္ဈာယ်ခြင်းသည်လည်း သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် မကွယ်ပကြောင်း လေးခုမြောက်ဖြစ်သော တရားကောင်း ဖြစ်ချေ၏။

(၅) ချစ်သား ရဟန်းတို့.... ထိုမှတပါး ရဟန်းတော်တို့သည် မိမိတို့ သင်ဘူး, မိမိတို့ ကြားဘူးသောတရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် စဉ်းစား ကြကုန်၏။ ယင်းသို့ ရဟန်းတော်တို့ မိမိတို့ သင်ဘူး, ကြားဘူးသော တရားကို စိတ်ဖြင့် အဖန်ဖန် စဉ်းစားခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာ တော်သုံးရပ် အခွန့်ရှည်စွာ တည်ကြောင်း, မကွယ်ပကြောင်း ငါးခုမြောက် ကောင်းမြတ်သော အကြောင်းတရား ဖြစ်ချေသည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသည့်အတိုင်း ရဟန်းတော်တို့ အင်္ဂါ ကိုးတန် ဓမ္မက္ခန်ကို သင်ခြင်း,မိမိတို့ ကြားသိသော တရားကို သူတပါးတို့အား အကျယ်ဟောခြင်း, မိမိတို့ကြားဘူးသောတရားကို သူတပါးတို့အား အကျယ် တဝင့် ပို့ချခြင်း, မိမိတို့ သင်ဘူး, ကြားဘူးသော တရားကို အကျယ်တဝင့် ရွတ်ပြန်သရဇ္ဈာယ်ခြင်း, မိမိတို့ သင်ဘူး, ကြားဘူးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် စဉ်းစားခြင်း ဤငါးပါးသော တရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် အခွန့်ရှည်စွာ တည်ခြင်းငှါရင်း, မပျောက်မပျက်ခြင်း ငှါရင်း, မကွယ်ပခြင်းငှါရင်း ဖြစ်ကုန်၏ဟု ဤဒုတိယသဒ္ဓမ္မသမ္မောသ အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာ အားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဒုတိယသဒ္ဓမ္မသမ္မောသသုတ် ပြီး၏။**

## တတိယသဒ္ဓမ္မသမ္မောသသုတ်

ပုစ္ဆာ။ ။တတ္ထ အာဝုသော ဆဋ္ဌံ တတိယသဒ္ဓမ္မသမ္မောသသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္ထ ဘန္တေ ဆဋ္ဌံ တတိယသဒ္ဓမ္မသမ္မောသသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ပဉ္စ၊ ဣဓ ဘိက္ခဝေ ဘိက္ခူ ဒုဂ္ဂဟိတံ သုတ္တန္တံ ပရိယာပုဏန္တိ ဒုန္နိက္ခိတ္တေဟိ ပဒဗျဉ္ဇနေဟိ။ ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ။ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတီ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသဒ္ဓမ္မဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော တတိယ သဒ္ဓမ္မသမ္မောသ မည်သော သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ် သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုသဒ္ဓမ္မဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော တတိယသဒ္ဓမ္မ- သမ္မောသအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို "ပဉ္စိမေ။ပ။သံဝတ္တန္တိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....ဤဆိုလတ္တံ့သော ငါးပါးသော အကြောင်းတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ပျက်စီးခြင်း, ကွယ်ပခြင်းငှါ ဖြစ်ကုန်၏။ ငါးပါးတို့ ဟူသည်မှာ အဘယ်သည်တို့နည်း။

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတို့သည် ချွတ် ချော်မှားယွင်းသော ပုဒ်တို့ဖြင့် ထိုထိုသုတ္တန်ကို သင်ကြားကြကုန်၏။ ချစ် သား ရဟန်းတို့....မကောင်းသဖြင့် ထားအပ်သော ချွတ်ချော် မှားယွင်းသော ပုဒ်၏အနက်သည်လည်း ချွတ်ချော်မှားယွင်းသော အနက်ပင်ဖြစ်ချေတော့၏။ ချွတ်ချော်မှားယွင်းသောပုဒ်ကြောင့် ချွတ်ချော်မှားယွင်းသော အနက်ကိုပင် လျှင် သိအပ်၏။ ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း ချွတ်ချော် မှားယွင်းသော ပုဒ်ဗျည်းတို့ဖြင့် သုတ္တန်တရားတော်တို့ကို သင်ကြားခြင်းသည် လည်း ရှေးဦးစွာသော သာသနာတော်ကွယ်ပကြောင်း မကောင်းသော တရားပင် ဖြစ်ချေ၏။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတို့သည် အပြောခက်, အဆိုခက် ဖြစ်ကြကုန်၏၊ အဆုံးမခက် ဖြစ်ကြ ကုန်၏၊ အဆုံးမခက်သောသူ၏ အဖြစ်ကို ပြုတတ်သော အကုသိုလ်တရားနှင့် ပြည့်စုံကြကုန်၏၊ မထေရ်ကြီးတို့က အဆုံးအမဩဝါဒ ပေးအပ်သည်ရှိသော် မခံယူကြကုန်၊ အဆုံးအမဩဝါဒကို ရိုသေစွာ ခံယူလေ့မရှိကြကုန်။ ချစ်သား ရဟန်းတို့....ယင်းသို့ ရဟန်းတော်တို့ အဆိုခက်, အဆုံးမခက်ခြင်းသည်လည်း နှစ်ခုမြောက်ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ကွယ်ပကြောင်း မကောင်းသော တရားပင် ဖြစ်ချေ၏။

(၃) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤသာသနာတော်၌ ဗဟုဿုတ အကြားအမြင်နှင့် ပြည့်စုံကြသော ရဟန်းတော်တို့သည် မိမိတို့ တတ်သိ လိမ်မာသော မြတ်စွာဘုရား၏ စကားတော်တို့ကို သူတပါးတို့အား အကျယ်

တဝင့် ပို့ချခြင်းအမှုကို မပြုကြကုန်။ ထိုဆရာတို့ ကွယ်လွန်လတ်သည်ရှိသော် ထိုဆရာတို့သာ ဆောင်ခဲ့သော မြတ်စွာဘုရား၏ စကားတော်အစဉ်သည် အမြစ်ပြတ်သည့်ပမာ တည်ရာမရှိပဲ ဖြစ်ချေတော့၏။ ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဗဟုသုတအကြားအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ မိမိတို့သိရှိသော မြတ်စွာဘုရား၏ စကားတော် အစဉ်တည်းဟူသော သုတ္တန်ကို သူတပါးတို့အား အကျယ်တဝင့်မပို့ချခြင်းသည်လည်း သုံးခုမြောက် ဖြစ်သော သာသနာတော်ကွယ်ပကြောင်းတရား ဖြစ်ချေ၏။

(၄) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤသာသနာတော်၌ မထေရ်ကြီး ဖြစ်ကုန်သော သူတို့သည် ပစ္စည်းလေးပါး များဘို့ရန် လုံ့လကြိုးကုတ် အား ထုတ်ကြရကုန်၏၊ သိက္ခာ သုံးပါး တရားကိုကား လျော့ပါးစွာ ကျင့်ကြံ ကြကုန်၏၊ အောက်သို့သက်စေတတ်သော နီဝရဏတရားတို့၌သာလျှင် ရှေ့ သွား ပြုကြကုန်၏၊ ပဝိဝေကတရား သုံးပါး၌ကား စွန့်ပစ်၍ ထားကြကုန်၏၊ ထိုမထေရ်ကြီးဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် မရသေး, မရောက်သေး, မျက် မှောက်မပြုရသေးသော ဈာန်မဂ်ဖိုလ်တရားကို ရဘို့,ရောက်ဘို့, မျက်မှောက် ပြုဘို့ရန် လုံ့လကြိုးကုတ် အားထုတ်မှု မရှိကြကုန်၊ ထိုမထေရ်ကြီးတို့၏ နောက် လိုက်ဖြစ်သော တပည့်အပေါင်းဘို့သည် ထိုမထေရ်ကြီးဘို့၏ အတုသို့ လိုက်ကြ ပြီးလျှင် ပစ္စည်းလေးပါးများဘို့ကိုသာလျှင် လုံ့လပြုကြကုန်၏၊ သိက္ခာသုံးပါး ကို လျော့လျော့ပါးပါး ကျင့်ကြံကြကုန်၏၊ ဩက္ကမနခေါ်သော အောက်ဘုံ သို့ သက်စေတတ်သည့် နီဝရဏတရားတို့၌သာလျှင် ရှေ့သွားပြုကြကုန်၏၊ ပဝိဝေကတရား သုံးပါးဘို့ကိုကား စွန့်ပစ်၍ ထားကြကုန်၏၊ ထို နောက် လိုက်တပည့်အပေါင်းသည်လည်း မရသေး, မရောက်သေး, မျက်မှောက်မပြု ရသေးသော မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရဘို့ရန်, ရောက်ဘို့ရန်, မျက်မှောက်ပြု ဘို့ရန် လုံ့လကြိုးကုတ် အားမထုတ်ကြချေ။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း မထေရ်ကြီးတို့က ပစ္စည်းလေးပါး ပေါများဘို့ရန် လုံ့လပြုခြင်း, သိက္ခာသုံးပါးကို ရော့ရော့ရဲရဲ ကျင့်ကြံခြင်း အစရှိသည်သည်လည်း သာသနာတော်ကွယ်ပကြောင်း လေးခု မြောက်ဖြစ်သော မကောင်းသော အကြောင်းတရားပင် ဖြစ်ချေ၏။

(၅) ချစ်သား ရဟန်းဘို့.... ထိုမှတပါး သံဃာတော်သည် သင်းကွဲ၍ နေပြားအံ့၊ သံဃာသင်းကွဲလတ်သည်ရှိသော် အချင်းချင်း ဆဲရေးခြင်း,

အချင်းချင်း ရေရှဘ်ခြင်း, အချင်းချင်း အပြစ်ဖို့၍ပြောဆိုခြင်း, အချင်းချင်း တပါးသည် တပါးကို စွန့်ပစ်ခြင်းတို့သည် ဤသာသနာတော်၌ ပေါ်ပေါက်၍ လာကုန်၏။ ချစ်သား ရဟန်းတို့.... ထိုသို့ ဖြစ်သည်ရှိသော် သာသနာတော်ဝယ် မကြည်ညိုသေးသော သူတို့လည်း မကြည်ညိုကြကုန်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့အနက် သဒ္ဓါတရားနုသော အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း စိတ်ဖောက်ပြန်စွာ သာသနာတော်၌သဒ္ဓါတရားပျက်စီးကြရကုန်၏။ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း သံဃာတော် သင်းကွဲခြင်းသည်လည်း ငါးခုမြောက်ဖြစ်သော သာသနာတော် ကွယ်ပကြောင်း မကောင်းသော အကြောင်းတရားပင် ဖြစ်ချေ၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးပါးသော အကြောင်းတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်၏ ပျက်စီးခြင်း, ကွယ်ပခြင်းငှါ ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့....ထိုမှတပါး ဤဆိုလတ္တံ့သော ငါးပါးသောတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ်၏ မပျက်စီးခြင်း,အစွန့်ရှည်စွာ တည်ခြင်း, မကွယ်ပခြင်းငှါ ဖြစ်ကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းတော်အရှင်မြတ်တို့သည် ကောင်းစွာ ပြင်ဆင် သုတ်သင်အပ်ပြီးဖြစ်သဖြင့် အမှားကင်းစင်သော ပုဒ်ဗျည်းတို့ဖြင့် မြတ်စွာဘုရား၏ တရားတော်သုတ္တန် ဓမ္မက္ခန်ကို သင်ယူကြကုန်၏။ချစ်သား ရဟန်းတို့....ကောင်းစွာ သုတ်သင်ပြင်ဆင်၍ ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်း၏ အနက်သည်း ကောင်းသော အနက်ကိုပင်လျှင် သိရ၏။ ချစ်သား ရဟန်းတို့....ဤသို့ ကောင်းစွာ သုတ်သင် ပြင်ဆင်ပြီးသော တရားတော်ကို ရဟန်းတော်တို့ သင်ယူခြင်းသည်လည်း ရှေးဦးစွာသော သာသနာတော်အစွန့်ရှည်ကြောင်း ကောင်းမြတ်သော အကြောင်းပင် ဖြစ်ချေ၏။

(၂) ချစ်သား ရဟန်းတို့.... ထိုမှတပါး ဤသာသနာတော်၌ ရဟန်းတော် အရှင်မြတ်တို့သည် ဆိုဆုံးမလွယ်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏၊ အဆုံးအမသြဝါဒ ပေးအပ်သည်ရှိသော် ဆိုဆုံးမလွယ်သောသူ၏ အဖြစ်ကို ပြုတတ်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်တို့ပီပီ အဆုံးအမသြဝါဒကို ရိုသေစွာ နာယူလေ့ရှိကြကုန်၏။ ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော

အတိုင်း ရဟန်းတော်တို့ ဆိုဆုံးမလွယ်ကူခြင်းသည်လည်း ဤသာသနာတော် သုံးရပ် အဓွန့်ရှည်စွာ တည်နိုင်ကြောင်း ကောင်းမြတ်သော ဒုတိယအကြောင်း ပင် ဖြစ်ချေတော့၏။

(၃) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤသာသနာတော်၌ ဗဟုဿုတ အကြားအမြင်နှင့် ပြည့်စုံကြသော ရဟန်းတော်တို့သည် မိမိတို့တတ်သိသော တရားဓမ္မက္ခန် သုတ္တန်ကို သူတပါးတို့အား အကျယ်တဝင့် ပို့ချဟောကြားကြ ကုန်၏။ ချစ်သား ရဟန်းတို့.... ထိုဆရာတို့ စုတိပြတ်ကြွေ ကွယ်လွန်လေသော် လည်း ထိုဘုရားဘော်အစဉ် သုတ္တန်ဓမ္မက္ခန် ဒေသနာတော်မြတ်သည် အမြစ် မပြတ်သည်ဖြစ်၍ ထောက်ရာ, တည်ရာ ရရှိနိုင်၏။ ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ဗဟုဿုတနှင့် ပြည့်စုံသော အရှင်သူမြတ်တို့ မိမိတို့ တတ်သိသော တရားဓမ္မက္ခန် သုတ္တန်ကို သူတပါးတို့အား ပို့ချခြင်းသည် လည်း သာသနာတော် အဓွန့်ရှည်စွာ တည်ကြောင်း ကောင်းမြတ်သော တတိယ အကြောင်းပင် ဖြစ်ချေတော့၏။

(၄) ချစ်သား ရဟန်းတို့....ထိုမှတပါး ဤသာသနာတော်၌ မထေရ်ကြီး ဖြစ်တော်မူကြသော ရဟန်းတော်တို့သည် ပစ္စည်းလေးပါး ပေါများဘို့ရန် အားမထုတ်ကြကုန်၊ သိက္ခာသုံးပါးကို ရော့ရော့ပါးပါး မကျင့်ကြံကြပဲ တင်းတင်းရင်းရင်း ကျင့်ကြံတော်မူကြကုန်၏၊ ဩက္ကမန အမည်ရသော အောက်အပါယ်သို့ လားစေတတ်သည့် နီဝရဏတရားတို့ကို ပယ်ရှားကြပြီးလျှင် ကာယ, စိတ္တ, ဥပဓိ တည်းဟူသော ဝိဝေကတရား သုံးပါးတို့၌ ရှေးရှု ပြု ဘော်မူကြကုန်၏၊ မရသေးသော,မရောက်သေးသော,မျက်မှောက်မပြုရသေး သော စျာန်မဂ်ဖိုလ်တရားကို ရဘို့,ရောက်ဘို့,မျက်မှောက်ဘို့ပြုရန် လုံ့လ ကြိုး ကုတ် အားထုတ်တော်မူကြကုန်၏။ ထိုမထေရ်ကြီးတို့၏ နောက်လိုက် တပည့် အပေါင်းသည်လည်း ထိုမထေရ်ကြီးတို့၏ ဒိဋ္ဌာနုဂတိ-အတုသို့ လိုက်ပြီးလျှင် ပစ္စည်းလေးပါးများဘို့ရန် အားမထုတ်ကြကုန်၊ သိက္ခာသုံးပါးကို ရော့ရော့ရဲရဲ မကျင့်ကြံပဲ တင်းတင်းရင်းရင်း ကျင့်ကြံကြပေကုန်၏၊ ဩက္ကမန အမည် ရသော နီဝရဏတရားတို့ကိုပယ်ရှား၍ ပဝိဝေကသုံးပါး သူတော်ကောင်းတရား ၌သာသျှင် ရှေ့သွားပြုကြပြီးလျှင် မရသေး,မရောက်သေး, မျက်မှောက်မပြုရ သေးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ရဘို့, ရောက်ဘို့, မျက်မှောက်ပြုဘို့ရန် အသို့ငှါ လုံ့လကြိုးကုတ် အားထုတ်ကြကုန်၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း မထေရ်ကြီးဖြစ်သော ရဟန်းတော်အရှင်သူမြတ်တို့ ပစ္စည်းလေးပါး များဘို့ရန် အားမထုတ်ခြင်း, သိက္ခာသုံးပါးကို တင်းတင်းရင်းရင်း ကျင့်ကြံခြင်း အစရှိသည်သည်လည်း လေးခုမြောက် ဖြစ်သော သာသနာတော် အဓွန့်ရှည်စွာ တည်ကြောင်း ကောင်းမြတ်သော အကြောင်းတရားပင် ဖြစ်ချေ၏။

(၅) ချစ်သား ရဟန်းတို့....ထိုမှတပါး သံဃာတော်သည် ညီညွတ်၍နေ၏။ သံဃာတော် ညီညွှတ်သည်ရှိသော် အချင်းချင်း ဆဲရေးခြင်း, အချင်းချင်း ရေရွတ်စကားပြောကြားခြင်း, အချင်းချင်း အပြစ်ဖို့စကား ပြောကြားခြင်း, အချင်းချင်း တပါးသည် တပါးကို စွန့်ပစ်ခြင်းတို့သည် မဖြစ်ကြကုန်၊ ယင်းသို့ မဖြစ်သည်ရှိသော် သာသနာတော်ဝယ် မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့ သည်လည်း ကြည်ညို၍ လာကြကုန်၏။ ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့သည် လည်း အတိုင်းထက်အလွန် ဤသာသနာတော်ကို ကြည်ညို၍လာကြကုန်၏။ ချစ်သား ရဟန်းဘို့.... ဤသို့ သံဃာတော်ညီညွတ်ခြင်း သံဃသာမဂ္ဂီသည် လည်း သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ကြောင်း ငါးခုမြောက် အကြောင်းပင် ဖြစ်ချေတော့၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း ရဟန်းတော်တို့ သုတ် သင် ပြင်ဆင်အပ်သဖြင့် မှန်ကန်ပြီးသော ပုဒ်ဗျည်းတို့ဖြင့် မြတ်စွာဘုရား၏ တရားဓမ္မက္ခန်ကို သင်ယူခြင်း, ရဟန်းတော်တို့ သိက္ခာသုံးပါးနှင့် စပ်၍ အဆုံးအမလွယ်ကူခြင်း, ရဟန်းတော်တို့ဘွင် ဗဟုဿုတများသော ပုဂ္ဂိုလ်တို့ မိမိဘို့ တတ်သိသော ဓမ္မက္ခန်သုတ္တန်ကို သူတပါးတို့အား အကျယ်တဝင့် ပို့ချခြင်း, မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်သူမြတ်တို့ ပစ္စည်းလေးရပ် ပေါများဘို့ရန် အားမထုတ်ပဲ သိက္ခာသုံးပါး မြတ်စွာဘုရား၏ တရားကို တင်းတင်းရင်းရင်း ကျင့်ကြံခြင်း, သံဃာတော်၏ ညီညွတ်ခြင်း ဤငါးပါးသော တရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာဘော်သုံးရပ်၏ မပျက်စီးခြင်းငှါရင်း, အဓွန့်ရှည်စွာ တည်ခြင်းငှါရင်း, မကွယ်ပခြင်းငှါရင်း ကောင်းမြတ်သော အကြောင်းတရား တို့ ဖြစ်ကြကုန်၏ ဟူ၍ ဤဘတိယသဒ္ဓမ္မသမ္မောသ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို သာသနာတော်ကွယ်ပကြောင်း ငါးပါး, သာသနာ တော် အဓွန့်ရှည်စွာဘည်ကြောင်း ငါးပါးဘို့ကို ထင်ရှားစွာဖော်ပြ၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**တတိယသဒ္ဓမ္မသမ္မောသသုတ် ပြီး၏။**

## ဒုက္ကထာသုတ်

ပုစ္ဆာ။ ။အင်္ဂုတ္တရနိကာယေ အာဝုသော ပဉ္စကနိပါတေ သဒ္ဓမ္မဝဂ္ဂေ သတ္တမံ ဒုက္ကထာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သဒ္ဓမ္မဝဂ္ဂေ ဘန္တေ သတ္တမံ ဒုက္ကထာသုတ္တံ "ပဉ္စန္နံ ဘိက္ခဝေ ပုဂ္ဂလာနံ ကထာ ဒုက္ကထာ ပုဂ္ဂလေ ပုဂ္ဂလံ ဥပနိဓာယ။ ကတမေသံ ပဉ္စန္နံ၊ အဿဒ္ဓဿ ဘိက္ခဝေ သဒ္ဓါကထာ ဒုက္ကထာ၊ ဒုဿီလဿ သီလကထာ ဒုက္ကထာ၊ အပ္ပဿုတဿ ဗာဟုသစ္စကထာ ဒုက္ကထာ၊ မစ္ဆရိဿ စာဂကထာ ဒုက္ကထာ၊ ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သဒ္ဓမ္မဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော ဒုက္ကထာသုတ္တန်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ သဒ္ဓမ္မဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော ဒုက္ကထာအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို "ပဉ္စန္နံ ဘိက္ခဝေ ပုဂ္ဂလာနံ ကထာ ဒုက္ကထာ ပုဂ္ဂလေ ပုဂ္ဂလံ ဥပနိဓာယ"အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ပုဂ္ဂိုလ်ကို ထောက်ဆပြီးလျှင် ငါးဦးသော ပုဂ္ဂိုလ်တို့အား ပြောကြားအပ်သော စကားသည် ကောင်းသော စကားပင် ဖြစ်သော်လည်း မကောင်းသောစကား ဖြစ်တော်၏။ အဘယ်ငါးဦးတို့နည်း ဟူမူကား—

(၁) ချစ်သား ရဟန်းတို့....သဒ္ဓါတရား ခေါင်းပါးသော ပုဂ္ဂိုလ်၏အထံဝယ် သဒ္ဓါတရားနှင့် စပ်သော စကားကို ပြောကြားခြင်း သည်လည်း မကောင်းသဖြင့် ပြောကြားအပ်သော ဒုက္ကထာပင် ဖြစ်တော့၏။

(၂) သီလမရှိသောပုဂ္ဂိုလ်၏ အထံ၌ သီလနှင့် စပ်သော စကားသည်လည်း မကောင်းသော ဒုက္ကထာပင် ဖြစ်တော့၏။

(၃) ဗဟုဿုတနည်းပါးသော ပုဂ္ဂိုလ်၏ အထံ၌ ဗဟုဿုတနှင့်စပ်သော စကားသည်လည်း မကောင်းသော, အကြားရခက်သော, အကြားရကပ်သော ဒုက္ကထာပင် ဖြစ်တော့၏။

(၄) ဝန်တိုစေးနှဲသောပုဂ္ဂိုလ်၏အထံ၌ စွန့်ကြဲခြင်းနှင့် ပတ်သက်သော စကားသည်လည်း မကောင်းသော ဒုက္ကထာပင် ဖြစ်တော့၏။

(၅) ပညာမဲ့သောပုဂ္ဂိုလ်၏ အထံ၌ ပညာနှင့်စပ်သော စကားသည် လည်း မကောင်းသော ဒုက္ကထာပင် ဖြစ်တော့၏။

ချစ်သား ရဟန်းတို့....အဘယ်သို့သော အကြောင်းကြောင့် သဒ္ဓါတရား မရှိသော ပုဂ္ဂိုလ်၏ အထံ၌ သဒ္ဓါတရားနှင့်စပ်သော စကား, သီလမရှိသော ပုဂ္ဂိုလ်၏အထံ၌ သီလနှင့်စပ်သောစကား, ဗဟုသုတမရှိသောပုဂ္ဂိုလ်၏အထံ၌ ဗဟုသုတနှင့် စပ်သောစကား, ဝန်တိုစေးနှဲ နှမြောသောပုဂ္ဂိုလ်၏ အထံ၌ စွန့်ကြဲခြင်းနှင့် စပ်သော စကား, ပညာမရှိသော ဒုပ္ပညပုဂ္ဂိုလ်၏ အထံ၌ ပညာနှင့် စပ်သောစကားသည် အကြားရခက်သော, မကောင်းသော စကား ဖြစ်သနည်း။

ချစ်သား ရဟန်းတို့.... ထိုသဒ္ဓါတရားမရှိသောပုဂ္ဂိုလ်, သီလမရှိသော ပုဂ္ဂိုလ်, ဗဟုသုတမရှိသောပုဂ္ဂိုလ်, ဝန်တိုစေးနှဲနှမြောသော ပုဂ္ဂိုလ်, ပညာ မရှိသော ပုဂ္ဂိုလ်တို့အား သဒ္ဓါတရားနှင့်စပ်သောစကား, သီလနှင့် စပ်သော စကား,ဗဟုသုတနှင့် စပ်သောစကား, စွန့်ကြဲခြင်းနှင့် စပ်သောစကား, ပညာ နှင့် စပ်သောစကားကို ကြားနာရခြင်းဟူသော အကြောင်းကြောင့် ပီတိ ပါမောဇ္ဇ-နှစ်သိုအားရမ်း ဝမ်းမြောက်ခြင်း မဖြစ်နိုင်။ သဒ္ဓါတရားနှင့် ပြည့်စုံ ခြင်း, သီလနှင့် ပြည့်စုံခြင်း, ဗဟုသုတနှင့် ပြည့်စုံခြင်း, စွန့်ကြဲခြင်းနှင့်ပြည့်စုံ ခြင်း, ပညာနှင့် ပြည့်စုံခြင်း ငါးမျိုးကို မိမိတို့၏ သန္တာန်၌ ထိုငါးဦးသော ပုဂ္ဂိုလ်တို့သည် မမြင်ကြကုန်။

ယင်းသို့ မမြင်ကြသောကြောင့် ထိုငါးဦးသော ပုဂ္ဂိုလ်တို့၏ အထံဝယ် သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်၏ အထံ၌ သဒ္ဓါတရားနှင့် စပ်သော စကားကို ပြောကြားခဲ့သော်ငြားး, သီလမရှိသော ပုဂ္ဂိုလ်၏ အထံ၌ သီလနှင့် စပ်သော စကားကို ပြောကြားခဲ့သော်ငြားး, ဗဟုသုတမရှိသော ပုဂ္ဂိုလ်၏ အထံ၌ ဗဟုသုတနှင့် စပ်သောစကားကို ပြောကြားခဲ့သော်ငြားး, ဝန်တိုစေးနှဲ နှမြော သော ပုဂ္ဂိုလ်၏ အထံ၌ ပေးကမ်းစွန့်ကြဲခြင်းနှင့်စပ်သော စကားကို ပြောကြားခဲ့သော်ငြားး, ပညာမရှိသော ပုဂ္ဂိုလ်၏အထံ၌ ပညာနှင့် စပ် သော စကားကို ပြောကြားခဲ့သော်ငြားး ထိုသဒ္ဓါတရား မရှိသောသူ, သီလ မရှိသောသူ, ဗဟုသုတနည်းပါးသောသူ, ဝန်တိုစေးနှဲသောသူ,ပညာမရှိသော

သူသည် ပြောသောပုဂ္ဂိုလ်၏ အပေါ် ဝယ် စွန်းငြိတတ်၏၊ အမျက်ထွက်တတ်၏၊ စိတ်နှလုံး ဖောက်ပြန်တတ်၏၊ အကျိတ်အခဲ ဒေါသ၏ အစွမ်းဖြင့် အမြဲပင် တည်ဘတ်၏၊ အမျက်ထွက်ခြင်း, ပြစ်မှားခြင်း, နှလုံးမသာယာခြင်းတို့ကို ထင်စွာပြုတတ်၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသော ငါးယောက်သော သဒ္ဓါတရား မရှိသောပုဂ္ဂိုလ်,သီလမရှိသောပုဂ္ဂိုလ်, ဗဟုသုတမရှိသောပုဂ္ဂိုလ်, ဝန်တိုစေးနှဲ နှမြောသောပုဂ္ဂိုလ်, ပညာမရှိသောပုဂ္ဂိုလ် ဤငါးဦးတို့၏အထံ၌ သဒ္ဓါနှင့် စပ်သော စကား,သီလနှင့် စပ်သောစကား,ဗဟုသုတနှင့်စပ်သောစကား,စွန့်ကြဲ ခြင်းနှင့် စပ်သောစကား, ပညာနှင့်စပ်သောစကား ငါးမျိုးတို့သည် ပုဂ္ဂိုလ်ကို ထောက်ဆ၍ အကြားရခက်သော စကားမျိုးပင် ဖြစ်တော့၏။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ဖြူစင်သော သုက္ကပက္ခအဘို့အားဖြင့် ငါးဦးသော ပုဂ္ဂိုလ်တို့၏ အထံ၌ ပုဂ္ဂိုလ်၏ အချိုးအစားကို ထောက်ထားပြီး လျှင် ငါးပါးသော စကားသည် ကောင်းသော စကား, ကြား၍ တင်းမတိမ် မရောင့်ရဲနိုင်သော စကားပင် ဖြစ်တော့၏။ အဘယ်ပုဂ္ဂိုလ်ငါးမျိုးတို့နည်း ဟူမူကား—

(၁) ချစ်သား ရဟန်းဘို့.... သဒ္ဓါတရားရှိသောပုဂ္ဂိုလ်၏အထံ၌ သဒ္ဓါ တရားနှင့် စပ်သော စကားသည် ကြား၍ ကောင်းသော တင်းမတိမ်မရောင့်ရဲ နိုင်သော စကားပင် ဖြစ်တော့၏။

(၂) သီလရှိသော ပုဂ္ဂိုလ်၏ အထံ၌ သီလနှင့်စပ်သော စကား။

(၃) ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အထံ၌ ဗဟုသုတနှင့် စပ်သောစကား။

(၄) ဝန်မတို မစေးနှဲ စွန့်ကြဲခြင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အထံ၌ စာဂနှင့် စပ်သောစကား။

(၅) ပညာရှိသော ပုဂ္ဂိုလ်၏ အထံ၌ ပညာနှင့် စပ်သောစကားသည် ကြား၍ ကောင်းသော, တင်းမတိမ် အားမရနိုင်သော ကောင်းမြတ်သော စကားပင် ဖြစ်တော့၏။

ချစ်သား ရဟန်းတို့....အဘယ့်ကြောင့် သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်၏ အထံ၌ သဒ္ဓါတရားနှင့် စပ်သော စကား, သီလရှိသောပုဂ္ဂိုလ်၏ အထံ၌

သီလနှင့်စပ်သောစကား, ဗဟုဿုတရှိသော ပုဂ္ဂိုလ်၏ အထံ၌ ဗဟုဿုတနှင့် စပ်သောစကား,ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း ရှိသော ပုဂ္ဂိုလ်၏ အထံ၌စာဂ နှင့် ပတ်သက်သောစကား, ပညာရှိ၏ အထံ၌ ပညာနှင့် စပ်သော စကား ဤ စကား ငါးမျိုးတို့သည် ကောင်းသောစကား, အပြစ်မရှိသော စကား, ကြား၍ မရောင့်ရဲ တင်းမတိမ်နိုင်သော စကားမျိုး ဖြစ်ရသနည်း။

ချစ်သား ရဟန်းတို့.... ထို သဒ္ဓါတရားရှိသောပုဂ္ဂိုလ်။ပ။ပညာရှိသော ပုဂ္ဂိုလ်တို့သည် ထိုသဒ္ဓါတရားနှင့်စပ်သော စကား။ပ။ပညာနှင့်စပ်သောစကား တို့ကို ကြားရသည်ရှိသော် မိမိတို့သန္တာန်၌ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။ပ။ ပညာနှင့် ပြည့်စုံခြင်းဘို့ကို ဒိဋ္ဌထင်ထင် တွေ့မြင်ရသဖြင့် လွန်စွာ နှစ်လို အားရမ်း ဝမ်းမြောက်ကြ၏။

သို့ရကား သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အထံ၌ သဒ္ဓါတရားနှင့် စပ်သော စကား။ပ။ပညာရှိသော ပုဂ္ဂိုလ်၏ အထံ၌ ပညာနှင့်စပ်သောစကား များသည် ကောင်းသောစကား, အပြစ်မရှိသောစကား, ကြား၍ မရောင့်ရဲ တင်းမတိမ်နိုင်သော စကားတို့ ဖြစ်ရသည်။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း ငါးဦးသော ပုဂ္ဂိုလ် တို့၏ အထံ၌ ငါးမျိုးသောစကားတို့သည် ပုဂ္ဂိုလ်၏ ကောင်းသောဂုဏ်ကို ထောက်ဆ၍ ကောင်းသောစကား, အပြစ်မရှိသောစကား, ကြား၍ မရောင့်ရဲ တင်းမတိမ်နိုင်သော စကားပင် ဖြစ်တော့သည်ဟု ဤဒုက္ကထာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

**ဒုက္ကထာသုတ် ပြီး၏။**

---

## ဥဒါယီသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော နဝမံ ဥဒါယိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ အာယသ္မန္တံ ဥဒါယိံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ ဥဒါယီ မဟတိယာ ဂိဟိပရိသာယ

ပရိဝုတော ဓမ္မံ ဒေသေန္တော နိသိန္နော ဟောတိ။ အဒ္ဒသာ ခေါ အာယသ္မာ အာနန္ဒော အာယသ္မန္တံ ဥဒါယိံ မဟတိယာ ဂိဟိပရိသာယ ပရိဝုတံ ဓမ္မံ ဒေသေန္တံ နိသိန္နံ။ ဒိသွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ "အာယသ္မာ ဘန္တေ ဥဒါယီ မဟတိယာ ဂိဟိပရိသာယ ပရိဝုတော ဓမ္မံ ဒေသေတီ"တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ "န ခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ၊ ပရေသံ အာနန္ဒ ဓမ္မံ ဒေသေန္တေန ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ဥပဋ္ဌာပေတွာ ပရေသံ ဓမ္မော ဒေသေတဗ္ဗော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုသဒ္ဓမ္မဝင်္ဂ၌ပင်လျှင် ကိုးခုမြောက်ဖြစ်သော ဥဒါယီသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သောအကြောင်းအဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသမ္ဗီပြည်အရပ်ဝယ် အရှင်ဥဒါယီကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်။

သဗ္ဗညုမြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူလတ်သောအခါ အရှင်ဥဒါယီမထေရ်သည် များစွာသော လူပရိသတ်ခြံရံလျက် တရားကို ဟောကြားတော်မူ၍ နေထိုင်ဆဲ ဖြစ်ပါသည်။

ထိုအခါ အရှင်အာနန္ဒာမထေရ်သူမြတ်သည် အရှင်ဥဒါယီမထေရ်ကို များစွာသော လူပရိသတ်အပေါင်း ခြံရံပြီး တရားဟောတော်မူလျက် နေသည်ကို မြင်တော်မူလတ်၍ သဗ္ဗညုမြတ်စွာဘုရားထံမှောက် သွားရောက်ကာ ရိုသေစွာ ညွတ်လျှိုး ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ် လျောက်ပတ်သော အရပ်၌ ထိုင်နေလျက်—

အာယသ္မာ ဘန္တေ ဥဒါယီ မဟတိယာ ဂိဟိပရိသာယ ပရိဝုတော ဓမ္မံ ဒေသေတိ။

ဘုန်းတော်ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား.... အရှင်ဥဒါယီ သည် ယခုအခါ များစွာသော လူပရိသတ်အပေါင်းခြံရံလျက် တရားကို ဟော၍ နေပါသည်ဟု လျှောက်ထားလတ်ပါသည်။

ထိုသို့ အရှင်အာနန္ဒာမထေရ်၏ လျှောက်ထားခြင်းဟူသော အကြောင်း အဠုပ္ပတ္တိကြောင့် သဗ္ဗညုမြတ်စွာဘုရားက "န ခေါ အာနန္ဒ သုကရံ ပရေသံ ဓမ္မံ ဒေသေတုံ" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ....သူတပါးတို့အား တရားဟောရခြင်းသည် လွယ်ကူသောအလုပ် မဟုတ်ချေ။

ချစ်သား အနန္ဒာ.... သူတပါးတို့အား တရားဟောသောပုဂ္ဂိုလ်သည် ငါးပါးသောတရားတို့ကို မိမိသန္တာန်၌ ထားပြီးမှ သူတပါးတို့အား တရားကို ဟောအပ်၏၊ ဟောသင့်၏၊ ဟောရမည်။အဘယ်ငါးပါးတို့နည်းဟူမူကား—

(၁) ချစ်သား အာနန္ဒာ.... အနုပုဗ္ဗိကထာ ခေါ်သော ဒါနကထာ, သီလကထာ,သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ အစရှိသော တရားဟောရိုး ကထာစဉ်အတိုင်း ငါသည် ဟောကြားအံ့ ဟု နှလုံးသွင်းပြီးလျှင် သူတပါးတို့အား တရားဟောရမည်။

(၂) ပရိယာယဒဿာဝီ- ထိုထို ခဲခက်သော အနက် အဓိပ္ပါယ်ဝယ် တရားနာပရိသတ်တို့ သိရှိနိုင်လောက်သော အကြောင်းကို မြင်စေ၍ သိနိုင်လောက်သော အကြောင်းကို ဖော်ပြ၍ တရားကို ဟောအံ့ဟု နှလုံးသွင်းပြီးလျှင် သူတပါးတို့အား တရားဟောရမည်။

(၃) သူတပါးတို့အား သနားခြင်း ကရုဏာကို အစွဲပြု၍ ကရုဏာကို ရှေ့သွား၍ တရားကို ဟောအံ့ဟု နှလုံးသွင်းပြီးလျှင် တရားကို ဟောရမည်။

(၄) လာဘ်လာဘ ပူဇော် သက္ကာရ အာမိသကို မြော်ကိုးသောစိတ် မရှိသည်ဖြစ်၍ တရားကို ဟောကြားရမည်။

(၅) မိမိကိုယ်ကို မြှောက်ပင့်ခြင်း, သူတပါးကို နှိမ့်ချခြင်း တည်းဟူသော မိမိ,သူတပါး နှစ်ဦးသားအား ထိပါးမှု လုံးဝ မရှိစေမူ၍ တရားကို ငါ ဟောကြားအံ့ဟု နှလုံးသွင်းပြီးလျှင် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ဘုရားစကားကို ဟောကြားရမည်။

ချစ်သား အာနန္ဒာ.... သူတပါးတို့အား တရားဟောသော အလုပ်သည် လွယ်ကူသောအလုပ် မဟုတ်ချေ။ ချစ်သား အာနန္ဒာ.... သူတပါးတို့အား တရားဟောသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသောအတိုင်း အစဉ်အတိုင်းသော ဓမ္မကထာကို ဟောပြောခြင်း, တရားနာပရိသတ်တို့ သိလောက်သော အကြောင်းကို မြင်စေ၍ ဖော်ပြ၍ တရားဟောခြင်း, တရားနာပရိသတ်ကို ကရုဏာရှေ့ထား၍ တရားဟောခြင်း, အာမိသကို မျှော်ခေါ်သောစိတ် မရှိမူ၍ တရားဟောခြင်း, မိမိ-သူတပါး နှစ်ဦးသားကို မထိပါးမူ၍ တရားဟောခြင်း ဤငါးပါးသော တရားတို့ကို မိမိ၏ အဇ္ဈတ္တသန္တာန်၌ ထားပြီးမှ သူတပါးတို့အား တရားဟောရမည်ဟု ဤဥဒါယီအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အရှင် ဥဒါယီ မထေရ်သူမြတ်ကို အကြောင်းပြု၍ ကောသမ္ဗီပြည်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဥဒါယီသုတ် ပြီး၏။**

---

## အာဃာတဝဂ်

## ပဌမအာဃာတပဋိဝိနယသုတ်

ပုစ္ဆာ။ ။အာဃာတဝဂ္ဂေ ပန အာဝုသော ပဌမံ အာဃာတပဋိဝိနယသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အာဃာတဝဂ္ဂေ ဘန္တေ ပဌမံ အာဃာတပဋိဝိနယသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာဃာတပဋိဝိနယာ၊ ယတ္ထ ဘိက္ခုနော ဥပ္ပန္နော အာဃာတော သဗ္ဗသော ပဋိဝိနေတဗ္ဗော။ ကတမေ ပဉ္စ၊ ယသ္မိံ ဘိက္ခဝေ ပုဂ္ဂလေ အာဃာတော ဇာယေထ၊ မေတ္တာ တသ္မိံ ပုဂ္ဂလေ ဘာဝေတဗ္ဗာ၊ ဧဝံ တသ္မိံ ပုဂ္ဂလေ အာဃာတော ပဋိဝိနေတဗ္ဗော"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။အာဃာတဝဂ်၌ ရှေးဦးစွာသော အာဃာတပဋိဝိနယမည်သော သုတ္တန်ဘုရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အာဃာတဝဂ်၌ ရှေးဦးစွာသော အာဃာတပဋိဝိနယ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို "ပဥ္စိမေ ဘိက္ခဝေ။ပ။ပဋိဝိနေ-တဗ္ဗော" အစရှိသည်ဖြင့် မျက်ကြုတ်ကိုးတန် ရန်ငြိုးဖွဲ့ခြင်း ကိုးမျိုးတို့ကို ငြိမ်းအေးစေကြောင်း ကောင်းမြတ်သောတရားတို့သည် ငါးပါးတို့ ရှိကုန်၏။ ယင်း မျက်ကြုတ်ကိုးတန် ရန်ငြိုးဖွဲ့ခြင်း ငြိမ်းအေးကြောင်းတရား ငါးပါး အာရုံ၌ ရဟန်းတော်သည် မိမိသန္တာန်၌ ဖြစ်ပေါ်သော ရန်ငြိုးတရားကို အကြွင်းမဲ့ ပယ်ဖျောက်ရမည်။ ငါးပါးသော အာရုံ အကြောင်းတရားတို့ ဟူသည်မှာ——

(၁) ချစ်သား ရဟန်းတို့.... အကြင်ပုဂ္ဂိုလ်၌ ရန်ငြိုးဖွဲ့မှုသည် ဖြစ်ပေါ်၏၊ ထိုပုဂ္ဂိုလ်အပေါ်၌ မေတ္တာဘာဝနာကို အပွနာချဉ်ပေါက် ပွါးများရမည်၊ ဤသို့ မေတ္တာဘာဝနာကို ပွါးများခြင်းဖြင့် ထိုရန်ငြိုးဖွဲ့ ခံရသော ပုဂ္ဂိုလ်၏ အပေါ်၌ ဖြစ်ပေါ်သော ရန်ငြိုးတရားကို ပယ်ဖျောက်ရမည်။

(၂) ချစ်သား ရဟန်းတို့....အကြင်ပုဂ္ဂိုလ်အပေါ်၌ ဒေါသတရား ဖြစ်ပွါးငြားအံ့၊ထိုပုဂ္ဂိုလ်အပေါ်၌ ကရုဏာဘာဝနာကို အပွနာချဉ်ပေါက်ရောက်သည့်တိုင်အောင် ပွါးများရမည်။ ဤနည်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ဖြစ်ပေါ်သော ရန်ငြိုးကို အကြွင်းမဲ့ ငြိမ်းစေရမည်။

(၃) ချစ်သား ရဟန်းတို့....အကြင်ပုဂ္ဂိုလ် အပေါ်၌ ရန်ငြိုးတရား ဖြစ်ပေါ်၏၊ ထိုပုဂ္ဂိုလ်အပေါ်၌ ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် ဥပေက္ခာ ဗြဟ္မစိုရ် တရားကို အပွနာချဉ်ပေါက် ပွါးများအပ်၏၊ ပွါးများရမည်။ ဤနည်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ဖြစ်ပေါ်သော ရန်ငြိုးတရားကို ပယ်ဖျောက်အပ်၏၊ ငြိမ်းစေအပ်၏။

(၄) ချစ်သား ရဟန်းတို့.... အကြင်ပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးတရား ဒေါသတရား ဖြစ်ပွါး၏၊ ထိုပုဂ္ဂိုလ်၏ အပေါ်၌ နှလုံးမသွင်းခြင်း, သတိမမူခြင်း, ထိုပုဂ္ဂိုလ်ကို တောင်ကြီး နံရံကြီးနှင့် ခြား၍ ထားသည့်ပမာ အမှတ်မရအောင် သတိမမူခြင်း, နှလုံးမသွင်းခြင်းသို့ ရောက်အပ်၏၊ ရောက်ရမည်။ ယင်းသို့ နှလုံးမသွင်းခြင်း, သတိမမူခြင်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ဖြစ်သော ရန်ငြိုး တရားကို ပယ်ရှားအပ်၏၊ ငြိမ်းစေအပ်၏။

(၅) ချစ်သား ရဟန်းတို့.... အကြင်ပုဂ္ဂိုလ်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်း အမျက် ဒေါသတရား ဖြစ်ပေါ်၏၊ ထိုပုဂ္ဂိုလ်အပေါ်၌ ဤအရှင်သည်ကား ကံ

သာလျှင် မိမိဥစ္စာရှိ၏၊ ကံသာလျှင် အမွေခံရှိ၏၊ ကံသာလျှင် အကြောင်းရင်း ရှိ၏၊ ကံသာလျှင် ဆွေမျိုးရှိ၏၊ ကံသာလျှင် ပုန်းအောင်း လည်းလျောင်း ရာရှိ၏၊ အကြင်ကောင်းမှု မကောင်းမှုကံကို ဤအရှင်သည် ပြုလုပ်ငြားအံ့၊ ထိုအရှင်ပြုလုပ်သော ကောင်းမှု မကောင်းမှု ကံ၏ အကျိုးဝိပါက်ကို ထို အရှင်သည်ပင် ခံစံရလိမ့်မည်ဟု ထိုရန်ငြိုးဖွဲ့ခံရသော ပုဂ္ဂိုလ်၏ အပေါ်၌ ကမ္မဿကတာ- ကံသာလျှင် သူ့ဥစ္စာရှိကြောင်းကို ဆင်ခြင်အပ်၏၊ ဆောက်တည်အပ်၏။

ချစ်သား ရဟန်းတို့.... ဤနည်းဖြင့် ထိုပုဂ္ဂိုလ်အပေါ်၌ ဖြစ်ပေါ်လာ သော ရန်ငြိုးတရားကို ပယ်ရှားရမည်၊ ငြိမ်းစေရမည်။

ချစ်သား ရဟန်းတို့.... ရန်ငြိုးကို ပယ်ဖြတ်ကြောင်း,ရန်ငြိုးကို ငြိမ်းစေ ကြောင်း ကောင်းမြတ်သော တရားတို့သည်ကား ဤဆိုအပ်ပြီးသောအတိုင်း မေတ္တာဘာဝနာကို ပွါးများခြင်း, ကရုဏာဘာဝနာကို ပွါးများခြင်း, ဥပေက္ခာ ဘာဝနာကို ပွါးများခြင်း, ထိုပုဂ္ဂိုလ်အပေါ်၌ နှလုံးမသွင်းခြင်း, ထိုပုဂ္ဂိုလ်၏ ကံသာလျှင် မိမိဥစ္စာရှိကြောင်း မိမိကံ၏ အမွေကို မိမိသည်ပင် ခံပေစိမ့်မည်ဟု ဆင်ခြင်ခြင်း ဤငါးပါးသောတရားတို့သည် ရန်ငြိုးကို ပယ်ဖျောက်ကြောင်း, ရန်ငြိုးကို ငြိမ်းစေကြောင်း ကောင်းမြတ်သော တရားတို့ ဖြစ်သည်ဟု ရန်ငြိုး ပျောက်ကြောင်း ကောင်းမြတ်သော တရားငါးပါးတို့ကို ဖော်ပြရာဖြစ်သော ဤအာဃာတပဋိဝိနယအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက် ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြား တော်မူအပ်ပါသည် အရှင်ဘုရား။

**ပဌမအာဃာတပဋိဝိနယသုတ် ပြီး၏။**

---

## ဥပါသကဝဂ်

### စင်္ကာလသုတ်

ပုစ္ဆာ။ ။ဥပါသကဝဂ္ဂေ ပန အာဝုသော ပဌမံ စင်္ကာလသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥပါသကဝဂ္ဂေ ဘန္တေ ပဌမံ စင်္ကာလသုတ္တံ "ပဥ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော

စ ဟောတိ ဥပါသကမလဉ္စ ဥပါသကပတိကုဋ္ဌော စာ”တိ ဧဝ-
မာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဥပါသကဝဂ်၌ ငါးခုမြောက် ဖြစ်သော စဏ္ဍာလသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာဒဿားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဥပါသကဝဂ်၌ ငါးခုမြောက်ဖြစ်သော စဏ္ဍာလအမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို “ပဉ္စဟိ။ပ။ ပတိကုဋ္ဌော စ”အစရှိသည်ဖြင့်—

ချစ်ကား ရဟန်းတို့....ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော သရဏဂုံတည် ဥပါသကာသည် ကြမ်းတမ်းသော ဥပါသကစဏ္ဍာလ, အညစ်အကြေးဘို့ဖြင့်လိမ်းကျံသော ဥပါသကမလ,ယုတ်ညံ့၍ အောက်တန်းကျသော ဥပါသကပဘိကုဋ္ဌ ဖြစ်တော့၏။ အဘယ်ငါးပါးတို့နည်း ဟူမူကား—

ချစ်သား ရဟန်းတို့....ဤလောက၌ သရဏဂုံဆောက်တည်သူဥပါသကာသည် သဒ္ဓါတရားလည်း မရှိ၊ သီလတရားလည်း မရှိ၊ ဒိဋ္ဌ, သုတ, မုတ တည်းဟူသော မင်္ဂလာတရားတို့ကို လိုက်စားလေ့ရှိ၏၊ ထိုမင်္ဂလာ တရားတို့ကိုသာ ယုံကြည်၍ ကံတရားကိုကား မယုံကြည် မရှုမြော်၊ ဤသာသနာတော်မှ ပြင်ပဝယ် မြတ်သောအလှူကိုခံထိုက်သော ဒက္ခိဏေယျ ပုဂ္ဂိုလ်ကိုလည်း ရှာမှီး၏၊ ထိုသာသနာပြင်ပ ဗာဟိရကသာသနာ၌ ပုဗ္ဗကာရ အမည်ရသော ကောင်းမှု ကုသိုလ်အလှူဒါနကိုလည်း ပေးလှူ၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း သဒ္ဓါတရားမရှိခြင်း, သီလမရှိခြင်း,ဒိဋ္ဌ-သုတ-မုတ မင်္ဂလာကို လိုက်စားခြင်း,ထိုမင်္ဂလာကို အမြတ်တနိုး ယုံကြည်၍ ကံကို မယုံကြည်ခြင်း, သာသနာပြင်ပ ဗာဟိရက၌ မြတ်သောအလှူခံပုဂ္ဂိုလ်ကို ရှာမှီး၍ ထိုသာသနာပြင်ပ၌သာလျှင် လှူဒါန်းခြင်း မြတ်နိုးခြင်းအမှုကို ပြုခြင်း ဤငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော သရဏဂုံခံယူသူ ဥပါသကာသည် ကြမ်းတမ်းသော ဥပါသကစဏ္ဍာလ, အညစ်အကြေး လိမ်းကျံသော ဥပါသကမလ, ယုတ်ညံ့၍အောက်တန်းကျသော ဥပါသကပဘိကုဋ္ဌ မည်တော့၏။

ချစ်သား ရဟန်းတို့....အင်္ဂါငါးပါး တရားကောင်းနှင့်ပြည့်စုံသော ရတနာ သုံးပါး သရဏဂုံသုံးရပ်ကို ခံယူဆောက်တည်သော ဥပါသကာသည်

နှစ်သက်ဖွယ်ကိုဖြစ်စေတတ်သော ဥပါသကရတန, ပဒုမာကြာပန်း ပုဏ္ဍရိက ကြာပန်းတို့ အတူ ကောင်းခြင်းရနံ့လှိုင်ကြုသော ဥပါသကပဒုမ, ဥပါသက-ပုဏ္ဍရိက မည်တော့၏။ ငါးပါးတို့ ယူသည်မှာ——

(၁) သဒ္ဓါတရားနှင့် ပြည့်စုံခြင်း တပါး။

(၂) သီလတရားနှင့် ပြည့်စုံခြင်း တပါး။

(၃) ဒိဋ္ဌ, သုတ, မုတ တည်းဟူသော မင်္ဂလာတို့ကို မလိုက်စားခြင်း တပါး။

(၄) ထိုမင်္ဂလာဘို့ကို မယုံကြည်ပဲ မိမိပြုအပ်သော ကောင်းမှု, မကောင်းမှု ကံကိုသာလျှင် အနှစ်သာရအားဖြင့် ယုံကြည်ခြင်း တပါး။

(၅) ဤသာသနာတော်ပြင်ပ ဗာဟိရက၌ မြတ်သောအလှူခံပုဂ္ဂိုလ်ကို ရှိအံ့နိုးနိုး မမြှော်ကိုးပဲ ဤသာသနာတော်၌သာလျှင် အလှူလက်ဦး ပေးလှူခြင်း တပါး။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော ငါးပါးသောအင်္ဂါ, ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော သရဏဂုံခံယူသူ ဥပါသကာသည် နှစ်သက်ခြင်းကို ဖြစ်စေတတ်သည့် ရတနာနှင့် တူသော ဥပါသကရတန, ပဒုမာကြာပန်း ပုဏ္ဍရိက်ကြာပန်းတို့ အတူ ကောင်းသတင်းရနံ့ လှိုင်ကြု သော ဥပါသကပဒုမ, ဥပါသကပုဏ္ဍရိက ဖြစ်ပေတော့၏ဟု ဤစဏ္ဍာလ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို ဥပါသကစဏ္ဍာလမည်ကြောင်း ငါးပါး, ဥပါသကရတန မည်ကြောင်း ငါးပါးတို့ကို ထင်စွာဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**စဏ္ဍာလသုတ် ပြီး၏။**

---

## ပီတိသုတ်

ပုစ္ဆာ။ ။တတ္ထဝ အာဝုသော ဆဋ္ဌံ ပီတိသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကထစ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဆဋ္ဌံ ဘန္တေ ပီတိသုတ္တံ သာဝတ္ထိယံ အနာထပိဏ္ဍိကံ ဂဟပတိံ အာရဗ္ဘ "တုမှေ ခေါ ဂဟပတိ ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတာ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာ-

ရေန။ န ခေါ ဂဟပတိ တာဝတကေနေဝ တုဋ္ဌိ ကရဏီယာ "မယံ ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတာ စီဝရပိဏ္ဍပါတသေနာသန-ဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရေနာ"တိ။ တသ္မာတိဟ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ "ကိန္တိ မယံ ကာလေန ကာလံ ပဝိဝေကံ ပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဥပါသကဝဂ်၌ပင်လျှင် ခြောက်ခုမြောက်ဖြစ်သော ပီတိသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူအပ်ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဥပါသကဝဂ်၌ ခြောက်ခုမြောက် ဖြစ်သော ပီတိသုတ်မည်သော တရားဒေသနာတော်ကို သာဝတ္ထိပြည်အရပ်ဝယ် ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ကြီးမြတ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းမွေလျော် သီတင်းသုံးနေတော်မူသောအခါ ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးသည် ငါးရာမျှအတိုင်းအရှည်ရှိသော ဥပါသကာ ဒါယကာတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ ဘုရားထံမှောက် သွားရောက်ဝပ်လျှိုး ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို "တုမှေ ခေါ ဂဟပတိ ဘိက္ခုသံဃံ ပစ္စုပဋ္ဌိတာ" အစရှိသည်ဖြင့်—

အနာထပိဏ်သူဌေး....အသင်တို့သည် ရဟန်းသံဃာတော် အပေါင်းကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် အမြဲတစေ ပြုရပါပေကုန်၏။

အနာထပိဏ်သူဌေး "ငါတို့သည် ရဟန်းသံဃာတော် အပေါင်းကို ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးရကုန်၏"ဟု ဤရွေ့ဤမျှဖြင့် ရောင့်ရဲခြင်း, တင်းတိမ်ခြင်းကို မပြုအပ်။

သို့ရကား အနာထပိဏ်သူဌေး.... ဤဆိုလတ္တံ့သော အခြင်းအရာဖြင့် သင်တို့သည် လိုက်နာ ကြိုးကုတ် ကျင့်ကြံ အားထုတ်သင့်၏။ "ငါတို့သည် အဘယ်သို့သောအခြင်းအရာဖြင့် ရံခါ ရံခါ ပဝိဝေကအမည်ရသော ပဌမစျာန် ဒုတိယစျာန်ကို မိမိသန္တာန်၌ ပြည့်စုံစေ၍, ရောက်စေ၍ နေရကုန်အံ့နည်း" ဟု အသင်တို့သည် လိုက်နာ ကျင့်ကြံ ကြိုးကုတ် အားထုတ်သင့်လှတော့၏ဟု သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူလတ်သည်တွင် တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သူမြတ်က "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ သုဘာသိတံ စိဒံ ဘဂဝတာ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အံ့ဘွယ်ရှိပါပေစွ၊ မဖြစ်စဘူး အထူးဖြစ်ပါပေစွ။ ဘုန်းတော်ကြီးမြတ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို အနာထပိဏ်သူဌေး...."အသင်တို့ သည် ရဟန်းသံဃာအပေါင်းကို ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးနဲ့ကြကုန် သည် မှန်ကုန်၏။ အနာထပိဏ်သူဌေး....အသင်တို့သည် 'ရဟန်းသံဃာကို ငါတို့သည် ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးရကုန်သည်' ဟု ဤမျှ ဤမျှ ဖြင့် ရောင့်ရဲတင်းတိမ်မှုကို မပြုကြလင့်။ သို့ရကား အနာထပိဏ်သူဌေး.... အသင်တို့သည် 'ငါတို့သည် ဘယ်သို့သော အခြင်းအရာဖြင့် ရံဖန်ရံခါ ပဌမစျာန် ဒုတိယစျာန်နှင့်ယှဉ်သော ပဝိဝေက ပီတိတရားကို မိမိတို့သန္တာန်၌ ရောက် စေ,ပြည့်စုံစေ၍ နေရကုန်အံ့နည်း' ဟူ၍ ပဌမစျာန် ဒုတိယစျာန် တည်းဟူ သော ပဝိဝေက ပီတိတရားကို ရအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမည်" ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်သည် အပြစ် ကင်းစင်၍ သုဘာသိတဂုဏ်မြောက် ကောင်းမြတ်သော စကားတော် ဖြစ်ပါ တော့သည်။

ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... အကြင်အခါ၌ ရှင်တော်ဘုရား၏ တပည့်သား သာဝကသည် ပဝိဝေက အမည်ရှိသော ပဌမ စျာန် ဒုတိယစျာန်နှင့် ယှဉ်သော ပီတိတရားကို မိမိသန္တာန်၌ ပြည့်စုံစေ၍ နေပါ၏၊ ထိုသို့ ပဌမစျာန် ဒုတိယစျာန်ကို ဝင်စား၍ မိမိသန္တာန်၌ ပြည့်စုံစေ၍ နေသော အရိယသာဝက၏ သန္တာန်ဝယ်—

(၁) အကုသိုလ်မှုတို့ကို အကြောင်းပြု၍ဖြစ်သော ဒုက္ခ ဒေါမနဿ တရား။

(၂) အကုသိုလ်တရားတို့ကို အကြောင်းပြု၍ ဖြစ်သော သုခ သောမနဿ တရား။

(၃) ဝတ္ထုကာမ, ကိလေသာကာမ နှစ်ပါးဘို့ကို အကြောင်းပြု၍ ဖြစ်သော ဒုက္ခ ဒေါမနဿ တရား။

(၄) ဝတ္ထုကာမ,ကိလေသကာမ နှစ်ပါးကို အကြောင်းပြု၍ ဖြစ်သော သုခ သောမနဿ တရား။

(၅) ကုသိုလ်မှုနှင့် စပ်လျဉ်း၍ လှူဖွယ်တန်းဖွယ် ဝတ္ထုတို့၏ ကုန် ခြင်းအစရှိသော အကြောင်းကြောင့် ဖြစ်ပေါ်တတ်သည့် ဒုက္ခ ဒေါမနဿ တရား။

ဤတရား ငါးပါးတို့သည် ပဌမစျာန် ဒုတိယစျာန် တည်းဟူသော ပဝိဝေက ပီတိတရားနှင့် ပြည့်စုံ၍ နေသော, ပဌမစျာန် ဒုတိယစျာန်ကို ဝင်စား၍ နေသော အရိယသာဝက၏ သန္တာန်၌ မဖြစ်နိုင်ပါ။

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ပဝိဝေကပီတိ အမည်ရှိသော ပဌမစျာန် ဒုတိယစျာန်ပီတိကို ဖြစ်စေ၍ နေသော ရှင်တော် ဘုရား၏ တပည့်သား ပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဤဆိုအပ်ပြီးသော ငါးပါးသော မကောင်းသောတရားတို့ မဖြစ်နိုင်ပါကုန်ဟု လျှောက်ထားခဲ့ပါသည်။

ထိုအခါ ဓမ္မသေနာပတိ တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိ- ပုတ္တရာ မထေရ်မြတ်၏ လျှောက်ထားချက်ကို "သာဓု သာဓု သာရိပုတ္တ" ဟု သာဓုအနုမောဒ် ခေါ်တော်မူပြီးလျှင် "ယသ္မိံ သာရိပုတ္တ သမယေ အရိယ- သာဝကော ပဝိဝေကံ ပီတိံ ဥပသမ္ပဇ္ဇ ဝိဟရတိ" အစရှိသည်ဖြင့်—

ချစ်သား သာရိပုတ္တရာ....ငါဘုရား၏တပည့်သား သာဝကသည် အကြင် အခါ၌ ပဝိဝေကပီတိ အမည်ရှိသော ပဌမစျာန် ဒုတိယစျာန်ကို ဝင်စား၍ နေပေ၏။ ထိုသို့ ပဌမစျာန် ဒုတိယစျာန်ကို ဝင်စား၍ နေသော ငါဘုရား၏ တပည့်သား သာဝက၏ သန္တာန်၌ ဖော်ပြလတ္တံ့သော ငါးပါးသော တရားဆိုးတို့သည် မဖြစ်ကြကုန်။ ငါးပါးတို့ ဟူသည်မှာ—

(၁) ဝတ္ထုကာမ, ကိလေသာကာမတို့နှင့် စပ်ယှဉ်၍ ဖြစ်သော ဒုက္ခ ဒေါမနဿ တရား။

(၂) ထို ဝတ္ထုကာမ, ကိလေသကာမတို့နှင့် စပ်ယှဉ်သော မိဋ္ဌသုခ, ပုထုဇ္ဇနသုခ ခေါ်ဆိုရသည့် သုခ သောမနဿ တရား။

(၃) အကုသိုလ်မှုတို့နှင့် စပ်ယှဉ်သော ဒုက္ခ ဒေါမနဿ တရား။

(၄) အကုသိုလ်မှုတို့နှင့် စပ်ယှဉ်သော သုခ သောမနဿ တရား။

(၅) ကုသိုလ်မှုကို အကြောင်းပြု၍ လှူဖွယ်ဝတ္ထုတို့ မပြည့်စုံခြင်း အစရှိသော အကြောင်းကြောင့် ဖြစ်ရသည့် နှလုံးမသာယာခြင်း ဒုက္ခ ဒေါမနဿ တရား။

ဤငါးပါးသော မကောင်းသော တရားတို့သည် ပဌမစျာန် ဒုတိယစျာန် တည်းဟူသော ပဝိဝေက ပီတိကို မိမိသန္တာန်၌ ပြည့်စုံစေ၍ ဝင်စား၍နေသော ငါဘုရား၏ တပည့်သာဝက၏ သန္တာန်၌ မဖြစ်ပေါ်ကုန်ဟု ဤပီတိ အမည်ရှိသော သုတ္တန်ဒေသနာတော်မြတ်ကို အနာထပိဏ်သူဌေးကို အကြောင်းပြု၍ သာဝတ္ထိပြည် အရပ်ဝယ် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပီတိသုတ် ပြီး၏။**

---

## ဝဏိဇ္ဇာသုတ်

ပုစ္ဆာ။ ။ဘတ္တေဝ အာဝုသော သတ္တမံ ဝဏိဇ္ဇာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္ထေဝ ဘန္တေ သတ္တမံ ဝဏိဇ္ဇာသုတ္တံ "ပဉ္စိမာ ဘိက္ခဝေ ဝဏိဇ္ဇာ ဥပါသကေန အကရဏီယာ။ ကတမာ ပဉ္စ၊ သတ္ထဝဏိဇ္ဇာ သတ္တဝဏိဇ္ဇာ မံသဝဏိဇ္ဇာ မဇ္ဇဝဏိဇ္ဇာ ဝိသဝဏိဇ္ဇာ။ ဣမာ ခေါ ဘိက္ခဝေ ပဉ္စ ဝဏိဇ္ဇာ ဥပါသကေန အကရဏီယာ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဥပါသကဝဂ်၌ပင်လျှင် ခုနစ်ခုမြောက်ဖြစ်သော ဝဏိဇ္ဇာသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဥပါသကဝဂ်၌ ခုနစ်ခုမြောက် ဖြစ်သော ဝဏိဇ္ဇာသုတ္တန် အမည်ရှိသော တရားဒေသနာတော်ကို"ပဉ္စိမာ ဘိက္ခဝေ ဝဏိဇ္ဇာ ဥပါသကေန

အကာရဏီယာ” အစရှိသည်ဖြင့် ရတနာသုံးရပ်ကို ဆည်းကပ်သူ ဥပါသကာ မှန်မှန်သမျှသည် ဤဆိုလတ္တံ့သော ငါးပါးသော မတရားသော ကုန်သွယ်ခြင်း အမှုတို့ကို မပြုအပ်, မပြုသင့်, မပြုကောင်း။ ငါးပါးတို့ ဟူသည်မှာ—

(၁) သတ္ထဝဏိဇ္ဇာ-လက်နက်ကို ရောင်းဝယ်မှု ကုန်သွယ်ခြင်း။

(၂) သတ္တဝဏိဇ္ဇာ-လူသတ္တဝါကို ရောင်းဝယ်မှု ကုန်သွယ်ခြင်း။

(၃) မံသဝဏိဇ္ဇာ-အသားကိုရောင်းဝယ်မှု, ထိုထိုသားငါးတို့ကို မွေးမြူ ရောင်းဝယ်မှု ကုန်သွယ်ခြင်း။

(၄) မဇ္ဇဝဏိဇ္ဇာ-သေရည်သေရက်ကို ရောင်းဝယ်မှု ကုန်သွယ်ခြင်း။

(၅) ဝိသဝဏိဇ္ဇာ-အဆိပ်ကို ရောင်းဝယ်မှု ကုန်သွယ်ခြင်း။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော လက်နက်ကို ရောင်းဝယ်မှု, လူသတ္တဝါကို ရောင်းဝယ်မှု, သားငါးကို ရောင်းဝယ်မှု, သေရည်သေရက်ကို ရောင်းဝယ်မှု, အဆိပ်ကို ရောင်းဝယ်မှု တည်းဟူသော ရောင်းဝယ်မှု ငါးမျိုး အစရှိက ဝဏိဇ္ဇာ အမှုမျိုးကို ရတနာသုံးရပ်ကို ဆည်းကပ်သူ ဥပါသကာ ဒါယကာမှန်သမျှသည် မပြုအပ်, မပြုကောင်းဟူ၍ ဤဝဏိဇ္ဇာ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဝဏိဇ္ဇာသုတ် ပြီး၏။**

---

## ဂဝေသီသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော ဒသမံ ဂဝေသီသုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကထဉ္စ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဒသမံ ဘန္တေ ဂဝေသီသုတ္တံ ကောသလေသု အာယသ္မန္တံ အာနန္ဒတ္ထေရံ ဓမ္မဘဏ္ဍာဂါရိကံ အာရဗ္ဘ ဘာသိတံ။ အာယသ္မာ ဘန္တေ အာနန္ဒတ္ထေရော ဓမ္မဘဏ္ဍာဂါရိကော ဘဂဝန္တံ ဧတဒဝေါစ “ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော ဘဂဝတော သိတဿ ပါတုကမ္မာယ၊ န အကာရဏေန တထာဂတာ သိတံ ပါတုကရောန္တီ”တိ။ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ “ဘူတပုဗ္ဗံ အာနန္ဒ ဣမသ္မိံ ပဒေသေ နဂရံ

အဟောသိ ဣဒ္ဓဉ္စေဝ ဖီတဉ္စ ဗဟုဇနံ အာကိဏ္ဏမနုဿံ၊ တံ ခေါ ပနာနန္ဒ နဂရံ ကဿပေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဥပနိဿာယ ဝိဟာသီ”တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုဥပါသကဝဂ်၌ပင်လျှင် ဆယ်ခုမြောက်ဖြစ်သော ဂဝေသီသုတ္တန် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကောသလတိုင်း တခုသော အင်ကြင်းတော၌ တရားဘဏ္ဍာစိုးဖြစ်တော်မူသော အရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် များစွာသော ရဟန်းတော်အပေါင်း ခြံရံလျက် ကောသလတိုင်း၌ ခရီးဒေသစာရီ ကြွချီတော်မူလတ်သောအခါ တခုသော အင်ကြင်းတောအုပ်ကို မြင်တော်မူလတ်ပါသည်။ ထိုအင်ကြင်းတောအုပ်၌ ရှေးကဖြစ်ဘူး အတိတ်အကြောင်းထူးတခု ရှိသဖြင့် ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ကြွတော်မူမြဲ ခရီးမမှ ဖဲခဲ့၍ ထိုအင်ကြင်းတောအုပ်ရှိရာအရပ်သို့ ရဟန်းတော် အပေါင်း ခြံရံလျက် ကြွရောက်တော်မူပြီးလျှင် တခုသော အရပ်သို့ ရောက်လတ်တော်မူသောအခါ သဗ္ဗညုမြတ်စွာဘုရား ပြုံးရယ်မှု ပြုတော်မူပါသည်။

ယင်းသို့ ရဟန်းတော်ပရိသတ်ဘိုကြားမှ သဗ္ဗညုမြတ်စွာဘုရား စဉ်းငယ်သွားတော်ပေါ်ရုံမျှ ပြုံးရယ်မှု ပြုတော်မူလတ်သောအခါ စွယ်တော်လေးဆူ သွားတော်ဖြူရာရာ အရပ်ဘို့မှ ဩဒါတ ရောင်ခြည်တော်တို့သည် ထန်းလုံးခန့် ပမာဏတက်၍ သဗ္ဗညုမြတ်စွာဘုရား၏ ဦးခေါင်းတော်မြတ်ကို လက်ျာရစ်သုံးပတ်လည်ပြီးလျှင် စွယ်တော်ဖျား၌ပင် တန့်နားကြပါကုန်သည်။

ယင်းသည့်အကြောင်းအရာကိုမြင်သော အရှင်အာနန္ဒာ မထေရ်သူမြတ်၏ စိတ်သန္တာန်ဝယ် “ကော နု ခေါ ဟေတု ကော ပစ္စယော ဘဂဝတော

သိတာယ ပါတုကမ္မာယ" အစရှိသည်ဖြင့် "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်ပြုံးရယ်တော်မူခဲ့ပြီ၊ သဗ္ဗညုမြတ်စွာဘုရား ပြုံးရယ်တော်မူရခြင်း၏ အကြောင်းကား အဘယ်သို့ပါနည်း။ ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ ပြုံးရယ်တော်မူရိုး ထုံးစံမရှိကြကုန်"ဟု ဒါကြံ ဖြစ်ပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားရှေ့တော်မျောက်သို့ သွားရောက်၍"ကော နု ခေါ ဘန္တေ ဟေတု ကော ပစ္စယော ဘဂဝတော သိတဿ ပါတုကမ္မာယ" အစရှိသည်ဖြင့်—

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရား ပြုံးရယ်တော်မူခြင်း၏ အကြောင်းရင်းကား အဘယ်ပါနည်း၊ ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော သဗ္ဗညုမြတ်စွာဘုရားတို့သည် အကြောင်းမရှိပဲ အကြောင်းမဲ့ ပြုံးရယ်တော်မူကြသည် မဟုတ်ပါကုန်ဟု လျှောက်ထားပါသည်။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "ဘူတပုဗ္ဗံ အာနန္ဒ ဣမသ္မိံ ပဒေသေ နဂရံ အဟောသိ" အစရှိသည်ဖြင့်—

ချစ်သား အာနန္ဒာ.... ရှေး၌ ဖြစ်ဘူး အကြောင်းထူးကား ဤနေရာအရပ်၌ ပြည့်လည်းပြည့်စုံ, ကြွယ်လည်းကြွယ်ဝ, လူနေလည်းများလှသော မြို့တခု ဖြစ်ခဲ့ဘူးသည်။ ဤနေရာ၌ ရှေးကဖြစ်ဘူးသော ထိုမြို့ကိုပင်လျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ကဿပမြတ်စွာဘုရားသည် ဥပနိဿယ-ဒိုရာဝေါစရဂါမ် ပြု၍ သီတင်းသုံးနေတော်မူခဲ့ပြီ။

ချစ်သား အာနန္ဒာ....ဂဝေသီ အမည်ရှိသော ရတနာသုံးပါးကို ဆည်းကပ်သော ဥပါသကာတယောက်သည် ထင်ရှားရှိခဲ့၏၊ ထိုဂဝေသီ မည်သော ဥပါသကာသည် သရဏဂုံ၌သာတည်၍ သီလ၌ကား တည်သူ မဟုတ်ပေ။

ချစ်သား အာနန္ဒာ....ဂဝေသီ ဥပါသကာသည် မိမိနှင့် ဗာဝတ်တူ ငါးရာသော ဥပါသကာတို့ကို မိမိကဲ့သို့ပင် သရဏဂုံတည် ဥပါသကာတို့ ဖြစ်အောင် ဆွဲဆောင်ခဲ့လေပြီ၊ ဆွဲဆောင်ခဲ့သည့်အတိုင်း ငါးရာသော ဥပါသကာတို့သည်လည်း ဂဝေသီ ဥပါသကာနည်းတူပင် သရဏဂုံတည် ဥပါသကာတို့ ဖြစ်ကြ၍ သီလကား မမြဲသေးသော သူတို့ ဖြစ်ကြပေ၏။

ချစ်သား အာနန္ဒာ.... ထိုအခါ ဂဝေသီ ဥပါသကာ၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံဖြစ်၏ "ငါတမူကား ဤငါးရာသော ဥပါသကာတို့အား ကျေးဇူးဥပကာရများသူလည်း ဖြစ်၏၊ ရှေ့သွား ခေါင်းဆောင်လည်း ဖြစ်၏၊ သရဏဂုံကို ဆောက်တည်စေသူလည်း ဖြစ်၏၊ ငါသည်လည်း သီလမမြဲသော သူပင် ဖြစ်၏၊ ဤ ဥပါသကာ ငါးရာတို့သည်လည်း ငါ့အတူပင် သီလမမြဲကြ သောသူတို့ ဖြစ်ကြ၏၊ ယင်းသို့လျှင် ငါနှင့် ဤဥပါသကာ ငါးရာတို့သည် ထပ်တူ ညီမျှ တူညီ၍ နေကြကုန်၏၊ တစုံတခုမျှ ငါသည် လွန်ကဲခြင်း မရှိသေး၊ ငါသည် ယခုအခါ ထိုငါးရာသော ဥပါသကာတို့ထက် သာလွန် အောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်တော့မည်"ဟု အကြံ ဖြစ်ပြီးလျှင် ငါးရာသော ဥပါသကာတို့ ရှိရာအရပ်သို့ ဂဝေသီ ဥပါသကာ သွားရောက် ပြီးလျှင် "အဇ္ဇတဂ္ဂေ မံ အာယသ္မန္တော သီလေသု ပရိပူရကာရိံ ဓာရေထ"ဟု—

အို-အရှင်တို့.... အရှင်တို့သည် ယနေ့ကပင် အစပြု၍ အကျွန်ုပ်ကို ငါးပါး သော သီလသို့၌ ပြည့်စုံ လုံခြုံအောင် ကျင့်ကြံသော သီလရှိသူ ဥပါသကာဟု မှတ်ကြပါကုန်ဟု ပြောကြားပါသည်၊ ပြောကြားသည့်အတိုင်းလည်း ငါးပါး သော သီလတို့ကို မကျိုး မပေါက် မပြောက် မကျားရအောင် စောင့်ထိန်း ခဲ့သည်။

ချစ်သား အာနန္ဒာ....ထိုအခါ ငါးရာသော ဥပါသကာတို့၏ စိတ်သန္တာန် ၌ ဤသို့ အကြံဖြစ်ကြ၏ "ဤဂဝေသီ ဆရာကြီးသည်ကား ငါတို့အား ကျေးဇူးဥပကာရ များလှ၏၊ ငါတို့၏ ရှေ့သွားခေါင်းဆောင်လည်း ဖြစ်၏၊ ငါတို့ကို သရဏဂုံ ဆောက်တည်စေသူလည်း ဖြစ်၏၊ ဤဂဝေသီ ဆရာကြီးပင် သော်မှလည်း သီလတို့၌ ကောင်းစွာ မကျိုးမပေါက် မပြောက်မကျားရအောင် ဖြည့်ကျင့်တုံသေး၏၊ ငါတို့မှာမူကား အဘယ်မှာလျှင် သီလကို မဖြည့်ကျင့် နိုင်ရန် အကြောင်း ရှိပါအံ့နည်း"ဟု တညီတညွတ်တည်း ကြံစည်ပြီးလျှင် ဂဝေသီဆရာကြီးထံ သွားရောက်၍ "အဇ္ဇတဂ္ဂေ အယျော ဂဝေသီ ဣမာနိပိ ပဉ္စ ဥပါသကသဘာနိ သီလေသု ပရိပူရကာရိနော ဓာရေထ"ဟု—

အို-ဂဝေသီဆရာကြီး.... ယနေ့မှစ၍ အကျွန်ုပ်တို့ ဤဥပါသကာ ငါးရာ တို့ကိုလည်း ငါးပါးသော သီလတို့၌ မကျိုးမပေါက် မပြောက်မကျားရအောင်

ပြည့်စုံစွာ ဖြည့်ကျင့်သူဘို ဟူ၍ မှတ်ယူတော်မူပါဟု ပြောကြားပြီးလျှင် ငါးပါးသောသီလဘို ကို မကျိုးမပေါက် မပြောက်မကျားရအောင် စောင့်ထိန်းကြကုန်၏။

ချစ်သား အာနန္ဒာ.... ထိုအခါ ဂဝေသီ ဥပါသကာ၏ စိတ်ဝယ် ဤသို့အကြံ ဖြစ်ခဲ့ပါသည် "ငါသည် ဤငါးရာသော ဥပါသကာတို့အား ကျေးဇူးဥပကာရသည်းများ, ရှေ့သွားခေါင်းဆောင်လည်းဖြစ်, သရဏဂုံကို ဆောက်တည်စေသော သူသည်း ဖြစ်ခဲ့၏၊ ငါသည်လည်း သီလရှိသော ပုဂ္ဂိုလ်ပင်ဖြစ်၏၊ ဤဥပါသကာ ငါးရာတို့သည်လည်း သီလရှိသောသူတို့ပင် ဖြစ်ကြ၏။ သို့ရကား ငါနှင့် ဥပါသကာ ငါးရာတို့သည် သီလရှိသူ၏အဖြစ်ချင်း ထပ်တူညီမျှ တူညီ၍ နေကြကုန်၏၊ တစုံတခု ငါက လွန်ကဲသော အရာဟူ၍ မရှိ၊ ငါသည် ယခုပင်လျှင် ထိုငါးရာသော ဥပါသကာဘို့ထက် ဆရာပီပီ လွန်ကဲအောင် ကျင့်ကြံဘို့ရန် ထိုက်တန်လှ၏"ဟု အကြံဖြစ်ပြီးလျှင် ထိုဥပါသကာငါးရာတို့ ရှိရာသို့ သွားရောက်ပြီးလျှင် "အဇ္ဇဘဂ္ဂေ မံ အာယသ္မန္တော ဗြဟ္မစာရိံ ဓာရေထ အာရာစာရိံ ဝိရတံ မေထုနာ ဂါမဓမ္မာ"ဟု—

အို-အရှင်ဘို့.... အကျွန်ုပ်ကို အရှင်တို့သည် ယနေ့ကပင် အစပြု၍ မြတ်သောအကျင့်ကို ကျင့်သုံးသောသူ, မေထုန်အကျင့်ကို ဝေးစွာ ရှောင်ကြဉ်သော ပုဂ္ဂိုလ်ဟု မှတ်ယူတော်မူကြပါကုန်ဟု ပြောဆိုခဲ့ပါသည်။

ယင်းသို့ ပြောဆိုပြီးလျှင် ဗြဟ္မစရိယပဥ္စမက အမည်ရသော သီလကို တဖန်ဘိုး၍ ဆောက်ဘည်ပြန်ပါသည်။

ချစ်သား အာနန္ဒာ....ထိုအခါ ဂဝေသီဆရာကြီး၏ အဖော်အပေါင်းဖြစ်သော ငါးရာသော ဥပါသကာသီဘင်းသည်တို့၏စိတ်သန္တာန်ဝယ် ဤသို့အကြံဖြစ်ကြပြန်သည် "ဤဂဝေသီဆရာကြီးသည် ငါတို့အား ကျေးဇူးလည်းများ, ရှေ့သွားခေါင်းဆောင်လည်းဖြစ်, သရဏဂုံကို ဆောက်ဘည်စေသူ ကျေးဇူးရှင်လည်း ဖြစ်ခဲ့၏၊ ဤဂဝေသီဆရာကြီးပင်သော်မှလည်း ဗြဟ္မစရိယပဥ္စမကသီလသိက္ခာပုဒ်ကို ဆောက်ဘည်နိုင်ဘုံသေး၏၊ ငါဘို့ကား မဆောက်တည်နိုင်စရာအဘယ်မှာလျှင် အကြောင်းရှိအံ့နည်း"ဟု တညီတညွတ်တည်း ကြံစည်ကြပြီးလျှင် ဂဝေသီဆရာကြီးထံမှောက်သို့ သွားရောက်၍ "အဇ္ဇတဂ္ဂေ အယျော

ဂဝေသိ ဣမာနိပိ ပဉ္စ ဥပါသကသဘာနိ ဗြဟ္မစာရိနော ဓာရေတု အာရာ-
စာရိနော ဝိရတာ မေထုနာ ဂါမဓမ္မာ”ဟု—

အို-ဂဝေသီဆရာကြီး....ယနေ့မှအစပြု၍ ဤအကျွန်ုပ်တို့ သီတင်းသည်
ငါးရာဘို့ကိုလည်း ဆရာကြီးနည်းတူ ဗြဟ္မစရိယပဉ္စမကသီလကို ဆောက်တည်
ကြသော, မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ကြသော ဥပါသကာ
သီတင်းသည်တို့ဟူ၍ မှတ်ယူတော်မူပါဟု ပြောကြားကြပြီးလျှင် ထိုငါးရာ
သော သီတင်းသည်တို့သည်လည်း ဗြဟ္မစရိယပဉ္စမကသီလကို စောင့်ထိန်းကြ
ကုန်၏။

ချစ်သား အာနန္ဒာ....ထိုအခါ ဂဝေသီဆရာကြီး၏စိတ်သန္တာန်ဝယ် ဤသို့
အကြံအစည် ဖြစ်ခဲ့၏၊ “ငါသည် ငါးရာသော သီတင်းသည်တို့၏ ကျေးဇူး
ဥပကာရများသူ ရှေ့သွားခေါင်းဆောင် ဖြစ်ခဲ့၏၊ ငါသည်လည်း သီလနှင့်
ပြည့်စုံသူ, ငါသည်လည်း ဗြဟ္မစရိယပဉ္စမကသီလနှင့်ပြည့်စုံသူ ဖြစ်၏၊ ဤ
သီတင်းသည် ငါးရာတို့သည်လည်း ငါနှင့်ထပ်တူ ဗြဟ္မစရိယပဉ္စမကသီလနှင့်
ပြည့်စုံသူတို့ ဖြစ်ကြ၏၊ ဤသို့လျှင် ငါနှင့် သီတင်းသည် ငါးရာတို့သည် ထပ်မျှ
ညီတူ၍ နေကြကုန်၏၊ တစုံတခု ငါက ဆရာဖြစ်သည့်အတွက် လွန်ကဲသော
အချက်ဟူ၍ မရှိချေ၊ ယခုပင် ငါသည် ဆရာဖြစ်သော ပုဂ္ဂိုလ်ပီပီ ထိုသီတင်း
သည် ငါးရာတို့ထက် သာလွန်မြင့်မြတ်သော အကျင့်ပဋိပတ်ကို ကျင့်အံ့”ဟူ၍
ကြံစည်ပြီးလျှင် ထိုငါးရာသော သီတင်းသည်တို့ရှိရာ အရပ်သို့ သွားရောက်
ပြီးလျှင် “အဇ္ဇတဂ္ဂေ မံ အာယသ္မန္တော ဧကဘတ္တိကံ ဓာရေထ ရတ္တူပရတံ
ဝိရတံ ဝိကာလဘောဇနာ”ဟု—

အို-အရှင်တို့....အရှင်တို့သည် ယနေ့ကပင်အစပြု၍ အကျွန်ုပ်ကို တထပ်
တည်းစားသူ, နေ့လွဲညစာစားခြင်းမှ ရှောင်ကြည်သူ ဟူ၍ မှတ်တော်မူကြပါ
ကုန်ဟု ပြောဆိုပြီးလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ကို တိုး၍ ခြောက်မျိုး
သော သိက္ခာပုဒ်တို့ကို ဆောက်တည်ခဲ့ပြန်၏။ (ဧကဘတ္တိက ဆက္ကသီလ
ခေါ်သည်)။

ချစ်သား အာနန္ဒာ.... ထိုအခါ ထိုငါးရာသော သီတင်းသည် ဥပါသကာ
တို့၏ စိတ်သန္တာန်ဝယ် ရှေးနည်းအတူ အကြံဖြစ်ကြ၍ ဂဝေသီဆရာကြီး

ထံမှောက်သို့ သွားရောက်ကြပြီးလျှင် "အို-ဂဝေသီဆရာကြီး.... ယနေ့မှ စ၍ အကျွန်ုပ်တို့ ဤသီတင်းသည် ငါးရာအပေါင်းတို့ကိုလည်း ဆရာ့နည်းတူ ဝိကာလဘောဇနသိက္ခာပုဒ်ကိုလည်း ထိန်းသိမ်း စောင့်ရှောက်ကြသူတို့ဟူ၍ မှတ်သူတော်မူပါ"ဟု ပြောဆိုပြီးလျှင် ဝိကာလဘောဇနသိက္ခာပုဒ်တိုင်အောင်သော ခြောက်ပါးသော သိက္ခာပုဒ်တို့ကို စောင့်ထိန်းကြပြန်ကုန်၏။

ချစ်သား အာနန္ဒာ....ထိုအခါ၌ ဂဝေသီ ဥပါသကာ၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံအစည် ဖြစ်ပြန်၏ "ငါသည်လည်း သီလတို့၌ ဖြည့်ကျင့်သောသူ, အဗြဟ္မစရိယအမှုကို မပြုမကျင့် အဗြဟ္မစရိယ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသောသူ, ဝိကာလဘောဇနသိက္ခာပုဒ်ကို လုံခြုံစွာ စောင့်ထိန်းသောသူ ဖြစ်၏၊ ဤသီတင်းသည် ငါးရာတို့သည်လည်း ငါကဲ့သို့ပင် ပဉ္စသီလနှင့် တကွ ဗြဟ္မစရိယပဉ္စမကသီလ, ဝိကာလဘောဇန သိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းသူတို့ ဖြစ်ကြ၏။ သို့ရကား ငါနှင့် သီတင်းသည်ငါးရာတို့သည် ဆရာနှင့် တပည့်ဘို့ ဖြစ်ကြပါလျက် ထပ်မျှညီတူ ဂုဏ်ရည်ချင်းတူ၍ နေကြ၏၊ တစုံတခု ငါက လွန်ကဲသော အရာဟူ၍ မရှိချေ၊ ယခုပင် ငါသည် လွန်ကဲအောင် ကျင့်ကြံခြင်းငှါ သင့်လှတော့၏" ဟု အကြံဖြစ်ပြီးလျှင် ကဿပမြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်၍—

"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊လဘေယျံ ဥပသမ္ပဒံ"ဟု ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား.... တပည့်တော်သည် ရှင်တော်ဘုရား၏ အထံ၌ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရပါလို၏၊ရပါစေဘုရား ဟူ၍ လျှောက်ထားတောင်းပန်လတ်သောအခါ ဂဝေသီ ဥပါသကာသည် ကဿပမြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရခဲ့ပေ၏။

ချစ်သား အာနန္ဒာ.... ထိုဂဝေသီ ရဟန်းသည် ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် တကိုယ်ထီးဘည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်၍ မမေ့မလျော့ ကိလေသာဘို့ကို ပူပန်စေတတ်သော လုံ့လဝီရိယနှင့် ပြည့်စုံ၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိပြီးလျှင် ကမ္မဋ္ဌာန်းအလုပ်ဖြင့် အားထုတ်ကြိုးကုတ်လတ်သောအခါ မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်ပေါက်ရောက်၍ ရဟန္တာအများဘို့ဘွင် တပါး အပါအဝင် ဖြစ်ခဲ့၏။

ချစ်သား အာနန္ဒာ.... ထိုအခါ ဂဝေသီဆရာကြီး၏ တပည့်ဖြစ်ကြသော ဥပါသကာ ငါးရာတို့၏ စိတ်သန္တာန်ဝယ် "ငါတို့၏ ဂဝေသီဆရာကြီးပင်သော်မှ

လည်း ဆံမုတ်ဆိတ်တို့ကိုပယ်၍ ရှင်အဖြစ်, ရဟန်းအဖြစ်သို့ ကပ်ရောက်တို့ သေး၏၊ အဘယ်မှာလျှင် ငါတို့အား ရှင်အဖြစ် ရဟန်းအဖြစ်ကို မကပ်ရောက် နိုင်စရာ အကြောင်းရှိအံ့နည်း”ဟု ကြံစည်ပြီးလျှင် ကဿပမြတ်စွာ ဘုရားထံ မှောက်သို့ သွားရောက် ကြ၍ ရှင်ရဟန်းအဖြစ်ကို တောင်းခံ, ရှင်ရဟန်း အဖြစ်ကို ရယူခဲ့ကြကုန်သည်။

ချစ်သား အာနန္ဒာ.... ထိုအခါ ဂဝေသီရဟန်း၏ စိတ်သန္တာန်ဝယ် ဤသို့ အကြံအစည် ဖြစ်ခဲ့၏ “ငါဘာမှုကား အတုမရှိ မြတ်သော ဤဝိမုတ္တိချမ်းသာ, အရဟတ္တဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်း ရရှိခဲ့ပြီ၊ ဤ ငါ၏ တပည့်ဖြစ်သော ငါးရာသော ရဟန်းတို့သည်လည်း ငါ၏ နည်းတူပင်လျှင် အတုမရှိ မွန်မြတ်သော ဤဝိမုတ္တိ, အရဟတ္တဖိုလ်, နိဗ္ဗာန် ချမ်းသာကို ရကြပါကုန်မူ ကောင်းလေစွ”ဟု အကြံဖြစ်ခဲ့၏။

ချစ်သား အာနန္ဒာ.... ထိုငါးရာသော ရဟန်းတော်တို့လည်း တကိုယ် ထီးတည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ မမေ့မလျော့သော သတိတရားဖြင့် သမ္မပ္ပဓာန်လုံ့လဝီရိယကို ရှေးရှု၍ကမ္မဋ္ဌာန်းအလုပ် အားထုတ်လတ်သော အခါ ဂဝေသီရဟန်းနည်းတူပင် အရဟတ္တဖိုလ်ပေါက် ရောက်ခဲ့ကြလေပြီ။

ချစ်သား အာနန္ဒာ.... ဤသို့လျှင် ဂဝေသီရဟန်းလျှင် အမှူးရှိသော ငါးရာသော ရဟန်းတို့သည် အထက်အထက် မြတ်သည်ထက်မြတ်, မွန်သည် ထက် မွန်သော တရားကို ဆင့်ကာ ဆင့်ကာ လုံ့လကြိုးကုတ် အားထုတ်ကြ သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ကြကုန်ပြီ။

သို့ရကား သင်ချစ်သားတို့သည်လည်း အဆင့်ဆင့် မြတ်သည်ထက်မြတ်, မွန်သည်ထက်မွန်သော လောကုတ္တရာတရားတို့ကို ရဘို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်လျက် အတုမရှိ မွန်မြတ်သော ဝိမုတ္တိချမ်းသာ,အရဟတ္တဖိုလ် ချမ်းသာ,နိဗ္ဗာန်ချမ်းသာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်အံ့ဟူ၍ သင်ချစ်သားတို့သည် မနေမနား ကြိုးစား ကျင့်ကြံရမည်ဟု ဤဂဝေသီ အမည် ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာ အားဖြင့် အာနန္ဒာ မထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဂဝေသီသုတ် ပြီး၏။**

## ဝါစာသုတ်

ပုစ္ဆာ။ ။ဗြာဟ္မဏဝဂ္ဂေ အာဂတေသာ အင်္ဂမံ ဝါစာသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဗြာဟ္မဏဝဂ္ဂေ ဘန္တေ အင်္ဂမံ ဝါစာသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နော ဒုဗ္ဘာသိတာ၊ အနဝဇ္ဇာ စ အနနုဝဇ္ဇာ စ ဝိညူနံ။ ကတမေဟိ ပဉ္စဟိ၊ ကာလေန ဘာသိတာ ဟောတိ၊ သစ္စာ စ ဘာသိတာ ဟောတိ၊ သဏှာ စ ဘာသိတာ ဟောတိ၊ အတ္ထသံဟိတာ စ ဘာသိတာ ဟောတိ၊ မေတ္တာစိတ္တေန စ ဘာသိတာ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ အင်္ဂေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နော ဒုဗ္ဘာသိတာ၊ အနဝဇ္ဇာ စ အနနုဝဇ္ဇာ စ ဝိညူနန္"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ဗြာဟ္မဏဝဂ်၌ ရှစ်ခုမြောက် ဖြစ်သော ဝါစာသုတ် မည်သော တရား ဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

အဖြေ။ ။ဗြာဟ္မဏဝဂ်၌ ရှစ်ခုမြောက် ဖြစ်သော ဝါစာအမည်ရှိသော သုတ္တန် ဒေသနာတော်မြတ်ကို "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတာ ဝါစာ သုဘာသိတာ ဟောတိ နော ဒုဗ္ဘာသိတာ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....အင်္ဂါငါးပါးတို့နှင့်ပြည့်စုံသော စကားသည် ကောင်းစွာ ပြောကြားအပ်သော သုဘာသိတဝါစာ ဖြစ်၍ ဒုဗ္ဘာသိတဝါစာ မဖြစ်နိုင်၊ အပြစ်လည်းမရှိ ပညာရှိဘို့လည်း မစွပ်စွဲ မကဲ့ရဲ့အပ်သော စကားဖြစ်၏။ အင်္ဂါငါးပါးတို့ ဟူသည်မှာ—

(၁) ပြောဆိုရန် အချိန်အခွင့် သင့်ရောက်သောကာလ၌ ပြောဆိုခြင်းလည်း တပါး။

(၂) မှန်ကန်စွာ ပြောဆိုခြင်းလည်း တပါး။

(၃) နူးညံ့သိမ်မွေ့စွာ ပြောဆိုခြင်းလည်း တပါး။

(၄) အကြောင်းအကျိုးနှင့် စပ်သည်ကိုသာလျှင် ပြောဆိုခြင်းလည်း တပါး။

(၅) မေတ္တာရှေ့ထား၍ မေတ္တာစိတ်ရှိ၍ ပြောဆိုခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အင်္ဂါငါးပါးနှင့် ပြည့်စုံသော စကားသည် သုဘာသိတဝါစာ-ကောင်းစွာ ပြောဆိုအပ်သောစကား ဖြစ်၏။ အပြစ်လည်း ကင်းစင်, ပညာရှင်တို့လည်း မကဲ့ရဲ့အပ်သော စကားဖြစ်၏ဟူ၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သုဘာသိတဝါစာကို ဖော်ပြရာ ဤဝါစာသုတ္တန် အမည်ရှိသော တရားဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဝါစာသုတ် ပြီး၏။

---

## ကုလသုတ်

**ပုစ္ဆာ။** ။တတ္ထေဝ အာဝုသော နဝမံ ကုလသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

**ဝိဿဇ္ဇနာ။** ။တတ္ထေဝ ဘန္တေ နဝမံ ကုလသုတ္တံ "ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ကုလံ ဥပသင်္ကမန္တိ၊ တတ္ထ မနုဿာ ပဉ္စဟိ ဌာနေဟိ ဗဟုံ ပုညံ ပသဝန္တိ။ ကတမေဟိ ပဉ္စဟိ၊ ယသ္မိံ ဘိက္ခဝေ သမယေ သီလဝန္တေ ပဗ္ဗဇိတေ ကုလံ ဥပသင်္ကမန္တေ မနုဿာ ဒိသွာ စိတ္တာနိ ပသာဒေန္တိ၊ သဂ္ဂသံဝတ္တနိကံ ဘိက္ခဝေ တံ ကုလံ တသ္မိံ သမယေ ပဋိပဒံ ပဋိပန္နံ ဟောတိ" တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုပြာဟ္မဏဝဂ်ဉ်ပင်လျှင် ကိုးခုမြောက် ဖြစ်သော ကုလသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဗြာဟ္မဏဝဂ်၌ ပင်လျှင် ကိုးခုမြောက်ဖြစ်သော ကုလ-သုတ် မည်သော တရားဒေသနာတော်မြတ်ကို "ယံ ဘိက္ခဝေ သီလဝန္တော ပဗ္ဗဇိတာ ကုလံ ဥပသင်္ကမန္တိ၊ တတ္ထ မနုဿာ ပဉ္စဟိ ဌာနေဟိ ဗဟုံ ပုညံ ပသဝန္တိ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... အကြင်အိမ်သို့ သီလနှင့် ပြည့်စုံကြကုန်သော ရဟန်းတော် အရှင်သူမြတ်တို့သည် ချဉ်းကပ်ကြကုန်၏၊ ထိုအိမ်၌ အိမ်နေလူတို့သည် ငါးပါးသော အကြောင်းတို့ဖြင့် များစွာသော ကုသိုလ်ကောင်းမှုတရားကို ပွါးစီးနိုင်ပေကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) ချစ်သား ရဟန်းတို့....အကြင်အခါ၌ သီလရှိသော ရဟန်းတော်တို့ အိမ်သို့ ကပ်သည်တို့ကို မြင်၍ ထို အိမ်နေလူတို့သည် မိမိတို့၏ စိတ်ကို ကြည်လင်စေကုန်ငြားအံ့၊ ချစ်သား ရဟန်းတို့.... ထိုအခါ၌ ထိုအိမ်နေသူ လူအပေါင်းသည် နတ်ပြည်သို့ ရောက်ကြောင်း ကောင်းမြတ်သော အကျင့် ပဋိပတ်ကို ကျင့်ကြံသည် မည်၏။

(၂) ချစ်သား ရဟန်းတို့.... အကြင်အခါ၌ သီလရှိသော ရဟန်းတော် သူမြတ်တို့ မိမိတို့ အိမ်သို့ ကပ်သည်တို့ကို မြင်ကြသော လူအပေါင်းတို့သည် ခရီးဦးကြိုဆိုခြင်း, ရှိခိုးခြင်း, နေရာပေးခြင်း အမှုကို ပြုကြကုန်၏။ ယင်းသို့ ခရီးဦးကြိုဆိုခြင်း, နေရာပေးခြင်း, ရှိခိုးခြင်း အမှုကို ပြုလုပ်ခြင်းသည် မြင့်သော အမျိုး, မြတ်သောအမျိုး၌ ဖြစ်စေတတ်သည့် ကောင်းမှုကုသိုလ်ကို ထိုအိမ်နေသူ လူအပေါင်းတို့ လိုက်နာကျင့်ကြံသည်ပင် မည်တော့၏။

(၃) ချစ်သား ရဟန်းတို့....အကြင်အခါ၌ ပညာရှိသော ရဟန်းတော်တို့ အိမ်သို့ကပ်လာသည်တို့ကို အိမ်နေလူအပေါင်းတို့သည် ဝန်တိုခြင်း မစ္ဆေရ စိတ်ကို ပယ်ရှား၍ ကြည်ညိုခြင်း သဒ္ဓါတရားကို ပွါးစေကြကုန်၏။ ချစ်သား ရဟန်းတို့.... ထိုအခါ၌ ထိုအိမ်နေသူလူအပေါင်းသည် မဟေသက္ခသံဝတ္တနိက-များစွာသော အခြွေအရံကို ဖြစ်စေတတ်သော ကောင်းမှုအကျင့် ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်သည် မည်တော့၏။

(၄) ချစ်သား ရဟန်းတို့....အကြင်အခါ၌ သီလရှိသော ရဟန်းတော်တို့ မိမိတို့အိမ်သို့ ကပ်လာသည်တို့ကို ထိုအိမ်နေလူတို့သည် စွမ်းအားရှိသမျှ လှူဖွယ်တန်းရန်တို့ကို လှူဒါန်း ဝေခြမ်းကြကုန်သည် ဖြစ်အံ့၊ ချစ်သား ရဟန်းတို့....ထိုအခါ၌ ထိုအိမ်နေသူလူအပေါင်းသည် မဟာဘောဂသံဝတ္တနိက-

များစွာသော စည်းစိမ်ချမ်းသာကို ဖြစ်ပေါ် စေတတ်သည့် ကောင်းမြတ်သော အကျင့်ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်သည် မည်၏။

(၅) ချစ်သား ရဟန်းတို့....အကြင်အခါ၌ သီလရှိသော ရဟန်းတော်တို့ အိမ်သို့ ကပ်သည်တို့ကို ထိုအိမ်နေသူ လူအပေါင်းတို့သည် ပါဠိကိုမေးမြန်းခြင်း, အနက်ကို မေးမြန်းခြင်း, တရားကိုနာကြားခြင်း အမှု ပြုကြကုန်၏။ ချစ်သား ရဟန်းတို့.... ထိုအခါ၌ ထိုအိမ်နေသူ လူအပေါင်းတို့သည် မဟာပညာသံဝတ္တနိက ကြီးစွာသော ပညာရှိခြင်းကို ဖြစ်စေတတ်သော အကျင့်ပဋိပတ်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်သည် မည်၏။

ချစ်သား ရဟန်းတို့....ဤဆိုအပ်ပြီးသော အခြင်းအရာအတိုင်း အကြင် အိမ်သို့ သီလရှိသော ရဟန်းတော်တို့ ချဉ်းကပ်ကုန်၏၊ ထိုအိမ်၌နေသော လူအပေါင်းတို့သည် ဤဆိုအပ်ပြီးသော ငါးပါးသော အကြောင်းတို့ဖြင့် ကောင်းမြတ်သောကုသိုလ်တရား, များမြတ်သော ကုသိုလ်တရားတို့ကို ပွါးစေသည် မည်ကုန်၏ ဟူ၍ ဤကုလအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို သီလဝန္တ ရဟန်းတော်တို့ အိမ်သို့ ကပ်ရာ၌ အိမ်နေသူ လူအပေါင်းတို့ ယောနိသောမနသိကာရရှိသျှင် ငါးပါးသော ကောင်းမှုတရား ပွါးစီးစေနိုင်ကြောင်းကို ထင်စွာဖော်ပြ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ကုလသုတ် ပြီး၏။**

---

## ကိမိလဝဂ်

## ဓမ္မဿဝနသုတ်

ပုစ္ဆာ။ ။ကိမိလဝဂ္ဂေ ပန အာဝုသော ဒုတိယံ ဓမ္မဿဝနသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကိမိလဝဂ္ဂေ ဘန္တေ ဒုတိယံ ဓမ္မဿဝနသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ။ ကတမေ ပဉ္စ၊ အဿုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ဓမ္မဿဝနေ"တိ ဧဝံ ခေါ ဘန္တေ ဘဂဝတာ ဘာသိတံ။

မေး။ ။ကိမိလဝဂ်၌ နှစ်ခုမြောက်ဖြစ်သော ဓမ္မဿဝန မည်သော သုတ္တန်ဒေသနာတော်ကိုဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ကိမိလဝဂ်၌ နှစ်ခုမြောက် ဖြစ်သော ဓမ္မဿဝနသုတ် အမည်ရှိသော တရားဒေသနာတော်ကို "ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... တရားနာခြင်း၌ အကျိုးတရားတို့သည်ကား ငါးပါးတို့ ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) မိမိမကြားဘူးသော အရာကို ကြားနာရခြင်းလည်း တပါး။
(၂) မိမိကြားဘူးသောအရာကို သုတ်သင် ဖြူစင်စေနိုင်ခြင်းလည်း တပါး။
(၃) ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်းလည်း တပါး။
(၄) အယူကို ဖြောင့်မတ်စွာ ပြုနိုင်ခြင်းလည်း တပါး။
(၅) မိမိ၏စိတ် ကြည်လင်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့....တရားနာယူခြင်း၌ အကျိုးအာနိသင်တို့ကား ဤငါးပါးဘို့တည်းဟု ဤဓမ္မဿဝန အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို တရားနာရခြင်း၏ အကျိုးကျေးဇူးတရား ငါးပါးကို ဖော်ပြ၍ လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ဓမ္မဿဝနသုတ် ပြီး၏။**

---

**အက္ကောသကဝဂ်**

**အက္ခန္တိသုတ်**

ပုစ္ဆာ။ ။အက္ကောသကဝဂ္ဂေ ပန အာဝုသော ပဉ္စမံ အက္ခန္တိသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အက္ကောသကဝဂ္ဂေ ဘန္တေ ပဉ္စမံ အက္ခန္တိသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိယာ။ ကတမေ ပဉ္စ၊ ဗဟုနော

ဇနဿ အပ္ပိယော ဟောတိ အမနာပေါ၊ ဝေရဗဟုလော စ ဟောတိ၊ ဝဇ္ဇဗဟုလော စ၊ သမ္မူဠှော ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ”တိ ဝေမာဒိနာ ဘာဂဝတာ ဘာသိတံ။

မေး။ ။အင်္ဂုတ္တရ ငါးခုမြောက်ဖြစ်သော အက္ခန္တိသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သမ္ဗုဒ္ဓမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အင်္ဂုတ္တရ ငါးခုမြောက်ဖြစ်သော အက္ခန္တိ အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို “ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ အက္ခန္တိ-ယာ” အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... သည်းမခံခြင်း အက္ခန္တိ၏ အပြစ်တရားတို့သည်ကား ငါးပါးတို့ ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) များစွာသော လူအပေါင်းတို့ မချစ်မနှစ်သက်ခြင်းလည်း တပါး။

(၂) ရန်သူပေါများခြင်းလည်း တပါး။

(၃) အပြစ်ပေါများခြင်းလည်း တပါး။

(၄) တွေတွေဝေဝေ စုတေသေလွန်ရခြင်းလည်း တပါး။

(၅) ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ချမ်းသာ ကင်းရာ မကောင်းသောသူတို့ လားရာ ဖရိုဖရဲ ကျရောက်ရာ အပါယ်ငရဲသို့ ဘဝပဋိသန္ဓေကပ်ရောက်ရခြင်း လည်း တပါး။

ချစ်သား ရဟန်းတို့....သည်းမခံခြင်း အက္ခန္တိတရား၏ အပြစ်တို့သည်ကား ဤဆိုအပ်ပြီးသော အတိုင်း ငါးပါးတို့ ရှိကုန်၏။

ချစ်သား ရဟန်းတို့.... ထိုမှ တပါး သည်းခံခြင်း၏ အကျိုးအာနိသင်တို့သည်လည်း ငါးပါးတို့ပင် ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) များစွာသော လူအပေါင်းတို့ ချစ်ခင် နှစ်သက်အပ်ခြင်း လည်း တပါး။

(၂) ရန်မရှိခြင်းလည်း တပါး။
(၃) အပြစ်မရှိခြင်းလည်း တပါး။
(၄) မတွေမဝေ စုတေရခြင်းလည်း တပါး။
(၅) ကိုယ်ခန္ဓာ ပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် နတ်ပြည် သေဂကသို့ ဘဝပဋိသန္ဓေ တည်နေရခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့....သည်းခံရခြင်း၏ အကျိုးအာနိသင် တရားတို့သည် ကား ဤငါးပါးတို့ပင်တည်းဟု ဤအက္ခန္တိ အမည်ရသော သုတ္တန်ဒေသနာ တော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သည်းမခံခြင်း၏ အပြစ်ငါးပါး,သည်းခံခြင်း၏ အကျိုးငါးပါးတို့ကို ထင်ရှားစွာဖော်ပြ၍ သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အက္ခန္တိသုတ် ပြီး၏။**

---

## အပါသာဒိကသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော အဋ္ဌမံ အပါသာဒိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္ထေဝ ဘန္တေ အဋ္ဌမံ အပါသာဒိကသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ အပါသာဒိကေ။ ကတမေ ပဉ္စ၊ အပ္ပသန္နာ နပ္ပ-သီဒန္တိ၊ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တံ ဟောတိ၊ သတ္ထု-သာသနံ အကတံ ဟောတိ၊ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ၊ စိတ္တမဿ နပ္ပသီဒတိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အပါသာဒိကေ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို အင်္ဂုတ္တိုရ်ပါဠိတော်အဋ္ဌကထာရ်ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော အပါသာဒိကသုတ်မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက် ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ပြေ။ ။ထို အင်္ဂုတ္တရ ပါဠိတော် ၏ ဆဋ္ဌမ ဝဂ်၌ပင်လျှင် ရှစ်ခုမြောက် ဖြစ်သော အပါသာဒိက သုတ္တန်ဒေသနာတော်မြတ်ကို "ပဥ္စိမေ ဘိက္ခဝေ အာဒီနဝါ အပါသာဒိကေ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ကြည်ညိုဖွယ်မကောင်းသော ကာယကံမှု, ဝစီကံမှု, မနောကံမှု၌ အပြစ်တရားတို့သည်ကား ငါးပါးတို့ ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ——

(၁) သာသနာတော်သို့ မကြည်ညိုကုန်သေးသော သူတို့ မကြည်ညိုခြင်းလည်း တပါး။

(၂) ကြည်ညိုကုန်ပြီးသော ပုဂ္ဂိုလ်တို့အထဲမှ အချို့သောပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား ပျက်စီးခြင်းလည်း တပါး။

(၃) မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာရာ မကျခြင်းလည်း တပါး။

(၄) မိမိ၏ မကောင်းသော အမှုအရာကို နှောင်းသူတို့ အတုလိုက်ခြင်းလည်း တပါး။

(၅) မိမိ၏စိတ် မကြည်လင်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ကြည်ညိုဖွယ် မရှိသော ကာယကံမှု, ဝစီကံမှု, မနောကံမှု၌ အပြစ် အာဒီနဝ တရားတို့သည်ကား ဤငါးပါးတို့တည်း။

ချစ်သား ရဟန်းတို့.... ထိုမှ တပါး ကြည်ညိုဖွယ်ကောင်းသော ကာယကံ,ဝစီကံ, မနောကံမှု၌ အကျိုး အာနိသင်တရားတို့သည်လည်း ငါးပါးတို့ပင် ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ——

(၁) မကြည်ညို မသဒ္ဓါသေးသော ပုဂ္ဂိုလ်တို့ သဒ္ဓါ ကြည်ညိုဖြစ်ခြင်း။

(၂) ကြည်ညိုပြီးသောပုဂ္ဂိုလ်တို့ အတိုင်းထက်အလွန် ကြည်ညိုခြင်း။

(၃) သဗ္ဗညုမြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာ ပြုကျင့်ခြင်း။

(၄) မိမိ၏ ကောင်းသော အမှုအရာကို နှောင်းလူတို့ အတုလိုက်၍ ကျင့်ကြံခြင်း။

(၅) မိမိ ကိုယ်တိုင်လည်း စိတ်၏ ကြည်လင်ခြင်း။

ချစ်သား ရဟန်းတို့.... ကောင်းမြတ်သော ကြည်ညိုဖွယ်ကို ဆောင်သော ကာယကံ, ဝစီကံ, မနောကံအမှု၌ အကျိုး အာနိသင် တရားတို့သည်

ကား ဤငါးပါးတို့ပင်တည်းဟု ဤအပါသာဒိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အပါသာဒိကသုတ် ပြီး၏။**

---

## အာဝါသိကဝဂ်

## အာဝါသိကသုတ်

ပုစ္ဆာ။ ။အာဝါသိကဝဂ္ဂေ ပနာဝုသော ပဌမံ အာဝါသိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အာဝါသိကဝဂ္ဂေ ဘန္တေ ပဌမံ အာဝါသိကသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အာဝါသိကော ဘိက္ခု အဘာဝနီယော ဟောတိ။ ကတမေဟိ ပဉ္စဟိ၊ န အာကပ္ပ-သမ္ပန္နော ဟောတိ န ဝတ္တသမ္ပန္နော၊ န ဗဟုဿုတော ဟောတိ န သုတဓရော၊ န ပဋိသလ္လေခိတာ ဟောတိ န ပဋိသလ္လာန-ရာမော၊ န ကလျာဏဝါစော ဟောတိ န ကလျာဏဝါက္က-ရဏော၊ ဒုပ္ပညော ဟောတိ ဇဠော ဧဠမူဂေါ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော အာဝါသိကော ဘိက္ခု အဘာဝနီယော ဟောတိ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိ-တံ။

မေး။ ။အာဝါသိကဝဂ်၌ ရှေးဦးစွာသော အာဝါသိကသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။အာဝါသိကဝဂ်၌ ရှေးဦးစွာသော အာဝါသိကသုတ္တန် အမည်ရသော တရားဒေသနာတော်ကို "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အာဝါသိကော ဘိက္ခု အဘာဝနီယော"အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော အာဝါသိက-ကျောင်းနေ,

ကျောင်းထိုင်, ကျောင်းပိုင် ရဟန်းသည် သူတပါးတို့၏ စိတ်နှလုံးကို မပွါးများစေနိုင်။ အဘယ်တရားငါးပါးတို့နည်း ဟူမူကား—

(၁) ချစ်သား ရဟန်းတို့.... ဤသာသနာတော်၌ အာဝါသိက-ကျောင်းနေ, ကျောင်းထိုင်, ကျောင်းပိုင် ပုဂ္ဂိုလ်တို့သည် ရဟန်းတို့၏ အသွင်အပြင် ရဟန်းတို့ကျင့်စဉ် ကျင့်ထိုက်သော ဝတ်ကြီး ဝတ်ငယ်နှင့် မပြည့်စုံခြင်းလည်း တပါး။

(၂) ဗဟုသုတ အကြားအမြင် မရှိခြင်းလည်း တပါး။

(၃) ကိလေသာကို ခေါင်းပါးစေတတ်သော တကိုယ်ထီးတည်း ကိန်းအောင်း၍ ကျင့်ကြံခြင်းတည်းဟူသော အကျင့်နှင့် မပြည့်စုံခြင်းလည်း တပါး။

(၄) ကောင်းသောစကား မရှိခြင်း, ကောင်းသောအသံ မရှိခြင်းလည်း တပါး။

(၅) ပညာ မရှိခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော အာဝါသိက ကျောင်းနေ, ကျောင်းထိုင်, ကျောင်းပိုင် ပုဂ္ဂိုလ်သည် သူတပါးတို့၏ စိတ်နှလုံးကို မပွါးစေနိုင်သော ကျောင်းနေ, ကျောင်းထိုင်,ကျောင်းပိုင် ပုဂ္ဂိုလ်သာလျှင် ဖြစ်တော့၏။

ချစ်သား ရဟန်းတို့.... ထိုမှ တပါး ငါးပါးသော ကောင်းမြတ်သော အကြောင်း အင်္ဂါ တရားတို့နှင့် ပြည့်စုံသော အာဝါသိက-ကျောင်းနေ, ကျောင်းထိုင်, ကျောင်းပိုင် ပုဂ္ဂိုလ်သည် မြင်မြင်သူ ဆည်းကပ်သူ ပုဂ္ဂိုလ်အားလုံးတို့၏ စိတ်နှလုံးကို ပွါးများစေနိုင်သော ပုဂ္ဂိုလ်ဖြစ်တော့၏။ ငါးပါးတို့ဟူသည်မှာ—

(၁) ရဟန်းတော်တို့၏ ကြည်ညိုဘွယ်ကောင်းသော အသွင်အပြင်, ကြည်ညိုဘွယ်ကောင်းသော ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံခြင်း တပါး။

(၂) ဗဟုသုတ ပေါများခြင်း တပါး။

(၃) ပဋိသလ္လေခိတာ-ကိလေသာတို့ကို ခေါင်းပါး စေတတ်သော အကျင့်ပဋိပတ်-တကိုယ်တည်း ကိန်းအောင်းခြင်း တည်းဟူသော အကျင့်တရားနှင့် ပြည့်စုံခြင်း တပါး။

(၄) ကောင်းသော စကားကို သန့်ရှင်း ပီသ ကောင်းမွန်သော အသံဖြင့် ပြောကြားလေ့ရှိခြင်း တပါး။

(၅) ပညာရှိခြင်း တပါး။

ချစ်သား ရဟန်းတို့... ဤဆိုအပ်ပြီးသော ငါးပါးသော အကြောင်း အင်္ဂါတရားတို့နှင့် ပြည့်စုံသော အာဝါသိက ကျောင်းနေ, ကျောင်းထိုင်, ကျောင်းပိုင် ရဟန်းသည် ဆည်းကပ်ကိုးကွယ်သူ ခပ်သိမ်းသောရှင်လူတို့၏ စိတ်နှလုံးကို ပွါးများစေတတ်၏ဟု ဤအာဝါသိက အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ကျောင်းနေ,ကျောင်းထိုင်, ကျောင်းပိုင် အာဝါသိက ပုဂ္ဂိုလ်တို့၏ မကောင်းသော အင်္ဂါငါးပါး, ကောင်းသော အင်္ဂါငါးပါးတို့ကို ခွဲခြား စိတ်ဖြာ ပြသတော်မူ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အာဝါသိကသုတ် ပြီး၏။**

---

## အဝဏ္ဏာရဟသုတ်

ပုစ္ဆာ။ ။တတ္ထေဝ အာဝုသော သတ္တမံ အဝဏ္ဏာရဟသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္ထေဝ ဘန္တေ သတ္တမံ အဝဏ္ဏာရဟသုတ္တံ "ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အာဝါသိကော ဘိက္ခု ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ပဉ္စဟိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ အဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ ဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ၊ အာဝါသမစ္ဆရီ ဟောတိ အာဝါသပလိဂေဓီ၊ ကုလမစ္ဆရီ ဟောတိ ကုလပလိဂေဓီ၊သဒ္ဓါဒေယျံ ဝိနိပါတေတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော

အာဝါသိကော ဘိက္ခု ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ”တိ
ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထိုအာဝါသိကဝဂ်၌ ပင်လျှင် ခုနစ်ခုမြောက် ဖြစ်သော အဝဏ္ဏာရဟမည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထို အာဝါသိကဝဂ်၌ပင်လျှင် ခုနစ်ခုမြောက် ဖြစ်သော အဝဏ္ဏာရဟ အမည်ရသော သုတ္တန် တရားဒေသနာတော်မြတ်ကို “ပဉ္စဟိ။ပ။ ဧဝံ နိရယေ” အစရှိသည်ဖြင့် ချစ်သားရဟန်းတို့ ငါးပါးသော အကြောင်းအင်္ဂါတရားတို့နှင့် ပြည့်စုံသော အာဝါသိက-ကျောင်းနေ,ကျောင်းထိုင်ရဟန်းသည် ဆောင်ယူအပ်သော ဝန်ထုပ် ဝန်ပိုးကို ပစ်ချရခြင်းသည် မချွတ် ကေန်မြဲသကဲ့သို့ ထိုအတူ စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် နိရယ-ငရဲဘုံ၌ ဝန်ထုပ်ကြီးကို ပစ်ချသည့်ပမာ ဘဝပဋိသန္ဓေ တည်နေ စွဲမြဲရတော့၏။ အဘယ် ငါးပါးတို့နည်းဟူမူကား——

(၁) ဉာဏ်ပညာဖြင့် မစူးစမ်း မဆင်ခြင် မသက်ဝင်ပဲ မချီးမွမ်းထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးစကားကို ချီးမွမ်းပြောဆိုခြင်း တပါး။

(၂) ဉာဏ်ပညာဖြင့် မစဉ်းစား မသက်ဝင်ပဲ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးစကားကို မပြောကြားပဲ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို သာလျှင် ပြောကြားခြင်း တပါး။

(၂) မိမိနေထိုင်ရာ ကျောင်းကန်အာဝါသတို့၌ တဏှာလောဘ ပြင်းထန်စွာ စွဲမက်ခြင်းရှိ၍ မိမိနေထိုင်ရာ ကျောင်းကန်အာဝါသတို့ဝယ် မစ္ဆရိယ-ဝန်တိုစေးနှဲခြင်း တပါး။

(၄) မိမိဒါယကာ ဒါယိကာမတို့ အပေါ်၌ ကုလမစ္ဆရိယတရား လွှမ်းမိုးနှိပ်စက်သဖြင့် ဒကာ ဒကာမတို့ အပေါ်ဝယ် စွဲမက်သော တဏှာလောဘရှိသဖြင့် သူတပါးတို့နှင့် ဆက်ဆံမည်ကို ဝန်တိုခြင်း, နှမြောစေးနှဲခြင်း, ကုလ-မစ္ဆရိယ ရှိခြင်း တပါး။

(၅) ဒကာ ဒကာမတို့ သဒ္ဓါသဖြင့် လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို ဖရိုဖရဲ ကြဲစေခြင်း မကောင်းသောသုံးဆောင်ခြင်းတို့ဖြင့် သုံးဆောင်ခြင်းတပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးကော ငါးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံသော အာဝါသိက ကျောင်းနေ ရဟန်းသည် ဆောင်အပ်သော ဝန်ထုပ် ဝန်ပိုးကို ပစ်လွှတ်၍ ချအပ်သည့်ပမာ ငရဲဘုံ၌ ဘဝပဋိသန္ဓေ တည်နေရတော့၏ ဟူ၍ရင်း။

ချစ်သား ရဟန်းတို့.... ထိုမှတပါး ငါးပါးသော အကြောင်းအင်္ဂါကောင်းတို့နှင့် ပြည့်စုံသော အာဝါသိက-ကျောင်းနေ ရဟန်းသည် ဆောင်အပ်သော ဝန်ထုပ် ဝန်ပိုးကို ပစ်လွှတ်ချအပ်သည့်ပမာ နတ်ရွာသုဂတိ၌ ဘဝ-ပဋိသန္ဓေ တည်နေရ၏။ ငါးပါးတို့ ဟူသည်မှာ——

(၁) ဉာဏ်ပညာဖြင့် စူးစမ်းသက်ဝင်ပြီးမှ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောကြားခြင်း တပါး။

(၂) ဉာဏ်ပညာဖြင့် စဉ်းစားသက်ဝင်ပြီးမှ ချီးမွမ်းထိုက်သောပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးစကားကို ပြောကြားခြင်း တပါး။

(၃) အာဝါသမစ္ဆရိယမရှိပဲ မိမိနေသော ကျောင်းဝယ် တွယ်တာ တပ်မက်သော လောဘမရှိပဲ မိမိနေသောကျောင်းကို ဝန်တို စေးနှဲခြင်း မရှိခြင်း တပါး။

(၄) ဒကာ ဒကာမတို့ အပေါ်ဝယ် ဝန်တို စေးနှဲခြင်း မရှိခြင်း တပါး။

(၅) ဒကာ ဒကာမတို့ သဒ္ဓါသဖြင့် လှူဒါန်းအပ်သော သင်္ကန်း,ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို ဖရိုဖရဲ မပျက်မစီးစေခြင်း တပါး။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ခဲ့ပြီးသော ငါးပါးသော အကြောင်းကောင်းမြတ်သော အင်္ဂါတရားတို့နှင့် ပြည့်စုံသော အာဝါသိက-ကျောင်းနေ ရဟန်းသည် ဆောင်အပ်သော ဝန်ထုပ် ဝန်ပိုးကို ပစ်လွှတ်၍ ချသည့်ပမာ နတ်ရွာသုဂတိ၌ ဘဝပဋိသန္ဓေ တည်နေရ၏ဟု ဤလျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အဝဏ္ဏာရဟအမည်ရသော သုတ္တန်ဒေသနာတော်မြတ်ကို အာဝါသိက-ကျောင်းနေ, ကျောင်းထိုင် ပုဂ္ဂိုလ်တို့၏ မကောင်းသော

အင်္ဂါငါးပါး, ကောင်းသော အင်္ဂါငါးပါးတို့ကို ထင်ရှားစွာ ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**အဝဏ္ဏာရဟသုတ် ပြီး၏။**

---

## ဒုစ္စရိတဝဂ်

## ပဉ္စမဒုစ္စရိတသုတ်

ပုစ္ဆာ။ ။ဒုစ္စရိတဝဂ္ဂေ ပန အာဝုသော ပဉ္စမံ ဒုစ္စရိတသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဒုစ္စရိတဝဂ္ဂေ ဘန္တေ ပဉ္စမံ ဒုစ္စရိတသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ ဒုစ္စရိတေ။ ကတမေ ပဉ္စ၊ အတ္တာပိ အတ္တာနံ ဥပဝဒတိ၊ အနုဝိစ္စ ဝိညူ ဂရဟန္တိ၊ ပါပကော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ သမ္မူဠှော ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ ဒုစ္စရိတေ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ဒုစ္စရိတဝဂ်၌ ရှေးဦးစွာသော ဒုစ္စရိတသုတ် မည်သော တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ဒုစ္စရိတဝဂ်၌ ရှေးဦးစွာသော ဒုစ္စရိတ အမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ ဒုစ္စရိတေ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... ဒုစရိုက်ဆယ်ပါး မကောင်းသောတရားတို့၌ အပြစ် ဒေါသ အာဒီနဝတို့သည်ကား ငါးပါးတို့ ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) ဒုစရိုက်ဆယ်ပါး မကောင်းသောတရားကို လိုက်စားသောပုဂ္ဂိုလ် သည် မိမိကိုယ်ကို မိမိစွပ်စွဲခြင်းလည်း တပါး။

(၂) ပညာရှိတို့သည် ဆင်ခြင်စဉ်းစား တိုင်းထွာနှိုင်းယှဉ်ပြီးမှ ကဲ့ရဲ့ခြင်း လည်း တပါး။

(၃) မကောင်းသော ကျော်စောသတင်း ပြန့်နှံ့ခြင်းလည်း တပါး။
(၄) တွေတွေဝေဝေ စုတိပြတ်ကြွေ သေလွန်ရခြင်းလည်း တပါး။
(၅) ကိုယ်ခန္ဓာပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် ငရဲ၌ ဘဝပဋိသန္ဓေ တည်နေရခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... ဒုစရိုက်တရား၌ အပြစ် အာဒီနဝ တရားတို့သည်ကား ဤဆိုအပ်ပြီးသော ငါးပါးတို့ ဖြစ်ကုန်၏။

ချစ်သား ရဟန်းတို့.... ထိုမှတပါး သုစရိုက်ဆယ်ပါး၌ အကျိုးအာနိသင် တရားတို့သည်လည်း ငါးပါးတို့ပင် ရှိကုန်၏။ ငါးပါးတို့ ဟူသည်မှာ—

(၁) မိမိကိုယ်ကို မိမိမစွပ်စွဲခြင်းလည်း တပါး။
(၂) ပညာရှိ သူတော်ကောင်းတို့ ဉာဏ်ဖြင့် သက်ဝင်စဉ်းစားပြီးလျှင် နှစ်နှစ်ကာကာ လိုက်လိုက်လှဲလှဲ ချီးမွမ်းခံရခြင်းလည်း တပါး။
(၃) ကောင်းသောသတင်း ကျော်စောခြင်းလည်း တပါး။
(၄) မတွေမဝေ စုတိပြတ်ကြွေ သေလွန်ရခြင်းလည်း တပါး။
(၅) ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် နတ်ရွာ သုဂတိ၌ ဘဝပဋိသန္ဓေ တည်နေရခြင်းလည်း တပါး။

ချစ်သား ရဟန်းတို့.... သုစရိုက်ဆယ်ပါး ကောင်းမှုတရားတို့၌ အကျိုးအာနိသင် တရားတို့သည်ကား ဤဆိုအပ်ပြီးသော ငါးပါးတို့ပင် ဖြစ်ကုန်သည်ဟု ဤဒုစ္စရိတအမည်ရသော သုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဒုစရိုက်၏ အပြစ်ငါးပါး, သုစရိုက်၏ အကျိုးငါးပါးတို့ကို ထင်ရှားစွာ ဖော်ပြလျက် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**ပဌမဒုစ္စရိတသုတ် ပြီး၏။**

---

## သိဝထိကသုတ်

**ပုစ္ဆာ။** ။တတ္ထ ဝ အာဝုသော နဝမံ သိဝထိကသုတ္တံ ဘဂဝတာ ကထံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တတ္တေဝ ဘန္တေ နဝမံ သိင်္ဂထိကသုတ္တံ "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ သိင်္ဂထိကာယ။ ကတမေ ပဉ္စ၊ အသုစိ, ဒုဂ္ဂန္ဓာ, သပ္ပဋိဘယာ, ဝါဠာနံ အမနုဿာနံ အာဝါသော, ဗဟုန္နော ဇနဿ အာရောဒနာ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ သိင်္ဂထိကာယာ"တိ ဧဝမာဒိနာ ဘဂဝတာ ဘာသိတံ။

မေး။ ။ထို ဒုစ္စရိတဝဂ်၌ပင်လျှင် ကိုးခုမြောက် ဖြစ်သော သိင်္ဂထိက မည်သော သုတ္တန်တရားဒေသနာတော်ကို ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာ အားဖြင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်....။

ဖြေ။ ။ထိုဒုစ္စရိတဝဂ်၌ ကိုးခုမြောက်ဖြစ်သော သိင်္ဂထိကသုတ္တန် အမည်ရှိသော တရားဒေသနာတော်ကို "ပဉ္စိမေ ဘိက္ခဝေ အာဒီနဝါ သိင်္ဂထိ·ကာယ" အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့.... သုသာန်သင်းချိုင်း အရပ်၌ ဒေါသ အာဒီနဝတို့သည်ကား ငါးပါးတို့ ရှိကုန်၏။ ငါးပါးတို့ဟူသည်မှာ—

(၁) မစင်ကြယ်ခြင်းလည်း တပါး။

(၂) မကောင်းသော ရနံ့လှိုင်ခြင်းလည်း တပါး။

(၃) ကြောက်လန့်ဘွယ်ရာဘေးဘျမ်းတို့ ထင်ရှားရှိခြင်းလည်း တပါး။

(၄) သားရဲ တိရစ္ဆာန် ဘီလူး ပြိတ္တာတို့၏ နေရာဖြစ်ခြင်းလည်း တပါး။

(၅) များစွာသော လူအပေါင်းတို့ စု၍ ငိုကြွေးရာ စိတ်ဆင်းရဲရာ အရပ် ဌာနဖြစ်ခြင်းလည်း တပါး။

ချစ်သား ရဟန်းတို.... သုသာန်သင်းချိုင်းအရပ်၌ ကျေးဇူးမဲ့ ဖြစ်သော အပြစ်ဒေါသ အာဒီနဝတို့သည်ကား ဤဆိုအပ်ပြီးသော ငါးပါ တို့ပင်တည်း။

ချစ်သား ရဟန်းတို့.... ထို့အတူပင်လျှင် သုသာန်သင်းချိုင်းနှင့်တူသော သိင်္ဂထိကူပမပုဂ္ဂိုလ်၌ အပြစ်ဒေါသ အာဒီနဝတို့သည်လည်း ငါးမျိုးတို့ပင်ရှိ ကုန်၏။ ငါးမျိုးတို့ ဟူသည်မှာ—

(၁) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မစင်ကြယ်သော ကာယ-ကံမှု, မစင်ကြယ်သော ဝစီကံမှု, မစင်ကြယ်သော မနောကံမှုနှင့် ပြည့်စုံ၏။ ချစ်သား ရဟန်းတို့.... ဤကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ဖြင့် မစင်ကြယ်

ခြင်းကို ဤပုဂ္ဂိုလ်၏ အတွက် သုသာန်မြေကဲ့သို့ မစင်ကြယ်ခြင်းဟူ၍ ခေါ်ဆို အပ်၏။

(၂) ချစ်သား ရဟန်းတို့.... ထိုသို့ မစင်ကြယ်သော ကာယကံ,ဝစီကံ, မနောကံမှု ရှိသော ဒုစရိုက်သမားအား မကောင်းသော ကျော်စောသတင်း သည် ပြန့်နှံ့၍ တက်၏။ ယင်းသို့ မကောင်းသတင်း ပြန့်နှံ့ခြင်းသည် ထို ဒုစရိုက်သမားအတွက် မကောင်းသောရနံ့လှိုင်ခြင်း ဟူ၍ပင် ငါဘုရား ဟော ဆို၏။

(၃) ချစ်သား ရဟန်းတို့.... ထိုသို့ မစင်ကြယ်သော ကာယကံမှု,ဝစီကံ မှု, မနောကံမှုတို့နှင့် ပြည့်စုံသော ဒုစရိုက်သမားကို ချစ်ခင်အပ်သော သီလ ရှိသော သီတင်းသုံးဖော် အရှင်သူမြတ်တို့က ဝေးရာမှ ရှောင်ကြဉ်ကြကုန်၏။ ဤသို့ သီလကို ချစ်ခင်မြတ်နိုးတော်မူကြသည့် သီတင်းသုံးဖော် သူတော် သူမြတ်တို့က ဝေးရာမှ အရှောင်ခံရခြင်းသည် ထိုဒုစရိုက်သမား၏ အတွက် ကြောက်သန့်ဘွယ်ရာ ဘေးဘျမ်းနှင့်တကွဖြစ်ခြင်းဟူ၍ ငါဘုရား ဟောဆို၏။

(၄) ချစ်သား ရဟန်းတို့.... ထိုသို့ မစင်ကြယ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုနှင့် ပြည့်စုံသော ဒုစရိုက်သမားသည် မိမိနှင့် သဘောတူ ရာ ဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံ၍ နေ၏။ ချစ်သား ရဟန်းတို့.... ဤသို့ ဒုစရိုက်သမား ဒုစရိုက်သမားချင်း အတူတကွနေခြင်း ကို ဝိဋ္ဌာဝါသ- တယောက်သော ဒုစရိုက်သမားသည် ထိုအခြားတယောက်သော ဒုစရိုက်သမား၏ငှင်း, အခြားတယောက်သော ဒုစရိုက်သမားသည် အခြားတယောက်သော ဒုစရိုက်သမား၏ငှင်း ပေါင်း သင်းဆက်ဆံရာ, နေထိုင်ရာ ဖြစ်သဖြင့် ထိုသုသာန်မြေအရပ်သည် ကြမ်းတမ်း သောသားရဲ, ကြမ်းတမ်းသော ဘီလူး ပြိတ္တာတို့၏ နေရာဖြစ်ဘိသကဲ့သို့ ကြမ်းတမ်းသောဒုစရိုက်သမားတို့၏ နေရာဖြစ်၏ဟူ၍ ငါဘုရား ဟောဆို၏။

(၅) ချစ်သား ရဟန်းတို့....ထိုမှတပါး ထိုမစင်ကြယ်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုနှင့် ပြည့်စုံသော ဒုစရိုက်သမားအား ထိုပုဂ္ဂိုလ်ကို ချစ် အပ်သော သီလရှိသော သီတင်းသုံးဖော် သူတော်မြတ်တို့ တွေ့မြင်သည် ရှိသော်——

အဟောဝတ နော ဒုက္ခံ ယေ မယံ ဧဝရူပေဟိ ပုဂ္ဂလေဟိ သဒ္ဓိံ သံဝသာမ။

ငါတို့သည် ဤသို့ သဘောရှိသော ဒုဿီလပုဂ္ဂိုလ်တို့နှင့် အတူတကွ တတိုက်တည်း, တကျောင်းတည်း, တရပ်တည်းဝယ် နေရခြင်းသည် ဆင်းရဲ လှပေစွတကားဟူ၍ ပညာရှိ သီလကို ချစ်ခင်တော်မူကြသော သီတင်းသုံး ဖော် သူတော်စင်တို့ ကဲ့ရဲ့ရှုတ်ချစကား, ညည်းတွားစကား ပြောကြားကြ ကုန်၏။ ယင်းသို့ ပညာရှိသူတော်ကောင်း, သီလကိုချစ်ခင်သော သူတော် ကောင်းတို့ ကဲ့ရဲ့ ရှုတ်ချ ညည်းတွားသော စကား အပြောခံရခြင်းကို ထို ပုဂ္ဂိုလ်၏ အတွက် အားလုံးသော သူတော်စင်တို့၏ ငိုကြွေးရာဟူ၍ပင် ငါဘုရား ဟောဆို၏

ချစ်သား ရဟန်းတို့.... ထိုသုသာန်မြေ အရပ်သည် များစွာသော လူ အပေါင်းတို့ စုပေါင်း၍ ငိုကြွေးရာဖြစ်သကဲ့သို့ ထို့အတူပင် ဒုစရိုက်သမား ဖြစ်သော ပုဂ္ဂိုလ်သည်လည်း ချစ်အပ်သော သီလရှိသော သတင်းသုံးဖော် သူတော်စင်အပေါင်းတို့က "ငါတို့သည် ဤသို့သဘောရှိသော ဒုစရိုက်သမား နှင့် အတူတကွ နေထိုင်ရခြင်းကား ဆင်းရဲလှပေစွ"ဟူ၍ စုပေါင်း၍ ငိုကြွေးရာ, စုပေါင်း၍ ညည်းတွားရာ ဖြစ်ပေ၏။

ချစ်သား ရဟန်းတို့.... ဤဆိုအပ်ပြီးသောအတိုင်း သုသာန်သင်းချိုင်း နှင့်တူသော သိဝထိကူပမပုဂ္ဂိုလ်၌ အပြစ်ဒေါသ အာဒီနဝတရားတို့သည်ကား ငါးပါးတို့ ရှိကုန်၏ဟု ဤသိဝထိက အမည်ရသော သုတ္တန်ဒေသနာတော်မြတ် ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

**သိဝထိကသုတ် ပြီး၏။**

# ပဥ္စကနိပါတ် အမေးအဖြေ ပြီးပြီ။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်——ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် (ဆင္ဃသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့က တည်းဖြတ်ပြီး) အုပ်ချုပ်ရေးအရာရှိချုပ် ဦးသိမ်းမောင် (မှတ်ပုံတင်အမှတ်-၀၁၂၂/၀၁၀၆) က ပုံနှိပ်ထုတ်ဝေသည်။

မ-ဗ-ဗု-သ-စ——၈၁——၂၇-၂-၆၄——၁,၅၀၀

# အလိမ္မာ စာမှာရှိသည်

## ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**သာသနာရေးဦးစီးဌာနမှ**

**မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ**

**ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ။**

## မြန်မာပြန်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ ဒီဃနိကာယ် ( သုတ္တန် ) | ပ၊ ဒု၊ တ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် ( သုတ္တန် ) | ။ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် ( သုတ္တန် ) | ။ | ( ၅-ကျမ်း ) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် ( သုတ္တန် ) | ။ | ( ၁၁-ကျမ်း ) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် ( ကျမ်း-၃၀ ) မှ | | ဝိနည်း ( ၅-ကျမ်း ) | ၅-အုပ် |
| | | အဘိဓမ္မာ ( ၄-ကျမ်း ) | ၅-အုပ် |
| | | အခြားသုတ္တန် ( ၁၄-ကျမ်း ) | ၈-အုပ် |

**<u>တိပိဋက ပါဠိ-မြန်မာ့အဘိဓာန်ကြီး</u>**

**၁၀-တွဲ ထွက်ပြီ**

**<u>မဟာဗုဒ္ဓဝင်</u>**

**ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ။**

---

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးချစ်စင် (မှတ်ပုံတင်အမှတ် ၀၂၂၆၂/၀၁၈၀၃) က
ပုံနှိပ်ထုတ်ဝေသည်။

၃၄၁
စာကြည့်တိုက်
မြို့နယ်ဗာသာသာပြန်စာပေ
မြန်ချီရေးအဖွဲ့